www.burmeseclassic.com

သမီးရှင် စာပေ

ရင်သိမ့်တုန်ဂမ္ဘီရဝတ္ထု

# ဓေသက်

မိုးချုပ်တော်ကိုးယောက်

နှင့်



# ကိုးသချိုင်းရှာပုံတော်

ပန်းချီ သိန်းရွှေညီ

2008

www.burmeseclassic.com

www.burmeseclassic.com

# စေသတော်

ဖိုးသူတော်ကိုးယောက်

နှင့်

# ကိုးသချင်းရာပုံတော်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မာတိကာ


၁။ သချိုင်းထဲမှာကျင်းပတဲ့ မင်္ဂလာပွဲ

၂။ မောင်မောင်သန့် ဖိုးသူတော်ဝတ်ခြင်း

၃။ သုဘရာဇာကြီး ဖြန့်ဝေးဆွဲခံရခြင်း

၄။ အကျင့်သီလဖျက်ယွင်းသော ဖိုးသူတော်အယောင်ဆောင်များ

၅။ သူကြွယ်ကြီးဦးရေချမ်းရဲ့ ရာဇဝင်နှင့် မိန်းမချောလေး မြမြမြိုင်

၆။ အပွကြဲပြီ

၇။ ဖိုးသူတော်ကိုးယောက်နှင့် ကိုးသချိုင်းသီချင်းသံ

၈။ အချစ်ဆိပ်တက်ပြီ

၉။ ဖိုးသူတော်ကိုးယောက်နှင့် ကိုးသချိုင်းရွာဝုံတော်နိဗ္ဗိုး


www.burmeseclassic.com

www.burmeseclassic.com



## သင်္ချိုင်းထဲမှာကျင်းပတဲ့ မင်္ဂလာပွဲ

ကျွန်ုပ်စဏ္ဍာလကြီး ဦးသက္ကသည် လက်ထပ်မင်္ဂလာပွဲကြီး တစ်ခုကျင်းပဖို့အတွက် အခမ်းအနားမှူးတာဝန်နှင့် သင်္ချိုင်းထဲမှာ အခမ်းအနားတွေကိုလည်း တာဝန်ယူ ပြင်ဆင်ပေးရန် တာဝန်ယူထားရလေသည်။

ကျွန်ုပ်အပိုင်စား ရထားသော ဒီဘုံပြတ်သင်္ချိုင်းသည် ကျွန်ုပ်တို့နယ်အနှံ့အပြားမှာရှိသော သင်္ချိုင်းကိုးခုမှာ အကြီးအကျယ် အခမ်းနားဆုံး သင်္ချိုင်းတစ်ခု ဖြစ်နေလေသည်။

ဘုံပြတ်သင်္ချိုင်း၊ နတ်တောသင်္ချိုင်း၊ ရေကန်သင်္ချိုင်း၊ ငှက်နားသင်္ချိုင်း၊ တောတက်သင်္ချိုင်း၊ သုသာန်သင်္ချိုင်း၊ ကြာမှော်သင်္ချိုင်း၊ အောင်ပသင်္ချိုင်း၊ ဦးသာခေါင်သင်္ချိုင်း ကိုးခုမှာ ကျွန်ုပ်အပိုင်စားရထားတဲ့ သင်္ချိုင်းက နံပါတ်တစ်အကြီးအကျယ်ဆုံး သူဌေးတွေ အများဆုံး မြှုပ်နှံထားတဲ့ သင်္ချိုင်းကုန်းတစ်ခုပဲဖြစ်နေလေတော့၏။

ဒီမင်္ဂလာလက်ထပ်ပွဲကတော့ ကျုပ်ရဲ့တပည့်ကျော် လက်ထောက် စဏ္ဍာလအုံးမောင်နဲ့ သူတောင်းစားမလေး မနှင်းပန်းတို့ရဲ့ လက်ထပ်မင်္ဂလာပွဲပဲဖြစ်သည်။

လူတန်းစားထဲမှာ အနိမ့်ဆုံးလူတန်းစားတစ်ခု။ လူ့ပတ်

www.burmeseclassic.com



ဝန်းကျင်ရဲ့ အစွန့်ပယ်ခံ၊ ပတ်သက်ဆက်ဆံဖို့ပင် အတွန့်ဆုတ်ဆုံး စက်ဆုပ်ရွံရှာဖွယ်ကောင်းလွန်းသော လူတန်းစားတွေရဲ့ မင်္ဂလာပွဲကို ဘယ်နေရာဘယ်ဘုန်းကြီးကျောင်းမှာမှ ကျင်းပဖို့ ကျက်သရေမင်္ဂလာ မရှိနိုင်၍လည်း ကျွန်ုပ်စဏ္ဍာလခေါင်းဆောင်ကြီး ဦးသက္ကက အခမ်းအနားမှူးလုပ်ကာ မင်္ဂလာအခမ်းအနားကို တာဝန်ယူကျင်းပပေးရတော့မှာပဲ ဖြစ်လေသည်။

မင်္ဂလာအိပ်ခန်းကိုလည်း ကျွန်ုပ်တဲလေးဘေးမှာ နောက်ထပ် တဲလေးတစ်လုံးထပ်တိုးလာပြီး ထိုတဲအိမ်လေးမှာ ပြင်ဆင်ထားပေးခဲ့၏။

အိပ်ရာအခမ်းအနားအတွက် ဘာမှပူပင်စရာမလိုပေ... ။ ကျွန်ုပ် အပိုင်စားရထားတဲ့ သချိုင်းဆိုတော့ သေသွားကြတဲ့ သူဌေးသူကြွယ်တွေရဲ့ အိပ်ရာအသုံးအဆောင်ပစ္စည်းတွေက အများကြီးပါပဲလေ။ တကယ့်ကို အကောင်းစားတွေနော်။

အုတ်ဂူထဲမှာ ထည့်မြှုပ်ထားကြတာတွေရော ကျွန်ုပ်ကိုသုံးပါဆိုပြီး စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် လာရောက်လှူဒါန်းထားကြတဲ့ အသုံးအဆောင်ပစ္စည်းတွေက တစ်ပုံတပင်ကြီးပဲဗျို့။

အိုးမောင်နဲ့ မနှင်းပန်းရဲ့ မင်္ဂလာအိပ်ရာအခမ်းအနားတွေကို ကျွန်ုပ် အကောင်းစား အသန့်ပဏာတွေနှင့် ပြင်ဆင်ထားသည်။

မင်္ဂလာခန်းမကတော့ ဘုံပြတ်သချိုင်းရဲ့ ကျက်သရေဆောင်လူသေအလောင်းတွေ သရဏဂုံတင်သော ဇရပ်ပျက်ကြီးဖြစ်နေလေ၏။

လွန်ခဲ့သော နှစ်ပေါင်းများစွာက ကျွန်ုပ်အဘိုး တည်ဆောက်လှူဒါန်းခဲ့သော ဇရပ်ကြီးပဲဖြစ်လေသည်။

ကျွန်ုပ်အဘိုးနဲ့ ကျွန်ုပ်အဖေလက်ထက်မှာ ဒီဇရပ်ကြီးက သစ်လွင်တောက်ပခဲ့ပေမယ့် ကျွန်ုပ်လက်ထက်မှာတော့ လွန်စွာ ဟောင်းနွမ်းအိုမင်းနေတဲ့ ဇရပ်ပျက်ကြီး ဖြစ်နေခဲ့တော့၏။

ဇရပ်ကြီးကို အုပ်စိုးထားတဲ့သွပ်တွေပင် သံချေးတွေ အထပ်ထပ်တက်ပြီး လန်တဲ့နေရာက လန်၊ ပေါက်တဲ့နေရာက ပေါက်၊ အက်ကွဲထနေတဲ့နေရာကထနဲ့ မြင်မကောင်းအောင် ကျိုးပဲ့ပျက်စီးနေလေသည်။





ဘုံပြတ်သချိုင်းမှာ သူဌေးအသုဘတွေလည်း မြေမြှုပ်တယ်ဆိုပေမယ့် ကျွန်ုပ်က ကျွန်ုပ်ဘိုးဘွားလက်ထက်က ဇရပ်ကြီးဆိုပြီး ကျွန်ုပ်ပဲပြင်မယ်၊ တခြားသူတွေ မပြင်စေရဆိုပြီး စကားကြီး စကားကျယ်တွေနဲ့ ကြွေးကြော်အသံကောင်းဟစ်တတ်တော့ ကျွန်ုပ်ကို အမြင်ကပ်ပြီး အလှူရှင်ပေါ်မလာသေးလို့ တဖြည်းဖြည်း ပျက်စီးယိုယွင်းလာတာလေ။

ဒီဇရပ်ပျက်ကြီးကို မြင်နေရတိုင်း ကျွန်ုပ်စိတ်နှလုံးတွေထဲမှာလွန်စွာစိတ်ထိခိုက် ကြေကွဲရပြီး ကျွန်ုပ်ကိုယ်ကျွန်ုပ်လည်း လွန်စွာအားမလိုအားမရဖြစ်ပြီး နောင်တတွေ ကြီးစွာရနေမိလေသည်။

ကျွန်ုပ်ရဲ့ညံ့ဖျင်းအသုံးမကျတဲ့ လုပ်ရပ်တွေကို သက်သေပြနေတဲ့ ပြယုဂ်တစ်ခု ဖြစ်နေလို့ပဲပေါ့။ ကျွန်ုပ်ရဲ့အသုံးမကျ ညံ့ဖျင်းမှုတွေအတွက်တော့ လွန်စွာနောက်ကျသွားရပြီဖြစ်၏။

"ဝေါ ... ဝေါ ... "

"ဝေါ ... "

ရုတ်တရက် လေပြင်းက ခပ်ကြမ်းကြမ်းလေး တိုက်ခတ်လာလေသည်။ ကျုပ် နည်းနည်းတော့ မျက်လုံးပြူးပြီး စိတ်ပူသွားရ၏။

"ဂျောင်း ... ဂျလိမ်း ... "

"ဂျောင်း ... "

"ဂျောင်း ... ဂျောင်း ... "

လန်နေတဲ့သွပ်ပြားတွေ ထိခိုက်သံတွေက တဂျောင်းဂျောင်းထွက်ပေါ်လာနေသည်။

အိုးမောင်က ဝါမဝင်ခင် လက်ထပ်ချင်ဆိုတော့လည်း မိုးဦးကျကြီး ဖြစ်နေ၏။

မိုးက မင်္ဂလာပွဲကို ဖျက်တော့မလားဆိုပြီး စိတ်တော့ပူမိသွားသည်။

သချိုင်းကုန်းအတွင်းမှာရှိနေတဲ့ သစ်ပင်ကြီးတွေကလည်း ဘယ်ညာယိမ်းခါနေပြီး အကိုင်းအခက်ချင်း ပွတ်တိုက်ထိခိုက်သံတွေနှင့် တဝေါဝေါဆူလာ၏။



www.burmeseclassic.com

www.burmeseclassic.com

မိုးဦးကျပဲလေ မတတ်နိုင်ဘူး။ ဒီကောင်က စောင့်မှမစောင့်နိုင်တာပဲ။ သင်္ချိုင်းမှာက ရွှံ့ဗွက်တော့ သိပ်မရှိပါဘူး။ သူဌေးတွေက သူတို့အသုဘတွေ လာပို့တဲ့အခါကျတော့ ရွှံ့ဗွက်မရှိအောင်တော့ ဂဝံကျောက်တွေ ဘာတွေ ခင်ထားကြတယ်။

ပွဲတော့ မပျက်လောက်ပါဘူး ...။ ကျွန်ုပ်လည်း တတ်သလောက် မှတ်သလောက် ရှင်ဥပဂုတ္တကို ပွဲနဲ့ထိုးထားထားပါတယ်။ ဒါက အလှူပါပဲ။ ဒီကောင် အုံးမောင် ... နှစ်ပေါင်းများစွာ စဏ္ဍာလလုပ်ပြီး ငွေစုထားတာလေ။ အုံးမောင်က အလုပ်တော့ကြိုးစားတယ်။ သူများတွေ စေတနာရှိအောင်လည်း ပြောဆိုနေထိုင်တတ်တယ်။ အလုပ်လုပ်တာလည်း စေတနာပါတယ်။ အဲဒီတော့ ဒီကောင့်မှာ ငွေနည်းနည်းတော့ စုမိနေတာပေါ့။

ပဲကုလားဟင်းနဲ့ ထမင်းကျွေးမယ်တဲ့။

စဏ္ဍာလတွေ သူတောင်းစားတွေကိုဖိတ်ပြီး ကျွေးမှာတဲ့။

ဒီကောင်က စေတနာတော့ရှိတယ်။ မင်္ဂလာလက်ဖွဲ့ မမျှော်လင့်ပါဘူးတဲ့။ ကျွေးချင်တာပါပဲ ... အင်း ... မဆိုးပါဘူး။

"အဖေ ..."

"ဟင် ..."

ကျွန်ုပ်ရဲ့တစ်ဦးတည်းသောသား မောင်မောင်သန့်က ကျွန်ုပ်ရှေ့မှာ လာရပ်သည်။

စဏ္ဍာလရဲ့သား သင်္ချိုင်းကုန်းမှာ ကြီးပြင်းလာရတဲ့သူ ဆိုပေမယ့် ကျွန်ုပ်သားက ချောမောခန့်ညားတဲ့ ယောက်ျားတစ်ယောက် ဖြစ်နေလေ၏။

"ကျုပ် ဘာကူညီရမလဲအဖေ ..."

"မလိုပါဘူး ဒီမှာအားလုံးပြီးစီးနေပြီပဲ ... သား မင်း စာပဲသွားကျက်စမ်းပါ ... စာပဲ သွားဖတ်နေစမ်းပါ သားရယ် ..."

ကျွန်ုပ် ပျာပျာသလဲနှင့် ဖြေလိုက်ပြီး သားကို ကျွန်ုပ်တို့အနားကမနေ မမောင်းထုတ်ပစ်လိုက်မိလေတော့သည်။





သားကိုမြင်တွေ့ရတိုင်း ကျွန်ုပ်ရင်ထဲမှာ ဆို့နင့်နာကျင်နေခဲ့ရလေ၏။ ကျွန်ုပ်၏ အသုံးမကျမှုတွေ၊ လေလွင့်ပေတေနေခဲ့တဲ့အဖြစ်တွေရဲ့ ပြယုဂ်တစ်ခုက ကျွန်ုပ်သားလည်းပါတယ်လေ။ တကယ်တော့ ကျွန်ုပ်တို့မျိုးရိုးက စဏ္ဍာလ သုဘရာဇာမျိုးရိုးမှ မဟုတ်ကြတာပဲ။ ကျွန်ုပ်ရဲ့အဘိုးနဲ့ အဖေလက်ထက်မှာ စီးပွားဥစ္စာတွေ ဖြစ်ထွန်းခဲ့သလောက် ကျွန်ုပ် လက်ထက်မှာတော့ မိဘတွေချန်ထားခဲ့တဲ့ အမွေတွေကို သောက်စားမူးယစ်သုံးဖြုန်းပစ်ခဲ့လေတော့သည်။

ရွှေသူကြီးသမီး မနှင်းဥနဲ့အိမ်ထောင်ကျပြီး ယောက္ခမဘက်က ရထားတဲ့ အမွေပစ္စည်းတွေလည်း ကျွန်ုပ်ပဲ သုံးဖြုန်းပျော်ပါးပစ်လိုက်၍ ကုန်းကောက်စရာမရှိအောင်ပင် ဆင်းရဲမွဲတေသွားခဲ့ရ၏။

ကျွန်ုပ်ဇနီးဆုံးတော့ ကျွန်ုပ်ပိုပြီး စိတ်လေကာ ဘဝပျက်သွားရလေတော့သည်။

တစ်ဦးတည်းသောသားလေး မောင်မောင်သန့်လည်း အချိန်ရှိသမျှ မူးယစ်နေသော ကျွန်ုပ်ကို အားကိုးမနေတော့ဘဲ ရပ်ရွာထဲမှာ တောင်းရမ်းစားသောက်ရတဲ့ဘဝမျိုး ရောက်သွားရလေတော့သည်။

"သက္က ... မင်းတော်ထော်အသုံးမကျတဲ့ကောင် ... မင်းလက်ထက်ကျတော့မှ သူတောင်းစားဖြစ်တော့မယ် ထင်တယ် ..."

"ကျုပ် ဘာမှမသိဘူးဗျာ ... ကျုပ်နေချင်သလိုနေမယ် ... ဘယ်သမှ ကျုပ်ကို လာဝေဖန်စရာမလိုဘူး ... ခင်ဗျားတို့နဲ့ ဘာဆိုင်လဲ"

ကျွန်ုပ်ပြောချင်တာတွေပြောပြီး နေချင်သလို နေခဲ့မိလေသည်။ အရက်သောက်သည်။ ဖဲရိုက်၏။ လောင်းကစားအစုံလုပ်ခဲ့သည်။ မိန်းမကလည်းမရှိတော့ ကျွန်ုပ်တစ်ယောက်တည်း အကွပ်မဲ့တဲ့တောင်းလိုပရမ်းပတာဖြစ်နေခဲ့တော့၏။

တဖြည်းဖြည်းနှင့် ကျွန်ုပ်နှင့် သားလေးမောင်မောင်သန့် ဘဝက စားစရာမရှိ နေစရာမရှိဖြစ်ပြီး မှီတွယ်ရာ ကင်းမဲ့လာရသည်တွင် ကျွန်ုပ်အဘိုး လှူဒါန်းထားသော ဇရပ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရသော စဏ္ဍာလကြီးက ကျွန်ုပ်တို့သားအဖအား ခေါ်ယူစောင့်ရှောက်ထား


www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ဘဝအထိ ရောက်သွားရလေတော့သည်။

"မင်းအဘိုးလျှိုဒါန်းထားတဲ့ဇရပ်ပဲ ... မင်းတို့သားအဖ လာနေပါလား"

စဏ္ဍာလကြီးဦးထန်ရဲ့စကားတွေကို ကျွန်ုပ်ငြင်းပယ်နိုင်စွမ်း မရှိဘဲ ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်မိသည်။

ကျွန်ုပ်အတွက် ရွေးစရာလမ်းမှ မရှိတော့တာပဲလေ။ စဏ္ဍာလကြီး ဦးထန်အိမ်မှာ ကပ်နေရ၏။ ဦးထန်ရဲ့အလုပ်တွေကို ဝိုင်းကူလုပ်ပေးရင်း စဏ္ဍာလအလုပ်တွေကို ကျွန်ုပ် အတော်လေးတတ်မြောက် ကျွမ်းကျင်လာရလေတော့သည်။

စဏ္ဍာလကြီးဦးထန် ကွယ်လွန်သောအခါ ကျွန်ုပ်က ထိုရာထူးတာဝန်တွေကို လက်ခံရယူပိုင်ဆိုင်သွားလေ၏။

ကျွန်ုပ်စဏ္ဍာလဖြစ်သွားပေမဲ့ ကျွန်ုပ်သားကိုတော့ ကျွန်ုပ်အမွေဆက်မခံစေလိုပေ။ ချောမောခန့်ညားတဲ့သားကို ပညာတတ် လူရည်သန့် လူမလိုင်ခဲတစ်ယောက် ဖြစ်စေချင်တဲ့ဆန္ဒတွေ ပြင်းပြလာရသည်။

ဘယ်လိုလုပ်ဆောင်ပေးရရင် ကောင်းမလဲဟု တွေးနေမိရင်း အကောင် အထည်ဖော်မပေးနိုင်ဘဲ သချိုင်းကုန်းထဲမှာပဲ ကြီးပြင်းလာရ၏။

ဘုန်းတော်ကြီးဦးကိတ္တိရဲ့ကျေးဇူးနှင့် သားစာတတ်ခဲ့ရသည်။ သားမောင် မောင်သန့်က ကြိုးစားသည်။ သင်ယူချင်တဲ့ဆန္ဒ ပြင်းပြ၏။ ဆရာ့ထက် တပည့်လက်စောင်းထက် ဆိုသလို စာကိုလေ့လာကြိုးစား သင်ယူခဲ့သည်။ ကျမ်းဂန်စာပေရော လောကီစာပေရော သားကန့်စပ်အောင် လေ့လာနိုင်ခဲ့သည်။

ကျွန်ုပ်ကလည်း သားကို မြို့ကျောင်းပို့ဖို့ အခွင့်အရေး စောင့်ရင်း စဏ္ဍာလအလုပ်တွေ လုံးဝမလုပ်စေရဘဲ သားဘဝတိုးတက်မြင့်မားရေးအတွက် အခွင့်အရေးကို စောင့်မျှော်နေမိ၏။

"ဦးသတ္တ"

"ဟင် ..."

အနားမှကပ်၍ ပေါ်လာသောအသံကြောင့် ကျွန်ုပ်အတွေး





တွေ လွင့်နေရာမှ ရုတ်တရက်အသိတွေ ပြန်ဝင်သွားရသည်။

"သန့်ရှင်းရေးတော့ လုပ်ပြီးပြီ ... ဖျာတွေခင်းထားရတော့မလား"

ကျွန်ုပ်တို့သချိုင်းတွင် ဖျာတွေလည်းပေါသည်။ တစ်ခါတစ်ရံ အသစ်ချပ်ချွတ်တွေပင် ပါလာ၍ ကျွန်ုပ်ရောင်းစားရသေးသည်။

မနက်ဖြန် မင်္ဂလာပွဲက စတော့မည်ဖြစ်၍ အခမ်းအနားကို သန့်ရှင်းလှပအောင် ကျွန်ုပ်ဦးဆောင်၍ ပြင်ဆင်နေရ၏။

"ဖိတ်သင့်တဲ့လူတွေအားလုံးကို ဖိတ်ပြီးပြီနော် ..."

"အေး ... အေး"

ကျွန်ုပ်တို့ ကိုးသချိုင်းမှာရှိနေကြတဲ့ သုဘရာဇာတွေ၊ အစွယ်အပွားတွေ၊ ကိုးသချိုင်းမှာ မှီခိုနေကြတဲ့ သူတောင်းစားတွေ အားလုံးက ဝိုင်းဝန်းကူညီနေကြလေသည်။

အုံးမောင်က လူချင်းအတူတူ ကျုပ်တို့လည်း လူတွေပဲဆိုပြီး မင်္ဂလာဆောင်ချင်လေ၏။ ကျွန်ုပ်ကလည်း မြှောက်ပေးပြီး အကူအညီပေးနေ၏။

ဟုတ်တယ်လေ ကျွန်ုပ်တို့က လူတွေပဲမဟုတ်လား ... ။ လူ့လောက ကြီးထဲမှာ လူ့အလွှာတွေအသီးသီးရှိကြတဲ့အထဲမှာ စဏ္ဍာလ၊ သုဘရာဇာတွေ၊ သူတောင်းစားတွေ ဆိုတာက အဝီစိချိုးကပ်အောင် အလွှာတွေရဲ့အောက်ဆုံးက အလွှာ။ ကျွန်ုပ်တို့ သုဘရာဇာတွေ စဏ္ဍာလတွေကတော့ လူ့လောကမှာ မရှိရင်မဖြစ်ပေမယ့် သူတောင်းစားလူတန်းစားကတော့ မရှိသင့်ဟု တစ်ခါတစ်ရံတော့ ကျွန်ုပ်တွေးမိနေသည်။

တချို့သူတောင်းစားတွေက အလုပ်မလုပ်ချင်ဘဲ လက်ကြောမတင်းဘဲ အချောင်ခိုကာ တောင်းစားချင်နေကြ၏။ ကျွန်ုပ် စိုးရိမ်ပူပန်မိတာက သူတောင်းစားမျိုးဆက်တွေပဲ။

"ဦးသတ္တ ..."

"ဟင် ..."

"ဘာကျွေးမှာလဲဗျ ... ပဲကုလားဟင်းနဲ့ပဲလား ... ငါးသလောက်ပေါင်းလေးပါမှ ကောင်းသဗျနော် ..."



www.burmeseclassic.com

www.burmeseclassic.com



ငတင် သူတောင်းစားငတင်ကိုတော့ ကျွန်ုပ်အမြင်ကပ်မိလေသည်။ ဒီကောင် နည်းနည်းမှ လက်ကြောမတင်းဘဲ အချောင်ခိုစားချင်၏။

"အုံးမောင်က သူဌေးမှ မဟုတ်တာကွ ... ဒီလောက်ကျွေးနိုင်တာပဲ ကျေးဇူးတင်... မင်းတို့ကို ကျွေးမွေးချင်လွန်းလို့ ..."

"မင်္ဂလာဆောင်ဆိုတော့ လက်ဖွဲ့ရော ပေးရမှာလားဗျ ..."

"ပေးရမယ်ဆိုရင်ရော မင်းကဘာပေးမှာမို့လဲ ..."

"ကျုပ်ပိုက်ဆံတောင်းနေတဲ့ ဒန်ခွက်စုတ်ပဲရှိတယ်လေ ... သမုဒ္ဒရာဝမ်းတစ်ထွာတဲ့ ... ကျုပ်တောင်းရမ်းရသမျှ ဝမ်းတစ်ထွာနဲ့ပဲ ကုန်တာပါပဲခင်ဗျာ ..."

"မင်းက လက်ကြောတင်းတဲ့ကောင်မှ မဟုတ်တာဘဲ ... တစ်ရက်လေးတောင်းပြီး ဆယ်ရက်လောက်က နားနေတဲ့ကောင် ... ပျင်းလို့သူတောင်းစားလုပ်နေတာ မဟုတ်လား ငတင် ..."

"ဦးသတ္တုကလည်းဗျာ ..."

ငတင် ထွက်သွားလေတော့သည်။ ဒီကောင်တွေက ကျွန်ုပ်ကိုတော့ ကြောက်ရလေသည်။ ဘုံပြတ်သချိုင်းနှင့် ကိုးသချိုင်းမှာတော့ အကြီးကျယ်ဆုံးဖြစ်၍ သချိုင်းစောင့်တဲ့အပြင် ကျွန်ုပ်က ကိုးသချိုင်းရဲ့ အကြီးအကဲလည်း ဖြစ်လေ၏။

"အာစရိ ..."

"မောင်အုံးမောင် ..."

"ကျွန်တော့်မင်္ဂလာပွဲမှာ ဒီလိုသိုက်သိုက်ဝန်းဝန်းကူညီကြတော့ ဝမ်းလည်းသာ ကျေးဇူးလည်းတင်ပါတယ်ဗျာ ..."

သတို့သားအုံးမောင်က မနေ့ကမှ သေပြီး ဂူသွင်းထားတဲ့ လယ်ပိုင်ရှင်ဦးချိုမြရဲ့အလောင်းမှာ လွှမ်းထားတဲ့ အဝတ်အစားတွေနှင့် ဟုတ်မဟုတ်နေသည်။

မနက်ဖြန် မင်္ဂလာဆောင်မှာ ဝတ်ဖို့လည်း ပိုးပုဆိုးနဲ့ ရှပ်လက်ရှည်အဖြူကလည်း အဆင်သင့်ရှိထားပြီးသား ဖြစ်နေလေ၏။





မပူရတော့။ ကျွန်ုပ်တို့ စဏ္ဍာလတွေအတွက်ကတော့ ဘာမှပူပင်စရာမရှိပါဘူး။ တစ်နေ့တစ်နေ့ ထမင်းထုပ်တွေက မစားချင်မှအဆုံးပဲ ဖြစ်နေသည်။

အဝတ်အစားတွေကလည်း အလျှံပယ်ပဲမို့ ကျွန်ုပ်တို့ လူတန်းစားတွေကို အဖက်မတန် မဆက်ဆံလိုကြပေမယ့် မဆက်ဆံလို့လည်း မဖြစ်ဘူးလေ။ လူ့လောကကြီးထဲမှာတော့ မရှိမဖြစ်လူတန်းစားပါပဲ။

"အုံးမောင် ..."

"ဗျာ ..."

"မင်းမင်္ဂလာပွဲအတွက်တော့ ဘာမှမပူနဲ့၊ ငါတာဝန်ယူထားတာပဲ၊ အားလုံးပြင်ဆင် ပြီးသွားပြီကွ ..."

"ကျေးဇူးပါပဲခင်ဗျာ ..."

ကျွန်ုပ် အုံးမောင် ပျော်ရွှင်ကျေနပ်အောင် ပြောလိုက်ရပေမဲ့ ကျွန်ုပ်စိတ်ထဲမှာတော့ မသက်မသာကြီးနှင့် လေးလေးလံလံကြီး ဖြစ်နေရလေတော့သည်။

◆◆◆

အုံးမောင်နှင့် မနှင်းပန်းတို့ရဲ့မင်္ဂလာပွဲကတော့ အတော်ကလေးစည်ကား နေလေတော့သည်။

ကျွန်ုပ်တို့လောကမှာ တစ်ကြိမ်တစ်ခါမှမလုပ်ဘူးတဲ့ မင်္ဂလာဆောင်ဖြစ်နေ၏။ စဏ္ဍာလတွေ သုဘရာဇာတွေ၊ သူတောင်းစားတွေ ဒီလိုလင်ယူသားမွေးကြ၊ ပေါင်းသင်းခဲ့ကြပေမယ့် ဒီလိုမင်္ဂလာပွဲတော့ မလုပ်ခဲ့ကြ။ အုံးမောင်နှင့် မနှင်းပန်းတို့က စတယ်လို့ပဲ ပြောရတော့မည်။

မင်္ဂလာပွဲကိုတော့ အင်တိုက်အားတိုက် လာရောက်အားပေးကြလေသည်။ အသုဘသင်္ဂြိုဟ်တဲ့အချိန်တွေနဲ့ လွတ်ကင်းအောင် ညနေမှောင်ရီပျိုးအချိန်မှာ မင်္ဂလာပွဲကို စတင်ကျင်းပကြလေ၏။

မီးအိမ်ကြီးတွေကိုထွန်းထားပြီး မီးတုတ်တွေလည်း ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ပတ်လည်မှာ ထွန်းညှိထားလေသည်။

မင်္ဂလာပွဲကိုလာကြတဲ့ ဧည့်ပရိသတ်တွေကို အထင်မသေးဘဲနှင့် စုတ်စုတ်ပြတ်ပြတ်တွေ ဝတ်ဆင်မလာကြဘဲ မိမိတို့နှင့် လိုက်ဖက်ဖက် မလိုက်ဖက်ဖက် တော်တော် မတော်တော် အဝတ်အစားသစ်တွေတော့ ဝတ်ဆင်ထားကြလေ၏။

"ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းကြရပါစေ ... "

အဘိုးကြီးဦးချွန်ရဲ့ ဆုပေးစကားသံက မပီကလာ ပီကလာနှင့် ညောင်နာနာ ထွက်ပေါ်နေသည်။ နှာက တိုနေတဲ့အပြင် လက်နှစ်ဖက်စလုံးလည်း မရှိတော့။ ပြတ်နေတဲ့ လက်တွေကို ပူးပြီး မင်္ဂလာဆောင်ပုဆိုးတစ်ထည်ကို ပေးနေသည်။

"ငါတောင်းရမ်းရသမျှလေးနဲ့ စုပြီးဝယ်ပေးတာနော် ... အသစ်ကွ... ဟိုလူတွေ ယူလာသလို လူသေတွေဆီက လှမ်းထားတဲ့ဟာတွေ မဟုတ်ဘူးနော် ... "

"ရပါတယ်ဗျာ ... ကျုပ်က ကျွေးမွေးချင်တာ တစ်ခုတည်းပါ ... "

"အိုးမောင် မင်းတော်တယ် ... အခုလို အယုတ်အလတ် အမြတ်မရွေး ဖိတ်ကျွေးတာ ကုသိုလ်အရမ်းရတယ်ကွ သိလား ... "

နှာသံနှင့်ပြောနေတဲ့ နှာပြတ်ကြီးဦးချွန်ရဲ့အသံကို အတော်လေးနားထောင်ယူရလေသည်။ အားလုံးပျော်ရွှင်စွာ ရယ်မောစားသောက်နေကြပြီး နိုင်သလောက် မင်္ဂလာလက်ဖွဲ့ပစ္စည်းတွေကိုလည်း ယူဆောင်လာကြလေသည်။

"အိုးမောင်ရေ ... မင်းတို့အတွက် မင်္ဂလာလက်ဆောင် ... "

သူတောင်းစားငတင်က ဝမ်းသာအားရပြေးလာပြီးအိုးမောင်အား လက်ဆောင်ပစ္စည်းတစ်ခုပေးလေသည်။

မင်္ဂလာဆောင်လာကြတဲ့ ဧည့်ပရိသတ်တွေကလည်း ငတင်လက်ဆောင်အား စိတ်ဝင်တစား ဝိုင်းအုံကြည့်နေကြလေ၏။

"ကိုတင် ... ဒါက ဘာလဲ ... ခင်ဗျား ဘယ်ကနေရတာလဲ ... ခိုးလာတာလားဗျာ"





"မဟုတ်ပါဘူးကွာ ... တင်က မရှိလို့ လက်ကြောမတင်းလို့ တောင်းစားနေပေမယ့် သစ္စာတော့ရှိပါတယ်ကွ ... ဘယ်တော့မှ မခိုးဘူး မလိမ်ဘူး ... သူများပစ္စည်းတွေကို မတော်လောဘနဲ့ မတရားမယူပါဘူးကွ ... "

ငတင် ဝမ်းနည်းပက်လက်နှင့် ဆိုနေလေသည်။ ကျွန်ုပ်လည်း စိတ်ဝင်စားသွား၍ ငတင်အနားသွားကြည့်တော့ ကလေးအုပ်ဆောင်းလေးတစ်ခု ဖြစ်နေသည်။

အဖိုးတန်လေးဖြစ်၍ ငတင်တောင်းရမ်းတဲ့ ပိုက်ဆံနဲ့ မဝယ်နိုင်မှန်း အိုးမောင်က သိနေလေ၏။

"ဟိုတလောက သေသွားတဲ့ သူဌေးဦးရှိန်ရဲ့မြေးလေးလေကွာ ... မွေးပြီး နှစ်လပဲ လူ့လောကကြီးထဲမှာ နေရတယ် ... သေသွားတာ... ငါက မင်းတို့ကလေးမွေးရင် ဆိုပြီး တွေးမိတာနဲ့ အဲဒီအုပ်ဆောင်းလေးကို အလှူခံလာတာကွ ... "

"ကိုတင်ကလည်းဗျာ ... ကျုပ်တို့က ခုမှမင်္ဂလာဆောင်တာပါဗျ"

"လုပ်မနေနဲ့ဟေ့ကောင် ... မင်းသဘောကျတယ်မဟုတ်လား ... ငါတောင်းတောင်းပန်ပန်နဲ့ အလှူခံလာရတယ်ကွ ... ဒီအတိုင်းကြီးထားမယ့်အစား အသုံးဝင်တဲ့လူကို လှူလိုက်တာက ကုသိုလ်ရပါတယ် ... ကလေးအတွက်လည်း ကောင်းပါတယ်လို့ မနည်းပြောဆိုရတာကွ ... "

"ကျေးဇူးပဲ ကိုတင်ရာ ... "

ငတင် ဒီကောင်လက်ကြောမတင်းပေမယ့် စိတ်ရင်းတော့ကောင်းပါတယ်။ မလိမ်ဘူး၊ မကောက်ကျစ်ဘူး၊ မခိုးတတ်ဘူးဆိုတော့ လူကောင်းပဲပေါ့လေ။

"ကျုပ်တို့ ဒီဘဝတော့င် ကံဆိုးလို့ ဒီလိုဖြစ်နေရတာဗျ ... နောင်ဘဝအထိ သံသရာမပါချင်ပါဘူး ... ကျုပ် ကံအကြောင်းမလှလို့ သူတောင်းစားဖြစ်နေရပေမယ့် မကောင်းမှုဒုစရိုက်တွေကိုတော့ မလွန်ကျူးချင်ပါဘူးဗျာ ... "



www.burmeseclassic.com

www.burmeseclassic.com



တေင်က လက်ဆောင်ပစ္စည်းပေးပြီး ထမင်းဝိုင်းမှာ ဝင်ရောက် စားသောက်နေလေတော့သည်။

ကြဲကြဲဖန်ဖန် ရှားရှားပါးပါး အုံးမောင်နှင့် မနှင်းပန်းတို့ရဲ့ မင်္ဂလာပွဲကို လာကြတဲ့ လူတွေက သုဘရာဇာတွေ၊ သူတောင်းစားတွေ၊ ခြေပြတ်လက်ပြတ်တွေ၊ နှာတိုတွေ ဖြစ်နေ၏။

ဇရပ်ပျက်ကြီးထဲမှာ ငှက်ပျောဖက်တွေခင်းပြီး ပဲကုလားဟင်းနှင့် ငါးပိကြော်ကို မြိန်ရှက်စွာစားသောက်နေကြတော့သည်။

မင်္ဂလာလက်ဖွဲ့ပစ္စည်းတွေကတော့ တေင်ရဲ့ကလေးအုပ်ဆောင်းတစ်ခုပဲ ထူးထူးခြားခြားပါပြီး ကျန်တာက ငွေစတွေနှင့် အဝတ်အစားတွေပဲဖြစ်လေ၏။

သတို့သားက သူဌေးဦးချွန်အလောင်းက ချွတ်ယူထားတဲ့ ပိုးပုဆိုးနှင့် ရှပ်အင်္ကျီအဖြူနှင့် ဟန်ပန်ကျနေသလို သတို့သမီးကလည်း တလောကလေးကမှ သေဆုံးသွားတဲ့ အပျိုမလေး မငွေစင်ရဲ့ ထဘီပန်းရောင်လေးနှင့် မှန်ဇာအင်္ကျီလက်ရှည်နှင့် အတော်လေး ဟုတ်နေလေတော့သည်။ မနှင်းပန်းမျက်နှာမှာ လိမ်းခြယ်ထားတဲ့ မျက်နှာချေကလည်း မငွေစင်ရဲ့ အခေါင်းထဲမှာပါလာတဲ့ ပစ္စည်းတွေပဲဖြစ်၏။

ကျွန်ုပ်ကတော့ ချိုင့်တစ်လုံးနှင့် ထမင်းထည့်ကာ သားဆီကို ရောက်လာခဲ့လေတော့သည်။

"သား ... "

"အဖေ ... "

"ထမင်းဆာနေပြီလား ... "

"ကျွန်တော့်ကို ဘာဖြစ်လို့ ဒီအသိုင်းအဝန်းထဲ မဝင်စေချင်ရတာလဲ အဖေ ... "

ကျွန်ုပ်သားသည် အသက်အရွယ်ရလာတဲ့အပြင် လူကလည်း ရုပ်ရည်ခန့်ညား ချောမောသူပင် ဖြစ်နေလေတော့သည်။ ကျွန်ုပ်သားကို ကျွန်ုပ်အသိုင်းအဝိုင်းမှာရှိနေတဲ့ မိန်းကလေးတွေနဲ့ နီးစပ်သွားမှာကို အကြောက်ဆုံးဖြစ်နေရသည်။





ကျွန်ုပ်ရဲ့မျိုးရိုးစဉ်ဆက်ကို သုဘရာဇာမျိုးရိုးအဖြစ် မရှိစေချင်တော့ပေ။ သုဘရာဇာမျိုးရိုးမဟုတ်တဲ့ လူတွေကရော ကျွန်ုပ်သားနဲ့ ဘယ်သူက လက်ထပ်စေချင်ပါ့မလဲ။ ကျွန်ုပ်ပဲ အတွေးကြီးနေတာလား။

"အဖေက သားကို သုဘရာဇာမျိုးဆက်ကြီးကို ဆက်ထိန်းသွားမယ့် သားတစ်ယောက် မဖြစ်စေချင်တော့ဘူးကွာ ... "

"အဖေ ... "

"အဖေသိပါတယ် ... သားအနေနဲ့ ဒီလောကကြီးထဲကလည်း ထွက်သွားလို့မဖြစ်ဘူး မဟုတ်လား ... "

"ဟုတ်တယ်အဖေ ... ကျွန်တော် ငယ်ငယ်လေးကတည်းက ဒီသချိုင်းထဲမှာ ကြီးပြင်းလာရတာ၊ ကျွန်တော့်ကို သုဘရာဇာရဲ့သားတစ်ယောက်အဖြစ်ပဲ မြင်နေကြတာလေ ... "

"ဒါကြောင့် အဖေက ဓာတ်မြှုပ်ပြီး သားကိုတစ်နေရာရာမှာ သွားထားချင်တာပေါ့ ... လုံးဝမအောင်မြင်ဘဲ ဖြစ်နေတယ်လေ ... "

ကျွန်ုပ်ကြိုးစားတာ မအောင်မြင်ဘဲ ဒီသချိုင်းထဲမှာ သုဘရာဇာကြီးအဖြစ်ပဲ ဆက်ပြီးရှိနေခဲ့တော့သည်။ ငွေစကမရှိ။ ကျွန်ုပ်အလုပ်က ငွေသိပ်များများစားစားမရ။ စေတနာနှင့် လုပ်ကိုင်ပေးခဲ့တာက များနေ၏။

"အဖေ ... "

"ပြောလေသား ... "

"ကျွန်တော့်ဘဝရဲ့ လွတ်မြောက်မှုက ဒီဘဝမှာတော့ မရှိနိုင်ဘူးလို့ ကျွန်တော်ထင် တယ် အဖေ ... "

"ဘာပြောတယ်သား ... "

"ကျွန်တော်က သုဘရာဇာကြီး ဦးသတ္တုရဲ့သားပဲအဖေ ... ဒီမျိုးရိုးကို ဒီဘဝမှာတော့ ဖျောက်ဖျက်လို့မရနိုင်တော့ဘူးလေ ... "

"မောင်မောင်သန့် မင်းဘာဖြစ်လို့ စိတ်ဓာတ်ကျရတာလဲ ... အဖေတို့က သုဘရာဇာမျိုးရိုးမှမဟုတ်တာပဲ ... သားလွတ်မြောက်ဖို့အတွက် အဖေ အခွင့်အရေးရှာနေတယ်လေ ... "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကတော့ သားကို ကျုပ်ကဲ့သို့ သုဘရာဇာမျိုးဆက် အဖြစ် မဖြစ်စေချင်မိတာတော့ အမှန်ပဲဖြစ်လေသည်။ အခွင့်အရေးကို စောင့်မျှော်နေမိပေမယ့် အခွင့်အရေးက မပေါ်ဘဲသားပဲ ဒီအရွယ်ကြီးအထိ ရောက်နေရ၏။

"ကျွန်တော် ဒီဘဝမှာတော့ လွတ်မြောက်အောင် ကြိုးစားဖို့က မလွယ်ဘူး ထင်နေမိတယ် ..."

တောက်ပရွှန်းလက်နေတဲ့ သားရဲ့မျက်ဝန်းတွေထဲမှာ စိတ်အားငယ် ညှိုးရော်နေမှုတွေကို တွေ့နေရလေသည်။

ကျွန်ုပ်စိတ်မကောင်းဖြစ်ရသည်။ အရာအားလုံးက ကျွန်ုပ်ရဲ့ တာဝန်ပေါ့ လျော့မှုတွေဟုလည်း ကျွန်ုပ်ခံစားသွားရ၏။ နောင်တတွေက နောက်ကျသွားပြီဟုလည်း ကျွန်ုပ်ထင်မှတ်ထားမိ၏။

"အဖေ့အလုပ်တာဝန်တွေကို ကျွန်တော်သင်ထားရင် ကောင်းမယ် ထင်တယ်နော်"

"မလုပ်ပါနဲ့သားရယ် ... မသင်ပါနဲ့တော့ ..."

အဖေသေသွားရင် သားက ဒီတာဝန်တွေကို ဆက်လုပ်သွားရမှာလားဆိုတဲ့ အဓိပ္ပာယ်ကို ကျွန်ုပ်စိတ်က သိနေသည်။

"ကဲပါ အဖေရာ ... သား ထမင်းဆာနေပြီ ... စားတော့မယ် ... အဖေယူလာတဲ့ ထမင်းဟင်းတွေ ပေးတော့ ..."

ကျွန်ုပ်နှင့်သားသည် အလောင်းတွေမှာပါလာတဲ့ ထမင်းထုပ်တွေကိုပဲ စားသောက်လာတာ နှစ်တွေအတော်ကြာပြီဖြစ်သည်။

ဟင်းတွေကလည်း ကောင်း၏။ ကျွန်ုပ်အပိုင်စားရထားတဲ့ သချိုင်းက သူဌေးသူကြွယ်တွေများသောအားဖြင့် သင်္ဂြိုဟ်ကြတာများနေသည့်အတွက် ထမင်းထုပ်တွေထဲမှာ ဟင်းကောင်းတွေပါတတ်သည်။

"ပဲကုလားဟင်းနဲ့ ငါးပိကြော်က အရမ်းလိုက်ဖက်မှာပဲအဖေ မွှေးနေတာပဲ ..."

အသုဘအလောင်းတွေမှာ ပါလာတဲ့ ထမင်းဟင်းတွေပဲ စားနေရတော့ သားက ဒီထမင်းဟင်းကိုပင် အထူးအဆန်းဖြစ်ကာ သဘော





ကျနေပုံပင် တွေ့ရသည်။

"သား ... စားနှင့်တော့ ... အဖေ မင်္ဂလာဆောင်ကိုသွားပြီး စီမံခန့်ခွဲလိုက်ဦးမယ်"

"ဟုတ်ကဲ့ အဖေ ..."

ကျွန်ုပ်ခြေလှမ်းတွေက နှေးကွေးလေးလံစွာဖြင့် မင်္ဂလာပွဲရှိရာ ဘုံပြတ်သချိုင်းဇရပ်အိုကြီးဆီသို့ လျှောက်လာနေမိသည်။

အမှောင်က တစ်စတစ်စနှင့် သချိုင်းတစ်ခုလုံးကို ဝါးမျိုစပြုလာပြီဖြစ်၏။ အုတ်ဂူဖွေးဖွေးတွေ၊ သစ်ပင်ညို့ညို့ဆိုင်းဆိုင်းကြီးတွေကို ဝေတေတေ ဝါးတားတားတွေ မြင်စပြုနေသည်။ ဇရပ်ဆီမှာသာ အသံဗလံတွေက ဆူညံနေ၏။ မနေ့က လေပြင်းတွေတိုက်လာ၍ မင်္ဂလာပွဲကိုဖျက်မယ် ထင်ထားပေမယ့် မိုးလေက ကင်းရှင်းနေလေတော့သည်။

"သုဘရာဇာရဲ့သားဆိုတဲ့ ဂုဏ်ပုဒ်ကို ကျွန်တော် ဒီဘဝမှာတော့ ပယ်ဖျက်လို့ မရနိုင် ဘူးထင်တယ် ..."

သားဖြစ်သူ မောင်မောင်သန့်ရဲ့စကားတွေကို ဦးသဏ္ဍာ ပြန်၍ကြားယောင် လာမိလေသည်။

ခြေလှမ်းတွေက တွန့်ဆုတ်ချင်သွားမိတော့၏။

"ကျွန်မတို့သားလေးက ဖြူစင်ပြီး သန့်နေတာပဲ ... မောင်မောင်သန့်လို့ နာမည်ပေးလိုက်ကြရအောင်နော် ..."

သားလေးသည် မွေးကင်းစလေးမှာပင် ဖြူဖွေးသန့်စင်နေပြီး အလွန်ချစ်ခင် နှစ်သက်ဖွယ်ကောင်းနေသည်။

"ရှင် ... ကျွန်မသားလေးရဲ့နောင်ရေးကို ကြည့်ပါဦးလား ကိုသဏ္ဍာ၊ ဒီလိုသာ ရှင်သုံး ဖြုန်းသောက်စားနေရင် ကျွန်မတို့သားအမိ ကြာရင် သူတောင်းစားဖြစ်တော့မယ် ရှင် ..."

လေကငြိမ်သက်နေရာမှ တသိမ့်သိမ့်လေး တိုးဝှေ့တိုက်ခိုက်ချင်လာရလေတော့သည်။ မိုးများဖျက်တော့မလားဟု ကျွန်ုပ်စိတ်ထဲမှာ ပူပင်သောက တွေရောက်သွားရသေး၏။ သချိုင်းမှာဆောင်တဲ့ မင်္ဂလာပွဲက သမိုင်းတွင် ရစ်မည့် မင်္ဂလာပွဲဖြစ်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် အခမ်းအနားမှူးပြောတဲ့စကားတွေကို သဘောကျ၍ လက်ခုပ်လက် ဝါးတီးပြီး ချီးကျူးထောပနာပြုကြတဲ့သူတွေက သုဘရာဇာတွေ၊ သူတောင်းစားတွေ၊ ခြေပြတ်လက်ပြတ်တွေ ကောင်းလိုက်တဲ့ ကျွန်ုပ်ရဲ့ အစွမ်းအစတွေ။

"ကျွန်တော် ဘယ်လိုပဲနေနေ ဘယ်လိုပဲကြိုးစားကြိုးစား ဒီဘဝကတော့ ချေဖျက်ပစ်လိုက်လို့ မရနိုင်ပါဘူး အဖေရာ ... ဒါက အကျီအဖြူပေါ်မှာ စွန်းထင်းတဲ့ အစွန်း အထင်းလေးမဟုတ်ဘူးဗျ"

ကျွန်ုပ်သားကို သုဘရာဇာဘဝရောက်အောင် တွန်းပို့ခဲ့တာက ကျွန်ုပ်ကိုယ်တိုင်ပဲလေ။ နောင်တတွေက နောက်ကျနေပြီ။ ကျွန်ုပ် အသက်အရွယ်ကြီးရင့်နေသည်။ သားကို ဒီဘဝ ဒီလူတန်းစားဘဝကနေ လွတ်မြောက်အောင် ကြိုးစားနေပေမယ့် သားကိုယ်တိုင်က စိတ်ဓာတ်ကျပြီး အားငယ်ညှိုးရော်ကာ လက်မခံနိုင်ဘဲ ဖြစ်နေခဲ့ရ၏။

"ဆရာကြီး ..."

"ဟင် တောင် ..."

"ဆရာကြီးဦးဆောင်ပြီး စီမံခန့်ခွဲကျင်းပပေးတဲ့ သုဘရာဇာနဲ့ သူတောင်းစားမလေး ရဲ့ လက်ထပ်မင်္ဂလာပွဲကတော့ အရမ်းကို စည်ကားတာပဲဗျို့ ... ဒါပေမဲ့ တောင်ကတော့ အားမကျပါဘူး၊ ဘာဖြစ်လို့လဲ သိလား ... သုဘရာဇာမျိုးဆက်တွေ သူတောင်းစားမျိုးဆက်တွေ ဆက်ပြီးတွန်းကား ပေါ်ပေါက်နေမှာ စိုးလို့လေ ..."

"ဒီကောင်တောင် ..."

"သွားပြီဗျို့ ... ကျုပ်တောင် ဒီဘဝမှာတော့ လူပျိုကြီးပဲလုပ်နေတော့မယ်ဗျို့"

"မင်းလို လက်ကြောမတင်းတဲ့ကောင်ကများ ..."

လေလုံးထွားပြီး ကြီးကြီးကျယ်ကျယ်တွေ ပြောတတ်တဲ့ အသုံးမကျလွန်းသော သူတောင်းစားတောင်၏ စကားတွေကပင် ကျွန်ုပ်ရင်ကို ရှုးဝင်နှစ်မြုပ်နာကျင်သွားစေရလေတော့သည်။

◆◆◆







## မောင်မောင်သန့် ဖိုးသူတော်ဝတ်ခြင်း

သင်္ချိုင်းမှာဆောင်တဲ့ မင်္ဂလာပွဲကတော့ ပြီးဆုံးသွားပြီဖြစ်လေသည်။ ဧည့်ပရိသတ်တွေအားလုံး အသီးသီးပြန်သွားကြ၏။ ဘုံပြတ်သင်္ချိုင်းကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေတော့၏။

စောစောက ထွန်းညှိထားတဲ့ မီးအိမ်ကြိမ်းတွေ မီးတုတ်တွေလည်း အားလုံးငြိမ်းသတ်ပြီးပြီဖြစ်၍ သင်္ချိုင်းကြီးတစ်ခုလုံး မည်းမှောင်နေလေတော့သည်။

သစ်ပင်ကြီးတွေ အုတ်ဂူဖွေးဖွေးတွေ တစ်ခါတစ်ရံကျရောက်လာတဲ့ လင်းတငှက်ကြီးတွေအားလုံး မြင်ကွင်းကတော့ မောင်မောင်သန့် မတွက် ရိုးနေပြီဖြစ်၏။

မောင်မောင်သန့် ငါးနှစ်သားထဲက ဒီဘုံပြတ်သင်္ချိုင်းထဲကို ရောက်ခဲ့ရသည်။

"သရဲဆိုတာ သင်္ချိုင်းကုန်းထဲမှာ ဘယ်တော့မှမရှိဘူး သားရဲ့ ... အိမ်ကြို့အိမ်ကြား ဘုရားကြို့ဘုရားကြားမှာပဲ ရှိတတ်တာကွ ... သား စဉ်းစားကြည့်လေ ... လူတစ်ယောက်က သေခါနီးမှာ သူ့အိမ်နဲ့ သူ့မိသားစုကိုပဲ စွဲလမ်းတမ်းတမှာကွ၊ သင်္ချိုင်းကုန်းကို ဘယ်သူက



www.burmeseclassic.com

www.burmeseclassic.com



စွဲလမ်းမှာလဲ ... စွဲလမ်းတဲ့ဝိညာဉ်က အပြင်ကိုထွက်သွားမှ ရုပ်အလောင်းကြီးက အဖေတို့သချိုင်းကို ရောက်လာတာပဲကွ ...”

မောင်မောင်သန့် သရဲကြောက်တယ် မနေရဲပါဘူးဆိုတော့ အဖေကပြောခဲ့သည်။ အရက်တွေ အလွန်အကျွံသောက်ပြီး အမြဲတမ်းမူးနေတဲ့အဖေက သချိုင်းကုန်းက အရမ်းကိုအေးချမ်းပြီး နားခိုရာအစစ်အမှန်ပဲတဲ့။

“သားစဉ်းစားကြည့်စမ်း ... မနက်ထမင်း ညထမင်းနပ်မှန်တယ် ... တကယ်တော့ လူသေဆိုတာ ရုပ်အလောင်းကြီးပဲကွ ... ပြီးတော့ လူ၊ ခွေးတွေ တိရစ္ဆာန်တွေမှ မဟုတ်တာ ... အဖေတို့လိုလူ ဘာမှ ရှုံ့ရှာစက်ဆုပ်စရာ မရှိပါဘူးသားရ ...”

မောင်မောင်သန့်ငယ်စဉ်ကတော့ အဖေပြောတဲ့စကားတွေကို အဟုတ်သားပဲ ထင်မှတ်ထားခဲ့မိသည်။ အရင်က ထမင်းကနပ်မမှန်။ အိမ်တွေမှာ တောင်းစားခဲ့ရသည်။ မသထာရေစာဖြစ်နေသည်။

အဖေနှင့်အတူ ဘုံပြတ်သချိုင်းကို ရောက်ခါစမှာတော့ ကြောက်စိတ်တွေရှိနေပေမယ့် တဖြည်းဖြည်းပျော်လာရသည်။ ထမင်းကလည်း နပ်မှန်လာရ၏။ အုတ်ဂူတွေကြား မှာ ပြေးလွှားဆော့ကစားရင်း အချိန်တွေ ကုန်ဆုံးခဲ့ရပြီ။

အဖေကတော့ မူးနေမြဲပင်။ ရွာဦးဘုန်းတော်ကြီး ဦးကိတ္တိက ဇရပ်ကြီးမှာ မောင်မောင်သန့်တို့ သုဘရာဇာကလေးတွေကို စာလာသင်ပေးသည်။

“မောင်မောင်သန့် ...”

“အမိန့်ရှိပါဘုရား ...”

“မင်းက သုဘရာဇာမျိုးရိုးမဟုတ်ဘူးကွ ...”

“ဗျာ ...”

“မင်းအဘိုးက အရမ်းချမ်းသာခဲ့ကြတာကွ ... မင်းအဖေအသုံးမကျလို့ မင်း ဒီဘဝရောက်ရတာပဲ ...”

မောင်မောင်သန့် လူမှန်းသိစတတ်တဲ့အရွယ်တွင် ဘုန်းဘုန်း





ဦးကိတ္တိက အမြဲတမ်းပြောတတ်လေသည်။

“မင်းက ရုပ်ရည်ရလေးလည်းသန့်တယ် ... လူခန့်လူချောလေးပဲ ... မိဘမျိုးရိုးကလည်း ချမ်းသာကြတဲ့ မျိုးရိုးစဉ်ဆက်က မွေးဖွားလာတာ ... ဒီဘဝမှာဆက်နေဖို့ မင်း မစဉ်းစားနဲ့ ... လွတ်မြောက်အောင် ကြိုးစား ...”

“တပည့်တော် ဘယ်လိုလွတ်မြောက်အောင် ကြိုးစားရမှာလဲ ဘုန်းဘုရား ...”

“စာပေကို တတ်မြောက်အောင်သင်လေကွာ... မင်းကြိုးစားပေါ့... သက်ကြော တင်းတင်းလေးနေ ... မင်းအသက်အရွယ်ရလာရင် နေရာဒေသတစ်ခုကို ထွက်သွားပြီး အဲဒီမှာဇာတ်မြှုပ်နေ ... အလုပ်တွေလုပ် ကြိုးပွားတိုးတက်အောင်ကြိုးစား ... ဒါဆို ဒီဘဝကလွတ်ပြီပေါ့ကွ ...”

ဘုန်းဘုရား ဦးကိတ္တိပြောတာတွေကို ... မောင်မောင်သန့် အရွယ်ရောက်လာတာနှင့်အမျှ တွေးတောဆင်ခြင်မိနေပြီ။ လွတ်မြောက်ရာလမ်းစကိုလည်း ရှာဖွေမိနေခဲ့လေသည်။

အဖေ့ကြောင့်ပဲ အမေးသမားကြီးအဖေသည် ဘဝတိုးတက်မှုအတွက် ဘာတစ်ခုမှ စွမ်းဆောင်နိုင်စွမ်းမရှိခဲ့။ အဖေ့ကိုခေါ်ဆောင်ထားသော သုဘရာဇာကြီးသေဆုံးသွားသောအခါ အဖေသည် အလိုအလျောက် ဘုံပြတ်သချိုင်းကို အပိုင်စားရသွားခဲ့၏။

“သုဘရာဇာဆိုတာ မရှိမဖြစ်လိုအပ်တဲ့ လူတန်းစားတစ်ရပ်ကွ ... လူသားတွေရဲ့ နောက်ဆုံးခရီးကို အကောင်းဆုံးဖြစ်အောင် အဖေတို့က ဖြည့်စွမ်းပေးနေရတာလေ ... လူတွေက အဖေတို့လူတန်းစားတွေကို အထင်သေးအမြင်သေး ရှုံ့ရှာစက်ဆုပ်နေကြတာ ... လုံးဝသဘောမကျဘူးကွာ ... အဖေ လက်မခံဘူး ... အဖေတို့ လူတန်းစား တစ်ရပ်က လူ့လောကကြီးမှာရှိတဲ့ လူသားတွေအတွက် မရှိမဖြစ်လိုအပ်နေတာလေ ... မဟုတ်ဘူးလားသားရာ ... လူ့လောကကြီးထဲမှာ မရှိမဖြစ်လိုအပ်နေတဲ့ လူတန်းစားမှာ လူဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ ဂုဏ်ရှိပါတယ် ... ”

အဖေကတော့ သူ့ဘဝကို နှစ်သက်သဘောကျစွာဖြင့် ... အလုပ်တာဝန်တွေ ကျေပြွန်စွာ ထမ်းဆောင်နေလေသည်။ သားရဲ့ဘဝ နောင်ရေးအတွက်ထက် အဖေအရက်မှန်မှန်သောက်ရရေးက အဓိကဖြစ်နေရလေသည်။

“မင်းအဖေက ဒီဘဝမှာပျော်နေတာကွ ... ခက်တယ် ဘယ်လိုမှ နားချလို့မရဘူး ... ဘာပဲဖြစ်ဖြစ်ကွာ မင်းကတော့ ကြိုးစား ... ”

“မှန်လှပါဘုရား ... ”

မောင်မောင်သန့် မှန်လှပါဘုရားဟုသာ ပြောလိုက်ရသည်။ ဘဝလွတ်မြောက်ရေးအတွက်တော့ ရုန်းကန်ကြိုးစားဖို့ အချိန်ကမရ။ အဖေကြောင့်ပဲဖြစ်နေလေ၏။ အဖေ့ စိတ်ထဲမှာ မရှိမဖြစ်လူတန်းစား တစ်ရပ်ဆိုပြီး ဂုဏ်ယူနေသလားမှ မသိတာ။

အဖေ ဘယ်လောက်ပဲမူးနေပါစေ မောင်မောင်သန့်ကတော့ ဘဝလွတ်မြောက်ရေးအတွက် ပညာကို ကြိုးစားသင်နေမိသည်။

ဘုန်းဘုရားအကူအညီနဲ့ မြို့ကဆရာကြီး ဦးမောင်ခန့်ရဲ့ ကျောင်းမှာအပ်ဖို့ စီစဉ်တော့ လက်မခံပေ။

“မဖြစ်ဘူး ... ဒီကောင်လေးက သုဘရာဇာရဲ့သားပဲ ... တပည့်တော်ကျောင်း သိက္ခာကျမယ်ဘုရား ... လက်မခံနိုင်ပါဘူး ... ”

“ဒီကလေးက ချမ်းသာတဲ့မျိုးရိုးက ဆင်းသက်လာတာပါ ဒကာကြီး၊ ကျုပ် မြေတောင်မြှောက်ပေးချင်လို့ပါ ... သင်းလေးအဖေ အသုံးမကျလို့ ဒီဘဝရောက်ရတာပါလေ ... ”

“မဖြစ်ပါဘူးဘုရား ... တပည့်တော် လုံးဝလက်မခံနိုင်ပါဘူး ... ဘာပဲဖြစ်ဖြစ် လောလောဆယ်တော့ သုဘရာဇာလေးပါပဲ ... ”

“ဒကာကြီး ... ”

“ဘုန်းဘုရားက ဘယ်လိုပဲ လွတ်မြောက်စေချင်ပေမယ့် ဒီအရိပ်မည်းကြီးက ဒီကလေးကို လွှမ်းမိုးထားနေပါပြီ ... တစ်နေ့နေ့ ဒီသတင်းက ပေါက်ကြားမှာပဲဘုရား ... လက်လျှော့ပြီးပြန်ခေါ်သွား





ပါ ... သုဘရာဇာရဲ့သားဆိုတာ ဒီဘဝမှာတော့ ဖျောက်ဖျက်ပစ်လို့ မလွယ်တော့ဘူးထင်ပါတယ် ဘုရား ... ”

ဘုန်းဘုရားက မောင်မောင်သန့်ကိုအားပေးပြီး ပြန်ခေါ်လာခဲ့လေသည်။ အဖေသိတော့ ဒေါသတွေပေါက်ကွဲပြီး အရက်လည်းပြတ်သွားလေသည်။

“အဖေ့သားကို ဒီဘဝမှာ အဖေမထားနိုင်တော့ဘူး ... အဖေလည်း ဖြစ်မြောက်အောင် ကြိုးစားမယ် ... သားဘက်ကလည်း စာပေကျမ်းဂန်တွေကို တတ်မြောက်အောင် ကြိုးစားသင်၊ ဒီနေ့က စပြီးတော့ မင်း အဖေ့တာဝန်တွေမှာ ကူညီလုပ်ဆောင်ပေးစရာ မလိုတော့ဘူး ... ဒီအသိုင်းအဝန်းနဲ့လည်း လွတ်ကင်းအောင်နေရမယ် ... ”

မောင်မောင်သန့်ကတော့ ဆရာကြီးဦးမောင်ခန့်ပြောတဲ့ စကားတွေကို အမြဲတမ်း ကြား‌ယောင်နေမိလေတော့သည်။

ဒီဘဝမှာတော့သုဘရာဇာရဲ့သားဆိုတဲ့ဘဝကလွတ်မြောက်ဖို့ မလွယ်တော့ဘူးဆိုတာ ဖြစ်နိုင်တာပဲ ... ။ မောင်မောင်သန့် ကိုယ်တိုင်ပင် စိတ်တွေမလုံမလဲဖြစ်နေမိ၏။ ဘယ်လိုပဲဟန်ဆောင်နေပါစေ မောင်မောင်သန့်ကိုယ်တိုင်လည်း စိတ်မသက်မသာဖြစ်နေမှာပဲလေ။

လွတ်မြောက်ရာလမ်းစက ဘာလဲ။ ဒီဘဝမှာ ကောင်းမှုကုသိုလ်တွေ၊ တရားဓမ္မတွေ သေလွန်ပြီးတဲ့နောက်မှပဲ မောင်မောင်သန့် စိတ်လုံစွာ လွတ်မြောက်ခွင့်ရနိုင်လေမည်။ ဒါတောင် အတိတ်ဘဝကို မသိနိုင်လို့ပါ။

“သားမောင်မောင်သန့် ... ”

“ဗျာ ... အဖေ”

အဖေက မအိပ်သေးဘဲ မောင်မောင်သန့် အိပ်ရာနားသို့ ရောက်လာလေတော့ သည်။

“မင်း မအိပ်သေးဘူးလား ... ”

“အိပ်လို့မပျော်ဘူး အဖေ ... ”



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာတွေတွေးနေမလဲဆိုတာ အဖေသိပါတယ် ... မင်းက အဖေတို့လူတန်းစားမှာတော့ စာတတ်ပေတတ်နဲ့ စဉ်းစားဉာဏ်ရှိတဲ့ လူသားပဲ ... "

အဖေက အနားမှာချိတ်ဆွဲထားတဲ့ မီးအိမ်ကြီးအား မီးထွန်းညှိလိုက်လေတော့သည်။

"သား ... "

"အဖေ ... "

"ဘာမှအားမငယ်ပါနဲ့ကွာ ... လောကကြီးထဲမှာ လူလုပ်ရင် မဖြစ်နိုင်ဘူးဆိုတာ ဘာမှမရှိပါဘူးကွဲ ... အဖေ စဉ်းစားထားတာက ဒီသင်္ချိုင်းကို အုံးမောင်းလက်ထဲလွှဲခဲ့ပြီး မရှိမဖြစ်လူတန်းစားဘဝကနေ မရှိလည်းဖြစ် ... ရှိလည်းဖြစ်တဲ့ လူတန်းစားဘဝကို အဖေတို့သားအဖ ပြောင်းရအောင် ... "

အဖေ အရက်သေစာ သောက်စားမှုးယစ်နေရာကနေ ... အရက်ဖြတ်လိုက်တော့လည်း အသားအရည်စိုပြေလာသည်။ အဖေရော အမေရော လူရည်သန့်တွေ ရုပ်ရည်ချော မောကြသူတွေဖြစ်လေ၏။

"ဘုန်းဘုရားပြောသလိုပဲ ကျွန်တော်တို့ ဒီဘဝမှာတော့ ဝဋ်ကြွေးရှိလို့ပဲ သတ်မှတ် ရတော့မယ်ထင်တယ် အဖေရာ ... "

"မောင်မောင်သန့် ... မင်း ဘာစကားပြောလိုက်တာလဲသားရာ... စိတ်မာတ်မကျစမ်းပါနဲ့ကွာ ... အဖေကြိုးစားပြမယ် ... ငွေနည်းနည်း စုလိုက်ဦးမယ်လေ ... "

"အဖေ ... "

"ပြောလေသား ... "

"ဘာမှမဟုတ်တော့ပါဘူးအဖေရာ ... အိပ်တော့နော် ... သားလည်း အိပ်တော့မယ် ... "

အဖေက အသက်ကြီးပြီဆိုတော့ မောင်မောင်သန့်အနေနှင့် အဖေ့စိတ်တွေ အနှောင့်အယှက်ဖြစ်စေမယ့်စကားတွေ မပြောလိုတော့ပေ။

"မောင်မောင်သန့် ... "





"ဗျာ ... အဖေ ... "

"မင်းမိန်းမယူမလား ... "

"ဟာ ... အဖေကလည်း ကိုအုံးမောင်လက်ထပ်တာတောင် စဉ်းစားပြီး စိတ်ပျက်နေတာပါ ... သုဘရာဇာမျိုးဆက်တွေ မပြန့်ပွားစေချင်လို့ပါ ... "

"သုဘရာဇာလူတန်းစားဆိုတာ မရှိမဖြစ်လိုအပ်တာကွ ... မျိုးဆက်တော့ ရှိသင့်ပါတယ် ... ဒါပေမဲ့ အဖေ့သားကိုတော့ ဒီမျိုးဆက်မပေါက်ဖွားစေတော့ပါဘူး၊ အဖေ စီစဉ်ထားတာရှိတယ် ... "

"ဘာများလဲ အဖေ ... "

"မြထွေးလေကွာ ... သူဌေးသမီးမြထွေး ... မင်း ... မကြိုက်ဘူးလား"

"အဖေကလည်းဗျာ ... သူဌေးသမီးမြထွေးဆိုတာက ကျွန်တော့်လို သုဘရာဇာသားကို ဘယ်မှာလာပြီး ကြိုက်မှာလဲ ... "

"ဖူးစာဆိုတာ ဦးရာလူကွ ... မြထွေးက ရုပ်ဆိုးတယ်လေ ... အကျည်းတန်လွန်းတော့ ကြိုက်မယ့်သူမှ မရှိတာဘဲ၊ အဖေ့သားက ခန့်ခန့်ညားညားလူချောတစ်ယောက် ဆိုတော့ ကြိုးစားကြည့်တော့ မမှားဘူးကွာ ... လူချင်းနီးစပ်အောင် ကြိုးစား ... ရတော့ ခိုးပြေး... အဖေ့သားရဲ့မျိုးဆက်ကို ပြန်စလို့ရတာပဲ ... "

"မဖြစ်ပါဘူး အဖေရာ ... ရုပ်ကဆိုးလွန်းပါတယ် ... သင်္ချိုင်းမှာနေတာ သရဲအခြောက်မခံရဘဲနဲ့ သူဌေးသမီးမြထွေးကိုယူပြီး ညတိုင်းသရဲခြောက်ခံနေရပါဦးမယ် ... "

"မင်းကလည်း မျိုးဆက်သစ်အတွက်ပဲလေ ... "

ထိုအချိန်တွင် သင်္ချိုင်းထဲသို့ မီးတုတ်တွေနှင့် လူတစ်စု ရောက်လာကြတော့သည်။

ဖျာလိပ်ကြီးတစ်ခုကိုလည်း သယ်မလာကြကြောင်း သူတို့ ကိုင်လာတဲ့ မီးတုတ်တွေရဲ့အရောင်ကြောင့် တွေ့မြင်နေရ၏။

"သုဘရာဇာကြီး ဦးသက္က ... ဗျို့ ... သုဘရာဇာကြီး ... "



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားသံ ခပ်ရှူးရှူးကျယ်ကျယ် အသံထွက်ပေါ်လာလေသည်။

"ဘာလဲဗျ ... ကျုပ် ဒီမှာ ... ဘာကိစ္စလဲ ..."

လူတွေကတော့ ဗျာလိပ်ကို သယ်လာကြပြီး ဇရပ်ပျက်ကြီးမှာ ချထားသည်။

"ရွာထဲက တော့တ်ဝမ်းရောဂါနဲ့သေပြီလေဗျာ ... အဲဒါ သူကြီးက ချက်ချင်းသင်္ဂြိုဟ်ရမယ်ဆိုလို့ ကျုပ်တို့လာသင်္ဂြိုဟ်ကြတာပဲ ..."

"သူကြီးရဲ့ထောက်ခံစာတံဆိပ်တုံးပါရဲ့လား မောင်မြသူ ..."

"ပါ,ပါတယ် ..."

မောင်မြသူကတော့ ရွာမှာ အသုဘမှန်သမျှ သူပဲဦးစီးနေတတ်လေသည်။ ဖဲဝိုင်းခံရင်လည်း မောင်မြသူပဲ၊ အကောက်ကောက်၊ ဝိုင်းဖြစ်မြောက်ရေး အားလုံးပဲလုပ်၏။ အဖေနှင့်တော့ ရင်းနှီးပြီးသားပဲ။

"ကောင်းပြီလေ ... သင်္ဂြိုဟ်ပေးရတာပေါ့ ... အုံးမောင်ကိုတွင်းတူးခိုင်းရမယ် ..."

"ဒီမသာက ပိုက်ဆံမရှိဘူး ဇမ္ဗူငတေနော် ... စေတနာဝန်ထမ်းပဲ"

"ကောင်းပါပြီဗျာ ... ကိုယ်ရကိုယ်ယူ မောင်မြသူရယ် ..."

"ဟာဗျာ ... ခင်ဗျားကြီးကလည်း ..."

မောင်မြသူက နာမည်တစ်လုံးနှင့်နေသူပင် ...။ ဖဲဝိုင်းတွေဘာတွေခံပြီး အကောက်ရလျှင် သူ့အိတ်ထဲထည့်တာက များနေလေသည်။ ထို့ကြောင့်ပင် ကိုယ်ရကိုယ်ယူ မောင်မြသူဟု နာမည်တစ်လုံးရထားသူပင်ဖြစ်သည်။

"လာကွာ ... ဇမ္ဗူငတေအလောင်းကို စေတနာ့ဝန်ထမ်းသင်္ဂြိုဟ်ပေးကြ ရအောင်ပါ ..."

အဖေနှင့်လူတစ်စုက တော့တ်အလောင်းကို သင်္ဂြိုဟ်ဖို့အတွက် အလုပ်ရှုပ်နေကြလေတော့သည်။

ဘုံပြတ်သချိုင်းက စောစောက ငြိမ်သက်တိတ်ဆိတ်သွားပေမယ့် ယခုတစ်ဖန် ပြန်၍သက်ဝင်လှုပ်ရှားလာရတော့၏။





မြေကြီးကို ပေါက်တူးနှင့်ပေါက်သံတွေ ဝေဖန်ပြောဆိုနေသံတွေ ပွက်ပွက်ညံ သွားလေတော့သည်။

◆◆◆

မောင်မောင်သန့်စိတ်ထဲမှာ မြင်မြင်သမျှအရာအားလုံးကို ငြီးငွေ့သလိုကြီး ဖြစ်နေရလေတော့သည်။

အသုဘတွေ၊ အုတ်ဂူတွေ၊ လင်းတတွေ၊ သုဘရာဇာတွေ၊ ဘုန်းတော်ကြီးတွေရဲ့ သရဏဂုံတင်ပေးနေသံတွေ ငိုယိုအော်ဟစ်နေတာတွေအားလုံး နေ့တိုင်းလိုလို မြင်တွေ့နေရလေသည်။ မောင်မောင်သန့် စိတ်ပျက်မိ၏။

မောင်မောင်သန့် မရှိမဖြစ်လူတန်းစား သုဘရာဇာသားဘဝက လွတ်မြောက်ဖို့ကလည်း နောက်ဘဝမှ ဖြစ်နိုင်တော့မည်ဟု စိတ်ထဲမှာ စွဲထင်မှတ်နေသည်။ စိတ်ကိုက မလုံတော့။ တခြားတစ်နေရာမှာ လိမ်ညာဇာတ်မြှုပ်ပြီး မနေချင်ဘဲ ဖြစ်နေရ၏။ မဟုတ်မဟတ် လိမ်ညာလှည့်ဖြားကောက်ကျစ်တဲ့ အကျင့်စရိုက်တွေကို မောင်မောင်သန့် မနှစ်သက်မိ။ ဒီဘဝမှာတောင် ကံအကြောင်းမလှ၍ သုဘရာဇာဘဝဖြစ်နေရသည်။

မကောင်းမှုဒုစရိုက်တွေကို ... မောင်မောင်သန့် ငယ်စဉ်ကတည်းက ရှောင်ကြဉ်ခဲ့၏။ ဘယ်တော့မှ မကျူးလွန်ခဲ့။ အိမ်ထောင်သားမွေးမှုလည်း မပြုလုပ်လိုပေ။ မျိုးဆက် မပြန့်ပွားချင်တော၍လည်း ဖြစ်လေ၏။

"မောင်မောင်သန့် ကံတရားလို့မှတ်တော့ကွယ် ... ဒါပေမဲ့ ဖွဲ့တော့ မလျှော့စေချင်ဘူး ... မင်းက သူဌေးမျိုးရိုးကနေ ဆင်းသက်လာတာလေ ..."

ဆရာတော်ဘုရားရဲ့ အားပေးနှစ်သိမ့်မှုတွေကလည်း တစ်ခါတစ်ရံတော့ အားအင်တွေ တက်လာစေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ဒီဘဝကလွတ်မြောက်ရာလမ်းသည် သေခြင်းတရားပဲရှိနေ၏။ သေလွန်ပြီးတဲ့နောက် လားရာဘဝ ကောင်းစေရန် မောင်မောင်သန့် တရားဘာဝနာ အားထုတ်သင့်၏။

ဆရာတော်ဘုရားထံသွားပြီး ဘုန်းကြီးဝတ်ရင် ကောင်းမလားပဲ။ မဖြစ်သေးပါဘူး ဝိနည်းတော်နဲ့မညီညွတ်လျှင် အဝီစိငရဲကို ကျရောက်သွားမှာကိုလည်း စိုးမိသည်။

လူဝတ်ကြောင်နှင့်ဆိုရင်လည်း စိတ်တွေကို အထိန်းအကွပ်မရှိနိုင်သောကြောင့် မောင်မောင်သန့် ဘာလုပ်ရင် ကောင်းမလဲဟု စဉ်းစားနေမိလေ၏။

မောင်မောင်သန့် အတွေးတွေထဲမှာ အဝတ်ဖြူနှင့် ဖိုးသူတော်ကို မြင်ယောင်လာမိသည်။

တစ်ခါတစ်ရံ ဘုံပြတ်သချိုင်းမှာလာ၍ အသုဘကမ္မဋ္ဌာန်းစီးဖြန်းတတ်သော ဖိုးသူတော်တွေကို တွေ့ဖူးခဲ့၏။ ဟုတ်ပြီ။ ဖိုးသူတော်ဝတ်မယ်။ အစပထမ လေ့ကျင့်တဲ့အနေနှင့် ဖိုးသူတော်ပဲဝတ်ရမည်။

တည်ငြိမ်ရင့်ကျက်သွားမှ နောက်တစ်ဆင့် တက်မယ်။ ဒီဘဝမှာတော့ သာသနာ့ဘောင်ထဲမှာနေပြီး နောင်ဘဝကူးကောင်းဖို့ ကျင့်ကြံအားထုတ်ဖို့ပဲ။ ဟုတ်တယ် ကြိုးပမ်းရမယ်။ လုံ့လစိုက်ထုတ်ရမယ်။

မောင်မောင်သန့်စိတ်က ရုတ်ခြည်း ရွှင်လန်းတက်ကြွသွားရလေသည်။ ဘဝ ရဲ့လွတ်မြောက်ရာလမ်းစကို တွေ့သွားသလို စောစောက ညစ်ညူးရှုပ်ထွေးနေတဲ့စိတ်က ရှင်းလင်းသွားခဲ့၏။

အဖေနှင့်မောင်မြသူတို့အဖွဲ့ အသုဘရုပ်အလောင်းအား သင်္ဂြိုဟ်ပြီးသွားသည်။

"သုဘရာဇာကြီး ကျုပ်တို့သွားတော့မယ်ဗျို့ ... စေတနာ့ဝန်ထမ်း အလောင်းကို သင်္ဂြိုဟ်ပေးတဲ့အတွက် အလွန်တရာပဲဘဝကူးကောင်းပါတယ် ..."

"သွားတော့ ကိုယ်ရကိုယ်ယူမောင်မြသူရေ ... စေတနာလေးလည်း နည်းနည်းပါးပါး ထားပါဦး ... အသုဘပါးစပ်ထဲကပိုက်ဆံတော့





မနှိုက်သင့်ဘူးနော် ..."

မောင်မြသူက စိတ်မဆိုးဘဲ ရယ်မောပြီးထွက်သွားလေသည်။ သုဘရာဇာကြီးဆိုတဲ့ ဂုဏ်ပုဒ်ကို ထပ်တလဲလဲခေါ်ယူသုံးစွဲနေ၍ အဖေက အမြင်ကပ်ကပ်နှင့် သူ့ဂုဏ်ပုဒ်တွေကိုပြန်ဖော်ပြခြင်း ဖြစ်လေ၏။

"မောင်မောင်သန့် ... မင်း မအိပ်သေးဘူးလား ... ဒီလိုပဲကွ ကာလရောဂါတွေနဲ့ သေတော့လည်း ညတွင်းချင်း သင်္ဂြိုဟ်ပေးခဲ့ရတာပဲကွ ... ဒါကြောင့် အဖေ့အလုပ်က အရေးကြီးပါတယ်လို့ ... လူ့လောကကြီးအတွက် မရှိမဖြစ် လူတန်းစားလေ"

အဖေက လက်တွေခြေတွေကို ဆေးကြောသန့်စင်ပြီး ပုဆိုးအပိုင်းအစနှင့် သုတ်နေလေတော့သည်။

ဒီလိုညကြီးသန်းခေါင် အရေးတကြီး မြေမြှုပ်သင်္ဂြိုဟ်ရမယ့် အလောင်းတွေရှိနေလျှင် အဖေ့ကို သုဘရာဇာကြီး သုဘရာဇာကြီးဟု နှိုးတဲ့အသံတွေက အမြဲတမ်းကြားနေရ၏။

"အဖေ ..."

"ပြော သား ..."

"ဟိုဘက်သချိုင်းတွေမှာ ဖိုးသူတော်ကြီးတွေ တရားလာအားထုတ်နေကြတယ်ဆို"

"အင်း ..."

"ဖိုးသူတော်ကြီးတွေရဲ့ရည်ရွယ်ချက်ကို သားသိချင်လိုက်တာ ..."

"ရဟန်းဝတ်နဲ့ဆိုလျှင် သီလချိုးဖောက်ရင် ပိုပြီးအပြစ်ကြီးလို့ ဖိုးသူတော်အဖြစ် အစပထမ ကျင့်ကြံအားထုတ်တာတဲ့ကွ ... နတ်တောက သချိုင်းစောင့်ချွန်ကို ဖိုးသူတော်ပဏ္ဍိတကပြောတာတဲ့ ..."

ဒီနယ်တစ်ဝိုက်မှာ ဖိုးသူတော်ရှစ်ယောက်ရှိကြောင်း မောင်မောင်သန့် သိထားလေသည်။ သချိုင်းက ကိုးခု။ ယခု မောင်မောင်သန့် ဖိုးသူတော်ဝတ်လျှင် ကိုးသချိုင်းမှာ ဖိုးသူတော်ကိုးယောက်ဖြစ်ပြီပေါ့လေ။

မောင်မောင်သန့် ဖိုးသူတော်ဝတ်မယ့်ကိစ္စတွေ အဖေ့ကို



www.burmeseclassic.com

www.burmeseclassic.com



တော့ လုံးဝပြောလို့မဖြစ်ဘူး။ အဖေက လက်ခံမှာ မဟုတ်။ မောင်မောင်သန့်အား မြို့တက်ပြီး စီးပွားပဲရှာခိုင်းချင်နေတာ ဖြစ်သည်။

အဖေပြောသလို တခြားတစ်မြို့ တစ်နယ်မှာ ဇာတ်မြုပ်ပြီး ကြီးပွားချမ်းသာနေလည်း သူ့စိတ်တွေမသန့်ဖြစ်တော့မှာ သူအသိဆုံးဖြစ်နေပြီ။

သူ့မျိုးဆက်တွေ ဆက်ပြီးပင် မတွေးရဲတော့ပေ။ လူ့ဘဝမှာ နေဖို့ သူ့စိတ်က မသတီ။

"မောင်မောင်သန့် ..."

"ဗျာ ... အဖေ"

"မင်းဘာတွေစဉ်းစားနေတာလဲကွ ..."

အဖေက မောင်မောင်သန့်ရဲ့ မျက်လုံးတွေထဲအထိ ထိုးဖောက်ဝင်ရောက်တော့မတတ် အကြည့်စူးစူးတွေနှင့် ကြည့်လေတော့သည်။

မိမိမိုက်ပြစ်ကြောင့် သားရဲ့ဘဝ နိမ့်ကျရသည်ဆိုပြီး အဖေ နောင်တရနေတတ်ပြီး အဖေ့ရင်ထဲမှာ ဘယ်လောက်ထိ ဝမ်းနည်းကြေကွဲနေရတယ်ဆိုတာ မောင်မောင်သန့် အသိဆုံးပင်ဖြစ်နေရ၏။

"ဒီဘဝက လွတ်မြောက်ဖို့ နည်းလမ်းတွေကို မင်းကြံစည်တွေးတောနေတာ မဟုတ် လား ..."

အဖေ့ရဲ့မျက်ဝန်းတွေက ရည်ဝေစိုစွတ်လာပြီး မောင်မောင်သန့်ကိုကျော်ပြီး အုတ်ဂူဖွေးဖွေးတွေဆီ ရောက်နေလေတော့သည်။

"အဖေ ..."

"ဟင် ..."

"ကျွန်တော် တကယ်လို့ သာသနာ့ဘောင်ဝင်မယ်ဆိုရင်ရော"

"မဖြစ်ဘူး သား ... အဲဒါ လုံးဝမဖြစ်ဘူး ... မင်းက ငယ်တယ်၊ ချောမောခန့်ညားတယ် ... မင်းစိတ်တွေကို မင်းမနိုင်သေးဘူး၊ ဘုန်းကြီးဆိုတာ ဝိနည်းတော်နဲ့အညီ မနေနိုင်ရင် ငရဲကျရမှာကွ၊ အဲဒါလွတ်မြောက်ရာ မဟုတ်ဘူးကွ ..."





အဖေ့အကြည့်တွေကစိုးရိမ်ပူပန်မှုတွေနှင့်ထိတ်ထိတ်ပျာပျာ ဖြစ်သွားရလေသည်။

"အဖေ ... ငွေစုနေတယ်ကွ ... နောက်ပိုင်းတော့ စေတနာ့ဝန်ထမ်း သိပ်လုပ်လို့မရတော့ဘူးလေ ... သူဌေးရဲ့အသုဘတွေလာရင်တော့ ငွေမြိုးမြိုးမြက်မြက်ရအောင် အဖေလုပ်ရမှာပဲ ..."

အဖေ့ရဲ့လွတ်မြောက်ရာက တစ်နယ်တကျေးကိုသွားပြီး ဇာတ်မြုပ်နေထိုင်ဖို့ ပဲဖြစ်လေသည်။ မောင်မောင်သန့်က လက်မခံနိုင်ပေ။ စိတ်မလုံမလဲနှင့် ဘဝတစ်လျှောက်လုံး ရင်တထိတ်ထိတ်နှင့် ပူလောင်သောကတွေ ခံစားရမှာကို မလိုလားနိုင်ပေ။

မောင်မောင်သန့် အဖြစ်ချင်ဆုံးက သာသနာ့ဘောင်ကို ဝင်ရောက်ပြီး ငြိမ်းချမ်းမှုတွေကိုရှာဖို့ပဲ ဖြစ်သည်။

"အဖေငွေစုပြီးတာနဲ့ ဒီသချိုင်းကို အုံးမောင်ဆီမှာအပ်ပြီး မြို့မှာ သွားနေမယ် ... စီးပွားရှာကြမယ် ... သားက ထူးချွန်ထက်မြက်တာပဲ ... အဖေကတော့ ကြီးပွား တိုးတက်သွားမယ်လို့ ထင်မိနေတာပဲ သားရယ် ..."

အဖေ့ကို တုံ့ပြန်ပြောမနေတော့ဘဲ အဖေ အိပ်တော့လေ ဟုပဲ မောင်မောင်သန့် ပြောလိုက်မိလေတော့သည်။

"မောင်မောင်သန့် ..."

"အဖေ ..."

"မင်း ပေါက်ကရတွေမတွေးနဲ့နော် ... သားက လူချောလူခန့် မြို့တက်ပြီး ဇာတ်မြုပ်နေလိုက်ရင် မင်းကြိုက်စိုးကြိုက် တကယ့်ကို သူဌေးသူကြွယ်ကြီးဖြစ်သွားမှာပဲ"

"ကျွန်တော်အိပ်တော့မယ် အဖေ ... မင်္ဂလာပွဲမှာလည်း ပင်ပန်းရ ညလည်းမအိပ်ရဆိုရင် အဖေ့ကျန်းမာရေးထိခိုက်လာလိမ့်မယ် ..."

"ဟော့ ... ဟားဟား အဖေသေလို့တော့ မဖြစ်သေးဘူးကွ ... မင်းကို မြို့တက်ပြီး လူ့လောကကြီးမှာ လူတွေအထင်အကြီးဆုံး လူတန်းစား ဖြစ်အောင် လုပ်ပေးရဦး မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



အဖေ့မျက်ဝန်းတွေက မီးအိမ်ကြီးရဲ့အလင်းရောင်အောက်မှာပင် ရီဝေစိုစွတ်နေလေတော့သည်။ အဖေ ဘယ်လောက်အထိကြေကွဲဝမ်းနည်းနေမလဲဆိုတာ မောင်မောင်သန့် အသိဆုံးပင် ဖြစ်လေသည်။

"အဖေ တာဝန်မဲ့ခဲ့မှုတွေအတွက် အဖေပြန်ပြီးပေးဆပ်ရလိမ့်မယ် သား တစ်နေ့နေ့ တစ်ချိန်ချိန်တော့ အဖေတာဝန်ကျေရမယ်လေ"

အဖေကပြောပြီး အကြည့်တွေကို ချာခနဲလွှဲဖယ်ပြီး မောင်မောင်သန့်အနားကနေ လှည့်ထွက်သွားတော့သည်။

"အဖေ ... ကျွန်တော် မီးအိမ်ကို ငြိမ်းလိုက်တော့မယ်နော် ... အိပ်တော့မယ် ... အဖေ အရမ်းပင်ပန်းနေပြီ အနားယူပါတော့ ..."

မောင်မောင်သန့်သည် အဖေ့ကိုစိတ်သောကရောက်အောင် ဘယ်တော့မှမလုပ်လိုပေ။ အဖေ့ဘက်က ဘယ်လောက်ပဲတာဝန်ကင်းမဲ့ခဲ့ပါစေ။ အဖေက အဖေပါပဲ။ မောင်မောင်သန့်ရဲ့ဘဝမှာ သံယောဇဉ်တွယ်တာစရာ သွေးသားဆိုလို့ အဖေတစ်ယောက်တည်းရှိနေတာပဲ မဟုတ်လား။

အဖေ့ရဲ့စိတ်ကူးယဉ်အတွေးအခေါ်တွေကို မောင်မောင်သန့် ဘယ်နည်းနဲ့မှ အကောင်အထည်မဖော်နိုင်ပေမယ့် အဖေ့ကိုတော့ ဆန့်ကျင်တဲ့စကားတွေမပြောမိအောင် ဆင်ခြင်နေခဲ့လေသည်။

ဘာပဲဖြစ်ဖြစ် မောင်မောင်သန့်ကတော့ သာသနာ့ဘောင်ဝင်ဖို့အတွက် ပထမဆုံးခြေလှမ်းအဖြစ် ဖိုးသူတော်အဖြစ်နှင့် တရားအားထုတ်ရန် ဆန္ဒတွေပြင်းပြစွာ ဖြစ်ပေါ်နေမိ၏။

"မင်းက ငယ်သေးတယ် ... ချောမောခန့်ညားတယ် ... မင်းစိတ်တွေကို ထိန်းချုပ်နိုင်မှာ မဟုတ်ဘူးနော် ... ဘုန်းကြီးဝတ်ကြီးနဲ့ ဝိနည်းတော်ကို မထိန်းနိုင်ရင် သား ငရဲကျလိမ့်မယ် ... ဒီဘဝထက် ဆိုးတဲ့ဘဝမှာ သားကျင်လည်ရဦးမယ်လေ ..."

သူ့အတွေးတွေ မှားယွင်းစွာ စဉ်းစားတွေးခေါ်ကြံစည်နေမိပြီလားဟု သံသယတွေ ဝင်လာရလေသည်။ ဒီဘဝမှာ ကံမကောင်းပါ။ သူ့ဘ ရာဇာဘဝရောက်နေရတာ။ နောင်ဘဝလွတ်မြောက်ဖို့ ကြိုးစားအား





ထုတ်တာကာမှ ငရဲအိုးထဲ ဇောက် ထိုးကျနေရပါဦးမယ်။ အဖေပြောသလို ဇာတ်မြှုပ်ပြီးနေရင်ရော။ အဲဒါက တော့ မဖြစ်နိုင်ဘူးဟုသာ ထင်နေမိသည်။ စိတ်တွေမလုံဘူး။ ဟန်ဆောင်လိမ်ညာနေရတာ မောင် မောင်သန့် မလုပ်ချင်ဆုံးပဲ ဖြစ်နေရ၏။

လောလောဆယ်တော့ သူလုပ်ချင်တဲ့ဆန္ဒအတိုင်းပဲ ဖိုးသူတော်ဝတ်ပြီး စိတ်ကို တည်ငြိမ်အောင် လေ့ကျင့်ရဦးမယ်။ မျက်လုံးတွေကို မှိတ်လိုက်သည်။

"အ ... အ"

"အ ... အ"

ငှက်ဆိုးထိုးသံလိုလို ငှက်ဆိုးတစ်ကောင်ရဲ့ အော်မြည်သံ ကြားရသည်။ ငယ်ငယ်တုန်းက ကြောက်ပေမယ့် အခုတော့ ဒီအသံတွေက ရိုးနေပါပြီ။

"ဘာမှမကြောက်ပါနဲ့ ... သရဲဆိုတာ သချိုင်းမှာမရှိဘူး ... ဒီကို ရုပ်အလောင်းကြီးပဲ လာမြှုပ်တာပါ ... ဘယ်သူက သေခါနီးမှာ သချိုင်းကိုစွဲမလဲ သားရဲ့ ..."

အဖေပြောတာလည်း ဟုတ်တာပဲလေ။ မောင်မောင်သန့် ဒီမှာနေတာ ကြာပြီ။ သရဲတစ်ကြိမ်တစ်ခါမှ မခြောက်ခံဘူးခဲ့။ ငယ်စဉ်ကပင် သူ့စိတ်တွေ အားငယ်ပြီး အမျိုးမျိုးထင်ကာ ကြောက်စိတ်တွေ ပိုခဲ့ရလေသည်။

"အဖေတို့က မရှိမဖြစ်လူတန်းစားမှာရှိနေရပြီး သက်သောင့်သက်သာနဲ့ ထမင်းစား သောက်နေထိုင်ရတာပဲကွ ... သားစဉ်းစားကြည့်လေ ... ရွာပြင်မှာ သက်မဲ့တွေရဲ့ ကြားထဲမှာ အဖေတို့ပဲ သက်ရှိဆိုလို့ရှိတာ ... ဘယ်လောက်ငြိမ်းချမ်းတိတ်ဆိတ်နေလဲကွာ"

သူငယ်စဉ်က အဖေ့ရဲ့အားပေးနှစ်သိမ့်စကားတွေပဲဖြစ်လေသည်။ ထမင်းအတွက်တော့ မပူရ။ အလောင်းတွေပေါ်မှာ တင်လာတဲ့ ထမင်းထုပ်က မနည်းပေ။

အဖေအပိုင်စားရတဲ့ သချိုင်းက များသောအားဖြင့် သူဌေး



www.burmeseclassic.com

www.burmeseclassic.com



တွေပဲလာပြီး မြှုပ်ခဲ့ကြလေ့ရှိသည်။

ထိမင်းထုပ်တွေက ဟင်းကောင်းကောင်းတွေပဲဖြစ်နေရ၏။

"မသာပါးစပ်ထဲကပိုက်ဆံတော့ အဖေနှိုက်မထားချင်ပါဘူးကွာ ... ကူးတို့ခလေ... ဟုတ်သော်ရှိ မဟုတ်သော်ရှိ ထည့်ပေးရမယ့် ခရီးစရိတ်ကတော့ လိုအပ်မှာပဲ ..."

မောင်မောင်သန့် ကြီးပြင်းလာသောအခါတွင် အဖေ ထိုဘဝကို ပျော်ရွှင်စရာကောင်းသည်ဟု မပြောတော့။ သုဘရာဇာအသိုင်းအဝိုင်းနှင့်လည်း အကင်းရှင်းဆုံးနေထိုင်စေလေသည်။

"အဖေ့အလုပ်က ကျွန်တော့်အလုပ်ပဲ ... ကျွန်တော်ကူညီပါရစေ အဖေ ..."

"မလုပ်ပါနဲ့ ... မင်းစာပေတွေပဲ တတ်အောင်သင် ... ဘုန်းဘုရားစကားကို နားထောင် ... အဖေ့ဘဝကို မင်းအားမကျနဲ့တော့ သား..."

အဖေကိုယ်တိုင်ကပင် မရှိမဖြစ်လူတန်းစားကို သားအတွက်တော့ လက်မခံချင်ဘဲ့ စိတ်ဆန္ဒတွေ ရှိနေလေသည်။

လွတ်မြောက်ဖို့ ကြိုးစားနေခဲ့၏။

သူ့ဆုံးဖြတ်ချက်ကိုတော့ မောင်မောင်သန့် မပြင်လိုတော့။ ဖြစ်မြောက်အောင် လုပ်ကြည့်ချင်မိ၏။

အဖေကတော့ ကောင်းတဲ့အလုပ်လုပ်တာ စိတ်ဆိုးမှာမဟုတ်ပါဘူးလေ။ မောင်မောင်သန့် အတွေးတွေကိုဖြတ်ပြီး မျက်လုံးတွေ မှိတ်ပစ်လိုက်မိလေတော့သည်။

◆◆◆

နတ်တောသချိုင်းအစောင့် သုဘရာဇာငချွန်ရဲ့မျက်လုံးအကြည့်တွေက ဖိုးသူတော်ပဏ္ဍိတထံရောက်နေလေတော့သည်။





အသက်အရွယ် သိပ်ပြီးမကြီးရင့်သေးသော လူတစ်ယောက်က ဖိုးသူတော်ဝတ်နှင့်လာရောက်၍ အသုဘကမ္မဋ္ဌာန်းတရားတွေ စီးဖြန်းနေတာကိုက အံ့သြစရာပင် ဖြစ်နေရလေ၏။

သန့်ပြန့်တဲ့ရုပ်ရည်နှင့် အဝတ်အစားကအစ ဖြူစင်နေတော့ ဆင်းရဲနွမ်းပါးတဲ့ သူတော်တစ်ပါးတော့ မဖြစ်နိုင်ပေ။

အသုဘကမ္မဋ္ဌာန်း လာရောက်စီးဖြန်းနေတာ ... တစ်လလောက် ရှိပြီဖြစ်လေသည်။

"ဦးလေးချွန် ... ဦးလေးငချွန်"

"ဟင် ..."

သူ့နာမည်ကို နောက်မှ ရုတ်တရက်ခေါ်လိုက်၍ သချိုင်းစောင့် သုဘရာဇာငချွန် အထိတ်တလန့်ဖြစ်သွားရပြီး နောက်သို့လှည့်ကြည့်မိလေသည်။

"မောင်မောင်သန့်ပါလား ... မင်း ဘာလာလုပ်တာလဲကွ ... မင်းအဖေက လူတန်းစား ခွဲခြားထားတာပဲကွ ... မင်းကို တို့လို သုဘရာဇာတွေနဲ့ ပတ်သက်တာမကြိုက်ဘူးလေကွာ ..."

နတ်တောသချိုင်းစောင့်ငချွန် မကြိုက်ဆုံးက သုဘရာဇာတွေချင်းအတူတူ မောင်မောင်သန့်အား သီးသန့်ခွဲခြားထားခြင်းပဲ ဖြစ်လေသည်။

"မင်းက လူရည်သန့် လူခန့်လူချောပဲကွ ... မင်းအဖေက စိတ်ကူးကတော့ လူနေချိုကြား စိတ်နေဘုံဖျားဖြစ်နေပြီကွ ..."

ငချွန် အမြင်ကပ်ကပ်နှင့် ခပ်ရိရိစကားတွေ ပြောဖြစ်လိုက်မိလေတော့သည်။

"ဒါတွေထားလိုက်စမ်းပါ ဦးလေးရာ ... ကျွန်တော် အခုတလော ဖိုးသူတော်ကြီးတစ်ဦး ကမ္မဋ္ဌာန်းစီးဖြန်းနေတယ်ဆိုလို့ လာတွေ့တာပဲ ..."

"ဘာကွ ..."

မောင်မောင်သန့်လို လူချောလူခန့် နောင်လာမယ့်အနာဂတ်



www.burmeseclassic.com

www.burmeseclassic.com



တွင် သူဌေးသူကြွယ် ပညာတတ်ကြီးဖြစ်ဖို့ အဖေက ရည်ရွယ်ချက်တွေထားနေတဲ့ ကောင်ချောလေးက ဖိုးသူတော်ကြီးကို စိတ်ဝင်စားတယ်ဆိုတော့ ချွန် အံ့ဩသွားရသည်။

"မင်းက ဘာကိစ္စနဲ့တွေ့ချင်ရတာလဲ ... မင်းအလုပ်လားကွ"

"အကြောင်းရှိလို့ပေါ့ဗျ ဦးလေးရ... ဟိုတဲလေးမှာနေတာလား ..."

"အေး ... "

"ကျွန်တော် သွားတွေ့လိုက်ဦးမယ်နော် ... "

"အေး ... အေး"

မောင်မောင်သန့် သုဘရာဇာကြီး ဦးလေးချွန်အား တရိုတသေနှုတ်ဆက်ပြီး ဖိုးသူတော် ဦးပဏ္ဍိတရှိရာ တဲအိမ်လေးဆီသို့ လျှောက်လာခဲ့လေသည်။

ဒီနယ်မှာရှိတဲ့ ကိုးသချိုင်းတွေမှာ ဖိုးသူတော်တွေ လာရောက်နေထိုင်ကြပြီး အသုဘကမ္မဋ္ဌာန်း ရှုနေကြတယ်ဆိုတဲ့ သတင်းကလွှင့်ခဲ့တဲ့ တစ်လလောက်ကပင် ပျံ့နှံ့ခဲ့လေသည်။

မောင်မောင်သန့်ကတော့ အဖေမကြိုက်၍ သချိုင်းတွေဆီမရောက်တော့ သုဘရာဇာတွေနဲ့ အရောတဝင် မနေရဆိုတဲ့ အဖေ့အမိန့်စကားကြောင့် မောင်မောင်သန့် အဖေ့ရဲ့သုဘရာဇာ အိမ်လေးထဲမှာ အောင်းနေရတာ ကြာပြီပဲလေ။

"တို့သချိုင်းက ဖိုးသူတော်က မောင်ရင့်လိုပဲ ရုပ်ရည်သန့်တယ်ကွ... ဆင်းရဲသား ဒုက္ခ သုက္ခရောက်လာလို့ ဖုးသူတော်ဖြစ်လာတာ မဟုတ်ဘူးနော် ... "

ဦးလေးချွန်ပြောတဲ့စကားတွေကို ကြားယောင်လာမိပြီး တဲမလေးအတွင်းသို့ ချောင်းမြောင်းကြည့်လိုက်မိလေသည်။

ကံကောင်းတာက ဦးပဏ္ဍိတ တရားထိုင်နေခြင်းမရှိဘဲ တရားစာအုပ်ဖတ်နေတာနှင့် ကြုံသွားခဲ့ရတာပါပဲ။

"အဟမ်း ... "

ချောင်းဟန့်သံကြောင့် သူတော်ပဏ္ဍိတက မော့ကြည့်သည်။





"ကျွန်တော့်ကို လာခွင့်ပြုပါနော် ... "

"အင်း ... လာပါ ... "

သူတော် ပဏ္ဍိတက အပြုံးနှင့်ဖော်ဖော်ရွေရွေ ဆီးကြိုလိုက်၍ မောင်မောင်သန့် စိတ်သက်သာရာ ရသွားရလေသည်။

တဲကျောင်းလေးထဲသို့ ရိုရိုကျိုးကျိုးလေး ဝင်သွားမိ၏။ သူတော်ပဏ္ဍိတက မောင်မောင်သန့်ထက် အသက်အရွယ်ကြီးပေမယ့် ဦးလေးချွန်ပြောသလိုပဲ ရုပ်ရည်က သန့်နေတာတွေ့ရ၏။

"ကျုပ်နဲ့လာတွေ့တာ ဘာကိစ္စရှိလို့လဲ မောင်ရင်ပြောပါ ... "

သူတော်ပဏ္ဍိတသည် အေးချမ်းတည်ငြိမ်တဲ့ ရုပ်သွင်တော့ရှိနေလေသည်။ တောက်ပတဲ့မျက်ဝန်းတွေက မောင်မောင်သန့်အား စူးစိုက်စွာ ကြည့်နေလေတော့၏။

"ဆို ... "

ကျွန်တော်လို့ပြောရမလား၊ တပည့်တော်လို့ပြောရမလားဟု အလျင်အမြန် စဉ်းစားရသေးသည်။

တပည့်တော်ဟု တရိုတသေပြောတာပဲ ကောင်းပါတယ်လေဟု မောင်မောင်သန့် တွေးမိလိုက်၏။ သူတော်ပဏ္ဍိတရဲ့မျက်ဝန်းတွေထဲမှာ ထူးခြားတဲ့အင်အားတွေ ဝင်းလက်နေသည်ဟု ထင်မှတ်မိလာရသည်။

"တပည့်တော် ဖိုးသူတော်ဝတ်ချင်လို့ပါဘုရား ... "

သူတော်ပဏ္ဍိတကိုမြင်မြင်ချင်းပဲ မောင်မောင်သန့်ကြည်ညိုလေးစားသွားရပြီး အားကိုးအားထားလည်း ပြုလိုလာခဲ့ရလေသည်။

"မောင်ရင်က ဘာကိစ္စနဲ့ ဖိုးသူတော်ဝတ်ချင်ရတာလဲ ... မောင်ရင်က သုဘရာဇာကြီးသက္ကရဲ့သား မဟုတ်လား ... "

"ဟုတ်ပါတယ်ဘုရား ... "

"ကျုပ်ကို ဒီလောက်အထိ တရိုတသေမပြုပါနဲ့ ဒကာလေး ... "

"အရှင်ဘုရားကို တပည့်တော် မြင်မြင်ချင်းပဲ ကြည်ညိုမိပါတယ်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မောင်ရင်မှားတာပဲ ..."

"ဗျာ ..."

"ဘယ်လိုလူမျိုးကိုပဲတွေ့တွေ့ သူ့ကိုယ်သူ ရဟန္တာပါလို့ပြောနေတဲ့ ဘုန်းကြီးရဟန်းကို တွေ့ရင်တောင် မောင်ရင် သေချာစွာ လေ့လာ စောင့်ကြည့်ပြီးမှ ယုံသင့်တယ် ... ကြည်ညိုလေးစားသင့်တယ် မောင်ရင် ..."

သူတော်ပဏ္ဍိတ စကားတွေကပင် မောင်မောင်သန့်စိတ်နှလုံးထဲမှာ ကြည်ညိုသဒ္ဓါ ပွားများသွားရလေသည်။

ပြီးတော့ ... မောင်မောင်သန့်စိတ်ထဲမှာ ကြည်ညိုလေးစားသွားရခြင်း အကြောင်းတစ်ချက်လည်း ရှိနေသေး၏။ အဲဒါကတော့ သူတော်ပဏ္ဍိတရဲ့မျက်ဝန်းတွေပဲ။ တရားဓမ္မနဲ့ယှဉ်ပြီး အေးချမ်းတည်ငြိမ်နေသည်။

လွန်စွာငြိမ်းချမ်းမှုနှင့် ရင့်ကျက်နေသည်ဟု ထင်မိ၏ ...။ သူတော်ပဏ္ဍိတဟာ ကြည်ညိုထိုက်သူပဲဟု မောင်မောင်သန့် စိတ်အစဉ်မှာ စွဲထင်နေခဲ့ရလေသည်။

"သူတော့်ကို တပည့်တော် ယုံကြည်မှုရှိနေပါတယ် ... တပည့်တော် အနှစ်သက်ဆုံးက သူတော်ရဲ့မျက်လုံးတွေပဲ ဆွဲဆောင်ညှို့ယူ ဖမ်းစားနိုင်တဲ့ အင်အားတစ်ခုခုရှိနေပါတယ် ..."

"ကျုပ် ဟန်ဆောင်နေတာရော မဖြစ်နိုင်ဘူးလား ဒကာလေး"

"ဒါကတော့ တပည့်တော်ရဲ့ယုံကြည်မှုပဲလေ ... မတတ်နိုင်တော့ဘူး ... အရေးကြီးတာက တပည့်တော်ကို ဖိုးသူတော်ပဲဝတ်ပေးပါဘုရား ..."

"နေပါဦး ဒကာလေးက ဘာဖြစ်လို့ဝတ်ချင်ရတာလဲ ... ဒကာလေးရဲ့ အဖေရော ဘာဖြစ်လို့ မပါလာရတာလဲ ... ကျုပ်အထင်တော့ ဒကာလေးအဖေက လက်မခံဘူး ထင်တယ် ..."

မောင်မောင်သန့်သည် သူတော်ပဏ္ဍိတအား သူ့ဘဝဖြစ်ကြောင်းကို ရှင်းလင်း ပြောပြလိုက်လေတော့သည်။

"တပည့်တော် ခဏလည်းဝတ်ချင်ဝတ်ဖြစ်မှာပါဘုရား ... တစ်သက်





လုံးလည်း သာသနာ့ဘောင်မှာ နေဖြစ်ချင်နေဖြစ်သွားမှာပါဘုရား၊ တပည့်တော်ရဲ့ဘဝ လွတ်မြောက်ရာလမ်းစက ဒီနည်းပဲရှိတော့တယ်လို့ တပည့်တော်စိတ်က စွဲလမ်းထင်မှတ် နေမိလို့ပါ ..."

"ကောင်းတယ် ... မောင်ရင့်စိတ်ကူးကောင်းပါတယ် ... ကောင်းတာ လုပ်ကြည့်တာပဲ ... ကျုပ်တားလို့ ဘယ်ဖြစ်မလဲလေ ..."

"သူတော် တကယ်ပဲ တပည့်တော်ကို ကူညီတော့မလားဘုရား"

မောင်မောင်သန့် အားတက်သရောနှင့် မေးလိုက်လေတော့သည်။

"လုပ်ပေးရတော့မှာပဲလေ ... ဒီနယ်မှာ သချိုင်းက ကိုးသချိုင်းရှိနေတော့ ဖိုးသူတော်က ရှစ်ပါးပဲရှိတာလေ ... အခု မင်းတစ်ယောက်တိုးလာတော့ ဖိုးသူတော်ကိုးယောက် ဖြစ်သွားပြီပေါ့ ... မင်းမှာလည်း ပါရမီရှိပါစေကွာ ..."

သူတော်ပဏ္ဍိတကလည်း သုဘရာဇာကြီးသား မောင်မောင်သန့်အား ဖိုးသူတော်ဝတ်ပေးရန် တာဝန်ယူလိုက်မိလေတော့သည်။

သုဘရာဇာကြီးသက္ကက မှားယွင်းတဲ့ အယူအဆတွေနှင့် သုဘရာဇာဘဝကနေ လွတ်မြောက်အောင် ကြိုးစားနေသည်ဟု သတင်းတွေဖြစ်ပေါ်နေပြီ။

ဘုံပြတ်သချိုင်းက သူဌေးတွေသာ မြှုပ်နှံတဲ့သချိုင်းဖြစ် နေတော့ ဦးသက္ကအတွက် ငွေတွင်းကြီးထဲနိုက်နေရသလို လောဘတကြီးနှင့် ငွေတွေတောင်းရမ်းယူငင်နေကြောင်း ကြားသိထားရ၍ ချွတ်ဖို့လည်း စိတ်ကူးမိသွားရသည်။

"ဒကာလေး ..."

"ဘုရား ..."

"ကျုပ်က ငွေကြေးချမ်းသာတဲ့ မိဘအသိုင်းအဝိုင်းကမွေးဖွားလာတဲ့ ပညာတတ် သူဌေးသားတစ်ယောက်ပဲ ..."

"ဟုတ်လားဘုရား ..."

"ကျုပ်စည်းစိမ်ချမ်းသာတွေနဲ့ ဘယ်လောက်ပဲနေထိုင်လာခဲ့ပါရစေ



www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်လေးကတည်းက ဘုန်းကြီးဝတ်ဖို့ပဲ ကျုပ်စဉ်းစားကြံစည်နေတတ်တယ်လေ၊ ကျုပ်အဖြစ်ချင်ဆုံးက သာသနာပြုဘုန်းတော်ကြီးတစ်ပါးဖြစ်ဖို့ပဲ …”

“တင်ပ့ါဘုရား …”

“ဒီနေရာမှာတော့ မောင်ရင်နဲ့ကျုပ် တူတယ် … ကျုပ်ဘုန်းကြီးမဝတ်ခင် စိတ်တွေ တည်ငြိမ်ရင့်ကျက်ပြီး ဧရာလည်းမကျအောင် အရင်ဆုံး ဖိုးသူတော်ဝတ်နဲ့ ကျင့်ကြံ အားထုတ်ကြည့်တာပဲ …”

“အောင်မြင်ပါရဲ့လား ဘုရား …”

“ကျုပ်စိတ်တွေ ထိန်းနိုင်ပါတယ် … လောလောဆယ်တော့ အောင်မြင်ပါတယ် ဒကာလေး …”

“သူတော်ရဲ့ ရင့်ကျက်တည်ငြိမ်မှုတွေကို တပည့်တော် လေးစားကြည်ညိုအားကျရပါတယ်ဘုရား … တပည့်တော်က သူတော်လောက်တောင် ရင့်ကျက်ပ့ါမလားလို့တောင် မသိပါဘူး … ကြိုးစားကြည့်ချင်တာပါ ဘုရား …”

ဖိုးသူတော်ပဏ္ဍိတစိတ်ထဲမှာလည်း မောင်မောင်သန့်က ရုပ်ရည်ချောမောပြီး ငယ်ရွယ်သေး၍ သူတော်အဖြစ် ကြာရှည်ရပ်တည်နိုင်မှာ မဟုတ်ဟု ထင်မိနေလေသည်။

“ဒကာလေး …”

“အမိန့်ရှိပါဘုရား …”

“ဖိုးသူတော်ဝတ်တာလည်း မလွယ်ဘူးနော် … မင်း ဆံပင်ထူထူသန်သန်တွေကို စွန့်ပယ်ပစ်ရမယ် … ရှစ်ပါးသီလစောင့်ထိန်းရမယ်… နေ့လွဲ ညစာ မစားရဘူး … ကိုရင်တွေ ကျင့်ဝတ်လိုပဲ မင်းရှောင်ထိန်းစရာရှိတာတွေ စောင့်ထိန်းရမယ် …”

“တပည့်တော် အဲဒီလို စောင့်ထိန်းလေ့ကျင့်နိုင်ဖို့ အစွမ်းကုန်ကြိုးစားမှာပါ …”

မောင်မောင်သန့်ပက စိတ်အားထက်သန်စွာဖြင့် ကတိကဝတ်ပြုနေ၍ သူတော်ပဏ္ဍိတ ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။





သူတော်ပဏ္ဍိတရဲ့စိတ်ဆန္ဒတွေနှင့်လည်း တစ်ထပ်တည်းကျနေရ၏။

“အဖေက သဘောမတူလို့ တပည့်တော်တစ်ယောက်တည်း လာရတာပါဘုရား … ဘာပဲဖြစ်ဖြစ် စမ်းကြည့်ရတာပေါ့ဘုရား … တပည့်တော်ရဲ့စိတ်ဆန္ဒတွေ အောင်မြင်ဖို့တော့ ဖြည့်စွမ်းပေးပါဘုရား …”

“ကောင်းပါပြီ မောင်ရင်လေး … စမ်းကြည့်ပေါ့လေ … ဖြစ်မြောက်တော့လည်း ကောင်းပါတယ် … မဖြစ်မြောက်တော့လည်း လူဝတ်ကြောင်ဘဝနဲ့ပဲ တိုးတက် မြင့်မားအောင် ကြိုးစားစေချင်တယ် …”

“လူဝတ်ကြောင်နဲ့တော့ ဘယ်လိုဘဝပဲ ရောက်ရောက် တပည့်တော်စိတ်လိုမှာ မဟုတ်ပါဘူးဘုရား … နေ့စဉ်နဲ့အမျှ စိတ်မသက်မသာဖြစ်နေရမှာပါ …”

“အင်း … ဒါလည်း ဟုတ်သားပဲ … မောင်ရင်လေးဆန္ဒတွေကို ကျုပ် ပါရမီဖြည့်ပေး ပါ့မယ်လေ …”

ထိုအချိန်တွင် တဲကျောင်းလေးသို့ သုဘရာဇာဦးချွန် တက်ရောက်လာလေသည်။

“တပည့်တော် စောစောကကြားလိုက်တယ်၊ မောင်မောင်သန့် ဖိုးသူတော်ဝတ်မယ် ဆိုတာလား ဘုရား …”

“ဟုတ်တယ် ဒကာကြီး … ဒီဒကာလေးရဲ့စိတ်ဆန္ဒကို ကျုပ်ဖြည့်စွမ်းပေးမယ် …”

“မောင်မောင်သန့် … မင်းအဖေသိသွားရင် ဘယ်လိုလုပ်မလဲ … ဦးလေးချွန်တို့ပါ အပြစ်တင်ခံနေရပါဦးမယ်ကွာ …”

“ရပါတယ် … ကျွန်တော် ခဏဝတ်ကြည့်မှာပါ … အဖေလက်မခံရင် လူဝတ်လဲဝတ်ပါ့မယ် …”

“ကောင်းတယ် … မင်းအကြံကောင်းတယ် … ကြာရင် မင်းအရှက်နဲ့ မင်းအဖေက တို့ချိုင်းတွေဆီပါလာပြီး ခေါင်းပုံဖြတ်တော့မယ်ကွ”

မောင်မောင်သန့် ဖိုးသူတော်ဝတ်မှာကို သုဘရာဇာဦးချွန်



www.burmeseclassic.com

www.burmeseclassic.com



လည်း အားပေးအားမြှောက် ပြုလေတော့သည်။ ဘုံပြုတ်သချိုင်းက ဦးသက္က အား အမြင်ကပ်မိနေ၍ဖြစ်၏။ ဘယ့်နှယ်ဗျာ သုဘရာဇာချင်းအတူတူ သူ့ သားကျမှ အဆင့်အတန်းခွဲခြားထားရတယ်လို့ အမြင်ကပ်စရာပဲ မဟုတ် လားလို့။

"မောင်မောင်သန့်ရဲ့ ဖိုးသူတော်ဝတ်ပွဲလေးကို ကျုပ်တဲ့မှာပဲ ကျင်းပ ရမယ်ဗျို့ ... သူတော်ပဏ္ဍိတ ဥပဇ္ဈာယ်ပြုပြီး တခြားသချိုင်းတွေက ဖိုးသူတော်တွေလည်း ပင့်ဖိတ်ရမယ်ပြောတယ်ဗျို့ ... အခုပဲ ကျုပ် သွားဖိတ်လိုက်တော့မယ် ..."

မောင်မောင်သန့်လည်း အဖေရှာထဲကို ကိစ္စတစ်ခုနှင့်သွား နေတာ တစ်နေကုန်မည်ဆိုတာသိနေ၍ ချက်ချင်းပဲ သူတော်ဝတ်ချင်နေမိ တာနှင့် အတော်ပဲဖြစ်သွားရသည်။

"အခြားသူတွေတော့ အသိမပေးနဲ့နော် ဦးလေးချွန် ... တခြား သူတော်တွေနဲ့လည်း မိတ်ဆွေဖြစ်ချင်ပါတယ် ... မိတ်ဆက်ပေး ပါဗျာ ..."

"ကောင်းပြီ မောင်ရင်လေး ... ကျုပ်ဦးဆောင်မယ် ..."

နတ်တောသချိုင်းစောင့် သုဘရာဇာကြီး ဦးချွန် ပျော်ရွှင် သွက်လက်စွာဖြင့် တဲကျောင်းလေးပေါ်မှ ခုန်ပေါက်ဆင်းချသွားလေတော့ သည်။

◆◆◆

နတ်တောသချိုင်းသို့ ဖိုးသူတော်ခုနစ်ယောက် ကြွချီလာကြ လေသည်။ အားလုံးက မောင်မောင်သန့်ရဲ့ သတင်းတွေကို ကြားသိထားကြ ၍လည်း ဖြစ်ကြ၏။

"ဖိုးသူတော် အဝတ်အစားတွေကတော့ ကျုပ်ဆီမှာ ရှိနေတာနဲ့ အတော်ပဲ ... မောင်မောင်သန့်က လှူငယ်ပေမယ့် နည်းနည်းထွား ကျိုင်းတော့ အတော်ပဲဖြစ်မှာ ပါ ..."





"ဖိုးသူတော်ဆိုတာ အလှအပမှ မလိုတာပဲ ... တော်တော် မတော် တော် အဝတ်ခြုံဝတ်ထားဖို့ပဲ လိုအပ်တာပါပဲ ..."

ကြာမှောက်သချိုင်းမှ သူတော်အဂ္ဂက ပြောလိုက်လေသည်။

မောင်မောင်သန့် ဖိုးသူတော်မဝတ်ခင် သချိုင်းအသီးသီးမှာ ရှိကြတဲ့ ဖိုးသူတော်တွေနှင့် မိတ်ဆက်ပေးလေ၏။

"ဒီသူတော်ကတော့ နတ်တောသချိုင်းမှာနေတဲ့ အဂ္ဂ ... ဒီသူ တော်က ရေကန်သချိုင်းမှာနေတဲ့ ဒဿ၊ ဒီကိုယ်တော်ကတော့ သုဿာန်သချိုင်းမှာ တရားကျင့်နေတာ သိဒ္ဓိ ..."

သုဘရာဇာကြီး ဦးချွန်က ဖိုးသူတော်တစ်ယောက်စီနှင့် မိတ်ဆက်ပေးလေ တော့သည်။

မောင်မောင်သန့်ကတော့ အမိကကျနေမယ်ထင်တဲ့ ဖိုးသူ တော်တွေရဲ့ မျက်ဝန်းတွေကိုပဲ ကြည့်ရှုအကဲခတ်နေမိလေ၏။

"ဒီသူတော်ကတော့ ငှက်နားသချိုင်းမှာနေတဲ့ ဝိမလ ... ဒီသူတော် ကတော့ အောင်ပသချိုင်းမှာရှိနေတဲ့ ပရမ ... ဒီသူတော်က တော တက် သချိုင်းမှာ တရားကျင့်နေတဲ့ စန္ဒ၊ ဒီသူတော်ကတော့ ဦးသာ ခေါင် သချိုင်းမှာနေတဲ့ သူတော်သတ္တိပဲ ..."

ဖိုးသူတော်အားလုံးက အသက်အရွယ် သိပ်ကြီးရင့်ကြသူ တွေ မဟုတ်ကြ။

မောင်မောင်သန့်စိတ်ထဲမှာ လေးစားကြည်ညိုမိတဲ့ သူတော် တွေက သုံးယောက်လောက်ပဲ ရှိနေသည်။ သူတော်ပဏ္ဍိတ၊ သူတော်အဂ္ဂ နှင့် သူတော်ပရမတို့ပဲဖြစ်သည်။

မျက်ဝန်းတွေထဲမှာ တည်ငြိမ်ရင့်ကျက်မှုနှင့် တရားဓမ္မ ပြည့်ဝမှုဆိုတဲ့ အင်အားတွေကို တွေ့မြင်ရလေ၏။ ကျန်တဲ့သူတော်တွေကျ တော့ မောင်မောင်သန့်စိတ်ထဲမှာ သဘောမကျသလို စိတ်တိုင်းမကျသလို ခံစားနေရတော့သည်။

"လူတိုင်းကို မယုံနဲ့ဒကာလေး ... ကိုယ့်ကိုယ်ကိုယ် ရဟန္တာလို့ပြော တာတောင် ယုံသင့်မှ ယုံရတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်တွေကို ထိန်းချုပ်ဖို့အတွက် မောင်မောင်သန့် စတင်ကြိုးစားရလေတော့သည်။ မကောင်းတဲ့စိတ်တွေ ဝင်လာရင် ပယ်ရှားပစ်နိုင်ရမည်ဖြစ်သည်။

မောင်မောင်သန့် ငရဲကြောက်ပြီး သက်နုံးတောင် မစီးတာပါ။ သူတော်တွေကို သွားပြစ်မှားမိရင် ငရဲကိုဖောက်ထိုးကျမှာလည်း စိုးရိမ်နေလေသည်။

"မောင်မောင်သန့် ... "

"ဘုရား ... "

"မောင်ရင်လေးကို ဖိုးသူတော်ဝတ်ပေးတော့မယ် ... သရဏဂုံတည်ပြီး ရှစ်ပါးသီလတော့ စောင့်ထိန်းရမယ်နော် ... "

"တင်ပါ့ဘုရား ... "

မောင်မောင်သန့်ကို အရင်ဆုံး ဆံချဖို့ ပြင်ဆင်ကြလေသည်။ သချိုင်းမြေမှာပြုလုပ်တဲ့ ဖိုးသူတော်ဝတ်ပွဲက အစီအစဉ်မကျဖြစ်ချင် ဖြစ်နေပေမယ့် မောင်မောင်သန့်ကတော့ စိတ်သာအဓိကလို့ ထင်မှတ်ထားသည်။

သာသနာ့ဘောင်ဝင်ဖို့အတွက် ပထမအဆင့်အနေဖြင့် ဖိုးသူတော်ဝတ်နှင့် တရားကျင့်ကြံအားထုတ်လိုပေ၏။

သံဃာတော်အဖြစ် တရားကျင့်ဖို့က ဝိနည်းတော်နှင့်အညီ နေထိုင်ကျင့်ကြံဖို့ အခက်အခဲဖြစ်မှာစိုးမိသည်။ သာသနာ့ဘောင်မှာ ပျော်မပျော်လည်း ကြည့်ရမည်။

"ဆံချမယ် သူတော်ဒသနဲ့ စန္ဒတို့ ဆံခံကြပါ ... "

"တင်ပါ့ ... "

သူတော်ဒသနှင့်စန္ဒတို့က ပိတ်ဖြူတစ်ထည်နှင့် ဆံခံကြလေသည်။ မောင်မောင်သန့်စိတ်ထဲမှာ တစ်မျိုးကြီးနှင့် မသန့်မိ။ သူ့စိတ်တွေကို ထိန်းချုပ်ထားပေမယ့် သူတော်ဒသနှင့် စန္ဒတို့ကို သဘောမကျမိ။ ရင်ထဲမှာကြွမ်းတမ်းပြီး မျက်လုံးတွေက တည်ငြိမ်ရင့်ကျက်မှုမရှိဟု ထင်မိနေတော့သည်။

ဆံချမနေ့ရင်း အဖေ့ကို သတိရမိလေတော့သည်။ အဖေသာ



သိရင် တစ်နယ်တစ်ကျေးမှာ ဇာတ်မြှုပ်ပြီး ကြီးပွားတိုးတက်အောင် ကြိုးစားချင်တဲ့ အဖေ့ဆန္ဒနှင့် လုံးဝဆန့်ကျင်ဘက် ဖြစ်နေတာပဲမဟုတ်လား။

ကျွန်တော့်ခွင့်လွှတ်ပါအဖေ။ ဒီနည်းကို ကျွန်တော် စမ်းသပ်ချင်တာပါပဲ။ စိတ်အသန့်ဆုံး ဘဝလွတ်မြောက်ရာလည်းဖြစ်သွားနိုင်ပါတယ် အဖေရာ။

အမေ့ကိုလည်း သတိရလွမ်းဆွတ်မိနေလေတော့သည်။ မောင်မောင်သန့် ကိုရင်ဝတ်စဉ်ကလည်း အမေမရှိ။ အဖေနှင့် သုဘရာဇာကြီးငထုံတို့က ဆံခံခဲ့ရလေသည်။ မောင်မောင်သန့် ငါးနှစ်သား ထဲက အမေသေသွားတာပဲ။

ယခု မောင်မောင်သန့် ဖိုးသူတော်ဝတ်တော့ အဖေပင်မရှိ။ အဖေ့ကို ကျုပ် မရိုမသေစော်ကားမော်ကားလုပ်တာ မဟုတ်ပါဘူးဗျာ။ စိတ်သန့်သန့်နဲ့ ဘဝရဲ့လွတ်မြောက်ရာ လမ်းစကိုရှာကြည့်မလို့ပါ။

ဆံချပြီးသွားတော့ မောင်မောင်သန့်အား ပိတ်ဖြူအင်္ကျီနှင့် ပုဆိုးကိုဝတ်စေတော့လေသည်။

"ကျုပ်ဝတ်ရုံပဲ မောင်ရင်နဲ့ဂတော့ တော်မှာပဲ၊ ဖိုးသူတော်တို့စောင့်ထိန်းရမယ့် ကျင့်ဝတ်တစ်ခုပဲ အလှအပမလိုတော့ဘူး ... "

"တင်ပါ့ဘုရား ... "

"အခုချိန်ကစပြီး လူနာမည် မောင်မောင်သန့်ကို ဖိုးသူတော်ဘွဲ့အမည်ပေးရမယ် ... မင်းနာမည်က ကြာသပတေးနာမ်ဖြစ်နေပေမယ့် လူကတော့ စနေသားမဟုတ်လား ... ဒီတော့ သူတော်ဘွဲ့အမည် နန္ဒလို့ပေးလိုက်မယ် ... "

မောင်မောင်သန့်အမည်ကနေ ဖိုးသူတော်နန္ဒ ဖြစ်သွားရလေတော့သည်။

စိတ်ထဲမှာ နည်းနည်းတော့ လန်းဆန်းတက်ကြွသွားသလို ဖြစ်သွားရလေ၏။

"နန္ဒ ... "

"ဘုရား ... "



www.burmeseclassic.com

www.burmeseclassic.com



"သူတော်က ငယ်တယ်၊ လူ့လောကကြီးရဲ့ အတွေ့အကြုံတွေ ဘာမှ မရှိသေးတော့ စိတ်ဓာတ်ကြံ့ခိုင်မှု အားနည်းနိုင်တယ်၊ ဒါပေမဲ့ သူတော်အားမငယ်နဲ့၊ စိတ်ဓာတ်မကျ နဲ့ ကြိုးစားပြီး ကျင့်ကြံအား ထုတ်ပါတော့ ..."

သူတော်နန္ဒအား သူတော်ပဏ္ဍိတက ဥပဇ္ဈာယ်ပြုပြီး ဖိုးသူတော်အဖြစ် သွတ်သွင်း ပေးနေလေတော့သည်။

သရဏဂုံတင်သည်။ ရှစ်ပါးသီလ ဆောက်တည်ရ၏။ သူတော်ပဏ္ဍိတက ရှစ်ပါးသီလကို ရှင်းလင်းပြောပြနေသည်။

"ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံဆိုတာ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းပဲသူတော် ... အဒိန္နာဒါနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိဆိုတာက သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ရမယ်လို့ ဆိုတာပဲ ..."

မောင်မောင်သန့်သည် ငယ်စဉ်လေးကတည်းက ထိုသိက္ခာပုဒ်ကို ရှောင်ကြဉ်လေ၏။ သူတစ်ပါးအသက်ကိုလည်း မသတ်ဘူး။ သူတစ်ပါးဥစ္စာကိုလည်း မခိုးဘူး။ သုဘရာဇာသားဆိုပေမယ့် ကိုယ်ကျင့်တရားတော့ ကောင်းလေ၏။

"အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမ္မာဒိယာမိဆိုတာက မမြတ်သော မေထုန် အကျင့်ကို ရှောင်ကြဉ်ခြင်းပဲ ... မုသာဝါဒါ ဝေရာမဏီသိက္ခာပဒံဆိုတာက လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းဆိုတာပဲ ..."

သူတော်ပဏ္ဍိတအသံက တည်ငြိမ်အေးချမ်းစွာဖြင့် သူတော်နန္ဒအာရုံတွေထဲ တိုးဝင်လာလေသည်။ အေးငြိမ်းလိုက်တာဟု ထင်မိလေသည်။

"သုရာမေရိယ မဇ္ဇပမါဒဋ္ဌာနာ ဝေရာမဏီသိက္ခာပဒံ သမ္မာဒိယာမိ ဆိုတာက သေရည်သေရက် သောက်စားခြင်းမှ ရှောင်ကြဉ်ရမည့်တဲ့ ... ဝိကာလ ဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမ္မာဒိယာမိ ဆိုတာက နေ့လွဲညစာစားခြင်းမှ ရှောင်ကြဉ်ရမည်တဲ့ ..."





ထိုသိက္ခာပုဒ်တွေကို သူတော်နန္ဒ စောင့်ထိန်းဖို့ အတော် အခက်အခဲမရှိနိုင်ဟု ထင်လေ၏။

"နစ္စဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာန ဝေရာမဏာသိက္ခာပဒံ သမာဒိယာမိဆိုတာက ပန်းပန်ခြင်း၊ အမွှေးနံ့သာလိမ်းခြင်း၊ ကခြင်းတီးခြင်းမှုတ်ခြင်း နားထောင်ခြင်းတို့မှ ရှောင်ကြဉ်၏။ ဥစ္စာသယန မဟာ သယန မဟာသယန ဝေဒါမဏီသက္ခာပဒံ သမာဒိယာမိ ဆိုတာက မြင့်မြတ်သော နေရာတို့၌ နေထိုင်ခြင်းမှ ရှောင်ကြဉ်တဲ့ သူတော်နန္ဒ ဖိုးသူတော်ဆိုတာ ရှစ်ပါး သီလပါစောင့်ထိန်းရတာယ်လေ ..."

◆◆◆

သူတော်ပဏ္ဍိတက ရှစ်ပါးသီလ စောင့်ထိန်းနိုင်ပါ့မလားမေးတော့ စောင့်ထိန်းနိုင်ပါသည်ဟု ပြောမိလေ၏။ မထိန်းနိုင်စရာလည်း မရှိပေ။ မိမိစိတ်ကိုသာ အကောက်အကွေ့မရှိ အေးဆေးတည်ငြိမ်မှု ပြည့်ဝပြီးသားဖြစ်၍ စောင့်ထိန်းနိုင်မည်ဟု ယုံကြည်မှုအပြည့်ရှိနေလေ၏။

နတ်တောသချိုင်းစောင့်ကြီးနှင့် မနီတို့က ဖိုးသူတော်ကိုးယောက်အား မနက်စာဆွမ်းကပ်၍ လှူဒါန်းလေသည်။

ထုံးစံအတိုင်းပဲ အလောင်းတွေမှာပါလာတဲ့ ထမင်းထုပ်တွေကို ဖြည်ပြီး နှုတ်ခမ်းပွဲနေတဲ့ ပန်းကန်ပြားတွေနှင့်ထည့်ကာ ကပ်လေ၏။

"သူတော်နန္ဒက ထူးခြားတဲ့ကိုယ်တော်ပဲ ... သာသနာ့ဘောင်မှာ တရားဓမ္မတွေ ကျင့်ကြံအားထုတ်ချင်လို့ ဖိုးသူတော်ဝတ်တာပဲလေ၊ ကျုပ်တို့ ကုသိုလ်ယူရမှာပေါ့၊ ဒီဆွမ်းတွေက သချိုင်းရှစ်ခုကနေ အလှူခံထားတဲ့ ထမင်းထုပ်တွေလေ ..."

သူတော်နန္ဒစိတ်ထဲမှာ ထမင်းတွေဟင်းတွေကိုကြည့်ပြီး ညှိလိုက်တာ အဖေအပိုင်စားရတဲ့ ဘုံပြတ်ကမှ တကယ့်ထမင်းဟင်း အကောင်းတွေပါတာဟု တွေးတောနေမိသည်။

www.burmeseclassic.com



"သူတော်နန္ဒ ..."

"ဘုရား ..."

"ထမင်းထုပ်တွေကိုကြည့်ပြီး ဟင်းမကောင်းဘူးလို့ တွေးနေတာလား ... သူတော်တို့ ဘုံပြတ်သင်္ချိုင်းက သူဌေးတွေလေ၊ ကျုပ်တို့သင်္ချိုင်းက ဆင်းရဲသားတွေမြုပ်တာပါ"

သုဘရာဇာကြီးဦးချွန်က အသက်အရွယ်ရလာတော့ လူတစ်ယောက်ရဲ့ အတွင်းစိတ်ကို သိနေလေတော့သည်။ သူတော်နန္ဒ ငြိမ်သက်နေခြင်းဖြင့် ဝန်ခံလိုက်မိသည်။

"သူတော်နန္ဒ ဒီနေ့ကစပြီး စိတ်ကိုထိန်းချုပ်နိုင်အောင် ကျင့်ကြံအားထုတ်ပါ ... နိဗ္ဗာန်ရောက်တာလည်း စိတ်ပဲလေ ... အရာရာကိုသည်းခံနိုင်စွမ်းရှိအောင် ကြိုးစားအားထုတ် ကျင့်ကြံရမယ် ... ဖိုးသူတော်ဆိုပြီး ပေါ့ပျက်ပျက်နေလို့မရဘူး ... သူတော် ကောင်းတရားကျင့်ကြံဖို့ ပထမခြေလှမ်းပဲလေ သူတော် ..."

"တင်ပါ့ဘုရား ..."

စိတ်တွေကို ထိန်းချုပ်ဖို့တော့ အတော်လေးလိုအပ်နေသေးသည်။ သူတော်နန္ဒ ကြိုးစားကျင့်ကြံအားထုတ်မယ့် စိတ်ကိုလေ့ကျင့်တဲ့ကျင့်စဉ်တွေက သူတော်ပဏ္ဍိတဆီမှာ ရှိနေလေသည်။

ဆွမ်းစားကြသည်။ အချိုပွဲအဖြစ် ငှက်ပျောသီးတွေ လာချပေးတော့၏။

"ဒါက ကျုပ်သင်္ချိုင်းမှာ တစ်ခါတလေမှ ပွဲနဲ့လာကြလို့ ငှက်ပျောသီးရတာလေ ... ဆင်းရဲသားတွေဆိုတော့လည်း ဖျာလိပ်ထဲပတ်ချကြတာများတယ်လေ ..."

အဖေ့ဘုံပြတ်သင်္ချိုင်းကလွဲပြီး ကျန်တဲ့သင်္ချိုင်းတွေက သေးနုပ်ပြီး ဆင်းဆင်းရဲရဲရှိနေလေတော့သည်။ အုတ်ဂူကကျိုးတိုးကျဲတဲ မြေမြှုပ်ကြတာကများသည်။

သင်္ချိုင်းမှာ ဇရပ်သာသာလေးပဲရှိနေ၏။ အဖေ့သင်္ချိုင်းက အကြီးကျယ်ဆုံးပဲလေ။





"သား ... အဖေ ငွေရှာနေတယ် ... နည်းနည်းပါးပါးစုဆောင်းမိရင်တော့ သားနဲ့ မြို့တက်ကြမယ် ... ဘဝကိုဇာတ်မြှုပ်ပစ်မယ် ... လုံးဝမထင်မှတ်ထားတာတွေလည်း ဖြစ်ချင်ဖြစ်လာတတ်တာ သားရဲ့ ..."

အဖေ့စကားတွေကို ပြန်၍ကြားယောင်လာမိလေတော့သည်။ မောင်မောင်သန့်ကနေ သူတော်တစ်ဖြစ်လည်း နန္ဒအား အဖေတွေ့ရင် ဘယ်လိုဖြစ်သွားလေမလဲပင် မသိ။

"ကျုပ် စိတ်တွေဉနဲ့ချင်တယ်အဖေ ... ဟန်ဆောင်လိမ်ညာပြီး မြို့မှာ ဇာတ်မြှုပ်မနေ ချင်ဘူး ... ကျုပ်အတိတ်ကံက ပေးတဲ့ဘဝကို ကျုပ်လက်ခံပါတယ် ... လွတ်မြောက်ဖို့ဆိုတာ နောင်ဘဝမှာပဲဖြစ်နိုင်တော့မယ် ထင်ပါတယ်အဖေရာ ..."

သူတော်နန္ဒစိတ်ထဲကနေ အဖေ့ကိုတောင်းပန်စကားတွေ ကျိတ်ပြီးရေရွတ် ပြောဆိုနေမိလေတော့သည်။

"သူတော်နန္ဒ ..."

"ဘုရား ..."

"သူတော် ဘယ်မှာသီတင်းသုံးမလဲ ..."

"ဘုံပြတ်မှာပဲ သီတင်းသုံးပါမယ် ... သူတော့်အဘိုးလှူဒါန်းထားတဲ့ ဇရပ်မှာပဲနေမယ် ... အဲဒါလည်း သံဝေဂတစ်ခုပဲလေဘုရား ... အရမ်းချမ်းသာတဲ့ သူဌေးကြီးရဲ့မြေးက သုဘရာဇာဖြစ်နေတာလေ၊ အဘိုးဇရပ်ပျက်ကြီးက သူတော့်အတွက် စိတ်ကျင့်စဉ် တစ်ခုပါပဲလေ ..."

အဖေ့လက်ထောက် သုဘရာဇာအုံးမောင်က သူတော်နန္ဒဆီ အပြေးအလွှား ရောက်လာရတော့သည်။

သူတော်နန္ဒကိုတွေ့တော့ အရမ်းအံ့သြတုန်လှုပ်သွားတော့လေ၏။

"မင်း ... မောင်မောင်သန့် ... မောင်မောင်သန့် ဖိုးသူတော်ဝတ်လိုက်ပြီ ... မင်းအဖေ ပြန်ရောက်နေလို့ မင်းဒီဘက်သင်္ချိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်ဆိုတာသိပြီး ဒေါသတွေပေါက်ကွဲနေတယ်ကွ ... ”

“အဖေ့ကို အကျိုးအကြောင်းပြောပြထားပေးပါဗျာ ... ကျုပ်ခဏ ဝတ်ကြည့်တာပါလို့ စမ်းသပ်မလို့ပါလို့ ... ”

အစ်ကိုအုံးမောင်အား အရင်ဆုံး အဖေ့ကိုဖျောင်းဖျနားချရန် ပြန်လွှတ်လိုက် လေတော့သည်။

သူတော်နန္ဒအား ရုတ်တရက်ကြီးတွေ့လိုက်လို့ အဖေဒေါသနှင့် အကုသိုလ်ဖြစ်သွားမှာ စိုးရိမ်မိ၍ဖြစ်လေ၏။

“ကျုပ်ဘွဲ့အမည်က သူတော်နန္ဒတဲ့ ... အဖေ့ကို စိတ်မပူဖို့ပြောပေးပါ ... ”

“မောင်မောင်သန့် ... အဲလေ သူတော်နန္ဒ အမြန်ဆုံးသာပြန်လာခဲ့ပါ ... အစ်ကို ပြန်နှင့်မယ်ကွာ ... ”

ခပ်သုတ်သုတ်ထွက်သွားတဲ့ အစ်ကိုအုံးမောင်နောက်ကျောကို ငေးစိုက်ကြည့်နေမိလေသည်။

◆◆◆







## သုဘရာဇာကြီး ပြန်ပေးဆွဲခံရခြင်း

သားမောင်မောင်သန့် ဖိုးသူတော်ဝတ်သည့်သတင်းက ကျွန်ုပ်ရင်ကို ကြီးစွာ တုန်လှုပ်ချောက်ချားသွားစေလေသည်။ ကျွန်ုပ် ဖြစ်စေချင်တာက မြို့တက်ပြီး ဇာတ်မြှုပ်နေစေချင်တာပဲ မဟုတ်လား။ ကျွန်ုပ်ရဲ့ မျှော်လင့်ချက် ရွှေတောင်ကြီး ပြိုကျပျက်စီးဖို့ အက်ကြောင်းထလာတာဟု တွေးနေမိလေသည်။

“ဘွဲ့နာမည်က သူတော်နန္ဒတဲ့ ... ခဏဝတ်တာပါပဲ ... စမ်းသပ်ကြည့်တာပါပဲ အာစရိ”

ကျွန်ုပ် အံသွားတွေကို တင်းကျပ်စွာဖိကျိတ်ထားပြီး ဒေါသတွေ ပေါက်ကွဲ ဇာတ်မတတ် ဖြစ်နေရလေသည်။

“ဟိုကောင် သုဘရာဇာချွန် ... နာမည်နဲ့လိုက်အောင် ချွန်ပေးလိုက်တာပဲ ဖြစ်မယ် အုံးမောင် ... ဘုံပြတ်မှာ ကျုပ်ကြီးပွားချမ်းသာနေတာကို ဒီကောင်တွေ မနာလိုဖြစ်နေကြတယ် ... ”

“မောင်မောင်သန့် ... အဲလေ ... သူတော်နန္ဒကို ပြန်ချော့ခေါ်ထားပြီး အခြေအနေကိုစောင့်ကြည့်လိုက်ပါ အာစရိ ... ပြီးမှ အာ[illegible]ဖြစ်စေချင်တာတွေ နားသွင်းကြတာပေါ့ ... အခုလည်း အာစရိမှာ



www.burmeseclassic.com

www.burmeseclassic.com



အကောင်အထည်ဖော်နိုင်တဲ့အခြေအနေမှ မရှိသေးတာဗျာ ... ”

ဟုတ်တယ်။ အုံးမောင်ပြောသလို ကျွန်ုပ်မှာလည်း ဘဝကို ထူထောင်နိုင်တဲ့ ငွေကြေးအင်အားမှ မရှိသေးတာပဲလေ။ သားကို ဘာမှ လုပ်ပေးနိုင်သေးမှာ မဟုတ်ဘူး။ ကျွန်ုပ်ငွေတွေစုဆောင်းနေတာ မဟုတ်လား။ ယခုမှ စိတ်ကူးရပြီး ငွေထရှာနေရတာဆိုတော့ သိပ်ပြီးများများ စားစား မရှိသေးပေ။

“သူတော်နန္ဒက အသက်အရွယ်နုပါသေးတယ် အာစရိရယ် ... ဖိုးသူတော်လည်း အကျင့်သီလတွေဆောက်တည်ရသေးတာပဲ အာစရိရာ ... မောင်မောင်သန့်က အကုသိုလ်အရမ်းကြောက်တာပါ ... သူ့စိတ်တွေကို မထိန်းနိုင်ရင် လူဝတ်လဲမှာပါ စိတ်မပူပါနဲ့ ... အခြေအနေကိုစောင့်ကြည့်လိုက်ပါ အာစရိ ... ”

“ဟုတ်တယ် မင်းပြောတာတွေမှန်တယ် ...လောလောဆယ်တော့ သားဆန္ဒတွေ အတိုင်းပဲလုပ်ပါစေ ... ဒါပေမဲ့ သားကိုတော့ ငါ့မျက်စိအောက်မှာပဲ ထားရမယ် အုံးမောင် ... ငါ့ဆန္ဒတွေ အကောင်အထည်ဖော်နိုင်အောင် နားချသိမ်းသွင်းရမှာပဲ ... စည်းရုံးရမယ်ကွာ ... ”

ကျွန်ုပ် အံ့သွားတွေကို ပြတ်ထွက်လုမတတ် တင်းကျပ်စွာ ဖိကျိတ်ထားမိလေတော့သည်။

သား မောင်မောင်သန့်အဖြစ်တွေ အားလုံးက အဖေ့အပြစ်တွေ ကြီးပါပဲကွာ။ အဖေ တာဝန်မဲ့ခဲ့လို့ ပေတေလေလွင့်ခဲ့မိလို့ သား ဒီလို ဘဝမျိုးကို မရောက်သင့်ဘဲ ရောက်ခဲ့ရတာပေါ့။ အဖေ့မှာ တာဝန်အရှိဆုံး ပါပဲလေ။ ကျွန်ုပ်တွေးမိတိုင်း စိတ်ထိခိုက်ကြေကွဲမှုတွေ ပြင်းပြစွာ ခံစားနေရလေတော့သည်။ ကျွန်ုပ်တာဝန်မဲ့မှုတွေကြောင့်ဆိုတာ မငြင်းနိုင်သော အချက်ပါပဲ။ လွန်စွာအသုံးမကျခဲ့လို့ မဟုတ်လား။

ကျွန်ုပ်ငွေစုဖို့အတွက် အရင်ကထက် ဆတပိုးတိုးပြီး ကြိုးစားရမယ်။ ဓ...တွေ မေတ္တာတွေ သိပ်ထားလို့မဖြစ်တော့ဘူး။ အသပြာရဖို့ကိစ္စပဲ အဓိ...ပြီး လုပ်ရတော့မည်ဖြစ်လေသည်။





“သူတော်လေးနန္ဒ ကြွလာပါပြီ အာစရိ ... ”

ကျွန်ုပ်အကြည့်တွေက သားဆီသို့ ဆတ်ခနဲရောက်သွားရလေတော့သည်။

သန်မာနက်မှောင်တဲ့ သားဆံပင်တွေ မရှိတော့ဘဲ ကတုံးပြောင်ပြောင်နှင့် ဖြစ်နေသည်။ ပိတ်ဖြူစနှင့်ချုပ်ထားသော အင်္ကျီနှင့်ပုဆိုးကို ဝတ်ဆင်ထားတော့၏။ ချောမောခန့်ညားတဲ့ မောင်မောင်သန့်ပုံစံက လုံးဝပျောက်သွားသည်ဟု ကျွန်ုပ်တွေးမိပြီး စိတ်ထဲမှာ အားမလိုအားမရ ဖြစ်ရလေတော့သည်။

“ဒကာကြီး သူတော်တစ်လပဲ ဝတ်မှာပါ ... သူတော့်စိတ်တွေကို ထိန်းချုပ်ဖို့ စမ်းသပ်တာပဲ ... စိတ်သောကတွေမရောက်ဘဲနဲ့ ကျုပ်ကောင်းတဲ့အလုပ် လုပ်တာပဲလေ”

“သူတော် ခဏတော့ဝတ်ပါ ... အဖေငွေစုနေပါတယ် ... မကြာပါဘူး ... အဖေတို့ဘဝကို ပြန်စတင်နိုင်တော့မှာပါလေ ... ”

“ဒီကိစ္စအတွက်နဲ့တော့ လောဘဇောမတိုက်ပါနဲ့ ဒကာကြီး ... အကုသိုလ်ဖြစ်ပါတယ် ... အတိတ်ဘဝက ကုသိုလ်ကံကပေးသလောက်ပဲ ကျုပ်တို့ရနိုင်မယ် ဒကာကြီး ... အတိတ်ကံမရှိရင် ဘာမှတော့ သိပ်ဖြစ်လာနိုင်မှာ မဟုတ်ပါဘူး ... ”

မနေ့တစ်နေ့ကမှ သူတော်ဖြစ်တဲ့ သားက ရဟန္တာကြီး တစ်ပါးလို တရားဓမ္မတွေနှင့်ယှဉ်ပြောလာ၍ ကျွန်ုပ်နည်းနည်းတော့ စိတ်မသက်မသာဖြစ်ရလေသည်။ သား မောင်မောင်သန့် သာသနာ့ဘောင်မှာပဲ အမြဲနေထိုင်ကျင့်ကြံသွားလေတော့မလားဟု တွေးမိသွား၍ ဖြစ်လေ၏။

“သူတော်နေဖို့ ကျောင်းတော့မဆောက်ပေးတော့ဘူး ... တစ်လလောက်ပဲ စမ်းဝတ်တာဆိုတော့ ကျုပ်အိမ်လေးမှာပဲနေပါ ... ”

“အဘိုးလှူဒါန်းထားတဲ့ ဒီဇရပ်ပျက်ကြီးမှာပဲနေမှာပါ ... ဒီတစ်လအတွင်းမှာတော့ ကျုပ် ဘယ်လိုပဲနေနေ ဒကာကြီး မနှောင့်ယှက်ပါနဲ့ ... ”

သားမောင်မောင်သန့်သည် တည်ငြိမ်ရင့်ကျက်သော အမူ



www.burmeseclassic.com

www.burmeseclassic.com



အရာနှင့် ကျွန်ုပ်အနားကနေ ထွက်သွားလေတော့သည်။ ကျွန်ုပ်ကတော့ ကျွန်ုပ်ရဲ့တစ်ဦးတည်းသောသား မောင်မောင်သန့်ရဲ့နောက်ကျောပြင်ကို ငေးစိုက်ကြည့်နေမိရင်း သက်ပြင်းကြီးကို ဟင်းခနဲ မှုတ်ထုတ်ပစ်လိုက်မိလေတော့သည်။

ကောင်းတဲ့အလုပ်ကိုလုပ်တာပဲလေဟု ကျွန်ုပ်တွေးတောပြီး စိတ်တွေဖြေ လိုက်ရတော့၏။ ဒါပေမဲ့ ကျွန်ုပ်ရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ တစ်နေရာရာမှာ ဇာတ်မြှုပ်နေပြီး ကြီးပွားတိုးတက်အောင် လုပ်ဆောင်ဖို့တော့ မေ့ပျောက်ပစ်လို့မရဘူး။ ကြံစည်အား ထုတ်ရမှာပဲ။ ကျွန်ုပ်သား အပေါ် တာဝန်ကျေတဲ့ဖခင်တစ်ယောက်အဖြစ် မသေခင်လုပ်ဆောင်ပေးခဲ့ချင်တဲ့ဆန္ဒတွေက လွန်စွာဖြစ်ပေါ်နေလေသည်။

"ငချွန် ... ဒီကောင် ချွန်ပေးတာပဲနေမှာ ... နာမည်နဲ့တော့ လိုက်ပါ့ကွာ"

ကျွန်ုပ်ပိုင်စားရထားတဲ့ ဘုံပြတ်သချိုင်းကလွဲပြီး ကျန်တဲ့သချိုင်းမှတွေ ကချော်ကချွတ်တွေပါ။ ဆင်းရဲနွမ်းပါးတဲ့ သူဆင်းရဲတွေပဲ မြေမြှုပ်သင်္ဂြိုဟ်ကြတာပါလေ။ ဖြစ်ဖြစ်မြောက်မြောက် မရှိကြပါဘူး။ ကျွန်ုပ်က သားကို သင်းတို့နဲ့ ခွဲခြားထားတာလည်း တခြား သချိုင်းစောင့်သုဘရာဇာတွေက လုံးဝမကျေနပ်ကြပါဘူး။ ကျွန်ုပ်စိတ်ထဲမှာ သားဖိုးသူတော်ဝတ်တဲ့ကိစ္စကို အတော်လေးဘဝင်မကျနိုင်ဘဲ ကျွန်ုပ်စိတ်တွေကို အတော်လေးဖြေ ဖျောက်နိုင်ဖို့ ကြိုးစားနေရလေတော့သည်။

ကျွန်ုပ်ငွေစုရမယ်။ မရ့ရတဲ့နည်းလမ်းတွေနဲ့ ငွေစုရမှာပဲ။ သားက လောဘဇောမတိုက်ဖို့ပြောပေမယ့် ကျွန်ုပ်က တစ်နယ်တစ်ကျေးမှာ ဇာတ်မြှုပ်နေဖို့ ငွေရှာရမယ်လေ။ အဲဒါ ကျွန်ုပ်ရဲ့ လွန်စွာပြင်းပြတဲ့ ဆန္ဒတစ်ခုပင်။

"အာစရိ ..."

"ဟင် ..."

"မကြာခင် ကျွန်းပင်ရွာက တောသူဌေးသား ရွှေမြ မသာလာပြီး မြေမြှုပ်တော့မယ်လေ ..."





"ဟုတ်သားပဲ ..."

ကျွန်ုပ်မျက်လုံးတွေက မီးဝင်းဝင်းတောက်သလားဟု ထင်ရလောက်အောင်ပင် ဝင်းလက်တောက်ပသွားရလေတော့သည်။ ဘာလို့လဲဆိုတော့ ဒီမသာက ကျွန်းပင်ရွာက လယ်ပိုင်ရှင်သူဌေးကြီးရဲ့သားဖြစ်ပြီး ငယ်ငယ်ရွယ်ရွယ်နှင့် ဖိုးထိသေဆုံးသွားတာပါ။ အထိန်းတော် အစောင့်အရှောက်တွေနဲ့ထားတဲ့ သူဌေးသားက ဖိုးထိသေပြီး လယ်ကွင်းထဲမှာ ကောက်စိုက်ပျိုးနုတ်နေရတဲ့လူတွေက ဖိုးမထိကြ မသေကြ။

"သူဌေးသားရွှေမြ အလောင်းကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား သင်္ဂြိုဟ်မှာ အာစရိ ... ပစ္စည်းတွေ ဘာတွေ အုတ်ဂူထဲထည့်မလားတဲ့ ..."

"အင်း ..."

သူဌေးသားရွှေမြ အုတ်ဂူကတော့ အကောင်းဆုံးပဲ လုပ်ထားသည်။ ကျွန်ုပ်လည်း အုတ်ဂူလုပ်ပေးခ ငွေမြိုးမြိုးမြက်မြက်လေးရလိုက်သည်။

"ဟော ... အသံတွေတောင် ကြားနေရပြီ အာစရိ ... အသုဘချလာကြပြီထင်တယ်"

အော်ဟစ်ငိုယိုသံတွေနှင့် လူသံတွေက စီစီညံညံကြားနေရလေတော့သည်။ လွန်စွာစည်ကားမယ့် အသုဘတစ်ခုပဲဖြစ်လေ၏။ ခေတ်အခါအရ မြန်မာလယ်ပိုင်ရှင်သူဌေးဆိုတာ လွန်စွာစည်းကားမယ့် အသုဘတစ်ခုပဲဖြစ်လေ၏။ ခေတ်ခအခါအရ မြန်မာလယ်ပိုင်ရှင်သူဌေးဆိုတာ လွန်စွာရှားပါးတဲ့အထဲမှာမှ ကျွန်းပင်ရွာက လယ်ပိုင်ရှင်သူဌေးကြီးမြသာက ထူးခြားစွာရှိနေလေသည်။

ဆူညံစွာ ငိုယိုလာတဲ့အသံတွေက သချိုင်းဝရောက်လာသဖြင့် ကျွန်ုပ် လှမ်းကြည့်လိုက်မိတော့သည်။

မသာခုတင်ကို ဝါးလုံးများဖြင့် စည်းနှောင်ပြီး ခုတင်ပေါ်မှာ အခေါင်းကိုတင်လာကာ လူဆယ်ယောက်လောက် ထမ်းချလာခဲ့ကြလေ၏။

သူဌေးသားရွှေမြရဲ့အခေါင်းက ကျွန်းသားအခေါင်းတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် သတင်းရထား ပြီးသားဖြစ်လေသည်။ လွန်စွာစည်ကားတဲ့ အသုဘ တစ်ခုဟု ပြောရလောက်အောင်ပင် နောက်မှ အသုဘပို့ပရိသတ်က များပြား နေတော့၏။

"အမလေး သားလေးရဲ့ ... အမေ့သားလေးမှ ဒီလိုအဖြစ်ဆိုးမျိုး တွေနဲ့ ကြုံတွေ့ရတယ် ... ရွှေလိုဥထားတဲ့သားလေးပါ ... ဘာဖြစ် လို့များ ဒီလိုအဖြစ်ဆိုးမျိုးတွေနဲ့ ကြုံတွေ့ရတာလဲ ... ဟိုကောက်စိုက် သမတွေ ပျိုးနုတ်လယ်ထွန်နေကြတဲ့ ငမွဲတေ ဘာအသုံးမှမကျ တဲ့ လူတွေကျတော့ ပိုးမထိဘူးတော့ ..."

သူဌေးကတော်ကြီး ဒေါ်မယ်နုကတော့ ... အတွာကြီးပြီး မောက်မာထောင်လွှားကာ ဆင်းရဲနွမ်းပါးသူတွေကိုလည်း ခေါင်းပုံဖြတ် အမြတ်ကြီးစားပြီး နှိမ်ချင်လေသည်။

"တကယ်တော့ ဒီမိန်းမကြီး သေသင့်တာပဲအာစရိ... နားကြားပြင်း ကတ်လိုက်တာဗျာ ... ငိုတာတောင် ကောင်းကောင်းမငိုဘူး ... ဟိုပုတ်ခတ် ဒီပုတ်ခတ်နဲ့"

"အေးကွ ..."

ကျွန်ုပ် သုဘရာဇာကြီးသက္ကသည် ဘုံပြတ်ဇရပ်မှာ ခန့်ညား စွာရပ်စောင့်နေလေသည်။ ဘုံပြတ်ဇရပ်က ကျွန်ုပ်အပိုင်စားရထားတဲ့ ပိုင်နက်မြေပဲလေ။ ဒီလိုအဆင့် အတန်းခွဲခြားတတ်တဲ့ မိန်းမကြီးမျိုးကို ကျွန်ုပ် လုံးဝအောက်ကျနောက်ကျ မခံနိုင်၍လည်း ဖြစ်လေသည်။

"သားလေးရယ် ... အမေ ဘယ်လိုဖြေရမလဲ ... အသုံးမကျအဖိုး မတန်တဲ့ လူတွေတော့ မသေကြဘူး ... ကျုပ်နမြောလိုက်တာ... အမေ မမြင်ရက်ဘူး ... သေမင်းရယ် ... ကျုပ်သားလေးကိုမှ ဘာဖြစ်လို့ ရွေးခေါ်သွားရတာလဲ ..."

သူဌေးကြီးကတော့ ဝမ်းနည်းကြေကွဲမှုတွေနှင့် မျက်နှာက ညှိုးမှိုင်းနေပြီး သူဌေးကတော်ကြီးလောက် သရုပ်ပျက်မနေပေ။ အသုဘ အခေါင်းတင်ထားတဲ့ ခုတင်က ဇရပ်ပျက်ကြီးပေါ် ရောက်လာသည်။

သရဏဂုံတင်ပေးမယ့် ဆရာတော်ဦးကိတ္တိနှင့် ဘုန်းတော်





ကြီးငါးပါးလည်း ရောက်ရှိလာကြလေတော့၏။

"ကဲ ... ဝမ်းနည်းကြေကွဲမနေကြနဲ့တော့ ... သင်္ခါရသဘောပဲ ... ဘယ်သူမှ မမြဲကြပါဘူးလေ ... အတိတ်ကံပေးသလောက်ပဲ လူ့လောကကြီးထဲမှာ နေရမှာပဲလေ ... တရားနာကြရမယ် ..."

ကျွန်ုပ်ရဲ့အကြည့်တွေက အခေါင်းအတွင်းမှာရှိနေတဲ့အလောင်း မှာ ဘာပစ္စည်းတွေပါမလဲ ဆိုတာပဲဖြစ်လေသည်။ သူဌေးသားရွှေမြအုတ်ဂူ ကို ဖွင့်လို့ပိတ်လို့ အလွယ်တကူဖြစ်အောင် ကျွန်ုပ်စီစဉ်ထားလေသည်။ ကျွန်ုပ်အတွက် စိတ်ဝင်စားစရာအကောင်းဆုံးက အလောင်းမှာ ဆင်မြန်း ထားမယ့် အသုံးအဆောင်ပဲဖြစ်လေသည်။

"အခေါင်းဖွင့်လိုက်ပါ ..."

ကျွန်ုပ်အကြည့်တွေက အခေါင်းအတွင်းသို့ လွန်စွာစူးစိုက် ရောက်နေလေသည်။ ကျွန်ုပ်လက်ထောက် သုဘရာဇာအုံးမောင်နှင့် ရွာ သားတချို့က အခေါင်းကိုဖွင့်လိုက် ကြလေတော့သည်။

"အမလေး သားရဲ့ ... အမေ ဘယ်လိုမြင်ရက်ပါ့မလဲ ... ရွှေလိုဥ ထားတဲ့ သားလေး ... အဖိုးတန်သားလေး ... ဟိုငမွဲတေ အသုံး မကျတဲ့လူတွေကိုတော့ ဘာဖြစ်လို့ မခေါ် တာလဲ သေမင်းရဲ့ ..."

"မယ်နု စိတ်ကိုထိန်းပါကွာ ... ဖြစ်ပျက်လို့ပဲ ရှုစမ်းပါ ..."

"ရှင်ပဲ အဲဒီဖြစ်ပျက်ဆိုတာကြီးကိုရှု၊ ကျုပ်တော့ မရှုနိုင်ပါဘူးတော်"

ကျွန်ုပ်အကြည့်တွေက အလောင်းဆီသို့ စူးစိုက်စွာကျ ရောက်သွားပြီး တွေ့လိုက်ရတဲ့အရာတွေက ကျွန်ုပ်မျက်လုံးတွေကို ပြူး ကျယ် တောက်ပသွားစေတော့လေသည်။ သူဌေးသား ရွှေမြအလောင်းမှာ လွှမ်းထားတဲ့ အဝတ်အစားတွေက တန်ဖိုးကြီးသော ဘန်ကောက်ပိုးပုဆိုး ဖြစ်နေလေတော့သည်။ ရွှေကြယ်သီးတစ်စုံတပ်ထားသော ရှပ်အင်္ကျီ ပေါ်ပလင်အနားပြာအင်္ကျီက ကျွန်ုပ်မျက်လုံးတွေကို ပိုပြီးပြူးကျယ်ဝိုင်းစက် သွားရလေသည်။ ရွှေကြယ်သီးတစ်စုကို အလောင်းမှာထည့်မြှုပ်မှာလား။ ကျွန်ုပ်စိတ်အဝင်စားဆုံး ဖြစ်သွားရ၏။

ဆရာတော်ဦးကိတ္တိက သူဌေးသား ရွှေမြအလောင်းအား



www.burmeseclassic.com

www.burmeseclassic.com



သရဏဂုံတည်ပေးနေသံထက် ကျွန်ုပ်ကတော့ တရားကို အမြန်အဆုံး အသတ်ပြီး အလောင်းကို ဂူသွင်းသင်္ဂြိုဟ်တော့မည်ဆိုတဲ့အသံပဲ နားစွင့်နေမိလေသည်။

ကျွန်ုပ်စိတ်မရှည်ချင်တော့ဘဲ ဆရာတော်ကလည်း တရားချနေတာ ရှည်လွန်းတယ်။ ဟိုမိန်းမကြီး ဒေါ်မယ်နုက ဘယ်လိုတရားချချ အတ္တကြီးလွန်းတော့ ဘယ်လိုမှ တရားရမှာ မဟုတ်ပါဘူး ဆရာတော်ဘုရားဟု ပြောချင်နေမိလေတော့သည်။ သူဌေးသား ရွှေမြအသုဘအစီအစဉ်တွေ တစ်ခုပြီးတစ်ခုနှင့် မပြီးဆုံးနိုင်တော့ဘဲ ဖြစ်နေရ၏။ ကျွန်ုပ်သား သူတော်နန္ဒကလည်း အသုကမ္မဋ္ဌာန်း စီးဖြန်းနေသည်ထင်ရ၏။ အလောင်းကိုစိုက်ကြည့်ပြီး ငြိမ်သက်နေလေသည်။

သားမောင်မောင်သန့်ရယ် အဖေ တာဝန်ကျေသွားချင်တယ်ကွာ။ မင်းကိုတော့ လူတစ်လုံး သူတစ်လုံးဖြစ်အောင် အဖေ လုပ်ပေးရမှာပဲကွ။ ဇာတ်မြှုပ်နေတာ ဘာဖြစ်လဲ။ အဖေတို့မှ မပြောရင် ဘယ်သူမှ မပြောနိုင်ပါဘူးကွာ။ မင်းကို သူဌေးကြီး မောင်မောင်သန့်အဖြစ် အဖေမြင်တွေ့ချင်တာပါ။

"သုဘရာဇာကြီး ... "

"ဟင် ... "

"ကျုပ်သားကို ဒီအတိုင်းပဲ သင်္ဂြိုဟ်မယ် ... နောင်ဘဝတွေမှာလည်း သူဌေးမိုက်ထဲ ဝင်စားအောင် အပြည့်အစုံထည့်ပေးလိုက်တာနော် ... သုဘရာဇာကြီးက တာဝန်ယူ စောင့်ရှောက်ပေးထားပါ ... ကျုပ်စောင့်ရှောက်ခ ပေးပါ့မယ် ... "

"ကျုပ်စောင့်ရှောက်ပေးပါ့မယ် စိတ်ချပါ ... "

သူဌေးကတော်ကြီး ဒေါ်မယ်နုအား ကျွန်ုပ် အလျင်အမြန်ပင် ကျွန်ုပ်တာဝန်ယူကြောင်း ပြောလိုက်မိလေသည်။ တော်တော်လျှာရှည်တဲ့ မိန်းမကြီးပဲ။ သူဌေးသား ရွှေမြ အလောင်းအား ဂူသွင်းဖို့အရေး ဒေါ်မယ်နုကို အတင်းဆွဲထားပြီး ချုပ်နှောင်ထားရသည်။

"ကျုပ်သားနောက်ကို ကျုပ်လိုက်မယ် ... သားလေးမောင်ရွှေမြရယ်





အမေ့ကိုပါ တစ်ခါတည်း ခေါ်သွားလိုက်ပါတော့လား ... "

သူဌေးကြီးကလည်း သူဌေးကတော်ကြီးအား ဘာမှမပြောရဲပေ။ ကြောက်ပုံပင်။ ကျွန်ုပ်ကတော့ သူဌေးသားရွှေမြအလောင်းကို အုတ်ဂူထဲထည့်ပြီး ပိတ်ချင်နေမိလေသည်။ အလောင်းမှာ လွှမ်းထားတဲ့ အဝတ်အထည်တွေရော ရွှေကြယ်သီးတစ်စုံကိုရော ကျွန်ုပ် အလျင်အမြန် ထုတ်ယူ သိမ်းဆည်းထားချင်လွန်းလှပြီ ဖြစ်လေသည်။

"ငမောက် ... "

"အမိန့်ရှိပါ သူဌေးကတော်ကြီး ... "

"အုတ်ဂူပိတ်တာကို ပြီးတဲ့အထိ နင်စောင့်နေ ... သုဘရာဇာတွေက ယုံရတာမဟုတ်ဘူး၊ သေသေချာချာစောင့်ကြည့်ထား ... "

"ဟုတ်ကဲ့ ... "

"ဒီမှာသုဘရာဇာကြီး ကျုပ်သားအုတ်ဂူကို စောင့်ရှောက်ထားနော်... ကျုပ် မကြာ ခဏလာကြည့်မှာပဲ ... တစ်ခုခုဖြစ်ရင်တော့ မလွယ်ဘူးသာမှတ် ... "

သူဌေးကတော်ကြီး ဒေါ်မယ်နုကို တော်တော်လျှာရှည်တာပဲဟု ကျုပ် စိတ်မရှည်စွာဖြင့် တွေးမိနေလေသည်။ သေချာအောင်ပြောဆိုပြီးမှ ပြန်၍ထွက်သွားလေသည်။

"ကျုပ်က သူဌေးကတော်ကြီးကို ကြောက်လို့သာ နေခဲ့ရတာ ... သရဲဆို အရမ်းကြောက်တာဗျ ... သချိုင်းဆို ကျုပ်ရှောင်တယ်... ဘယ်သူ့အသုဘမှ လိုက်မပို့ခဲ့ပါဘူးဗျာ ... သူဌေးသားသေမှ မကောင်းတတ်လို့ အလောင်းလိုက်ထမ်းပေးတာ ... အရေးထဲ ဒီအဘွားကြီးက ကျုပ်ကိုအစောင့်ထားခဲ့သေးတယ် ... "

သူဌေးသားရွှေမြအုတ်ဂူပိတ်တာကို အစောင့်ထားခဲ့သော သူရင်းငှား ငမောက်က တုန်လှုပ်ချောက်ချားတဲ့အသံနှင့် ပြောနေသည်။

"ဒီသချိုင်းက သရဲအရမ်းခြောက်တာကွ ... သူဌေးတွေသေလို့ မြှုပ်တာလေ ... အစွဲအလမ်းကြီးကြသူတွေကြီးပဲ ... သရဲအရမ်းများတဲ့ သချိုင်းပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... "

ကျွန်ုပ်က တပည့်ကျော် သုဘရာဇာအုံးမောင်အား မျက်စိတစ်ဖက်မှိတ်ပြလိုက်ပြီးသရဲခြောက်တဲ့အကြောင်းတွေပဲပြောနေတော့သည်။

"ငမောက် ... "

"ဗျာ ... "

"မင်းအရမ်းကြောက်နေရင်လည်း ကျုပ်တပည့်အုံးမောင်နဲ့ တဲမှာ အရက်သောက်ရင်း စောင့်နေပေတော့ ... "

"ဟုတ်တယ် ကိုငမောက် ... လာ ... လာ ... ကျုပ်ဆရာက သေချာအောင်လုပ်ပေးမှာပါ ... မပူနဲ့ ညနေစောင်းမှောင်မှ ခင်ဗျားပြန်ရမှာ ... "

"ဟင် ... "

"လာပါ အရက်သောက်ရင်းစောင့်ကြမယ် ... အပြန်လည်း လိုက်ပို့ပါ့မယ်၊ ဆရာ ခပ်စောစောပြီးအောင်တော့ လုပ်ပေးပါ ... "

"အေးပါ စိတ်ချ ... ငါအကောင်းဆုံးလုပ်ပေးမယ် ... "

ငမောက်ကိုခေါ်ပြီး သုဘရာဇာအုံးမောင်က ထွက်သွားလေတော့သည်။ ကျွန်ုပ်ကျေနပ်သွားရတော့၏။ ဘုံပြတ်သချိုင်းက သူဌေးတွေမြေမြှုပ်တာများတော့ ကျွန်ုပ် ကိုယ်ကျင့်တရားတွေကိုလည်း ယုံကြည်ကြ၏။ မဟုတ်တာ မမှန်တာ ဘယ်တော့မှ မလုပ်သော သချိုင်းစောင့်ကြီးတစ်ယောက်ပါ။ ဒါပေမဲ့ ကျွန်ုပ်သားအတွက် စည်းဖောက်ပြီး လောဘဇောတိုက်မိနေလေတော့သည်။

သူဌေးသားရွှေမြအခေါင်းကို အလျှင်အမြန်ဆွဲထုတ်လိုက်ပြီး လွှမ်းထားတဲ့ အဝတ်အထည်တွေနှင့် ရုပ်အကျီမှာတပ်ထားတဲ့ ရွှေကြယ်သီးကို ဖြုတ်ယူသိမ်းဆည်းထား လိုက်တော့သည်။ ပြီးမှ ခေါင်းထဲမှအလောင်းကို မချိုးပြီး အုတ်ဂူထဲသို့ အလောင်းကြီး ပြန်သွင်းလိုက်မိသည်။ အလောင်းမှာ အဆင်တန်ဆာတွေပါသွားတော့လည်း ဘာလုပ်မှာလဲ။ အကျိုးမဲ့လွန်းသည်။ ကျွန်ုပ်သုံးချလိုက်တာကမှသေသူရွှေမြကုသိုလ်ရဦးမည်ဖြစ်လေသည်။





ကျွန်ုပ်သား သူတော်နန္ဒကလည်း သချိုင်းဇရပ်မှာ အချိန်ပြည့် တရားအား ထုတ်ကျင့်ကြံနေလေတော့၏။ ဘုံပြတ်သချိုင်းတစ်ခုလုံး ကျွန်ုပ်တစ်ယောက်တည်း ရွှေမြအုတ်ဂူနားမှာရှိနေပြီး စိတ်တိုင်းကျ လုပ်ဆောင်၍ရနေ၏။

ကျွန်ုပ်သည် သူဌေးသားရွှေမြအုတ်ဂူအား အသေအချာပိတ်ပြီးမှ ကျွန်ုပ်၏ သုဘရာဇာအိမ်လေးဆီသို့ ပြန်လာခဲ့မိသည်။

နေရောင်ကညိုနေပြီ။ ငမောက်ကတော့ အုတ်ဂူပိတ်တာတောင်မသိဘဲ အရက်ကိုစိတ်တိုင်းကျ ကျိတ်နေလေတော့သည်။ ငမောက်အရက်ကြိုက်နှစ်သက်တတ်တာ ကျွန်ုပ်သိထားလေသည်။

"ငမောက် ... အုတ်ဂူပိတ်လို့ပြီးပြီကွ ... မင်းသွားကြည့်မလား သေချာတော့ ပိတ်ထားတာပဲ လာလေ ... "

"ဟာ ... မကြည့်တော့ပါဘူး ... သုဘရာဇာကြီးကို ယုံပါတယ်ဗျာ ... မဟုတ်တာ မလုပ်ဘူး ... ရိုးသားဖြောင့်မတ်တယ်ဆိုတဲ့သတင်းက ကျုပ်တို့ကိုးရွာ ကိုးသချိုင်းမှာ နာမည်အထင်ကရပဲဟာ ... "

သရဲကြောက်တတ်တဲ့ ငမောက်အုတ်ဂူအချောကိုင်တာကို ဘယ်တော့မှ လိုက်မကြည့်ဘူးဆိုတာ ကျွန်ုပ်တွေးထားပြီးဖြစ်၍ ဟန်ဆောင် ခေါ်လိုက်ခြင်း ဖြစ်လေ၏။

"ဒါဆို ငမောက်ကို လိုက်ပို့လိုက် အုံးမောင် ... မှောင်သွားရင် မကောင်းဘူး သရဲတစ္ဆေနာနာဘာဝတွေ ... "

"အမလေး ... ဆက်မပြောပါနဲ့တော့ တော်ပါပြီ ... ကျုပ်ကိုသာ ရွာထိပ်အထိ လိုက်ပို့ပေးပါတော့ဗျာ ... "

သူရင်းငှားငမောက် ဒယိမ်းဒယိုင်နှင့် ထပြေးသွားလေတော့သည်။ တိတ်ဆိတ်ငြိမ်သက်စပြုလာပြီဖြစ်တဲ့ သချိုင်းကြီးထဲမှာ ကျွန်ုပ်ရဲ့ ကျေနပ်ပီတိတွေဖြာနေတဲ့ ရယ်သံကြီးဟာ ပျံ့လွင့်ကျန်ရစ်ခဲ့လေတော့၏။

ကျွန်ုပ်လည်း ရှာဖွေရရှိသမျှ ငွေကြေးနှင့် ဥစ္စာပစ္စည်းငွေကို ကျစ်ကျစ်ပါအောင် စုဆောင်းထားမိလေတော့သည်။ သားမောင်မောင်သန့်အား လူတစ်လုံးသူတစ်လုံး နှင့် ဘဝမှာမော်မော်ကြွားကြွား ရပ်တည်နိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြန်လည်ထူထောင်ပေးချင်တဲ့ဆန္ဒတွေက ကျွန်ုပ်နှလုံးသည်းအိမ်ထဲမှာ လွန်စွာပြင်းပြပြီး တွယ်ကပ်နေလေတော့သည်။

သားမောင်မောင်သန့်ရဲ့ ဒီဘဝတော့ လွတ်မြောက်နိုင်ဖို့ လမ်းမရှိတော့ပါဘူး အဖေရာဟူသောစကားကို ကျွန်ုပ်ပြန်လည်ချေဖျက်ပေးချင်မိလေ၏။ သုဘရာဇာဦးသက္က အရင်ကလို စေတနာ့ဝန်ထမ်းမရှိတော့။ အသုဘဖြစ်တာနဲ့ ကျွန်ုပ်နှင့်ကိုယ်ရကိုယ်ယူ မောင်မြသူတို့ကတော့ သပိတ်ခင် အိတ်ဝင်ပဲလေ။

"သုဘရာဇာကြီး သူဌေးဖြစ်နေပြီဆိုဗျ ... "

တစ်နေ့ ရွာထဲက အသုဘတစ်ခုလာပို့ရင်း ကိုယ်ရကိုယ်ယူမောင်မြသူဟု နာမည်သတင်းကြီးနေတဲ့ မောင်မြသူက ကျွန်ုပ်အား ခပ်ရိရိလေးပြောလိုက်လေတော့သည်။

"မင်းကများ ပြောရသေးတယ် မောင်မြသူရာ ... ရွာထဲမှာ အသုဘတစ်ခုဖြစ်တာနဲ့ မင်းက သပိတ်ဝင်အိတ်ဝင်ပဲလေ ... မင်းအိမ်လည်းရိက္ခာအပြည့်ဖြစ်ရော ... "

"ကျုပ်က အသုဘကိစ္စတွေ အဆင်ပြေအောင် စီစဉ်လုပ်ဆောင်ပေးရတာလေ၊ အသုဘရှင်တွေက စိတ်ပူပင်သောကရောက်နေကြတာ မဟုတ်လား၊ အလောင်းပြင်ဖို့ သင်္ဂြိုဟ်ဖို့ စရိတ်မတတ်နိုင်တဲ့ မသာရှင်တွေအတွက်လည်း စီစဉ်ပေးရတာဗျ၊ ကိုယ့်အိမ်စရိတ်လေးတော့ ယူသင့်ပါတယ်လေ၊ လူတွေက နည်းနည်းမှ ကိုယ်ချင်းမစာတတ်ပါဘူး ... ကျုပ်ကိုများ နာမည်ဖျက်ရတယ်လို့ပဲ"

လေရှည်လွန်းတဲ့ မောင်မြသူအား ဘယ်လိုမောင်းထုတ်ရင်ကောင်းမလဲလို့ ကျွန်ုပ်စဉ်းစားမိလေသည်။ ကျွန်ုပ်ကို သူဌေးဖြစ်တော့မယ်လို့ အော်ကြီးဟစ်ကျယ်ပြောနေတာကို ကျွန်ုပ်မနှစ်သက်မိပေ။ သတင်းကြီးသွားမှာ ကျွန်ုပ်အကြောက်ဆုံးဖြစ်နေမိလေတော့သည်။

"မောင်မြသူ ... "

"ဗျာ ... "

"တကယ်တော့ မင်းလည်း ကျုပ်တို့လိုပဲ သုဘရာဇာပဲ မဟုတ်





လားကွ"

"ဟာ ... ခင်ဗျားကြီး မင်္ဂလာမရှိတာတွေ လာပြောနေပြန်ပြီ ... ကျုပ်က အသုဘရှင် တွေကို ကူညီတာဗျ ... "

"အေးလေ ... ငါတို့လည်း အသုဘကိစ္စတွေမှာ အကူအညီအထောက်အပံ့ ပေးနေကြတာပဲလေ အတူတူပဲ ... မင်းကို ဒီနေ့ကစပြီး သုဘရာဇာမောင်မြသူလို့ ကျုပ်က ဘွဲ့အမည်နာမပေးလိုက်တော့မယ် ... "

"တော်ပြီဗျာ ... ခင်ဗျားကြီးနဲ့ပြောရတာ ကျက်သရေမရှိလိုက်တာ ... ဒီမှာ ကျုပ်ကို နာမည်တော့ မဖျက်နဲ့နော်၊ သွားမယ်ဗျာ ... ကျက်သရေယုတ်လိုက်တာ ထွီ ... "

အသုဘကိစ္စတွေ လုပ်ပေးနေတဲ့ လူတန်းစားချင်းအတူတူ ကျွန်ုပ်တို့ကို ရွံရှာစက်ဆုပ်နေကြတဲ့အထဲမှာ မြောင်မြသူလို လူတန်းစားကပါနေသေးလေသည်။ ဘယ်လောက် ရယ်စရာကောင်းနေလဲ။ ကိုယ်ရကိုယ်ယူ မောင်မြသူပြန်သွား၍ ကျွန်ုပ်စိတ်ထဲမှာ ကျေနပ်သွားရလေတော့၏။

ကျွန်ုပ်လက်ထောက် အုံးမောင်နှင့်အတူ ကျွန်ုပ်တို့ရှာဖွေစုဆောင်းထားတဲ့ ငွေစတွေ ရွှေစတွေကို မြေကြီးထဲမှာ တွင်းတူးပြီး သူဌေးသားရွှေမြရဲ့ ကျွန်းအခေါင်းကြီးထဲမှာ ထည့်သွင်းမြှုပ်နှံထားလေသည်။

"အုံးမောင် ငါတို့သားအဖနဲ့အတူ မင်းတို့လင်မယားလည်း ဘဝသစ်ကို ထူထောင်ကြရမယ် ... ဇာတ်မြှုပ်နေလိုက်ရင် ပြီးပြီ ... မင်းမျိုးဆက် သားသမီးတွေကိုလည်း သုဘရာဇာမျိုးဆက် မဖြစ်စေချင်ဘူး မဟုတ်လား ... "

"ဟုတ်တယ် အာစရိရာ ... ကျုပ် အာစရိကိုကြည့်ပြီး နမူနာယူရမယ် ... ကျုပ်လည်း လွတ်မြောက်ချင်တယ်ဗျာ ... မောင်မောင်သန့်လေးကိုကြည့်ပြီး ရင်ထဲမှာ မကောင်းဘူး ... "

"အုံးမောင် ... "

"ဗျာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ငွေစ ရွှေစတွေဝှက်ထားတာ ဘယ်သူမှ မသိစေနဲ့နော် ... မင်း နှုတ်လုံပါကွာ ..."

"စိတ်ချပါ အာစရိ ... လုံးဝမပေါက်ကြားစေရပါဘူးဗျာ ..."

"အဟွန်း ... ဟွန်း ... ဟွန်း ... မကြာခင် ငါတို့အကြံအစည်တွေ အကောင်အထည် ပေါ်တော့မှာကွ ... ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

ကျွန်ုပ်ကျေနပ်အားရစွာဖြင့် အော်ဟစ်ရယ်မောနေမိလေသည်။ ငွေကြေး အတော်လေးစုဆောင်းမိလာရလေသည်။

"မကြာခင် ဒီကနေထွက်သွားကြမယ် ... သုဘရာဇာဘဝကနေ လွတ်မြောက်အောင် ကြိုးစားကြမယ် ..."

"ဟုတ်တယ် အာစရိ ... ကျုပ် အပြည့်အဝထောက်ခံပါတယ်ဗျာ..."

ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်တော့ အတိုင်အဖောက် ညီညွတ်နေကြလေတော့သည်။ ကျွန်ုပ်သား သူတော်နန္ဒက နတ်တော သူတော် ပဏ္ဍိတနှင့် ပလဲနံပသင့်ပြီး ကျွန်ုပ်ဆီတောင် သိပ်မလာတော့။ ညဆိုရင်လည်း ဇရပ်ပျက်ကြီးမှာပဲအိပ်သည်။

ကျွန်ုပ်၏ သုဘရာဇာအိမ်လေးဆီသို့ ခေါ်၍မရပေ။ တစ်ခါတစ်ရံ သားအတွက် စိတ်ပူမိပေမယ့် ငွေကြေးမပြည့်စုံသေး၍ ကျွန်ုပ် အတော်လေး သည်းခံနေရလေ၏။

ဒီညသည် လမိုက်ညဖြစ်၍ ဘုံပြတ်သင်္ချိုင်းပေါ်မှာ အမှောင်ထုက ပိန်းပိတ်၍ မှောင်အတိ လွှမ်းခြုံထားလေသည်။

သား သူတော်နန္ဒက သူတော်ပဏ္ဍိတနှင့် ဆွေးနွေးစရာရှိ၍ နတ်မကာသင်္ချိုင်းမှာ အိပ်မယ်တဲ့။ ကျွန်ုပ်ရင်ထဲမှာ ဒီနေ့မှ ထူးခြားစွာ လေး လံလှသော ကြီးဖြစ်နေသလို ခံစားနေရလေ၏။ မဖြစ်တော့ဘူး။ ကျွန်ုပ် အကြံအစည်တွေကို အမြန်ဆုံးအကောင်အထည် ဖော်ရတော့မှာပဲလေ။ မကြာခင် သားကိုခေါ်သွားပြီး တစ်မြို့တစ်နယ်ကို ထွက်သွားတော့မယ်။

"ကျုပ် ဘာတွေ မြှုပ်ပြီးလည်း မနေချင်ပါဘူးအဖေ ... ကိုယ့်စိတ်က





သိနေတာပဲ ... စိတ်မသန့်ပါဘူး ... ဒီဘဝမှာတော့ လွတ်မြောက်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူးထင်တယ် အဖေ ..."

"ဘာလို့ မဖြစ်နိုင်ရမှာလဲ သားရယ် ... မင်းက သူဌေးမျိုးရိုးက ဆင်းသက်ပေါက်ဖွားလာတာကွ ... ဘာမှ အားငယ်စရာမရှိပါဘူးကွာ ... သုဘရာဇာအလုပ်ကို မလုပ်တော့ရင် ပြီးပြီကွ ..."

သားမောင်မောင်သန့်က ရုပ်ရည်ရူပကာ ချောမောခန့်ညားရုံမက စိတ်ကလည်း တည်ကြည်ရိုးဖြောင့်သော ယောက်ျားကောင်း တစ်ယောက် ဖြစ်လေသည်။ မဟုတ်တာ မမှန်တာမလုပ်။ ကိုယ်ကျင့်တရားကောင်းသောယောက်ျားဖြစ်လေ၏။ ထိုကဲ့သို့ အရည်အချင်းရှိလေသော သားအား လူမလိုင်ခဲ့ သူဌေးသူကြွယ်အဖြစ် ကျွန်ုပ်မြင်တွေ့ချင်နေလေ၏။

ကျွန်ုပ် အတွေးနယ်ချဲ့ရင်း အိပ်လို့မရဘဲ အမှောင်ထုလွှမ်းနေတဲ့ သင်္ချိုင်းကြီးကိုပင် ငေးမောကြည့်နေမိလေသည်။ ဘယ်လောက်ပဲ အမှောင်ထုဖုံးလွှမ်းနေပါစေ ဘုံပြတ်သင်္ချိုင်းကြီးတစ်ခုလုံး ဘယ်နေရာ ဘာရှိတယ်ဆိုတာ ကျွန်ုပ်မှတ်မိနေခဲ့လေသည်။

ထူးထူးခြားခြားပင် သားသူတော်နန္ဒကို သတိရတမ်းတမိနေ၏။ တွေ့မြင်ချင်စိတ်တွေ ဖြစ်ပေါ်လာရ၏။ ကျွန်ုပ်တို့ပတ်ဝန်းကျင်အနီး တစ်ဝိုက်တွင် ရွာကိုးရွာ စုစည်းပြီး နေထိုင်ကြလေတော့ သင်္ချိုင်းကလည်း ကိုးသင်္ချိုင်းရှိ၍ နေလေတော့သည်။

သင်္ချိုင်းတွေထဲမှာတော့ ကျွန်ုပ်အပိုင်စားရထားတဲ့ ဘုံပြတ်သင်္ချိုင်းက သူဌေးသူကြွယ်တွေ အများစုမြှုပ်နှံသည် ဖြစ်လေ၏။

ကျန်တဲ့သင်္ချိုင်းတွေက ဆင်းရဲသားတွေ မြှုပ်နှံတော့ သုဘရာဇာတွေထဲမှာလည်း ကျွန်ုပ်က နာမည်ဂုဏ်သတင်း အကြီးမြတ်ဆုံးပင် ဖြစ်၍နေလေတော့၏။

အမှောင်ထုက ကျွန်ုပ်မျက်စိက ကျင့်သားရလာသောအခါ ယိမ်းနွဲ့ခါနေတဲ့ သစ်ပင်ကြီးများကို ဝိုးတဝါးမြင်လာရသည်။ အရိပ်ဂူ ဖွေးဖွေးတွေလည်း ကျွန်ုပ်မျက်စိထဲ ပြေးဝင်လာသလိုပင်။ ထိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်ခြင်းက ကြီးစိုးနေလေသည်။ ကျွန်ုပ်သချိုင်းက သူဌေးသချိုင်း ဖြစ်၍ သီးသန့်ဆန်ပြီး သူတောင်းစားတွေ အနာကြီးရောဂါဝေဒနာသည်တွေ နေထိုင်ခြင်းမပြုရလေတော့ ညဥ့်နက်လေ ပို၍တိတ်ဆိတ်ငြိမ်သက်လေ ဖြစ်နေသည်။

အုံးမောင်တို့လင်မယားကလည်း ခပ်လှမ်းလှမ်းရှိ တဲလေးတွင် အိပ်မောကျနေလောက်ပြီ ထင်၏။ မီးရောင်မရှိတော့။ ကျွန်ုပ်လည်း သဘာဝကိုခံစားချင်သဖြင့် မီးအိမ်ကြီးကို မီးမထွန်းညှိဘဲ ထားလေသည်။

ထူးခြားစွာ ဒီည ကျွန်ုပ်စိတ်တွေ လေးလေးလံလံကြီးဖြစ်နေ၏။ စိတ်ထဲကနေ ဘုရားဂုဏ်တော်များ ရွတ်ဖတ်နေမိလေ၏။

အိပ်ပျော်မှပဲလို့ စိတ်ကူးမိပြီး အိပ်ရာဝင်ဖို့အထတွင် ကျွန်ုပ်လက်တွေကို နောက်မှဖမ်းချုပ်ပြီး ကြိုးနှင့်တုပ်နှောင်ခြင်း ခံလိုက်ရလေတော့သည်။ ကျွန်ုပ်မျက်နှာကိုလည်း အဝတ်မည်းတစ်ခုနှင့် အုပ်စည်း ချည်နှောင်ခြင်း ခံလိုက်ရလေတော့သည်။

"မင်းတို့ ဘယ်သူတွေလဲ ... ဘာကိစ္စ ငါ့ကိုဖမ်းတာလဲ ... "

ကျွန်ုပ်ရုန်းကန်ရင်း အော်ဟစ်မေးလိုက်စဉ် ထိုလူတွေက ဘာမှပြန်မဖြေကြဘဲ ကျွန်ုပ်ခေါင်းအား သစ်သားပိုင်းတစ်ခုနှင့် ရိုက်လိုက်လေတော့သည်။

"ခွပ် ... "

"အား ... "

နာကျင်တဲ့ဝေဒနာကို ခံစားလိုက်ရပြီး ကျွန်ုပ်မျက်လုံးတွေ ပြာဝေသွားကာ အမှောင်ထုက ကျွန်ုပ်မျက်ဝန်းတွေထဲသို့ ဝိကျလာသလို ခံစားလိုက်ရလေတော့သည်။

ကျွန်ုပ် သတိရလာသောအခါတွင် အိမ်ကြီးတစ်အိမ်ထဲ ရောက်နေလေတော့၏။ အသိတွေဝင်လာသည်နှင့် အထိတ်တလန့်ဖြစ်သွားရတာ။ အိပ်နေရာမှ ထလိုက်မိသည်။ ခေါင်းထဲမှာ မူးနောက်နောက် ဖြစ်နေလေ၏။

"အား ... ကျွတ် ... ကျွတ်"





တစ်ကိုယ်လုံးမှာ နာကျင်နေပြီး ကျွန်ုပ် ဘယ်များရောက်နေလဲဟု ပတ်ဝန်းကျင်သို့ အကဲခတ်ကြည့်လိုက်မိလေတော့သည်။ သစ်သားတွေနှင့် ကာရံထားတာကလွဲပြီး ကျွန်ုပ်ဘာကိုမှမမြင်ရပေ။ ကျွန်ုပ်တွေးမိလိုက်တာက ကျွန်ုပ်အား ပြန်ပေးဆွဲလာကြတာ ဟူ၍ပင်။

"သုဘရာဇာကြီး ဦးသက္က ... ခင်ဗျား သတိရလာပြီလား ... "

ကျွန်ုပ်အနားသို့ အဝတ်နက်တွေ ခေါင်းမှာချည်နှောင်ထားတဲ့ လူထွားထွား သုံးယောက် တိုးကပ်လာလေသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ ... ကျုပ်ကို ဘာကိစ္စဖမ်းဆီးလာကြရတာလဲ ... "

ထိုလူသုံးယောက်သည် အဝတ်နက်တွေ မျက်နှာမှာ ချည်နှောင်ထားပြီး မျက်လုံးအပေါက်တွေကို ဖောက်ထားကြလေသည်။

"ကျုပ်တို့ ဘယ်သူလဲဆိုတာ သိစရာမလိုပါဘူး ... ကျုပ်တို့က ခင်ဗျားကို ပြန်ပေးဆွဲလာကြတာလေ ... "

"ဘာကွ ... ငါက သုဘရာဇာပဲ ... ဘာမှမရှိပါဘူး ဆင်းရဲမွဲတေပြီး မသာအလောင်းက ထမင်းထုပ်စားနေကြရတဲ့ လူတွေပါ ... "

"ဟား ... ဟား ... ဟား ... ခင်ဗျားကြီး လာမဖြီးနဲ့၊ သူဌေးမသာတွေဆီက ခိုးယူ သိုဝှက်ထားတဲ့ပစ္စည်းတွေ ရွှေတိုရွှေစတွေ အပြည့်ရှိနေတာ ကျုပ်တို့သိလို့ ခင်ဗျားကြီးကို ပြန်ပေးဆွဲလာတာလေ ... "

"မရှိပါဘူး ... ဘာမှမရှိပါဘူး ... သူဌေးအလောင်းတွေက အုတ်ဂူတွေအခိုင်အမာ ပိတ်ထားတာပဲ ... ကျုပ် သုဘရာဇာဖြစ်ပေမယ့် ဒါမျိုးမလုပ်ပါဘူး ... "

"ခွပ် ... "

"အား ... "

"ဒုတ် ... "

"အား ... "

လူထွားကြီးသုံးယောက်က ကျွန်ုပ်အား တစ်ယောက်တစ်လှည့်စီ လက်သီးထိုး တုတ်နှင့်ရိုက်နှက်ကြလေတော့သည်။ ကျွန်ုပ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



အသေသတ်ချင်သတ်ပါစေ မပြောဘူးဟု ဆုံးဖြတ်ထားလေသည်။

"ခင်ဗျားကြီး မလိမ်နဲ့ … အခုတလော ခင်ဗျားကြီး လောဘဇောတိုက်ပြီး ငွေတွေစုနေတယ်တဲ့ မသာပါးစပ်ထဲက ကူးတို့ခတောင်နှိုက်ယူနေတာတဲ့ …"

ခွေးမသား ကိုယ်ရကိုယ်ယူ မောင်မြသူဖြေရတာပဲ ဖြစ်နိုင်လေသည်။ ဒီကောင် ကျွန်ုပ်ကိုမနာလိုဖြစ်ပြီး သတင်းလွှင့်နေတာပဲ ဖြစ်နိုင်လေ၏။

"ကျုပ်မှာ ဘာမှမရှိပါဘူး … တကယ်မရှိတာပါ … မယုံရင်လည်း ကျုပ်ကိုသာ သတ်ပစ်လိုက်ကြပါတော့ …"

ကျွန်ုပ်သေသွားလည်း အုံးမောင်က ပစ္စည်းတွေမြှုပ်နှံထားတဲ့နေရာ သိနေ၍ ဒီကောင် ကျွန်ုပ်အကြံအစည်တွေကို ဆက်လက်ပြီး အကောင်အထည်ဖော်ပေးမှာပါလေ။ အုံးမောင်က ကျွန်ုပ်ကို လွန်စွာကြည်ညိုလေးစားတဲ့ လက်ထောက်တစ်ယောက်ပါပဲ။

"ခင်ဗျားမှာ ရွှေစငွေစတွေ ရှိနေတယ်ဆိုတာ ကျုပ်တို့ သတင်းရှိထားပြီးပြီနော်၊ ပြောလေ … ဘယ်မှာမြှုပ်ထားလဲ … ခင်ဗျားက အလောင်းတွေမြေမြှုပ်နေကျဆိုတော့ ရွှေစ ငွေစတွေလည်း မြေကြီးထဲမှာ မြှုပ်ထားတာပဲနေမယ် ပြောလေဗျာ …"

"မရှိဘူး … သုဘရာဇာပါဆိုမှ ဘယ်ကလာပြီး ရွှေတိုရွှေစရှိမှာလဲ …"

"ခွပ် …"

"ခွပ် …"

"ဒုတ် …"

"ဒုတ် …"

ကျွန်ုပ်သည် နာကျင်တဲ့ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း သားမောင်မောင်သန့်အတွက် ရည်ရွယ်ထား၍ ဒီပြန်ပေးသမားတွေလက်ထဲ လုံးဝမထည့်ဟု အခိုင်အမာ ဆုံးဖြတ်ထားမိလေသည်။

သားအတွက် ကျွန်ုပ်အသက်ကိုပင် ပေးဆပ်၍ အကာ





အကွယ်ပေးလိုလေ၏။ အဖေတာဝန်ကျေချင်တယ်။ နောက်ဆုံးအသက်ပေးပြီးတောင် တာဝန်ကျေပြရမယ်။ ကျွန်ုပ်ကို ဘယ်လောက်ပဲ ရိုက်နှက်ကြပါစေ မသိဘူးဆိုတဲ့ စကားတစ်လုံးပဲပြောပြီး ကျွန်ုပ် ပေခံနေလေတော့သည်။

"အဘိုးကြီး ကျုပ်တို့ ခင်ဗျားကို ပြန်ပေးဆွဲထားကြောင်းနဲ့ ရွှေစငွေစတွေယူပြီး လာရွေးဖို့ စာရေးထားခဲ့တယ် … ခင်ဗျားကြီးလည်း စာရေးပေးရမယ် … ရွှေတို ရွှေစတွေတူးဖော်ပြီး လာရွေးပါလို့ …"

"ကျုပ်မရေးနိုင်ဘူး … ဘာမှလည်းမရှိဘူး … မယုံလည်း ကျုပ်ကိုသာသတ်ပစ်လိုက်ကြပါတော့ …"

"တော်တော်ခေါင်းမာတဲ့ သုဘရာဇာကြီးပဲ … သုဘရာဇာဘဝက ကျွတ်လွတ်ချင်ပြီနဲ့ တူတယ် … ခင်ဗျားကြီး ခေါင်းမာနေရင် ခင်ဗျားကြီးသာပါ သုဘရာဇာဘဝကနေ လွတ်မြောက်အောင် ချွတ်ပေးရတော့မှာပဲ …"

"ငါ့သားကိုတော့ မထိပါနဲ့ကွာ … ငါ့မှာ တကယ်ပဲမရှိလို့ပါကွ … မောင်ရင်တို့ ထင်ထားသလောက်လည်း ကျုပ်မချမ်းသာပါဘူး …"

"ခွပ် …"

"ဒုတ် …"

"ဒုတ် …"

"ဒုတ် …"

ကျွန်ုပ်တစ်ကိုယ်လုံး သွေးတွေချင်းချင်းနီပြီး မျက်လုံးတွေပင်ပြာဝေ မူးနောက်လာရတော့လေသည်။ ကျွန်ုပ် သေချင်သေပါစေ ဝှက်ထားတဲ့ပစ္စည်းတွေကိုတော့ မပေးဘူးဟု စိတ်ကိုခိုင်မာစွာ ကျွန်ုပ်ဆုံးဖြတ်ထားမိလေတော့၏။

"ခင်ဗျားကြီး ခေါင်းမာမနေစမ်းပါနဲ့ … ခင်ဗျားကြီး အသုဘရှင်တွေဆီက မတရား နိုးဝှက်ထားတဲ့ပစ္စည်းတွေပဲ … ခင်ဗျားကြီးမှာ ဘယ်လောက်ရှိလဲဆိုတာ ကျုပ်တို့ သိပြီးသားပဲ … အသားအနာမခံချင်စမ်းပါနဲ့ ပြောလေ …"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူးကွာ ... ငါအမှန်တွေပြောတာပဲ ... ဘာရွှေစမှမရှိဘူး ... မသာထမင်းစားနေရတဲ့ သုဘရာဇာကိုများ ပြန်ပေးဆွဲရတယ်လို့ မရှိဘူး ... ငါ့မှာ ဘာမှမရှိဘူးကွ"

"ဒုတ် ..."

"ဒုတ် ..."

"အား ..."

ကျွန်ုပ် ဘယ်လိုမှ တောင့်မထားနိုင်တော့ဘဲ ကြမ်းပြင်ပေါ် ခွေလဲကျသွားပြီး မျက်လုံးတွေထဲမှာ မှောင်အတိကျသွားလေသည်။

သတိပြန်ရလာသောအခါတွင် ကျွန်ုပ်တဲလေးကို ပြန်ရောက်နေကြောင်း သိလိုက်ရသည်နှင့် ကျွန်ုပ် လွန်စွာဝမ်းသာအားရ ဖြစ်သွားရတော့သည်။ ဒီပြန်ပေးသမားတွေက ကျွန်ုပ်ကို မေးမရတော့လို့ စိတ်လျှော့ပြီး ပြန်ပို့လိုက်တာ ဖြစ်နိုင်လေသည်။

နာကျင်ထုံထိုင်း လေးလံနေတဲ့ ကျွန်ုပ်ခန္ဓာကိုယ်အား အနိုင်နိုင်သယ်ပြီး ကျွန်ုပ်ပစ္စည်းတွေမြှုပ်နှံထားတဲ့နေရာကို သွားကြည့်ရမည်။ ထိုအချိန်တွင် တပည့်ကျော် အုံးမောင်ကိုလည်း ကျွန်ုပ်သတိရသွားပြီး ဒီကောင့်ထံသွားဖို့ စိတ်ကူးရသွားမိလေတော့သည်။

ဒဏ်ရာတွေဗလပွနှင့် သွေးအလိမ်းလိမ်းပေကျံနေသော ကျွန်ုပ်ခန္ဓာကိုယ်က အတော်လေး လေးလံနေပြီ။ ကျွန်ုပ်ရင်ထဲမှာလည်း လွန်စွာမောဟိုက်လာရသည်ဟု ထင်လာရ၏။

ဘုရား ... ဘုရား ... ကျွန်ုပ်သေလို့တော့ မဖြစ်သေးပါဘူး။ သားမောင်မောင်သန့်ကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် လုပ်ပေးရဦးမှာပဲ။ ကျွန်ုပ်ဝှက်ထားတဲ့ ပစ္စည်းတွေကို အမြန်ဆုံးတူးဖော်ယူပြီး ဒီအရပ်ဒေသကနေ အမြန်ဆုံးထွက်ခွာသွားရမယ်။ ကျွန်ုပ်ရဲ့ လေးလံနာကျင်နေတဲ့ ခန္ဓာကိုယ်အား အနိုင်နိုင်သယ်မပြီး ထလိုက်လေတော့သည်။

"အာစရိ ..."

"ဟင် ... အုံးမောင် ..."

"ညက ဓားပြတွေလာပြီး ကျုပ်ကို ရိုက်နှက်ကြတယ် ... ကျုပ်





မိန်းမကိုလည်း မတော်မတရားတွေလုပ်ဖို့ ကြံစည်တော့ ပစ္စည်းတွေ ဝှက်ထားတဲ့နေရာကို ကျုပ်ပြောပြလိုက်ပြီလေ ..."

"ဘာ ..."

"အာစရိရယ် ... လူ့အသက်ထက် ဘာကိုမှ မက်မောတွယ်တာစရာမရှိပါဘူး ... ငွေက ပြန်ရှာရင် ရပါတယ် ..."

"တော်စမ်း ... ဆက်မပြောနဲ့တော့ ... မင်းက သုဘရာဇာဘဝကနေ လွတ်မြောက်မှာ တော်တော်ကြောက်နေလား ... ငါ့ပစ္စည်းတွေကုန်ပြီ ... ငါက အသက်ပေးပြီး ကာကွယ်ထားတာကွ ... မင်း ... မင်း ... သစ္စာမဲ့တယ် ..."

ကျွန်ုပ်ကို ပြန်လွှတ်တာလည်း ဒီကောင်တွေ ပစ္စည်းရသွားလို့ပဲဖြစ်နိုင်လေ၏။ ကျွန်ုပ်ရင်ဝမှာ စူးရှနာကျင်တဲ့ဝေဒနာတစ်ခုကို ပြင်းပြစွာ ခံစားလာရလေတော့သည်။

"အား ..."

"ဟင် ... အာစရိ"

အသက်ရှူရတာလည်း မဝတော့ဘဲ ရင်ဝတစ်ခုလုံး ဆုပ်ကိုင်ဆွဲညှစ်ထားသလို အမောကြီးမောသွားရလေ၏။

"အာစရိ ... သတိထားပါ ... ကျုပ် ဆေးဆရာကြီးကို ပြေးခေါ်လိုက်ပါ့မယ် ..."

"အုံး ... မောင် ... မင်း ... ဒီသချိုင်းကို တာဝန်ယူ ... ပြီးတော့ ငါ့သားကို စောင့်ရှောက်ပေးပါ ..."

ကျွန်ုပ်ပြောလိုတဲ့စကားတွေကို အားယူပြီး ဆုံးအောင်ပြောလိုက်ရ၍ ကျွန်ုပ် ကျေနပ်စွာဖြင့် လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့မည်ဆိုသောအသိနှင့် စိတ်တွေကို လျှော့ပစ်လိုက်မိလေတော့သည်။

"အဖေ ... ကျုပ်တို့ဘဝလွတ်မြောက်မှုတွေက နောက်ဘဝမှ ဖြစ်နိုင်မှာပါ ..."

ကျွန်ုပ်မျက်လုံးတွေက ပြာဝေသွားပြီး အမှောင်ထုထည်ကြီးကာ အထပ်လိုက် ဖိကျသွားရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အာစရိ ... အာစရိ ... လုပ်ကြပါဦးဗျို့ ... ဒို့မှာ အာစရိ ဘာဖြစ်သွားပြီလဲ မသိတော့ဘူး ..."

နံနက် ဝေလီဝေလင်းအချိန်တွင် သချိုင်းမှာ လူသူကင်းမဲ့ တိတ်ဆိတ် ငြိမ်သက်နေရာမှ အုံးမောင်ရဲ့ အော်ဟစ်သံကြီးက ကျယ်လောင်စွာ ထွက်ပေါ်လာရလေတော့သည်။

မနှင်းပန်းလည်း ပြေးထွက်လာပြီး အုံးမောင်နှင့်အတူ တုန်လှုပ်ချောက်ချားစွာဖြင့် အော်ဟစ်ပြန်လေသည်။

"လာကြပါဦးတော် ... ဒီမှာ အဘသက္က ဘာဖြစ်သွားပြီလဲ မသိတော့ပါဘူး ..."

အုံးမောင်က အာစရိဟု တလေးတစား ခေါ်တတ်သော အုံးမောင်ရဲ့ဆရာရင်း သုဘရာဇာကြီးသက္ကရဲ့အလောင်းကြီးကိုဖက်ပြီး အားရပါးရအော်ဟစ် ငိုယိုပစ်လိုက်မိလေတော့သည်။

◆◆◆

သုဘရာဇာကြီး ဦးသက္ကရဲ့အသုဘသည် ဟိုးလေးတကျော်ကျော်နှင့် လွန်စွာစည်ကားသွားရလေတော့သည်။ ဒီလောက် လောဘဇောတိုက်တာ မားပြအတိုက်ခံရတာပဲ ကောင်းသည်ဟု ပြောတဲ့လူကပြော၊ ဒီသုဘရာဇာကြီးက အဆင့်အတန်း အရမ်းခွဲခြားတယ်။ သူ့သားကို မကောင်းကောင်းမွန်မွန်ထားဖို့ အသုဘပါးစပ်က ပိုက်ဆံကိုတောင် နှိုက်ကာယူ၍ တစ်ဖုံ အားမနာတမ်း အပြစ်တင်ကဲ့ရဲ့ ဝေဖန်ပြောဆိုမှုတွေက မမေတာမသတ်အောင် စုံလင်သွားရလေသည်။

ကိုးသချိုင်းမှာ မှီခိုနေထိုင်ကြတဲ့ သုဘရာဇာတွေ သူတောင်းစားတွေနှင့် ဘုံပြတ်သချိုင်းဇရပ်မှာ ပြည့်ကြပ်နေသည်။

ဆရာတော်ဦးကိတ္တိနှင့် သံဃာတော်များလည်း ကြွလာကြသည်။ ကိုးသချိုင်းမှာ မှီတင်းနေထိုင်တရားကျင့်နေကြတဲ့ သုဘရာဇာကြီးရဲ့ မကြည်ညိုသော ဖိုးသူတော်ကြီးတွေလည်း ကြွရောက်



လာကြလေ၏။ ထိုအထဲတွင် ကိုယ်ရကိုယ်ယူ မောင်မြ သူလည်း ရှိနေလေတော့သည်။

"အုံးမောင်... မင်းအာစရိက ဓားပြတိုက်ခံရလောက်အောင် ချမ်းသာသားပဲကွ ... စိတ်မကောင်းပါဘူးကွာ ... မင်းလည်း သတိဝီရိယလေး ထားနေပေါ့ကွာ ..."

"ကိုယ်ရကိုယ်ယူမောင်မြသူ ခင်ဗျားပါးစပ်ကိုပိတ်ထားလိုက်စမ်းပါ... ကျုပ်က ဒေါသတွေ ပေါက်ကွဲနေတာနော် ... ကျုပ် လူသတ်ဖို့ ဝန်လေးမှာမဟုတ်ဘူးဗျ"

မောင်မြသူကတော့ အရမ်းလောဘဇောတိုက်လာနေတဲ့ သုဘရာဇာကြီး ဦးသက္က သေဆုံးသွားတာကို ကျိတ်ပြီး လွန်စွာသဘောကျကျေနပ်မိနေလေသည်။ ဒါမှ အသုဘစရိတ်နည်းပြီး မောင်မြသူလည်း ကိုယ့်အိတ်ထဲ များများထည့်နိုင်မှာ မဟုတ်ဘူးလား။

"ကျုပ် စိတ်မကောင်းတော့ ဖြစ်ရပါတယ်ဗျာ ... သံဝေဂတော့ ရတယ်ဗျို့ ..."

ပြောမယ့်သာပြောတာပါ။ မောင်မြသူက သုဘရာဇာကြီး ဦးသက္ကအလောင်းကို ကူညီပြင်ဆင်ပေးနေလေသည်။ နာမည်ဆိုးတွေနှင့် သုဘရာဇာကြီး ဦးသက္က သေဆုံးသွားရတာ ဟုးလေးတကျော်ကျော် ဖြစ်နေလေသည်။

သုဘရာဇာကြီး ဦးသက္ကအလောင်းကို သရဏဂုံတင်ပြီး မြေမြှုပ်သင်္ဂြိုဟ် လိုက်ကြလေတော့၏။

သူတော်နန္ဒကတော့ အဖြစ်အပျက်တွေက မြန်ဆန်လွန်းသဖြင့် စိတ်ကိုတည်ငြိမ်အောင် အတော်လေး ထိန်းချုပ်နေရလေသည်။

"အဖေ့ကို လောဘဇောမတိုက်ပါနဲ့လို့ ကျုပ် ပြောခဲ့သားပဲ ... အဖေတော့ သုဘရာဇာဘဝကနေ လွတ်မြောက်သွားပြီပဲ ..."

သူတော်နန္ဒ ဖိုးသူတော်ဝတ်တာ လတစ်ဝက်ပဲရှိသေးသည်။ အဖေသေဆုံးခဲ့ လေ၏။ ဘဝလွတ်မြောက်ရာက သေခြင်းတရားပဲ အဖေ။ ကျုပ်ပြောသားပဲ အသက်ကြီးမှ အသေဆိုးနာမည်ဆိုးတွေနဲ့ အဖေသေဆုံး



www.burmeseclassic.com

www.burmeseclassic.com



ရတာ သံဝေဂရနေမိလေတော့သည်။

"သူတော်နန္ဒ ..."

"ဟင် ..."

အဖေမရှိတော့သည့်အတွက် ဘုံပြတ်သချိုင်းကို အပိုင်စားရထားသော အစ်ကိုအုံးမောင်က သူတော်နန္ဒနောက်မှ ရောက်လာလေတော့သည်။

"သူတော့်အဖေက သူတော့်ကိုစောင့်ရှောက်ဖို့ ကျုပ်ကိုအသေအချာ မှာထားခဲ့တယ် ... သူတော် ဒီမှာပဲနေပါ ... သူတော်ဆန္ဒရှိတဲ့ အတိုင်း လုပ်ဆောင်ပါသူတော် ..."

"ကျုပ်ကတော့ လောလောဆယ် ဖိုးသူတော်အဝတ်နဲ့ပဲ နေထိုင်ဦးမယ် ဒကာကြီး ... ကျုပ်အတွက် ဘာတစ်ခုမှ ပူပင်သောကရောက်စရာ မလိုဘူးနော် ..."

သုဘရာဇာကြီးအုံးမောင်ကိုလည်း သူတော်နန္ဒ ရှင်းလင်းအောင် တိကျပြတ်သားစွာ ပြောပြထားလိုက်မိလေတော့သည်။

"ကျုပ် ဘုံပြတ်ဇရပ်မှာပဲနေမယ် ... ဒကာကြီးကတော့ သူတော့်အဖေကို နမူနာယူပြီး တော်တော်လေး နောင်တရလောက်ပြီ ထင်ပါတယ်နော့ ..."

"တင်ပါ့ဘုရား ..."

"လောဘဇောမတိုက်ပါနဲ့ ... အလိုရမ္မက်မကြီးပါနဲ့ လူ့လောကကြီးထဲ လူတစ်ယောက်ရောက်လာတယ်ဆိုရင် ကံကြမ္မာဆိုတာက သူနဲ့အတူ ကပ်ပါလာပြီးသားပါပဲ ဒကာကြီး၊ ဝဋ်ကြွေးရှိသရွေ့ ခံရမှာပဲ၊ ကျွတ်ချိန်တန်ရင်လည်း ကျွတ်လွတ်မှာပါလေ ..."

"သူတော်နန္ဒက တကယ့်ကို တရားမျှနဲ့ ပြည့်စုံပြီး ရုပ်အဆင်းကလည်း ကြည်ညို စရာအလွန်ကောင်းတာပဲ ... သူတော်နန္ဒအဖေ မျှော်လင့်ချက်တွေကြီးမားတာ လည်း အပြစ်ပြောစရာမရှိပါဘူးလေ ... သူတော်က ရုပ်ဆင်းရူပကာက အလွန်ခန့် ထည်တာပဲ... သေသွားတဲ့ကောင် ဟိုသူဌေးသားရွှေမြတောင်သူတော်နန္ဒလောက်





သူဌေးရုပ်မပေါက်ဘူး ..."

သူတော်နန္ဒကတော့ ဘဝရဲ့လွတ်မြောက်ရာလမ်းတစ်ခုကိုပဲ ရှေ့ရှုစဉ်းစား ဆင်ခြင်နေမိလေတော့သည်။ သူတော်အဝတ်နှင့် တရားအားထုတ်ကျင့်ကြံရတာ နည်းနည်းတော့ အခက်အခဲရှိနေလေသည်။ စဝတ်ကတည်းက ယခုအချိန်ထိ ညနေရောက်တိုင်း ဗိုက်အလွန်အမင်းဆာနေခြင်းပင် ဖြစ်သည်။ ရှစ်ပါးသီလကို မကျိုးပေါက်အောင် ကျွန်ုပ်အတော်လေး စောင့်ထိန်းနေရလေတော့၏။

"သူတော်နန္ဒ ..."

"ပြောပါ ..."

"လိုအပ်တာရှိရင်လည်း တပည့်တော်ကို အားမနာပါနဲ့နော် ... ပြောပါ ... သူတော် ဆွမ်းကွမ်းကအစ ကျွန်ုပ်တာဝန်ယူပါတယ်"

"ကောင်းပါပြီ ဒကာကြီး ... သချိုင်းမှာက ဆွမ်းကွမ်းစားစရာ ပူမှမပူရတာပဲ ... ကျုပ်လည်း တစ်သက်လုံး အလောင်းမှာပါလာတဲ့ ထမင်းဟင်းတွေကို စားသောက်လာတာပဲ ... ဖြစ်ပါတယ် ဒကာကြီး ... ဘာမှ ပူပင်သောကတွေ မထားပါနဲ့လေ"

သုဘရာဇာအုံးမောင်က သူတော်နန္ဒအနားကနေ ထွက်သွားလေတော့သည်။ အသုဘကိစ္စ ပြီးသွား၍ ဘုံပြတ်သချိုင်းမှာ လူသူကင်းမဲ့သွားရလေတော့သည်။ သူတော်နန္ဒ တစ်ယောက်တည်း ဘုံပြတ်သချိုင်းဇရပ်မှာနေရင်း စိတ်ကိုတည်ငြိမ်အောင် ကြိုးစားလေ့ ကျင့်နေမိလေတော့သည်။

"သူတော်နန္ဒ ..."

"ဘုရား ..."

သူတော်နန္ဒအနား ရောက်လာသူက သူတော်ဦးပဏ္ဍိတပင်ဖြစ်လေသည်။ ဦးပဏ္ဍိတအား သူတော်နန္ဒ လွန်စွာလေးစားကြည်ညိုအားကိုးမိနေလေသည်။ နန္ဒအတွက် သိမှတ်စရာတွေ တရားဓမ္မတွေ ငြိနည်းတွေ ကျင့်ကြံအားထုတ်မှုတွေ မြောက်မြားစွာ နာယူမှတ်သားခွင့် ရရှိနိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ သူတော်ပဏ္ဍိတဘုရား ... သူတော် မပြန်သေးဘဲကိုး ... နန္ဒကပြန်ပြီထင် တာပါ ... "

သူတော်ပဏ္ဍိတသည် သူတော်နန္ဒဘေးမှာ ဝင်ထိုင်လေသည်။ နန္ဒထက် ဆယ်နှစ်ကျော်လောက်သာကြီးပေမယ့် အတော်လေးတည်ကြည်ရင့်ကျက်နေလေ၏။

"သူတော်နန္ဒက ငယ်ရွယ်ပေမယ့် အတော်လေးစိတ်တည်ငြိမ်မှုတွေ ရှိနေတာပဲလား"

"တပည့်တော်စိတ်ထဲ တွေးမိတာက အဖေ ဒီဘဝကလွတ်မြောက်သွားပြီလို့ပါပဲ ဘုရား ... "

"နောက်ဘဝမှာ ဘာဖြစ်မလဲဆိုတာ ဘယ်သူက ကြိုတင်သိထားနိုင်မလဲ ... ဒီဘဝပဲ လွတ်မြောက်တာ ... နောင်ဘဝမှာ ခွေးဖြစ်မလား၊ ဝက်ဖြစ်မလား၊ ကြက်ဖြစ်မလား၊ နွားဖြစ်မလား၊ ဘာဖြစ်မလဲ ငရဲကျမလား ကောင်းကင်ဘုံပေါ်တက်မလား သံသရာမှာ ကျင်လည်ကျက်စားရမှာက အများကြီးပဲလေ ... "

သူတော်ပဏ္ဍိတက ရှင်းပြတာတွေကို နားထောင်ရင်း နားထောင်ရင်း အဖေ့အတွက်ပင် ပူပင်သောကတွေ ရောက်သွားရလေ၏။

အဖေသေခါနီးတွင် ကုသိုလ်ကောင်းမှုထက် အကုသိုလ်တွေက များလွန်းနေသည်ဟု ထင်မိလေသည်။ မသာရှင်တွေဆီက လောဘဇောတိုက်ပြီး မတရား ရယူထားတတ်လေတော့သည်။

"ဒီဘဝမှာ ကောင်းမှုကုသိုလ်တွေ ဥပုသ်သီလတွေ စောင့်မယ် ... ကောင်းတာတွေပဲ လုပ်မယ်ဆိုရင် နောင်ဘဝအတွက် နည်းနည်းပါးပါး စိတ်အေးရတာပေါ့ သူတော် ... "

အဖေလူဖြစ်ရတဲ့သက်တမ်းတစ်လျှောက်လုံးမှာ အကောင်းတော့ သိပ်မများလှပါ။ အရက်သေစာတွေ သောက်စားမူးယစ်ခြင်းနှင့် ကြက်တိုက်ခြင်းတွေပဲ ရှိနေလေ၏။

သုဘရာဇာဖြစ်ပြီး အရက်ပြတ်သွားတဲ့ အချိန်လေးလောက်မှာပဲ စေတနာထားပြီး အသုဘကိစ္စတွေ ဆောင်ရွက်ပေးတာမျိုးပဲ ရှိခဲ့လေ





သည်။ အခုတလောမှာတော့ အဖေသည် လောဘဇောတိုက်ပြီး ငွေရှာနေတာတွေ သူတော်နန္ဒသတင်းကြားနေရလေ၏။

"မကောင်းတာလုပ်တဲ့လူကတော့ မကောင်းတာပဲ ဖြစ်မှာပါပဲလေ... ရှေ့ကဝိဘက် တကောက်တက်၊ ယခုဝိဘက်ကုပ်ပိုးတက်တဲ့ ... ကြောက်စရာကောင်းတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့ သူတော် ... သုဘရာဇာကြီး ဦးသက္ကရဲ့အဖြစ်ကတော့ သံဝေဂယူစရာ တွေကြီးပါပဲလေ ... "

အဖေရလိုရငြား ကုသိုလ်ကောင်းမှုတွေ လုပ်ပေးချင်လာမိလေသည်။ သူတော်နန္ဒ တရားမမွကျင့်ကြံအားထုတ်ပြီး သာသနာ့ဘောင်မှာ နေထိုင်ရင်း အဖေ့အတွက် ကုသိုလ်ရစေမည်ဟု ဆုံးဖြတ်ချက်ချနေမိလေတော့သည်။

"အမိကတော့ စိတ်ပဲသူတော် ... လူ့လောကကြီးမှာ လူလာဖြစ်ဖို့ဆိုတာ လွန်စွာမလွယ်တဲ့ အဖြစ်အပျက်ပဲလေ ... မိုးပေါ်က အပ်တစ်စင်းနဲ့လူပြည်က အပ်တစ်စင်းထိဖို့ လွယ်ချင်သာလွယ်မယ်၊ လူဖြစ်ဖို့က မလွယ်ဘူးတဲ့ ... "

သူတော်ပဏ္ဍိတရဲ့ အဆိုအမိန့်တွေကို သူတော်နန္ဒ ငြိမ်သက်စွာ အာရုံစူးစိုက်စွာ နာယူနေမိလေ၏။

"အသိဉာဏ်ရှိတဲ့လူလာဖြစ်ရတဲ့ဘဝမှာ ကောင်းတဲ့အလုပ်တွေကိုပဲ လုပ်တာက အသင့်တော်ဆုံးပဲထင်တယ် ... သူတော်လက်ခံနိုင်ရဲ့လား ... "

"လက်ခံပါတယ် ဦးပဏ္ဍိတ ... မကောင်းတာတွေလုပ်ပြီး အဲဒီအကျိုးဆက်တွေက ကိုယ့်ကိုပဲ လှောင်မြိုက်ပူလောင်စေတာပါပဲလေ ... အဖေ့ကိုပဲကြည့် ... ရခဲတဲ့ လူ့ဘဝသူဌေးသား ဖြစ်လာတာတောင် သေတော့ ... အဖေသုဘရာဇာဘဝနဲ့ သေရတာပဲ ကြည့်တော့လေ ... "

"သူတော်နန္ဒ ... "

"အမိန့်ရှိပါ ဦးပဏ္ဍိတ ... "

www.burmeseclassic.com

www.burmeseclassic.com



"လွတ်မြောက်ခြင်းဆိုတာ သေဆုံးသွားမှ မဟုတ်ပါဘူး ... သူတော်နန္ဒ သံသရာလည် နေသရွေ့ ဘဝကမလွတ်မြောက်နိုင်ပါဘူး ... ဒီဘဝမှာပဲ မကောင်းမှုဒုစရိုက်တွေလုပ် နေတဲ့လူတွေ ဆိုးပေတေနေတဲ့လူတွေ ကိုယ့်လုပ်ရပ်တွေကို ပြုပြင်လိုက်ရင် ဘဝက လွတ်မြောက်နိုင်တာပါပဲ ... "

သူတော်ပဏ္ဍိတ စိတ်ထဲမှာ သူတော်နန္ဒအား စိတ်တွေမနိုင်ဘဲ သူတော်အဝတ်နှင့် ကုသိုလ်တွေဖြစ်သွားမှာ စိတ်ပူပင်နေမိလေတော့သည်။

"သူတော်နန္ဒ သုဘရာဇာဆိုတဲ့ အရိပ်မည်းကြီးကို အအုပ်စိုးမခံပါနဲ့လေ ... သူတော်နန္ဒ လူငယ်ပဲရှိသေးတယ် ... သူတော့်အဖေဆန္ဒအတိုင်းပဲ တစ်နယ်တစ်ကျေးသွားပြီး ဘဝကိုတိုးတက်အောင်ကြိုးပမ်းရင်လည်း လွတ်မြောက်နိုင်ပါတယ် သူတော် ... "

သူတော်နန္ဒကတော့ ဒီဘဝမှာတော့ မလွတ်မြောက်နိုင်ဟု ယုံကြည်နေမိ သည်။

ဟန်ဆောင်ဖုံးကွယ်ပြီး ဇာတ်မြှုပ်နေရမယ့်ဘဝကိုလည်း သူတော်နန္ဒ မနှစ်သက်နိုင်ဘဲ ဖြစ်နေရလေ၏။

"သူတော့်စိတ်ကို နိုင်ပါ့မလား ... အကုသိုလ်ဖြစ်ရမယ့်အလုပ်တွေကတော့ ဘာအကျိုးမှ မရှိဘူးနော် ... ကိုယ်ပဲဒုက္ခရောက်ရမယ်"

"သူတော့်အတွက်တော့ ငွေကြေးစည်းစိမ်ဥစ္စာတွေ ဂုဏ်ဒြပ်တွေမှ မလိုတော့တာပဲ ... အဖေ့အဖြစ်အပျက်တွေကိုကြည့်ပြီး သူတော်သံဝေဂရနေပါပြီ ... သူတော်ဘဝကနေ သံဃာအဝတ်ကိုပဲ ဝတ်ဖြစ်တော့မယ်ထင်တယ် ... "

"ကျုပ်ကတော့ ကောင်းတဲ့အလုပ်ဖြစ်နေလို့ မတားဆီးချင်ပါဘူး၊ သူတော်နန္ဒပဲ သတိချပ်ဆင်ခြင်ပါလေ ... အကုသိုလ်မဖြစ်ပါစေနဲ့ စိတ်တွေမပျံ့လွင့်စေနဲ့ ထိန်းချုပ်နိုင်စွမ်းကင်းမဲ့သွားပြီဆိုရင်တော့ အကောင်းဆုံးက သူတော်လူဝတ်လဲပြီး လူဝတ်ကြောင်ဘဝနဲ့ပဲ ဘဝကောင်းအောင် ကြိုးစားတော့သူတော် ... "





"တင်ပါ့ဘုရား ... "

"ကျုပ် ပြန်ကြွတော့မယ် သူတော် ... စိတ်ကိုထိန်းပါ လောဘ မောဟ ဒေါသတွေ သတ်ရမယ် ... သူတော့်စိတ်တွေကို ဖြူစင်သန့်ရှင်းပါစေ ... ဒါမှ သူတော့်မှာ အကုသိုလ်ကင်းမယ် ... နောင်သံသရာမှာ အကောင်းဆုံးတွေပိုင်ဆိုင်ဖို့အတွက် ဒီဘဝမှာ အသိရှိရှိနဲ့ လုံ့လထုတ် ကြိုးစားရမယ် ... "

သူတော်ပဏ္ဍိတ မှာကြားစရာရှိတဲ့စကားတွေကို အေးချမ်းတည်ငြိမ်စွာ ပြောကြားရင်း ပြန်ကြွသွားလေတော့သည်။ သူတော်နန္ဒကတော့ သူတော်ပဏ္ဍိတနှင့် သူတော်ပရမတို့လောက်သာ သူတော် အစစ်အမှန်တွေဟု ထင်မှတ်ထားမိနေပြီ။ အကုသိုလ်ပဲလား တခြားသချိုင်းက သူတော်တွေရဲ့ မျက်လုံးတွေကို မနှစ်သက်မိ။

"လောကကြီးထဲမှာ ကိုယ်ကကျူးရင် ကိုယ့်ဒူးကိုတောင် မယုံနဲ့ သူတော် ... အကုသိုလ် မဖြစ်တာ အကောင်းဆုံးပဲ ... "

သူတော်ပဏ္ဍိတသည် ချမ်းသာတဲ့မျိုးရိုးမှ ပေါက်ဖွားဆင်းသက်လာရပြီး စိတ်လေ့ကျင့်စဉ်အတွက် သုသာန်သချိုင်းတွေမှာ ကျင့်ကြံနေခြင်းပင် ဖြစ်လေ၏။

ဘုံပြတ်သချိုင်းသည် တခဏတော့ တိတ်ဆိတ်ငြိမ်သက်သွားရလေသည်။ သချိုင်းဇရပ်ပျက်ကြီးပေါ်မှာ သူတော်နန္ဒငြိမ်သက်စွာ ထိုင်နေမိလေ၏။ စိတ်ကို ထိန်းချုပ် ရမယ်ဆိုစေကာမူ သူတော်နန္ဒ တစ်ချက်တစ်ချက် လွတ်ချင်နေလေတော့သည်။ ဘဝရဲ့လွတ်မြောက်ခြင်းဆိုတာပဲ အာရုံစူးစိုက်ရမယ်လေ။

မျက်လုံးတွေကိုစုံမှိတ်ပြီး သတိကပ်ကာ စိတ်တည်ငြိမ်မှုကျင့်စဉ်တွေကို ကျင့်ကြံအားထုတ်နေမိလေတော့သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com





## အကျင့်သီလပျက်ယွင်းသော ဖိုးသူတော်အယောင်ဆောင်များ

ရေကန်ကြီးပတ်ပတ်လည်မှာ ... သေသောသူတွေရဲ့ အလောင်းတွေကို မြေမြှုပ်သင်္ဂြိုဟ်ကြ၏။ ရေကန်သချိုင်းအဖြစ်သာ အမည်နာမတွင်နေလေတော့သည်။ သချိုင်းကိုးခုထဲမှာ တတိယအကြီးဆုံး သချိုင်းဖြစ်လေ၏။ သူဌေးအသုဘအလောင်းလာရောက်မြှုပ်နှံခြင်း အနည်းငယ်သာရှိပြီး အုတ်ဂူတွေက ကျိုးတိုးကျဲတဲပဲ ရှိနေလေသည်။ ရွာကိုးရွာ ပတ်ချာဝိုင်းနေသော ကိုးသချိုင်းတွင် ရေကန်သချိုင်းကတော့ နာမည်ကြီး လူသိများသော တတိယမြောက်သချိုင်းတစ်ခု ဖြစ်လေ၏။

သချိုင်းစောင့်ဖိုးတောက်သည် လောဘဇောတိုက်သူဖြစ်ပြီး ဆင်းရဲသားအသုဘကများပြီး ဖျာလိပ်နှင့်သာပတ်ပြီး မြေလာမြှုပ်တတ်ကြ၍ သုဘရာဇာဖိုးတောက်အတွက် ချူးတစ်ပြားမှ အကျိုးအမြတ်မရနိုင်ဘဲ ဖြစ်နေရလေတော့သည်။ ငွေကြေးရမည်ဆိုလျှင် ဘာပဲလုပ်လုပ်ရ လုပ်ချင်နေသူဖြစ်လေ၏။ ထို့ကြောင့်ပင် သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ဖြစ်နေတတ်သော တခြားသချိုင်းစောင့်တွေနှင့် ပေါင်းပြီး မကောင်းမှုဒုစရိုက်တွေ ကျူးလွန်ဖို့လည်း ဝန်မလေးတတ်သူ ဖြစ်လေတော့သည်။





ယခုလည်း ရေကန်သချိုင်းမှာ သချိုင်းစောင့်တွေနှင့် ပေါင်းပြီး ဒုစရိုက်အလုပ်တွေလုပ်ရန် ရောက်ရှိနေသော ဖိုးသူတော်အယောင်ဆောင် သူတော်ခြောက်ယောက်တွေ့ဆုံပြီး လုပ်ကိုင်ရမည့် လုပ်ငန်းဆောင်တာတွေကို ညှိနှိုင်းစည်းဝေးနေကြလေသည်။

"တောက် ... သုဘရာဇာကြီးသက္ကဆိက ရတဲ့ရွှေစငွေစတွေ မနည်းပဲ၊ ဆရာကြီး မိုးသီးကို အပ်လိုက်ရတယ် ... တို့တစ်တွေ ပါဝင်လုပ်ရှားရပြီး မင်းတို့တွေ အချီကြီးပွပေါက်တိုးမှ ယူကြတဲ့ ... အဲဒါတော့ မကျေနပ်စရာပဲ ... "

ဖိုးသူတော်အယောင်ဆောင်သော သူတော်ဒဿက မကျေမနပ်ဆိုလေတော့သည်။ ဆရာကြီးမိုးသီးရဲ့ ပွပေါက်တိုးမယ့်စီမံကိန်းကြီးကိုပင် ဒဿသိပ်ပြီး အားတက်သရောမရှိတော့။ ဆရာကြီးမိုးသီး ခေါင်းပုံဖြတ်တတ်တာ ဒဿတို့က နောကျေအောင် သိထားပြီး ဖြစ်လေသည်။

"သူတော်ဒဿ ... "

"အချင်းချင်းတွေ့တဲ့အခါ ဒီသူတော်ဆိုတာကြီးကို ထည့်ထည့်မခေါ်ပါနဲ့ဗျာ ... ဒဿပဲ ခေါ်စမ်းပါ ... ကျောချမ်းလို့ပါ ... "

"ဟုတ်တယ်ဗျို့ ... ကျုပ်လည်း ကျောချမ်းတယ် ... ပွပေါက်ရှိတယ်ဆိုလို့သာ သချိုင်းမှာ လာနေရတာ ... သရဲလည်း အလွန်ကြောက်ပဲ ... တစ်နေ့တလေမှ စိတ်မသက်သာပါ ဘူး ... "

ငှက်နားသချိုင်းမှာနေသော ဖိုးသူတော်ဝိမလက ဆိုလေသည်။ ဆရာကြီးမိုးသီးရဲ့ အစီအမံနှင့် သရဲလွန်စွာကြောက်တတ်သော ဝိမလ ဒဿ စန္ဒ သိဒ္ဓိနှင့် သတ္တိ မြည်သော လူမိုက်ခြောက်ယောက်သည် ဖိုးသူတော်အယောင်ဆောင်ပြီး သချိုင်းစောင့်တွေနှင့် ပေါင်းပြီး သချိုင်းတွေမှာ နေထိုင်ကြရှာလေသည်။

ဖိုးသူတော်အယောင်ဆောင် အသုဘကမ္မဋ္ဌာန်း စီးဖြန်းနေကြရတာပင် လွန်စွာ စိတ်မသက်မသာဖြစ်နေရပြီး တစ်ခါတစ်ရံ ပြန်ပြေးချင်တဲ့စိတ်ဆန္ဒတွေ ဖြစ်ပေါ်နေကြရလေသည်။

"မိုးလုရွာ ဓားပြတိုက်တော့လည်း ကျုပ်တို့ပဲ တိုက်ရတာလေ ...



www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးကြီးအုပ် သွားတာတော့ ဆရာကြီးမိုးသီးပဲ … အဲဒါ လုံးဝ မတရားလုပ်တာပဲလေ … ”

ဒီသူရဲ့စကားတွေကို စုဝေးရောက်ရှိနေကြသော ဖိုးသူတော် အယောင်ဆောင် လူဆိုးလူမိုက်တွေ ဝိုင်းဝန်းထောက်ခံနေမိလေတော့သည်။

“ဘုံပြတ်သင်္ချိုင်းက သုဘရာဇာသင်္ကေတမှာ ရွှေတိုရွှေစတွေဝှက်ထားတဲ့သတင်း ကျုပ်ပဲပေးတာလေ … ကိုယ်ရကိုယ်ယူ မောင်မြသူဆီကရတာပဲ … ကျုပ်တို့ကိုယ်တိုင် လည်း ပါဝင်လုပ်ရှားရတယ်၊ ရတဲ့အကျိုးအမြတ်တော့ ကျုပ်တို့မရကြဘူးဗျို့ … ဘဝင်မကျစရာပါပဲ … ”

တောတက်သင်္ချိုင်းမှ ဖိုးသူတော်စန္ဒက မဲတူးနေတဲ့ မျက်နှာကြီးကို ရှုံ့မဲ့ကာ ပြောလေတော့သည်။

“ကျုပ်ကတော့ သရဲမကြောက်ပါဘူး … ရှိတာပဲ … တစ်နေ့တစ်နေ့ အလောင်းတွေကရတဲ့ ထမင်းထုပ်တွေစားရတာ မသတီတာပဲ … သရဲကတောင် ခင်ဗျားကို ကြောက်သွားဦးမယ် … တကယ့်ကိုမဲတူးနေတာပဲဗျာ … အဟွန်း … အဟွန်း … ဟွန်း … ”

သုသာန်သင်္ချိုင်းမှ သိဒ္ဓိကပြောပြီး အားပါးတရ ရယ်လေတော့သည်။

“ကျုပ်တို့တွေက ဆရာကြီးမိုးသီးကို လွန်ဆန်နိုင်တဲ့လူမှမရှိတာပဲ သူတော်တို့ရ … ”

“လာပြန်ပြီ ဒီသူတော် … ”

“ပါးစပ်က အကျင့်ပါနေလို့ပါဗျာ … ဟိုသူတော်သုံးယောက်ရှေ့မှာ ဟန်ဆောင်ပြောဆိုနေရတာ တကယ်ပဲမလွယ်ဘူးဗျို့ … ”

တောချက်အရက်တစ်ခွက်ကို ကောက်ယူမော့လိုက်လေသည်။ လူဆိုးလူပေ လူမိုက်တွေဆိုတော့လည်း အရက်ကို ခွက်ပုန်းခုတ်နေတတ်ကြလေ၏။ သူတော်ဆိုတဲ့ အသုံးအနှုန်းသည် ထိုလူတွေအတွက် ကျောချမ်းစရာပဲ ဖြစ်နေလေတော့၏။





“မင်းတို့မကျေနပ်တာတွေ ထုတ်ဖော်ပြောဆိုမနေကြနဲ့ဦး … ဆရာကြီး မိုးသီးအကြောင်းလည်း အသိသားနဲ့နော် … ရက်စက်တဲ့နေရာမှာ နှစ်ယောက်မရှိအောင် လက်သံပြောင်တယ်မဟုတ်လား … ”

ဆရာကြီးမိုးသီးက နာမည်ကြီးလူဆိုးလူဗော ဓားပြကြီးဖြစ်ပြီး တပည့်လက်သား စုံလင်စွာဖြင့် မိုက်ကြေးခွဲနေလေ၏။ သစ္စာဖောက်ဆိုလျှင် ရက်စက်စွာနှိပ်စက်ညှဉ်းပန်း သတ်ဖြတ်ပစ်တတ်လေသည်။ သူများသားမယားကိုလည်း စော်ကားပြစ်မှား အပျို အရွယ် မိန်းမငယ်တွေကိုလည်း သားမယားအဖြစ် ပြုကျင့်တတ်လေသည် ဖြစ်၏။

“ဒီနေ့ တို့တွေအားလုံးကို စုဝေးထားတာ ဆရာကြီးမိုးသီးအရေးကြီးတဲ့ စကားတွေ ပြောမှာတဲ့ကွ … ”

ဆရာကြီးမိုးသီးက ရေကန်သင်္ချိုင်းမှာ စုဝေးသားဖို့ အမိန့်ထုတ်ထားလေသည်။

မကြာခင် ဆရာကြီးမိုးသီး တပည့်လက်သား စုံလင်စွာဖြင့် ရောက်ရှိလာလေ၏။ ဝတ်ဖြူစင်ကြယ်နှင့် သူတော်တွေ ဆရာကြီးမိုးသီးအား ထပြီး အရိုအသေပြုကြလေသည်။

“သူတော်တွေအားလုံး ထိုင်ကြပါ … ဒီနေ့ ကျုပ်အရေးကြီးတဲ့ကိစ္စ ပြောဖို့ လာခဲ့တာပါပဲ … ”

ဘုံပြတ်၊ နတ်တောနှင့် အောင်ပသင်္ချိုင်းမှလွဲ၍ ကျန်သော သင်္ချိုင်းများမှ အယောင်ဆောင်သူတော်များနှင့် သင်္ချိုင်းစောင့် သုဘရာဇာများပါ တစ်စုတဝေးတည်း ရောက်ရှိနေကြလေတော့သည်။

“မကြာခင် လူတစ်စုက ဒီနားတစ်ဝိုက် သင်္ချိုင်းကိုးခုမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာက သူဌေးကြီးတစ်ယောက်ရဲ့ ရွှေတုံးတွေ ရွှေဒင်္ဂါးတွေ မြှုပ်နှံထားတာကို လာပြီး တူးဖော်ကြလိမ့်မယ် … ”

သူတော်တွေအားလုံး စိတ်ဝင်တစားနှင့် ဖြစ်သွားကြလေတော့သည်။

“ဒီနယ်က ကိုးသင်္ချိုင်းရဲ့ သင်္ချိုင်းတစ်ခုခုမှာ မြှုပ်နှံထားလို့ လာရောက်ရှာဖွေကြမယ် ဆိုတဲ့သတင်း ငါ့အတိအကျရထားတယ် … ”



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးလူမိုက်ခေါင်းဆောင် ဆရာကြီးမိုးသီးက နယ်နယ်ရရ မဟုတ်။ ဒီနားတစ်ဝိုက်တင်မကဘဲ မြို့ကြီးပြကြီးတွေအထိပင် နာမည် ဂုဏ်သတင်း ကျော်ကြားပြီး ကြားရသူတွေ ကျောစိမ့်အောင် ကြောက်ရွံ့ကြရလေသည်။ ပြီးတော့လည်း ဘယ်နေရာမှာ ဘာရှိသည်၊ ဘယ်မြို့နယ် ဘယ်ရွာက သူဌေးဘယ်လောက်ရှိသည်ကို သတင်းအတိအကျ ထောက်လှမ်းနိုင်လေ၏။

ကိုးသင်္ချိုင်းမှာ ဘယ်သင်္ချိုင်းမှာ မြှုပ်ထားမှန်းမသိတဲ့ သူဌေး သူကြွယ်ကြီးတစ်ယောက်ရဲ့ စည်းစိမ်ဥစ္စာတွေကို သူ့အစဉ်အဆက်တွေက ပျက်စီးစပြုနေတဲ့ မြေပုံအညွှန်းကို ကိုင်ပြီး လာရှာကြလိမ့်မယ်ဆိုတာ သတင်းရထားပြီးကတည်းက ဆရာကြီးမိုးသီးက ဖိုးသူတော်တွေအဖြစ် အယောင်ဆောင်စေပြီး သင်္ချိုင်းတွေမှာ ကြိုတင်လာရောက်ထားရှိခြင်းဖြစ်ခဲလေသည်။

"ဆရာကြီး ... "

"ပြော ဒသ ... "

"ကျုပ်တို့လူတွေရှိနေတဲ့ သင်္ချိုင်းတွေမှာ မရှိဘဲ ဟိုသူတော်အစစ်အမှန် သုံးယောက်ရှိနေကြတဲ့ သင်္ချိုင်းတွေမှာ ရှိနေရင်ရော ... "

"ကျုပ်စဉ်းစားပြီးပြီ ... ဟိုသင်္ချိုင်းစောင့်တွေကို စည်းရုံးသိမ်းသွင်းပြီး ပူးပေါင်းသင့်ရင် ပူးပေါင်းရလိမ့်မယ် ... မင်းတို့အားလုံး ကြိုးစားကြပါ ... "

"ဘုံပြတ်သင်္ချိုင်းက သုဘရာဇာအုံးမောင်ပဲ ခက်နေတာပါဆရာကြီး... သုဘရာဇာကြီးသက္က တပည့်ပိပိ နည်းနည်းဘဝင်မြင့်တယ်၊ တခြားသင်္ချိုင်းက သုဘရာဇာတွေရော သူတော်တွေရောကို အဖက်မတန်သလိုနဲ့ ကျုပ်တို့ကိုလည်း မကြည်ညိုဘူး"

"ဘာပဲဖြစ်ဖြစ်လေ ဒီသတင်းကတော့ ရမှာပါ ... သတိဝီရိယနဲ့ မျက်စိဖွင့် နားဖွင့်ပြီး စုံစမ်းထောက်လှမ်းထားကြရမယ် ... ဒီတစ်ခါ ပွပေါက်ပဲ ... သူကြွယ်ကြီးရဲ့စည်းစိမ်တွေ အများကြီးမြှုပ်နှံထားတာလေ ... ဟိုးယခင်ကတော့ သင်္ချိုင်းတွေက ဒီလောက်မကြီး





ကျယ်သေးဘူး ... ရွာအပြင်တောစပ်မှာ သူဌေးကြီးအလောင်းနဲ့ အတူ မြှုပ်နှံထားလိုက်ကြတာတဲ့ ... "

"ဂူတွေ ဘာတွေမလုပ်ထားကြဘူးလား ... "

"ဒီအတိုင်း တွင်းကိုအတော်လေးနက်နက်တူးပြီး မြှုပ်နှံထားတာတဲ့၊ သူကြွယ်ကြီးရဲ့ အမျိုးအနွယ်အဆက်ဆက် သတင်းရပြီး ရှာကြမှာပါ ... ဒီကိုးသင်္ချိုင်းမှာထဲက သင်္ချိုင်းတစ်ခုမှာ မြှုပ်နှံထားခဲ့တာတော့ အသေအချာပဲတဲ့ ... "

"ဒီသူကြွယ်ကြီးက ဘယ်သူ့ကိုမှ မပြောခဲ့ဘူးလား ... "

"ပြောတော့ပြောခဲ့မှာပေါ့ ... ကျုပ်လည်း ဘာမှအသေအချာမသိရသေးဘူး ... သူကြွယ်ကြီးရဲ့ မျိုးဆက်တွေက ကိုးသင်္ချိုင်းမှာ လာရှာမယ်ဆိုတဲ့သတင်းပဲ အတိအကျရထားတယ်လေ ... "

ဆရာကြီးမိုးသီးကတော့ အကြံကြီးစွာဖြင့် သင်္ချိုင်းမှာ ဖိုးသူတော်အယောင်ဆောင်ပြီး ကြိုတင်လာရောက်ထားရှိခြင်းပင် ဖြစ်လေ၏။

"မကြာခင် လာရောက်ရှာဖွေတော့မယ်လို့ ကျုပ်သတင်းအတိအကျရတယ် ... ဘယ်လိုပုံစံမျိုးနဲ့ လာရှာဖွေမယ်ဆိုတာပဲ မသိသေးတာပဲ ... "

"အမြန်သာ လာရှာပါစေတော့ဗျာ ... ကျုပ်တော့ဖြင့် သင်္ချိုင်းမှာနေရတာ သရဲကြောက်လို့ သေတော့မယ် ... ပြီးတော့ ဒီသူတော်အယောင်ဆောင်ရတာလည်း ကျောချမ်းလိုက်တာ ... "

ဦးသာခေါင်း သင်္ချိုင်းမှာနေတဲ့ သတ္တိက ဝင်ပြောလိုက်၍ ဆရာကြီးမိုးသီး မျက်နှာကြီး တွန့်မဲ့ရှုံ့တွသွားရလေသည်။

"မင်းက နာမည်နဲ့မလိုက်လိုက်တာကွာ ... သရဲဆိုတာက ဘာကြောက်စရာရှိလို့လဲ ... အရေးကြီးတာက မင်းတို့ဘဝပြောင်းဖို့ပဲ သတ္တိ ... "

"ဟုတ်ကဲ့ပါ ... "

ဖိုးသူတော် သတ္တိစိတ်ထဲမှာတော့ ပွပေါက်တိုးရင်ရော



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲခွဲဝေပေးပါ့မလားဆိုတဲ့ သံသယဝင်နေမိလေ၏။ ဆရာကြီးမိုးသီးက အမြဲတမ်း မိုက်ကြေးခွဲ ခေါင်းပုံဖြတ်တတ်လေ၏။

"သူတော်တို့က ညဆို အသုဘကမ္မဋ္ဌာန်းရှုသလိုလို တရားကျင့်သလိုလိုနဲ့ သချိုင်းရဲ့ လှုပ်ရှားမှုတွေကို လေ့လာထားပါ ..."

"စိတ်ချပါဆရာကြီး ..."

"သတင်းရတာနဲ့ ကျုပ်ကြံစည်အားထုတ်ပါ့မယ် ... ရသမျှအကျိုးအမြတ်တွေကို မျှမျှတတခွဲဝေပေးပြီး သူဌေးကြီးတွေအဖြစ် စည်းစိမ်တွေခံစားကြရမယ် ... အားလုံး သတိ ဝီရိယနဲ့လုပ်ဆောင်ကြပါ ... ဘာမှကြောက်စရာမရှိပါဘူး ... ဒီနေရာက အုပ်ချုပ်မှုနဲ့ အလှမ်းဝေးတော့ ကျုပ်တို့ဘာမှကြောက်စရာမရှိဘူး၊ လူမိုက်ကြီးမိုးသီးရဲ့ လက်ထဲမှာလည်း အရာအားလုံးရှိတယ် ... ဒီနယ်မြေတစ်ခုလုံးကို ထုံးလိုချေ ရေလိုနှောက်နိုင်တယ် ... မိုးသီးကို ဘယ်သူမှ ကြောက်လို့မရဘူး ..."

ဆရာကြီးမိုးသီးရဲ့ ကြိမ်းမောင်းဟိန်းဟောက်သံတွေက ရေကန်သချိုင်းတစ်ခုလုံးကို ငြိမ်သက်တိတ်ဆိတ်သွားလေတော့သည်။ မစားရ ဝခမန်းပြောနေတဲ့စကားတွေကြောင့် လာရောက်စုဝေးနေကြတဲ့ လူတွေအားလုံးရဲ့ မျက်ဝန်းထဲမှာ လောဘ မောဟ တွေတိုက်ပြီး ဝင်းဝင်းတောက်နေလေတော့သည်။

"အားလုံး သတိဝီရိယထားပြီး အခြေအနေကို စောင့်ကြည့်ကြပါ... အနှောင့်အယှက်အဟန့်အတားတွေရှိရင် ရှင်းပစ်သင့်ရင် ဖယ်ရှားရမယ် ... လက်မရွံ့ကြပါနဲ့ ... သူကြွယ်ကြီးနဲ့အတူ မြှုပ်နှံထားတဲ့ ရွှေတုံးတွေက အများကြီးပဲ ... အားလုံးကို ဝေငှပေးမယ် ... တစ်ယောက်တစ်တုံးရရင်တောင် အတော်လေးသူဌေးဖြစ်ပြီ ..."

မစားရဝခမန်းပြောဆိုနေလေတော့ လူတွေရဲ့မျက်နှာတွေပေါ်မှာ ကျေနပ် ပီတိတွေ ဖြာဝေနေလေတော့သည်။

"သိုက်တူးသမားတွေ မကြာခင်ရောက်လာပြီး ကိုးသချိုင်းကို မွှေနှောက်ရှာဖွေကြတော့မယ် ... ကျုပ်တို့အတွက် ပွပေါက်တိုးတော့





မယ်လို့ မှတ်ထားကြပါ ... ကျုပ် သတင်းအတိအကျရထားပြီးပြီ... ဘယ်လိုပုံစံမျိုးနဲ့ လာရောက်တူးဖော်ကြမယ်ဆိုတာပဲ မသိကြတာပေါ့ ... အားလုံး သတိဝီရိယထားပြီး စောင့်ကြည့်နေကြဖို့ပဲ"

ဆရာကြီးမိုးသီးက အစီအစဉ်တွေကို အသေးစိတ်သွန်ကြားပြောပြနေလေ၏။

"သူတော်တွေ ပိရိပါစေ ... ညဘက် သရဲကြောက်ပြီး အပြင်မထွက်ဘဲ တဲကျောင်းမှာပဲ အိပ်မနေကြနဲ့၊ အခုတလော အရေးကြီးလာပြီ၊ သိုက်တူးသမားတွေ လှုပ်ရှားတော့မယ် ..."

ရွှေတုံးတွေရမည်ဆိုတော့လည်း လောဘသားတွေအားလုံး တက်ကြွရွှင်လန်းနေကြလေတော့သည်။ ဆရာကြီးမိုးသီးကိုလည်း ကြောက်ကြရတော့ ခိုင်းစေတဲ့အလုပ်အပေါ် စောဒကမတက်ရဲကြတော့ပေ။

"သစ္စာဖောက်တဲ့လူကတော့ ငရဲပြည်ကို မိုးကြိုးအပစ်ခံရပြီး ... ဇောက်ထိုးမိုးမျှော် ရောက်သွားစေရမယ်"

ကျွန်ုပ်တို့အားလုံးက ငရဲကိုဇောက်ထိုးကြမယ့်လူတွေပါပဲဟု သူတော်ဒသသ တွေးမိနေလေသည်။ ဆရာကြီးကို သစ္စာဖောက်ရင်တော့ ငရဲပြည်ကို မိုးကြိုးအပစ်ခံရပြီး ဇောက်ထိုးကျရမှာသေချာလေ၏။ ရက်စက်တဲ့နေရာမှာလည်း ဆရာကြီးမိုးသီးက ပြိုင်ဘက် ကင်းနေလေတော့သည်။

"အားလုံး သတိဝီရိယရှိကြပါ ... ကိုယ့်တာဝန် ကိုယ်ကျေပါစေ ... ကျုပ်ထပ်ပြီး ကတိပေးတယ် ... ရွှေတုံးတွေကို အညီအမျှဝေပေးမယ်ဆိုတာပဲ ... တာဝန်မကျေလို့ကတော့ ဝါးရင်းတုတ်နဲ့ကို ရိုက်သတ်ပစ်မယ် ..."

အားလုံးကျောထဲက စိမ့်တက်လာရပြီး တွန့်သွားကြရလေတော့သည်။ ဆရာ ကြီးမိုးသီးတို့အဖွဲ့ ပြန်သွားလေ၏။

"သူတော်စန္ဒ ..."

"ခေါ်ပြန်ပြီ ဒီသူတော် ..."

"ခေါ်ရမယ်လေ ... နှုတ်ကျိုးနေမှဖြစ်မှာ ... ဟိုသူတော်တွေရှေ့မှာ မှားယွင်းသွားရင် ဘယ်လိုလုပ်မလဲ သူတော်စန္ဒရဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်လေ ခေါ်ချင်သလိုသာ ခေါ်ပါတော့ ..."

"ဆရာကြီး မိုးကြိုးကတော့ ကတိတွေပေးသွားတာပဲ ... ကျုပ်တို့လည်း လည်သလို ကြည့်လုပ်ကြရမယ် ... ညီညွတ်ကြမှဖြစ်မယ်နော် ..."

"ကျုပ်ကတော့ ညဘက်အပြင်ထွက်ပြီး အသုဘကမ္မဋ္ဌာန်းစီးဖြန်းရမှာလည်း ကြောက်နေတယ်ဗျို့ ... ကျုပ်တို့သင်္ချိုင်းတွေက ဖွဲ့စတေတွေလေ၊ စည်းစိမ်ဥစ္စာတွေ ခွဲလမ်းစရာမရှိတော့ သင်္ချိုင်းကိုပဲလာကြမယ်ထင်တယ်ဗျာ ... ဆင်းရဲသားတွေက အိမ်တွေမှာ စားစရာမရှိဘူး ... သင်္ချိုင်းမှာက အလောင်းတွေမှာ မထည့်မဖြစ်ပါလာတဲ့ ထမင်းထုပ်က ရှိသေးတယ်ပေါ့ ..."

ဖိုးသူတော်စန္ဒကပြောရင်း ဝေါ့ခနဲ အန်ချင်သလို ပြုလေတော့သည်။

သရဲကြီးလိုမဲတူနေပြီး သွားချေးတွေတက်ပြီး ဝါကျင်နေတဲ့ သွားတွေကိုဖြဲပြီး ပြောနေတဲ့ သူတော်စန္ဒကို ကြည့်ပြီး သူတော်ဒဿပင် အန်ချင်လာရလေ၏။

သူတော်စန္ဒကပဲ ရှုံ့ရတယ်ရှိသေးဟု ပြောချင်စိတ်က ဖြစ်မိလေသည်။ ကြည်ညိုချင်စရာ တစ်စက်ကလေးမှ မရှိပေမယ့် သင်္ချိုင်းစောင့်တွေနှင့် ပလဲနံပသင့်လေတော့ ဖိုးသူတော် အယောင်ဆောင်တွေ ဟန်အကျကြီး ကျနေလေတော့သည်။

"ဒီညက စပြီး အသုဘကမ္မဋ္ဌာန်းစီးဖြန်းဖို့ ညဘက်တွေ သင်္ချိုင်းရဲ့မြင်ကွင်းကို ထိုင်ကြည့်နေရာမှ ကျောချမ်းစရာပဲဗျို့ ..."

သင်္ချိုင်းတွေမှာ လာရောက်နေရပေမယ့် သရဲကြောက်ကြတဲ့ သူတော်တွေက အများစုရှိနေကြလေသည်။ လူတွေအပေါ် ညာတာထောက်ထားမှုကင်းမဲ့စွာဖြင့် ခိုးဆိုး တိုက်ခိုက်နှိပ်စက်ညှဉ်းပန်းတတ်ကြတဲ့ လူဆိုးလူပေတွေ ဖြစ်ကြလေတော့ကာ မမြင်မတွေ့ရတဲ့ ပရလောကမှ လာရောက်နှောင့်ယှက်ကြမယ့် သရဲတစ္ဆေတွေကိုတော့ လွန်စွာကြောက်နေကြလေသည်။ ဘယ်ကနေ ထွက်ပေါ်လာမည်ဆိုတာ မသိတဲ့ အရိပ်မည်း





တွေကိုပဲ တထိတ်ထိတ်နှင့် စောင့်ကြည့်ရင်း ကျောချမ်းနေကြလေ၏။

"ကျုပ်တို့လည်း သူဌေးဖြစ်မယ်ဆိုတော့ အရဲစွန့်လာကြရတာပါပဲ... ရွာစဉ်လှည့်ပြီး ဓားပြတိုက်တာ ကြောက်စိတ်မရှိဘဲ သင်္ချိုင်းထဲလာနေရမှ ကျောချမ်းနေတယ် ... ခေါင်းဆောင်ကြီး မိုးသီးကိုလည်း ကြောက်ရလို့ဗျို့ ..."

ဦးသာခေါင်သင်္ချိုင်းသည် အဆင်းရဲဆုံး အမွဲတေဆုံးလူတွေ သေလို့ လာမြှုပ်ကြလေတော့ ကပ်ရောဂါတွေနဲ့ သေဆုံးရတဲ့လူက များနေသည်။ သူတော်သတ္တိသည် နာမည်က သတ္တိ။ လွန်စွာကြောက်တတ်သောသူ ဖြစ်နေလေ၏။

"ကျုပ်သင်္ချိုင်းက တကယ့်ကို စက်ဆုပ်ရွံရှာဖွယ် ကြောက်မက်ဖွယ် ကြောက်မက်ဖွယ် အကောင်းဆုံးပဲဗျို့ ... ကပ်ရောဂါဘေးနဲ့ သေကြလို့ ဖျာတွေနဲ့လိပ်ပြီး လာမြှုပ်ကြတာလေ ... ကပ်ရောဂါကူးစက်မှာလည်း ကြောက်ရသေးတယ် ..."

ဦးသာခေါင်သင်္ချိုင်းနှင့် အနီးကပ်ဆုံးရွာလေးက ထန်းရှစ်ပင်ရွာလေးပါပဲ။ ထိုရွာလေးမှာ ပလိပ်ရောဂါကျရောက်တော့ ပလိပ်ရောဂါစတင်ဖြစ်ပေါ်သူ ထန်းတက်သမား ဦးသာခေါင်ကို ရွာပြင်ထုတ်ထားပြီး သေဆုံးတော့ ထိုနေရာလေးမှာပဲ မြေမြှုပ်သဂြိုဟ်လိုက်ရာမှ နောက်လူတွေလည်း မြေမြှုပ်သဂြိုဟ်ကြရင်း သင်္ချိုင်းလေးတစ်ခု ဖြစ်လာရလေသည်။

ထန်းတက်သမား ဖိုးသာခေါင်ကို စတင်မြေမြှုပ်ရာနေရာဖြစ်၍ ဖိုးသာခေါင်သင်္ချိုင်းဟု အမည်တွင်နေလေတော့၏။

"သုဘရာဇာကြီး ဖိုးလုံးကိုတော့ ချီးမွမ်းတယ်ဗျို့ ... ဘယ်လိုကပ်ရောဂါနဲ့သေတဲ့လူပဲ ဖြစ်ပါစေ သဂြိုဟ်ပေးရတာပဲ ... တစ်ခါတလေ မြေတူးခလည်းမရ ... ထမင်းထုပ်တောင်မပါဘူး ... တကယ့်ကိုပဲ ဆင်းရဲမွဲတေလွန်းတဲ့ သင်္ချိုင်းပဲ ..."

သုဘရာဇာတွေထဲမှာတော့ ဖိုးသာခေါင်သင်္ချိုင်းက သုဘရာဇာဖိုးလုံးပါပဲ။

"ကျုပ်ရွှေတုံးတစ်တုံးလောက်ရရင် တော်ပါပြီဗျာ ... ကျုပ်သင်္ချိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ လာမြှုပ်ထားမှာ မဟုတ်ဘူးဗျို့ … ရာဇဝင်ကြည့်လိုက်ရင် ကပ်ရောဂါအမျိုးမျိုးနဲ့သေရင်သေ … ဒါမဟုတ် အင်္ဂတေ အပြတ်ပြတ်နဲ့ ရောဂါဘယတွေထူပြောပြီး သေကြတဲ့ ငမွဲတေတွေရဲ့ သချိုင်းပဲ … ”

ဖိုးသာခေါင်သချိုင်းကို အပိုင်စားရထားတဲ့ သုဘရာဇာကြီး ဖိုးလုံးက ချေးအထပ်ထပ် ပေကျံနေတဲ့ သဘက်အစုတ်ကြီးကို ခေါင်းပေါင်း ပြင်ပေါင်းရင်း ညည်းညည်းညူညူလေး ပြောနေလေတော့သည်။

ညအမှောင်က သချိုင်းမြေပေါ်သို့ လွှမ်းခြုံစပြုလာပြီဖြစ်၍ ကိုယ်အပိုင်စားရထားကြတဲ့ သချိုင်းအသီးသီးသို့ ပန်ကြဖို့ ပြင်ဆင်ကြလေတော့၏။

သူဌေးဖြစ်တော့မယ်ဆိုတဲ့အတွေးတွေကိုယ်စီဖြင့် ကြမ်းတမ်းတဲ့ခရီးကိုပင် ခြေကုန်သုတ်နေကြတော့လေသည်။

◆◆◆





## သူကြွယ်ကြီး ဦးရေချမ်းရဲ့ရာဇဝင်နှင့် မိန်းမချောလေး မြမြမှိုင်

အလွန်တရာချောမောလှပ အိစက်နုထွတ်နေလေသော မိန်းမချောလေးတစ်ယောက်သည် ကျွန်းနှင့်ပြုလုပ်ထားပြီး ပန်းကနုတ်တွေဖော်ထားသည့် ရှေးဟောင်းကုလား ထိုင်တစ်လုံးမှာ ထိုင်နေလေတော့သည်။

သူမမျက်နှာလေးက ဝိုင်းဝိုင်းပြည့်ပြည့်လေး အသားအရည်က ဖြူဝင်းမှည့်အိနေပြီး နှာတံချွန်ချွန် နှုတ်ခမ်းထူအမ်းအမ်းလေးနှင့် မိုးပေါ်မှ နတ်သမီးလေးတစ်ပါး ပြုတ်ကျလာသည့်အလား ထင်မှတ်မှားသော မိန်းမချောလေး ဖြစ်လေ၏။

ထွားသောတင်၊ ကျန်းမာသောခါး၊ မို့မောက်သော ရွှေရင်အစုံနှင့် ပန်းပုရုပ်လေး ထုဆစ်ထားသည့်အလား ထင်မှတ်မှားနိုင်လေတော့သည်။ အနက်ရောင် ပိုးပျော့ထဘီလေးက သူမပေါင်သားတွေမှာ ထိကပ်နေပြီး တင်သားအလှတွေကို ထင်းထင်းကြီး ပေါ်လွင်နေရလေတော့၏။ အင်္ကျီက မှန်နိုင်လွန် အနက်ရောင်ဖြစ်ပြီး အတွင်းခံဘော်လီအနက်ရောင်လေးက အထင်းသားပေါ်နေသည်။ မှန်နိုင်လွန်အနက်ရောင်





www.burmeseclassic.com

www.burmeseclassic.com



အောက်မှ ဖြူဝင်းအိမှည့်နေသည့် အသားစိုင်တွေက မြင်တွေ့ရတဲ့သူ ရင်ခုန်လှိုက်မောဖွယ်အတိဖြစ်၍ နေလေ၏။

ထိုမိန်းကလေးသည်ကား မြမြမြိုင်ဆိုသည့် မိန်းမချောလေး ဖြစ်လေသည်။

"မြမြမြိုင် ... "

"ရှင် ... "

"မင်းကို ကျုပ် သူဋ္ဌေးကြီး ဦးရေချမ်းရဲ့ ရာဇဝင်ကိုပြောပြမယ်လေ"

"ဟုတ်ကဲ့ပြောပါ ... ကျွန်မ နားထောင်နေပါတယ် ကိုသုတ ... "

မိန်းမချောလေးမြမြမြိုင်ရဲ့ လေသံလေးက အားငယ်ဖျော့တော့ပြီး တိုးတိတ်နေလေတော့သည်။ မျက်လုံးအကြည့်နွမ်းနွမ်းလေးတွေက သုတဆိုတဲ့ လူကြီးထံ စူးစိုက်စွာ ကျရောက်နေလေသည်။

သုတဆိုတာက မြမြမြိုင်ပထွေးဘကျော်ရဲ့မိတ်ဆွေတစ်ယောက် ဖြစ်ပြီး အကြံအစည်တစ်ခုနှင့် လာရောက်ပူးပေါင်းလုပ်ဆောင်နေခြင်းဖြစ်လေသည်။

"လွန်ခဲ့တဲ့ အနှစ်လေးဆယ်လောက်က ဗျိုင်းနားဆိုတဲ့ ရွာလေးမှာ လယ်ယာမြေ တွေပိုင်တဲ့ မြေပိုင်ရှင်သူဋ္ဌေးကြီး ဦးရေချမ်းဆိုတာ ရှိတယ် ... "

မြမြမြိုင်ကတော့ သုတဆိုတဲ့ လူကြီးကို စိတ်ထဲမှာ မနှစ်မြို့နိုင်ဘဲ လောဘဇော တိုက်နေတဲ့ မျက်လုံးတွေနှင့် ရမ္မက်ခိုးတွေဝေနေတဲ့ ပြိတ်တီအကြည့်တွေကို အရွံမုန်းဆုံး ဖြစ်နေလေသည်။

နှာမည်ကသာ လူကြီးလူကောင်းဆန်ပြီး နှစ်လိုဖွယ်ဖြစ်နေပေမယ့် ရုပ်ရည်ရူပကာက ရွက်ကြမ်းရေညက်ကျိုပါပဲ။ ဒါပေမဲ့ သုတရဲ့မျက်လုံးတွေကို မြမြမြိုင် မကြိုက်တာဘဲ ဖြစ်လေတော့၏။

ရှင့်မျက်လုံးတွေက အကြံပက်စက်ပြီး ကောက်ကျစ်တဲ့ အရိပ်လက္ခဏာတွေ ဖုံးလွှမ်းနေတယ်လို့ ကျွန်မစိတ်ထဲက ထင်နေမိတာပဲ။ ကျွန်မပထွေးနဲ့ ပေါင်းတဲ့လူပဲဟာ ရှင်လည်း လူကောင်းမဖြစ်နိုင်ပါဘူး။

ဦးသုတကိုကြည့်ပြီး မြမြမြိုင်စိတ်ထဲမှာရွံမုန်းနေမိလေသည်။





"ဦးရေချမ်းက ကုတ်ကပ်စီးပြီး မစားမသောက်နဲ့ ရွှေတာစုဆောင်းတတ်လေတော့ တော်တော်လေး စုဆောင်းမိလာတယ် ... ကျုပ်သတင်းကြားထားရတာတော့ ရွှေတုံးတွေအများကြီးပဲ စုမိဆောင်းမိဖြစ်နေတယ်လို့ပဲ၊ သူကြွယ်ကြီးဘဝရောက်ပြီး အစာငတ်ရေငတ်ခံပြီး သေဆုံးသွားတယ်လေ၊ သူဋ္ဌေးကတော်ကြီးလည်း ရွှေတုံးတွေရှိတယ်ဆိုတာ သိရပြီး ဘယ်မှာမြှုပ်နှံထားတယ်ဆိုတာ မသိရဘူး မြမြမြိုင်ရယ် ... "

မြမြမြိုင်ကတော့ ရွှေတုံးတွေကို စိတ်ဝင်စားခြင်းလည်း မရှိ။ လိုချင်တပ်မက်မှုလည်း မရှိပေ။ သူမသည် ဆင်းရဲနွမ်းပါးပြီး ဖတဆိုးလေးအဖြစ် လူ့လောကကြီးထဲမှာ ကျင်လည်ဖြတ်သန်းလာခဲ့ရသူ မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

အဖေသေဆုံးပြီး မြမြမြိုင် အရွယ်ရောက်တဲ့အထိ အမေက နောက်ထပ်အိမ် ထောင်မပြုခဲ့ပေမယ့် မကြာခင်ကမှ လူဆိုးလူပေခင် ဆိုတဲ့လူနှင့် လက်ထပ်လိုက်လေတော့၏။

မြမြမြိုင်က တားဆီးကန့်ကွက်ပေမယ့် အမေက လက်မခံဘဲ ပယ်ချကာ ခင်ကို လက်ထပ်ပြီး အိမ်ပေါ်ခေါ်လာလေသည်။ အဖေရှိစဉ်က မြမြမြိုင်တို့ ငွေကြေးပြည့်စုံပေမယ့် အမေကမလုပ်တတ် မကိုင်တတ် မသုံးမစွဲတတ်၍ ဆင်းရဲမွဲတေသွားရလေ၏။ နေစရာ အိမ်လေးတစ်လုံးပဲ ကျန်လေတော့သည်။ ထိုအိမ်လေးပေါ်ကိုပင် ပထွေးက တက်လာ၍ အနေကျူးနေရလေ၏။ မြမြမြိုင် ဘယ်မှာသွားနေရမလဲဆိုတာ စဉ်းစားမရ၊ ပြေးစရာလည်း မြေကမရှိ၊ မှီခိုတွယ်တာရာအမေကလည်း ပထွေးမှ ပထွေးဖြစ်နေလေ၏။

မြမြမြိုင်အနေဖြင့် တစ်နေ့ရာရာကို ထွက်ပြေးရန် အမြဲတမ်း ကြံစည်အားထုတ် နေမိလေတော့သည်။

"သမီးလေးမြမြမြိုင် ဒီအိမ်ကနေ ဘယ်မှထွက်မသွားနဲ့နော် ... ဦးလေးကြိုးစားမယ် ... ချမ်းသာစေရမယ် ... ဒီလောက်ချောမောလှပနေတဲ့ သမီးလေးကို ဝတ်ကောင်းစားလှတွေ ဝယ်ပေးပါမယ် ...



www.burmeseclassic.com

www.burmeseclassic.com



လက်ဝတ်လက်စားတွေလည်း ဦးလေးအပြည့်အစုံဆင်မြန်းပေးမယ် ...”

ပထွေးခေင်က အရောတဝင်နှင့် ပွတ်သီးပွတ်သပ်လာလုပ်နေတာကို မြမြမြိုင် ရွံရှာမုန်းတီးစက်ဆုပ်မိလေ၏။ မျက်နှာထားတည်တည်နှင့် အဖက်မလုပ်သလို နေပစ်လိုက် မိလေတော့၏။ အမေက မကြိုက်။

“ညည်း ဘာဖြစ်လို့ ရန်လိုနေရတာလဲ မြိုင် ... အမေ့ယောကျ်ားပဲ ကိုခင်က ညည်းကို သမီးလေးကိုချစ်တာပါအေ ... အမေတို့သား အမိမှာ အားကိုးအားထားပြုစရာမှ မရှိတာပဲ ... ဆင်းရဲနွမ်းပါးလိုက်တာ လွန်ရော ... အခု နည်းနည်းပါးပါးချောင်လည်လာတယ် မဟုတ်လား ...”

အမေကတော့ ပထွေးခေင်အပေါ် ဘယ်လောက်ပဲချီးမွမ်းခန်း ဖွင့်နေပါစေ ပတ်ဝန်းကျင်မှာတော့ ခေင်လူလည်ကြီး၊ အရက်သမား၊ ဘာမှလက်ကြောတင်းတာ မဟုတ်ဘူး။ မမြလေးကို နှစ်သက်လို့ မဟုတ်ဘူး၊ မြလေးသမီး မြမြမြိုင်ကို အပိုင်ချိုင်ချင်လို့ဟု ပြောနေကြတာ အမေသိသိကြီးနဲ့ မသိချင်ယောင်ဆောင်နေတာပါ။

မြိုင်ကတော့ အမေ့ကိုလည်း ချစ်ခင်တွယ်တာနေမိပြီး အမေ့စိတ်တွေ ထိခိုက်ကြေကွဲသွားမှာလည်း စိုးရိမ်နေမိလေ၏။

“ပတ်ဝန်းကျင်က ဘယ်သူတွေ ဘာပဲပြောပြော ဘာမှဂရုစိုက်စရာ မလိုပါဘူး ... မြိုင်အချိန်တန်ရင် ကိုယ့်ထမင်းကိုယ်စားကြရတာပဲ၊ ဘယ်သူကမှ ကိုယ့်မှာ ပိုက်ဆံမရှိရင် ထမင်းတစ်နပ် လာကျွေးမှာလဲလို့ ... အရေးကြီးတာက မိသားစုအဆင်ပြေဖို့ပဲ ... ကိုခင်က အမေတို့ကို လုပ်ကိုင်ရှာဖွေ ကျွေးမွေးမှာပါ ... အစွမ်းအစရှိတဲ့ ယောကျ်ား တစ်ယောက်ပါအေ့ ...”

လောလောဆယ်တော့ ပွဲစားယောင်ယောင်နှင့် ငွေစလေးတွေ ဘာလေးတွေ အမေ့လက်ထဲထည့်ပေးပြီး ဟုတ်နေသည်။ မြမြမြိုင်ကတော့ အမေ့ကွယ်ရာမှာ ပထွေးခေင်ရဲ့ အကြည့်ရှူးရူးရှုရှုတွေကို အမြဲတမ်းရင်ဆိုင်နေရ၍ ရှောင်ရှားနေရလေတော့၏။





အမေ့ကိုပြန်ပြောရင်လည်း အမေက လက်ခံမှာမဟုတ်ပေ။ ပထွေးခေင် မရိုးသားဘူးဆိုတာ မြိုင်သိနေ၍ အတတ်နိုင်ဆုံး ရှောင်ရှားနေမိလေတော့သည်။

“မြိုင် ...”

“ရှင် ...”

“ဦးလေးကိုမြင်ရင် မြိုင်လေး ဘာဖြစ်လို့ လန့်လန့်သွားရတာလဲ ... လူယုတ်မာပထွေး မဟုတ်ပါဘူး ... မြိုင်လေးကို စောင့်ရှောက်ပေးမှာပါကွာ ...”

မြမြမြိုင်ရင်ထဲမှာတော့ နှလုံးနာလာပြီး ရွံရှာမုန်းတီးစက်ဆုပ်နေမိလေတော့၏။ အမေ့ကိုပြောပြချင်ပေမယ့် သက်သေအထောက်အထားမရှိဘဲ အမေကလည်း လက်ခံမှာ မဟုတ်ပေ။

“အမေ့ကိုပစ်ပြီး ထွက်မသွားပါနဲ့နော် သမီး ... သမီးထွက်သွားရင် အမေတစ်ယောက်တည်း ဒုက္ခသုက္ခတွေ ရောက်ရမယ် ... သမီးလေးရှိတော့ အမေအားရှိပါတယ်”

အမေ့နောက်ယောကျ်ားက သမီးကိုထွက်မသွားအောင် အမေ့အပေါ် အကြပ်ကိုင်ထားတယ်မဟုတ်လား။ မြမြမြိုင်အတွင်းစိတ်ကို သိနေလေ၏။ အမေ့ကိုသနားပြီး မြမြမြိုင်လွတ်မြောက်ရာလမ်းစအားမရှာနိုင်ဘဲ ဖြစ်နေရလေတော့သည်။

“မြိုင်လေး သမီး ဘာမှအားမငယ်နဲ့နော် ... ဦးလေး ပွပေါက်တစ်ခု တိုးလာတယ်”

“ဘာတွေများပွပေါက်တိုးလာလဲ ကိုခင် ... ပြောစမ်းပါဦး ... ဘာတွေပွပေါက်လဲ ...”

ယောကျ်ားပြောသမျှကို အမေသည် ယုံကြည်အားကိုးတကြီးနှင့် ပျော်ရွှင်တက်ကြွနေတတ်လေ့ ရှိနေလေသည်။

မြမြမြိုင်ကတော့ အမေ့ကိုလည်း သနား၍ ပထွေးအခြေအနေကိုလည်း စောင့်ကြည့်နေမိလေ၏။

“မြမြမြိုင် ...”



www.burmeseclassic.com

www.burmeseclassic.com

"ရှင် အမေ ..."

"အမေ့ရဲ့ နောက်ယောက်ျားဖြစ်ပေမယ့် သမီးစိတ်ထဲမှာ အဖေအရင်းလို သတ်မှတ်ထားပေးပါကွယ်၊ အမေ့ကို စိတ်ချမ်းသာစေချင်တယ်မဟုတ်လား ..."

ပထွေးခေါင် မြမြမြိုင်ကို ရိကပါး ရိကပါးလုပ်နေတာ အမေ မသိ၍ပဲလား။ ပတ်ဝန်းကျင်က ပြောဆိုဝေဖန်နေတာတွေရော အမေ မသိကျိုးကျွံပြုပြီး အမေ ဥပေက္ခာပြု၍ နေလေတော့သည်။ မြမြမြိုင်ရင်ထဲမှာ လှိုက်ခနဲ ကြေကွဲဝမ်းနည်းသွားရပေမယ့် အမေ့ကိုတော့ ရင်ဖွင့်ပြမနေချင်တော့ဘဲ အမေ့အနားက ထွက်လာခဲ့လေတော့သည်။

"သမီး ..."

"ရှင် အမေ ..."

"သမီးအဖေ ခိုင်းတာတွေကို သမီးအတိအကျလိုက်နာပြီးလုပ်နော်... အမေတို့ ပွပေါက်တိုးတော့မယ် ... သမီးအဖေကို သမီးယုံကြည်စမ်းပါ ..."

မြမြမြိုင်ကတော့ ပထွေးခေါင်ကို လုံးဝအထင်မကြီးမိပေ။ လွန်စွာအထင်သေး ရွံရှာမုန်းတီးနေပေမယ့် အမေက ပထွေးခေါင်နှင့်ပတ်သက်လာလျှင် ဘယ်သူ့စကားမှ မတိုးတော့ဘဲ ဖြစ်နေလေတော့သည်။

"အမေ့ကို ညည်းချစ်တယ်မဟုတ်လား ... အမေ့ကိုစိတ်ချမ်းသာစေချင်တယ် မဟုတ်လား သမီးရယ် ..."

ပထွေးခေါင်က အမေ့ကိုစိတ်ကွက်မှာ ဥပေက္ခာပြု စွန့်ပစ်သွားမှာ အမေ လွန်စွာ စိုးရိမ်ပူပန်နေသည်။

"အမေ့ကို သနားပါကွယ် ... အမေစိတ်ချမ်းသာစေမယ့်အလုပ်တွေကိုပဲ သမီးလေး လုပ်ကိုင်ဆောင်ရွက်ပေးစမ်းပါကွယ်နော် ..."

အမေ့စကားသံတွေက မြမြမြိုင်ရဲ့နောက်ကွယ်မှာ ကပ်ပါလာနေလေသည်။ အခန်းထဲရောက်တော့ မြမြမြိုင် ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်တွေ တပေါက်ပေါက်လိမ့် ဆင်းကျလာရလေ၏။

"အဟင့် ... အဟင့် ... ဟင့် ..."





မြမြမြိုင်ရင်ထဲမှာ နာကျင်စူးရှနေပြီး ဘဝရဲ့လွတ်မြောက်မှုကို ဘယ်လိုရှန်းကန် ရှာဖွေရမလဲဆိုတာ စဉ်းစားရင်း အမေ့ကြောင့် လွတ်မြောက်ရာလမ်းစက ပိတ်နေလေသည်။

ပထွေးခေါင်က ပွပေါက်တစ်ခု တိုးနေပြီဟု အမေ့ကိုပြောလေ၏။ ဘာပွပေါက်များလဲ မြမြမြိုင်ကို ဘာတွေခိုင်းစေမှာလဲ။

ပျဉ်ခင်းထရံကာအခန်းလေးက မြမြမြိုင်ရဲ့အိပ်ခန်းလေးပါပဲ။ နံ့ချာစုတ်ပြတ်နေပြီး စောင်၊ ခြင်ထောင်၊ ခေါင်းအုံးတွေကအစ အဟောင်းနွမ်းနေလေ၏။

"သမီးက အရမ်းလှပချောမောနေတာပဲကွယ် ဝတ်ကောင်းစားလှတွေသာ ဝတ်လိုက်ရင် အရမ်းကိုရုပ်ရည်ရူပကာကဲ့ မြင်သူရင်သပ်ရှုမောသွားရလိမ့်မယ် ..."

မြမြမြိုင်ကတော့ ပထွေးခေါင်ရဲ့ အကျိုးဆောင်မှုနှင့်တော့ ဘာစည်းစိမ် ချမ်းသာမှ မလိုချင်ပါဘူး ... မုန်းတယ် ... ရွံတယ် ... အဝေးသို့ ထွက်သွားချင်ပေမယ့်လည်း အမေ့ကြောင့်ပင် မြမြမြိုင်တွေဝေနေမိလေသည်။

"အဟင့် ... ဟင့် ... အဟင့် ..."

မျက်ရည်တွေက ဖြေမဆည်နိုင်အောင်ဖြင့် မျက်ရည်ပေါက်တွေ လိမ့်ဆင်းကျလာလေတော့၏။

"သမီးအဖေက သမီးကို မယားပါသမီးလို့ မသတ်မှတ်ထားပါဘူး... သမီးအရင်း လေးလိုပါပဲကွယ် ..."

အမေ့စကားတွေက မြမြမြိုင်ရင်ထဲသို့ ဆူးတစ်ချောင်းကဲ့သို့ နာကျင်စွာ စူးဝင်နေခဲ့လေ၏။

"မြမြမြိုင် ..."

"ရှင် ..."

"သူဌေးကြီးဦးရေချမ်းအကြောင်းကို မြမြမြိုင် စိတ်ဝင်စားရဲ့လား ..."

"ပြောပါ ဒီသူဌေးကြီးဦးရေချမ်းက ကျွန်မနဲ့ ဘယ်လိုပတ်သက်နေလို့လဲ ..."


www.burmeseclassic.com

www.burmeseclassic.com



"နားထောင်ပါဦးလေ ... မြမြမြိုင် အဲဒီသူဌေးကြီး သေတော့ ရွှေတုံးတွေမြှုပ်ခဲ့တယ်၊ ဘယ်သူမှ အသိမပေးဘဲ ယားရင်းကနေ တစ်နေ့တော့ ရောဂါတွေ ဖိစီးပြီး သေအံ့ မူးမူးမှာ ငါ့ရွှေတုံးတွေ သချိုင်းမှာ မြှုပ်ထားတယ်ပဲသိရပြီး ဘယ်သချိုင်းလဲမေးတော့ ကိုးသချိုင်းထဲက သချိုင်းတစ်ခုတဲ့လေ ... "

"အဲဒီတော့ ... "

"သူဌေးကတော်ကြီးနဲ့ သားစဉ်မြေးဆက် ရှာကြပေမယ့် ခုထိမတွေ့သေးဘူး မြမြမြိုင် ... "

"မထိုက်တန်သေးလို့ မတွေ့တာလည်း ဖြစ်မှာပေါ့ ... "

"ကျုပ်က သူဌေးကြီးဦးရေချမ်းရဲ့ နောက်ဆုံးမျိုးဆက်ဖြစ်တဲ့ ဦးရေချမ်းရဲ့ မြေးတစ်ယောက်ပဲ ... "

"ရှင် ... "

"မင်းပဲ ဝင်ကူညီမှဖြစ်မှာမို့ ကိုခင်ကတစ်ဆင့် မင်းဆီကအကူအညီတောင်းနေရတာပဲ မြမြမြိုင် ... "

ပထွေးခေင်က ပွပေါက်ဆိုပြီး အမေ့ကိုစည်းရုံးသိမ်းသွင်းပြီး မြမြမြိုင်ကိုပဲ အမေနှင့်ခြိမ်းခြောက်၍ ပါဝင်ပတ်သက်စေလေ၏။

"မြမြမြိုင်ကတော့ ကျုပ်တွေ့ဖူးတဲ့ မိန်းမချောလေးတွေထဲမှာတော့ ဝင်းမှည့်အိစက်ပြီး နုထွတ်နေတာပဲလေ ... "

သူတရဲ့အကြည့်တွေက မြမြမြိုင်ရဲ့ တစ်ကိုယ်လုံးကို ဝါးမျိုစားသောက်ပစ်တော့မည့်အလား ငေးစိုက်ကြည့်နေလေ၏။

မြမြမြိုင်ကို ဝတ်ကျောင်းစားလှတွေဝယ်လာပြီး ချုပ်လုပ်ဝတ်ဆင်စေလေသည်။

"သမီး ဝတ်ပါ သမီးလေးနဲ့အလိုက်ဖက်ဆုံးပဲ ... "

"မြိုင်မဝတ်ချင်ပါဘူး အမေ ... ပါးလှပ်နေတာပဲ သမီးရှက်လှပါတယ် အမေရယ်"

မြမြမြိုင် ငြင်းဆန်ပေမယ့် အမေက ဖွတ်အတင်းပင်ဝတ်ခိုင်းနေလေ၏။





"မြိုင်ဝတ်စမ်း ဒီဝတ်စုံက ညည်းအတွက်လိုအပ်လို့ ဝတ်ရမှာအေ့... အမေ့ကို စိတ်ချမ်းသာစေချင်တယ်ဆို သမီး ... "

ပထွေးဦးခေင်ကို အမေ အတော်လေး ကြောက်ရွံ့နေပုံပင်ရလေသည်။ အမေရယ် မြိုင်တို့ ဒီလူကြီးနဲ့ဝေးရာကို ထွက်ပြေးကြရအောင်ပါ ပြောတော့ အမေက လက်မခံဘဲ ငြင်းဆန်လေ၏။

"မဖြစ်ဘူးမြိုင် ... မဖြစ်ဘူး ... သမီးအဖေလိုပဲ သဘောထားစမ်းပါအေ ... ညည်းကို ကိုခင်က မဖွယ်မရာမလုပ်ပါဘူး ... လက်ဖျားနဲ့တောင် မတို့ပါဘူးတဲ့ ... မြလေးသမီးက ကိုခင့်သမီးပါပဲလို့ အမြဲတမ်းပြောနေတတ်တာပဲ ... မြိုင်ရယ် ပထွေးဆိုတဲ့စိတ်ကြီး မစွဲထားပါနဲ့ ... "

အမေက မြမြမြိုင်ကိုပဲ အပြစ်တင်ပြီး ... အမေ့ယောက်ျားခေင်ကိုတော့ အကောင်းမြင်နေဟတ်၍ မြမြမြိုင် ဘာမှမပြောသာဘဲ ဖြစ်နေရလေတော့သည်။

"သမီးအဖေရဲ့ အစီအမံတွေအတိုင်းပဲ လုပ်စမ်းပါ မြိုင်ရယ်နော် ... ပွပေါက်ဟာ သမီးလေးဘဝ တိုးတက်ရေးလေနော် ... မြိုင် ... "

ပထွေးခေင်ကို မြိုင်ရွံ့ရှာမုန်းတီးနေပေမယ့် အမေ့ကြောင့်ရော မြိုင့်ကိုလည်း ပထွေးခေင်က ခြိမ်းခြောက်လေ၏။

"မြမြမြိုင် နင့်အမေ အသေဆိုးနဲ့မသေချင်ရင် ငါခိုင်းတာလုပ်ပါ မြမြမြိုင် ... "

အမေ့ကွယ်ရာတွင် ပထွေးခေင်က မျက်နှာထိမျက်နှာထားနှင့် ခပ်တင်းတင်း မာမာထန်ထန် ပြောလေတော့သည်။

"နင့်အမေ ငါ့လက်ထဲမှာ ရှိတယ်နော် မြမြမြိုင် ... ခေင့်ကိုလျှော့တွက်ထားရင် နင် အများကြီးမှားလိမ့်မယ် ... နင့်အမေကို ငါလက်ထပ်တာက နင့်ရဲ့အလှအပ ရုပ်ရည်ရူပကာကို အသုံးချချင်လို့ပဲ ... "

"ရှင် ... ရှင် ... "

"မမိုက်မဲချင်စမ်းပါနဲ့ မြမြမြိုင် ... နင်က ငါ့အပေါ် ဘယ်လိုသဘော



www.burmeseclassic.com

www.burmeseclassic.com



ထားလဲဆိုတာ ငါသိတယ် ... နင် ငါ့အမိန့်ကို နာခံစမ်းပါ မြမြမြိုင် ရယ် ... လိမ္မာစမ်းပါ ... ငါလုပ်နေတာ နင်တို့သားအမိ ဆင်းရဲမွဲတေတဲ့ ဘဝက လွတ်မြောက်စေချင်လို့ပါ ..."

အဆီတဝင်းဝင်းနှင့် မည်းပြောင်နေသော ပထွေးခေင်ရဲ့ မျက်နှာကြီးက လောဘဇောတိုက်ပြီး ရွံ့ရှာစက်ဆုပ်ဖွယ်အတိ ဖြစ်နေလေတော့သည်။

မြမြမြိုင်က အပြတ်သားဆုံး ငြင်းဆန်ချင်ပေမယ့် အမေ့မှာ ဘယ်လိုအန္တရာယ်မျိုးတွေ ပိုင်းရံနေမှန်းမသိ၍ ပထွေးခေင်ရဲ့ဆန္ဒကို လိုက်လျောဖို့ပဲ ရွေးချယ်လိုက်မိလေ၏။

"ကျွန်မ လိုက်လျောပါ့မယ် ... ဥပဒေနဲ့ မလွတ်ကင်းတာတွေတော့ ကျွန်မကို မခိုင်းစေချင်ပါဘူး ဦးလေး ..."

ပထွေးခေင်ကို အဖေဟု ဘယ်တော့မှမခေါ်ခဲ့။ ဦးလေးခေါ်ရင် အမေကသိပ်ပြီး သဘောမကျသေးပေ။ မြမြမြိုင်ရဲ့အဖေအဖြစ် အစားမထိုးနိုင်ဘဲ ဖြစ်နေလေသည်။

မြမြမြိုင်က အမေ့ကိုငဲ့ပြီး ပထွေးခေင်ရဲ့ အစီအစဉ်အတိုင်း လုပ်ဆောင်ပေးဖို့ သဘောတူသည်ဆိုလျှင်ပဲ ပထမဆုံး ကိုသုတဆိုသူနှင့် မိတ်ဆက်ပေးလေတော့သည်။

"ဒါက သူဌေးလေးသုတတဲ့ ... ရေလုပ်ငန်းနဲ့ ကြီးပွားနေတာလေ... အဖေပြောနေတဲ့ သူဌေးကြီးဦးရေချမ်းရဲ့ မျိုးဆက်ပဲ ... အသေးစိတ်ရှင်းပြလိမ့်မယ် ..."

ကိုသုတက မြမြမြိုင်အား ဝတ်ကောင်းစားလှတွေ လက်ဆောင်ပေးလေသည်။ မြို့မှ အပ်ချုပ်သမားများကိုခေါ်လာပြီး မြမြမြိုင်ရဲ့ ကိုယ်တိုင်းကို တိုင်းလေ၏။

"ဒီမိန်းကလေးရဲ့ ခန္ဓာကိုယ်အတိုင်းအထွာက မယ်ဗမာရှုံးလောက်အောင် ထွားတဲ့ နေရာကထွား၊ စွင့်တဲ့နေရာကစွင့်၊ ကျဉ်းတဲ့နေရာက ကျဉ်းနဲ့ မြို့တက်ပြီး မယ်ဗမာပြိုင်ပွဲဝင်ပါလား ..."

"ဝင်ရမှာပလေ ကျုပ်က နောက်ပိုင်းမြိုင်လေးကို မြေတောင်မြှောက်





ပေးရမှာပဲ ... မြမြမြိုင်ဆိုတဲ့ နှင်းဆီအဖူးအငုံလေးကို အစွမ်းကုန် ငွါးငွါးစွင့်စွင့်ဖူးပွင့်လာအောင် ပေါင်းသင်ရေလောင်း မြေတောင်မြှောက်ပေးရမှာပလေ ..."

ကိုသုတရဲ့စကားတွေကို မြမြမြိုင်သဘောကျနှစ်မြိုက်ခြင်း မရှိဘဲ စိတ်ထဲမှာ ရွံ့ရှာမုန်းတီး နာကြည်းနေမိလေ၏။

"မောင်သုတက သမီးလေးကို ဒီလောက်အထိ အရေးတယူရှိနေတာပဲ ... မြိုင် သူဌေးလေးသုတကို ကပ်ထားစမ်းပါ။ မြိုင့်ကိုသာ ချစ်ခင်နှစ်သက်သွားရင် မြိုင် သူဌေး ကတော်ဖြစ်ပြီလေ၊ အမေတို့ ဆင်းရဲမွဲတေတဲ့ဘဝက လွတ်မြောက်ပြီပဲမဟုတ်လား သမီး ..."

ပထွေးခေင်ရဲ့စကားတွေဆိုတာ မြမြမြိုင် သိလေ၏။ ပထွေးခေင်သည် ကိုသုတအား ဘုရားတစ်ဆူ ဂူတစ်လုံးနှယ် အကြီးအကျယ် ကိုးကွယ်ဆည်းကပ်နေလေသည်။

"သူဌေးလေးကိုသုတကြောင့် အမေတို့မိသားစု ဟင်းကောင်း ကျွေးကောင်းတွေ စားရပြီး သမီးလေးမြိုင်လည်း ဝတ်ကောင်းစားလှတွေ ဝတ်ရတယ်မဟုတ်လားကွယ်"

မြမြမြိုင်ကတော့ ကိုသုတအပေါ် နည်းနည်းမှ နှစ်သက်သဘောကျခြင်းမရှိဘဲ ငွေနဲ့ပေါက်ပြီး မိန်းကလေးတွေကို ခြေတော်တင် ဖျက်ဆီးတတ်တဲ့ လူတစ်ယောက်ဟုပဲ ထင်မှတ်နေမိလေတော့သည်။

"ကျုပ်တို့ သားစဉ်မြေးဆက်ရဲ့ စကားအရ ကျုပ်အဘိုးဟာ ရွှေတုံးတွေကို ဒီကိုး သင်္ချိုင်းက သင်္ချိုင်းတစ်ခုမှာ မြှုပ်နှံထားခဲ့ပုံပဲ ..."

"ကိုသုတက ဘယ်လိုများ လုပ်ချင်ရတာလဲ ... ကိုးသင်္ချိုင်းမှာ သွားရှာချင်တာလား"

"ကျုပ်အဘိုးမသေခင် ကယောင်ကတမ်းပြောတာကတော့ ကိုးသင်္ချိုင်းက သင်္ချိုင်းတစ်ခုမှာ ရွှေတုံးတွေ မြှုပ်ထားတယ်တဲ့၊ သင်္ချိုင်းနာမည်မေးတော့ မဖြေနိုင်တော့ဘူး ... သတိလစ်သွားတော့တာပဲ မြမြမြိုင် ..."

"ကိုသုတတို့ မျိုးရိုးစဉ်ဆက် မရှာကြဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှာကြတာပေါ့ ... အနှောင့်အယှက်အဟန့်အတားတွေနဲ့ သတင်းရတဲ့လူတွေကလည်း လောဘဇောတိုက်ပြီး တစ်ယောက်နဲ့ တစ်ယောက် ရန်စောင်ကြ၊ သတ်ကြ ဖြတ်ကြနဲ့ အဘွားလည်းမရှာတော့ဘူး၊ ကျုပ်တို့ဘိုးစဉ်ဘောင်ဆက်လည်း ရန်တွေ အများကြီး၊ အငြိုးအတေးတွေနဲ့ လက်တုံ့ပြန်မှုတွေ မရှိစေချင်တော့လို့ ဆက်မရှာကြတော့ဘူး ..."

မြမြမြိုင်ကတော့ ပထွေးခင့်ကို မလွန်ဆန်နိုင်လွန်း၍ အသာလေးငြိမ်နား ထောင်နေရပေမယ့် စိတ်ကတော့ ဝင်စားခြင်းမရှိဘဲ စိတ်ညစ်ညူးနေရလေတော့သည်။

"ကိုယ်ကတော့ ဒီအတိုင်းထားရင် ဘာအသုံးမှမကျဘဲ အလဟဿ ဖြစ်သွားမှာမို့ ရှာချင်တာပဲ ..."

"မြှုပ်နှံထားတဲ့နေရာကို ရှင်ရော ဘယ်လိုလုပ်သိမှာလဲ၊ နှစ်ကာလတွေ အတော်လေး လွန်လာပြီပဲ၊ ဘဲဥအစရာမရသလို ဖြစ်နေပါဦးမယ် ကိုသုတ ... အန္တရာယ်လည်း များမယ်ထင်တယ် ..."

"ကျုပ် သဲလွန်စရထားပါပြီမြမြမြိုင် ... အဘိုးဝှက်ထားခဲ့တဲ့မြေပုံအပိုင်းအစလေးပဲ သင်္ချိုင်းနာမည်က ပျက်နေတော့ အခက်တွေ့နေတယ် ..."

သုတလက်ထက်မှာ အိမ်ပြင်ဖို့အတွက် ဘိုးဘွားစဉ်ဆက်ရှေးဟောင်းအိမ်ကြီးကို ဖျက်တော့ မြေပုံအပိုင်းအစလေးတစ်ခုတွေ့လေသည်။ ရွှေတုံးတွေမြှုပ်ထားတဲ့ သင်္ချိုင်းပုံဆွဲထားပြီး သင်္ချိုင်းနာမည်က ပျက်နေလေတော့ ကိုးသင်္ချိုင်းလုံး ရှာရတော့မလိုဖြစ်နေလေတော့သည်။

"ကျုပ်အဘိုး ရွှေတုံးတွေမြှုပ်ထားတဲ့ သင်္ချိုင်းကို ရှာဖွေနိုင်မယ့် သဲလွန်စတော့ ကျုပ်ဆီမှာ ရှိနေပါပြီ မြမြမြိုင် ..."

"ကျွန်မကို ဘယ်လိုများ အသုံးချမှာလဲ ..."

"ဖြည်းဖြည်းပေါ့ မြမြမြိုင် ... ဒီနေ့တော့ ဒီလောက်ပဲလေ နားကြမယ်... နောက်မှ အသေးစိတ် ဆွေးနွေးကြတာပေါ့ ..."

လုပအိစက်ချောမွတ်နေတဲ့ မိန်းမချောလေး မြမြမြိုင်ကိုပဲ





သုတ ငေးမော ကြည့်ရှုနေမိသွားလေသည်။

◆◆◆

"သူဌေးလေး ကိုသုတ ကျုပ်ကိုယုံစမ်းပါ ... ကျုပ်လည်း သူဌေးလေးကို အားကိုးပါတယ်ဗျာ ... ငမွဲဘဝ ခေါင်ဘဝကနေ လွတ်မြောက်ဖို့ ကယ်တင်ရှင်က သူဌေး လေးကိုသုတပဲ ရှိပါတော့တယ်လေ ..."

ခေါင်ကတော့ သူဌေးသုတကို အသေကပ်ထားလေတော့သည်။ သူဌေးလေး ကိုသုတရောက်လာမှ အတော်လေး စိုပြည်နေလေ၏။ ထမင်းနပ်မှန်ပြီး ပေါင်းကောင်းကျွေး ကောင်းလေးစားရပြီး အရက်လည်း မှန်မှန်သောက်နိုင်နေလေသည်။ တစ်ခါတစ်ရံ သူဌေးလေးကိုသုတက တိုက်တတ်သေး၍ ခေါင် သဘောအကျကြီးကျ အကျေနပ်ကြီး ကျေနပ်နေလေ၏။

"ကိုခေါင် ..."

"ပြောပါသူဌေးလေး ..."

"ကျုပ်တို့ ရတနာသိုက်တူးဖို့အတွက် တခြားသူတွေသိသွားလို့တော့ မဖြစ်ဘူးနော်၊ နှုတ်လုံမှဖြစ်မယ်ဗျ ... အရင်က နှုတ်မလုံလို့ အန္တရာယ်တွေများပြီး ကျုပ်တို့အသတ်ခံရတဲ့အထိ ဖြစ်သွားနိုင်တယ် ကိုခေါင် ..."

"စိတ်ချပါ ကိုသုတ ကျုပ်အစွမ်းကုန် နှုတ်လုံပါ့မယ် ... ကျုပ်တို့လည်း အကျိုးဖြစ်ထွန်းမှာပဲဟာ ... အခု သူဌေးလေးကြောင့် ဘယ်လောက်စိုစိုပြည်ပြည်ဖြစ်ရလဲ"

ခေါင်ကတော့ သူဌေးလေးသုတအား ကပ်ဖားရပ်ဖားနှင့် မြှောက်ပင့်ပြောဆို နေလေတော့သည်။ ခေါင့်အတွက် သူဌေးလေး ကိုသုတက ထမင်းနပ်မှန်စေတဲ့အပြင် ဝဝလင်လင်စိုစိုပြည်ပြည်လည်း ဖြစ်စေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုခနှင် ..."

"အမိန့်ရှိပါ သူဌေးလေး ..."

ကိုသုတအား သူဌေးလေးသာ ခေါ်နေရသည်။ ဘယ်ကလာလို့ ဘယ်လို ချမ်းသာမှန်း ဂဃဏနမသိ။ ရေနစ်သူဖြစ်နေတော့လည်း ကောက်ရိုးတစ်မျှင်တွေ့လည်း အမိအရ ဖမ်းဆွဲထားရလေတော့သည်။ ခေင်က လူပျင်းလက်ကြောမတင်း၊ သူ့မိန်းမကို လုပ်ကျွေးရမှာ ကြောက်လို့ ဘယ်တော့မှ အတည်မယူခဲ့တဲ့ ခေင်က မမြလေးလို မိန်းမတစ် ယောက်ကို အတည်လက်ထပ်ယူလိုက်တာကတော့ မြမြမြိုင်ဆိုတဲ့ မမြလေးရဲ့ သမီးချောလေးအား အပိုင်ချိုင်ဖို့အတွက် အနီးကပ်ရှိနေစေရန် အကြံနှင့်ဖြစ်လေ၏။

"ခင်ဗျား ဘာကြောင့် ဒေါ်မြလေးကို အတည်ယူတာလဲဆိုတာ ပတ်ဝန်းကျင်မှာ သတင်းတွေ အရမ်းပျံ့နှံ့နေတယ်နော် ..."

သူဌေးလေးကိုသုတရဲ့ ပြုံးဖြဲဖြဲစကားတွေကို ပျာပျာသလဲ ဖြေရှင်းချက်ထုတ် လိုက်ရလေတော့သည်။

"ပတ်ဝန်းကျင်က ပြောတာတွေ အလကားပါ သူဌေးလေးရာ ... ခေင့်ကို အထင်သေးကြတာပဲ ... အသက်အရွယ်ရလာခဲ့တော့ အိမ်ထောင်နဲ့ အတည်တကျနေချင် လို့ မမြလေးကို လက်ထပ်တာပါဗျာ... တကယ်ပါ ... ယုံပါ ... မြမြမြိုင်အပေါ် သမီးအရင်းလိုပဲ သဘောထားမိတာပါ ..."

မမြလေးသမီး မြမြမြိုင်က မင်းကြိုက်စိုးကြိုက် သူဌေးကြိုက် ဆိုတော့ ခေင် မမှန်းတော့ဘဲ သူဌေးလေးသုတနှင့်ပဲ နီးစပ်စေတော့မည်ဟု ဆုံးဖြတ်ထားမိလေသည်။

"ကျုပ် ခင်ဗျားကို ရွေးချယ်လိုက်တာလည်း မိန်းမချောလေး မြမြမြိုင်ဟာ ကျုပ်အသုံး ချလို့ရမယ်ထင်မိတာက တစ်ကြောင်း... တစိမ့်စိမ့်ကြည့်ရင်း ကျုပ် နှစ်သက်မြတ်နိုး မိလာရလို့ပဲ ..."

အရက်သမားခေင့်သတင်းက ဗျိုင်းနားရွာမှာ နာမည်သတင်း မွှေးပျံ့လွှန်းနေလေ၏။ မိန်းမချောလေးမြမြမြိုင်ရဲ့ ပထွေးဖြစ်နေခြင်းကလည်း ခေင့်သတင်းကို ပို၍ကြီးမား နေစေလေ၏။

ဗျိုင်းနားရွာက သူဌေးလေးသုတရဲ့အဘိုး နေထိုင်တဲ့ရွာကြီးပါပဲ။ သုတရဲ့ အဖေ လက်ထက်မှာမှ ဒီကနေပြောင်းသွားပြီး မြေလတ်ပိုင်းမြို့လေးမှာ ပြောင်းရွှေ့နေထိုင်ရင်း စီးပွားရှာနေခဲ့ရလေသည်။

မိဘစဉ်ဆက် အမွေတွေက အဖေ့ကြောင့် ကုန်ဆုံးသွားခဲ့ရပြီး ... သုတ လက်ထက်မှာတော့ ဖောက်ထွင်းဝိဇ္ဇာ သုတအဖြစ် စီးပွားရေးဖြောင့်နေလေတော့သည်။ သို့ဖြစ်၍ အဘိုးလက်ထက်က ထားခဲ့တဲ့ ဗျိုင်းနားရွာက အိမ်အိုကြီးအား ပြန်ဆောက်ရန် ဖြိုလိုက်သောအခါမှ မြေပုံအပိုင်းအစလေးကို တွေ့ရလေ၏။ ဘိုးဘွားအစဉ်အဆက် ကြားလာရတဲ့စကားအရ ဒီမြေပုံအပိုင်းအစလေးက အဘိုးရဲ့မြေပုံအပိုင်းအစလေးဟု တွေးမိပြီး မြေပုံလေးကို အသေးစိတ် လေ့လာခဲ့မိလေသည်။

ဗျိုင်းနားရွာမှာ အခြေချပြီး အဘိုးမြှုပ်နှံထားတဲ့ ရွှေတုံးတွေတူးဖို့ ကြံစည်ရင်း လူယုံတော်ရှာရာမှ ခေင်နှင့် မြမြမြိုင်ဆိုတဲ့ မိန်းမချောလေးကို ရွေးချယ်လိုက်လေ၏။

"မြမြမြိုင်ကို ကျုပ်လက်ထပ်မယ် ... သူဌေးကတော်အရာကို မြှောက်မယ်ဘယ်လိုလဲ ..."

"ဘယ်လိုမေးလိုက်တာလဲ သူဌေးလေးရာ ... ကျုပ်တို့ဘက်က ဝမ်းမြောက်ဝမ်းသာ လက်ခံရမှာပါ ... ဒီအတွက်တော့ ဘာမှမပူပါနဲ့... ကျုပ်တာဝန်ယူတယ် မြမြမြိုင် လက်ခံဖို့ ခေင့်တာဝန်ထား ..."

"ခင်ဗျားကို ကျုပ်က ရှင်းအောင်ပြောထားတာပဲ ကိုခေင ... ကျုပ်က တိကျပြတ်သားမှ သဘောကျတာဗျ ... ကျုပ်သဘောကျတဲ့လူဆိုရင်လည်း အရမ်းချီးမြှောက်တယ်နော် ..."

"စိတ်ချပါ သူဌေးလေး ... ကျုပ်က သစ္စာရှိပါတယ် ... ကိုယ့်အကျိုးစီးပွားအတွက်ပဲဟာ ... သူဌေးလေး ယုံယုံကြည်ကြည်အားကိုးစမ်းပါ ..."

"ကျုပ်အဘိုးအမွေ အိမ်ကြီးကို နှစ်ဆောင်ပြိုင်အိမ်ကြီး ပြန်ဆောက်မယ် ... ဒီအိမ်ကြီးက ကျုပ်ရဲ့ချစ်ဇနီးလောင်းလေး မြမြမြိုင်အတွက်







www.burmeseclassic.com

www.burmeseclassic.com



ပဲလေ …”

ခင့်မျက်နှာကြီးက ပြုံးဖြီးဖြီးကြီးနှင့် စိတ်တွေဖြာဝေကာ ပွန်းစွာသဘောကျ ကျေနပ်နေမိလေတော့သည်။

“ကျုပ်ပြန်တော့မယ် နှစ်ဆောင်ပြိုင်အိမ်ကြီးဆောက်နေတော့ ကျုပ်ကြီးကြပ်ရဦးမယ်”

“သူဌေးလေး ဘာမှစိတ်မပူနဲ့ … သူဌေးလေးနဲ့ ကျုပ်တို့ ရွှေတုံးရှာဖွေမယ့်ကိစ္စ ကျုပ် အထူးလျှို့ဝှက်ထားပါတယ်၊ သူဌေးလေးသာ အကြံအစည်ကောင်းကောင်းနဲ့ အကောင်အထည်ဖော်ပါတော့ …”

သူဌေးလေးအမည်ခံ ဖောက်ထွင်းဝိဇ္ဇာ သုတကတော့ ခင့်မယားပါသမီး မြမြမြိုင်ကို ချစ်ခင်နှစ်သက်နေမိလေသည်။

မိန်းမချောလေး မြမြမြိုင်က မာန်မာနကြီးပြီး သူဌေးလေး သုတကိုပင် အကပ်မခံချင်၍ ခပ်ရှောင်ရှောင်လုပ်နေလေသည်။

“မြမြမြိုင်နဲ့ကျုပ် နှစ်ပါးဂဟေဆက်ဖို့ကတော့ ကိုခင့်ကိုပဲ ကျုပ်က အားကိုးအား ထားပြုရတော့မှာပဲလေ …”

“သူဌေးလေးရယ် စိတ်ထဲမှာ ဘာမှကြောင့်ကြမနေပါနဲ့၊ ကျုပ်သမီးလေး မြမြမြိုင်က သူဌေးလေးကို မငြင်းပယ်စေရပါဘူး … သဘောတူကြည်ဖြူစေရပါမယ် … အချစ်ရေး ကိစ္စကို စိတ်အေးအေးထားပြီး ရွှေတုံးတွေ တူးဖော်ဖို့ကိစ္စပဲ အကြံအစည်ကောင်းကောင်းနဲ့ ကြံစည်စမ်းပါ …”

“စိတ်ချ ကျုပ်ရှာတွေ့မှာပါ … အဓိက,ကတော့ ခင်ဗျားရဲ့မယားပါသမီးက အစွမ်းကုန် ကူညီဖို့ပဲ လိုအပ်တယ်နော် ကိုခင် …”

“စိတ်ချ … စိတ်ချ … ခင်ပါ အားကိုးယုံကြည်လိုက်စမ်းပါ သူဌေးလေးရယ် … အဟွန်း … ဟွန်း … ဟွန်း”

သူဌေးလေးသုတ ပြန်သွားတော့ ခင့်မျက်နှာကြီး အပြုံးတွေဝေပြီး ကျန်ခဲ့လေ၏။ မိန်းမဖြစ်သူ မမြလေးထံ ဝမ်းသာအားရရောက်သွားရလေတော့သည်။

“မမြလေး … တို့တော့ တကယ့်ကို ပွပေါက်တိုးတာပဲ၊ သူဌေးလေး





သုတက တို့သမီးမြမြမြိုင်ကို နှစ်သက်နေတယ်ကွ၊ အခုဆောက်နေတဲ့ နှစ်ဆောင်ပြိုင်အိမ်ကြီးက မြမြမြိုင်နဲ့ သူလက်ထပ်ပြီးရင် နေဖို့တဲ့ကွ …”

“ဟင် … တကယ်ပြောတာလား … ရှင်တကယ်ပြောနေတာလား ဟင် …”

ခင်ပြောတဲ့စကားကြားရတာ ဒေါ်မြလေး ဝမ်းသာပျော်ရွှင်သွားရလေသည်။ ပတ်ဝန်းကျင်သတင်းစကားအရ ကိုခင်ရဲ့အကြံအစည်တွေက သမီးမြမြမြိုင်အပေါ် အကောက်ကြံမယ့်အကြံအစည်တွေ ဖြစ်နေရလေ၏။ လက်ထပ်ပြီးကာမှ ကိုခင်က လူယုတ်မာတစ်ယောက်ဖြစ်ကြောင်း တစ်စတစ်စသိလာရ၏။

သမီးလေး မြမြမြိုင်အား မိမိကွယ်ရာမှာ ထိကပါးရိကပါး လုပ်နေတာသိသည်။ တားဆီးတော့လည်း မိမိအား ကြိမ်းမောင်းခြိမ်းခြောက်လေတော့သည်။

“မင်းကပါ ငါ့ကိုအထင်သေးနေရင် သမီးက ပိုပြီးရွံ့ရှာနေမှာပေါ့ကွ ဘာပဲဖြစ်ဖြစ်ကွာ … မင်း ငါ့ကိုကလန်ကဆန်လုပ်ဖို့ မကြိုးစားနဲ့… မင်းရော မင်းသမီးရော ဘဝပျက်သွားမယ် … ခင်နော် တခင်ထဲရှိတယ် … အားလုံးမသာဖြစ်မသွားချင်ရင် ငါဘာပဲလုပ်လုပ် ဆန့်ကျင်ဘက် မလုပ်နဲ့ …”

ကိုခင့်အား လက်ထပ်ပြီးမှ ဒေါ်မြလေး မှားမှန်းသိခဲ့ရသည်။ အရက်သမား ဖဲသမား အကျင့်စာရိတ္တမကောင်းတဲ့လူပဲ။ သမီးမြမြမြိုင်ကို ကြံစည်နေတာလည်း မိမိသိလေ၏။ ခက်နေတာက ခင့်လက်က လွတ်အောင် ထွက်ပြေးဖို့က မလွယ်ကူမှန်း ဒေါ်မြလေး သဘောပေါက်ထား၍ အခြေအနေနှင့် အခွင့်အရေးကို စိတ်ရှည်ရှည်သည်းခံပြီး စောင့်နေမိလေတော့သည်။

“မမြလေး …”

“ရှင် …”

“မင်းသဘောတူတယ် မဟုတ်လား …”



www.burmeseclassic.com

www.burmeseclassic.com



"သဘောတူပါတယ် ကျွန်မသမီးလေး ကောင်းစားဖို့ပဲ ... သူဌေးလေးသုတက ရုပ်ရည်လေးလည်း ရှိပါတယ်လေ ... သူဌေးက လက်ထပ်ဖို့တောင်းတာ ကျွန်မ သဘောမတူဘဲ နေပါ့မလားရှင်"

"နှင့်သမီးကို အနေအထိုင်အပြောအဆို ဆင်ခြင်ခိုင်း ... သူဌေးလေးကို လိုက်လိုက်လျောလျော ဆက်ဆံခိုင်း ... ကလန်ကဆန်လုပ်ရင် ငါ့လက်စာမိသွားမှာနော် ... "

ကိုခင်ပြောတဲ့စကားတွေကို ပြန်လှန်ခွန်းတုံ့ပြန် နှုတ်လှန်ထိုးနိုင်ခြင်းမရှိသော မမြလေးကတော့ စိတ်ထဲမှာ ယောကျ်ားအပေါ် မကျေမနပ်နှင့် မုန်းတီးရွံရှာခြင်းတွေပဲ ဖြစ်ပေါ်နေလေသည်။ နည်းနည်းလေး နှုတ်လှန်လိုက်တာနှင့် ကိုခင့်လက်သံက ပြောင်စွာ မမြလေးကိုယ်ပေါ် ကျရောက်လာလေ၏။

သမီးမသိအောင် ကျိတ်ပြီး ညှဥ်းပမ်းနှိပ်စက်တတ်လေသည်။ အထူးသဖြင့် သမီးလေးမြမြမြိုင်အား စော်ကားဖျက်ဆီးပြီး သတ်ဖြတ်ပစ်မည်ဟု ခြိမ်းခြောက်မှုတွေကို မမြလေး အစိုးရိမ်ဆုံး အကြောက်ဆုံးပင် ဖြစ်လေ၏။

"မင်းငါ့အကြောင်းတွေ မကောင်းမပြောနဲ့နော် ... ငါ့လက်ကနေ လွတ်မယ်ထင်လား ... ဒီရွာကနေတောင် ခြေလှမ်းတစ်လှမ်းရွှေ့ဖို့တောင် မင်းတို့သားအမိ အခြေအနေမရှိဘူး မဟုတ်လား ... ငါ့စကားကိုနားထောင် ... ငါ့အမိန့်ကိုနာခံ ... ငါလုပ်တာတွေကို ဘာမှစောဒကမတက်ဘဲ လက်ခံရမယ် ... "

လို့ ခင်ရဲ့ ခြိမ်းခြောက်ဟိန်းဟောက် ညှဥ်းပန်းနှိပ်စက်မှုတွေကို သမီးကွယ်ရာမှာ ကျိတ်မှိတ်ခံယူရင်း သမီးအား အကာအကွယ်ပေးနေမိလေသည်။

"ကျွန်မသမီးလေးကို ရှင်လက်ဖျားနဲ့တောင် မထိပါနဲ့ ... ကျွန်မသမီးလေးကို အပျိုစင်မလေးအဖြစ် လင်ကောင်းသားကောင်းရစေချင်လို့ပါ ... ကျွန်မတောင်းပန်ပါ တယ် ကိုခင် ... သမီးလေးကို မထိပါနဲ့နော် ... "





ဒေါ်မြလေး ခြေသလုံးဖက်မတတ် တောင်းပန်မိလေသည်။ ယောကျ်ားအလိုကျ နေထိုင်ပြောဆိုပြုမူနေရသည်။ ကိုခင်ပြောသလိုပဲ ဒေါ်မြလေးတို့သားအမိ ဒီရွာကလွဲပြီး ဘယ်မှလည်း မသွားမလာတတ်။ ကိုခင့်လက်ကနေ လွတ်မြောက်အောင် ထွက်ပြေးဖို့ စဥ်းတောင်မစဥ်းစားရဲဘဲ ဖြစ်နေရလေသည်။

"မမြလေး ... "

"ရှင် ... "

"ငါ စိတ်ကောင်းဝင်ပြီး နှင့်သမီးမြမြမြိုင်ဘဝကောင်းစားအောင် စီစဥ်လုပ်ဆောင် ပေးနေတာနော် ... "

"ဟုတ်ကဲ့ ကျွန်မသိပါတယ် ကိုခင်ရယ် ... သမီးကလည်း သူဌေးလေး သုတကို လက်ခံမှာပါ ... အရေးကြီးတာက ရှင်တို့အကြံအစည်တွေ အောင်မြင်ဖို့ပဲမဟုတ်လား"

"အေး ... အဲ့ဒါလည်းအရေးကြီးတယ် မမြလေး ... နှင့်သမီး မာရေကျောရေမလုပ်ပါစေနဲ့ ... သူဌေးလေးကို အပိုင်ဖမ်းထားရမှာ ... ကိုယ့်ဘက်ပါအောင် မြှူဆွယ်ထားရမှာ ... "

သူဌေးလေးသုတနဲ့ဆိုရင်တော့ မဆိုးပါဘူးဟု ဒေါ်မြလေး စဥ်းစားနေမိလေ၏။ ပထွေးခင်ရဲ့ ကြံစည်ဖျက်ဆီးတာကို မခံရဖို့က အရေးကြီးနေလေသည်။ အမေမှားတာပါ သမီးရယ်၊ သမီးအပျိုလေး ရှိနေပါရက်နဲ့ ယောကျ်ားတစ်ယောက်ကို အမေ မဆင်မခြင် ကောက်ယူလိုက်မိသည်။ မယူခင်ကတော့ ကိုခင်က လူကောင်းသူကောင်းယောင်ဆောင်နေတာပဲကိုး။ တစ်နယ်တစ်ကျေးက ရောက်လာတဲ့ယောကျ်ားအား ဘုမသိဘမသိ ဒေါ်မြလေး လက်ထပ်လိုက်မိလေတော့သည်။

"နှင့်ကို ငါ သေသေချာချာမှာမယ်နော် မမြလေး ... နှုတ်လုံပါစေ ... ရွှေတုံးတွေရှာမယ့်ကိစ္စ နှင့်သမီး အင်တိုက်အားတိုက် ပါဝင်လုပ်ဆောင်ပေးဖို့ လိုအပ်တယ်"

"ကျွန်မ သိပါတယ် ... "

"တစ်နေ့ နှင့်သမီးကောင်းစားရေးပါပဲ မမြလေး ... ရွှေပုံပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စံရမှာလေ သူဌေးကတော်ဘွဲ့ခံပြီး နှစ်ဆောင်ပြိုင်အိမ်ကြီးမှာ စံစားရမှာလေ ... ”

ဒေါ်မြလေးအတွက် ရွေးချယ်စရာလမ်းက မရှိတော့ပြီဖြစ်ခဲလေ၍ ကိုခင် ခိုင်းစေရာကိုပဲ နာခံရတော့မည်ဖြစ်လေသည်။ သမီးလေး မြမြမိုင်အနေနှင့်လည်း သူဌေးသုတကို လက်ခံလိုက်တာ အသင့်တော်ဆုံးပါပဲဟု တွေးတောနေမိလေသည်။

“တို့တွေ ကံကောင်းတာကွ ... စိုင်ကော်လို့ ချုံပေါ်ရောက်တာပဲ ... ငါ စိတ်ကောင်းဝင်နေတုန်း နင့်သမီးမြမြမိုင် အပိုးကျိုးကျိုးနေထိုင်ပါစေ ... ”

ဒေါ်မြလေးလည်း သမီးမြမြမိုင်အား ဖျောင်းဖျပြောဆိုဖို့ပဲ တွေးတောနေမိလေသည်။ သူဌေးလေးသုတကို လက်ခံလိုက်တာ သမီးအတွက် အကောင်းဆုံးပါပဲလေ။ မိမိယောကျ်ား ခင်ကလည်း ရှိနေသေးသည် မဟုတ်လား။ ပွပေါက်ကတော့ ပွပေါက်ပဲ သမီးမြမြမိုင်ကိုပဲ နားသွင်းဖို့ ဆုံးဖြတ်လိုက်မိလေတော့သည်။

◆◆◆





## အပ္ပကြံပြီ

“ဒီမြေပုံက ကျုပ်အဘိုး သူဌေးကြီးဦးရေချမ်း အိမ်ခေါင်တိုင်ထဲမှာ ထည့်မြုပ်ထား တဲ့မြေပုံလေးပဲ မြမြမိုင် ... ”

သူဌေးလေးသုတပြတဲ့ မြေပုံအပိုင်းအစလေးကို မြမြမိုင် စိတ်မဝင်စားပေမယ့် ကြည့်ရှုနေရလေ၏။ အမေက သူဌေးလေးသုတကို ပြေပြေလည်လည်ဆက်ဆံနေ၏။

“အမေ တောင်းပန်ပါတယ်သမီးရယ် ... အမေတို့အတွက် ပွပေါက်ပဲ ... ဘဝပြောင်းသွားနိုင်တဲ့ ကိစ္စပဲကွယ် ... အမေ့ကို စိတ်ချမ်းသာစေချင်တယ်မဟုတ်လား သမီး လေးရယ် ... ”

သူဌေးလေးသုတနှင့် ဆက်ဆံရတာ မြမြမိုင် မနှစ်သက်မိပေ။ မြမြမိုင်စိတ်ထဲမှာ သဘောမတွေ့ဆုံးက ကိုသုတရဲ့မျက်လုံးတွေပင်။ ကောက်ကျစ်စဉ်းလဲမယ့် မြေခွေးတစ်ကောင်ရဲ့ မျက်လုံးမျိုးပါပဲ။ မြမြမိုင်စိတ်ထဲမှာ ထင်မှတ်နေမိလေသည်။ အမေကတော့ ပတွေးခင်ရဲ့ဆန္ဒအတိုင်း မြမြမိုင်အား သူဌေးလေးသုတနှင့် ရင်းရင်းနှီးနှီးနေထိုင် ဆက်ဆံစေချင်သည်။

“မြမြမိုင် ... ”

“ပြောပါ ... ”

“အမိကလုပ်ဆောင်ရမှာကတော့ မင်းရဲ့အခန်းကဏ္ဍပဲ မြမြမိုင် ...”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ဘာများလုပ်ဆောင်ပေးရမှာလဲ ကိုသုတ ... "

အမေ စိတ်ချမ်းသာပျော်ရွှင်ရေးအတွက် ပတွေးခေင်ရဲ့ဆန္ဒတွေကိုပဲ မြမြမိုင် ဖြည့်ဆည်းပေးဖို့ပဲ ဆုံးဖြတ်ချက် ချထားလေတော့သည်။ နောက်ဆုံး မြမြမိုင်စိတ်ထဲမှာ ပွပေါက်ပဲ ကြံတော့မည်။ အမေပြောသလိုပင် မြမြမိုင် ဒီဘဝကလွတ်မြောက်ဖို့အတွက်ပဲ အာရုံစူးစိုက်လိုက်မိတော့သည်။

"ကိုသုတ ... "

"ပြောပါ မမမိုင် ... "

"ရွှေတုံးတွေ ရလာရင် ကျွန်မက ဘယ်လိုအကျိုးအမြတ်တွေ ခံစားရမှာလဲ"

အကျိုးအမြတ်အတွက် မြမြမိုင်က ပြတ်သားစွာပြောဆိုလိုက်မိလေ၏။ မထူးတော့ပြီဖြစ်၍ မထူးဇာတ်ပဲ မြမြမိုင် ခင်းရတော့မည်ဖြစ်လေသည်။

"အကျိုးအမြတ်တွေအားလုံးက မြမြမိုင်အတွက်ပဲ ဖြစ်စေရမှာပါ... ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေမှန်သမျှ မြမြမိုင်အတွက်ပါပဲ ... "

မြမြမိုင်ရဲ့ နှုတ်ခမ်းထူထူအမ်းအမ်းလေးက မသိမသာလေး တွန့်မဲ့သွားရလေ တော့သည်။ ရှင့်ကို လူကောင်းသူကောင်းလို့ ကျွန်မ ဘယ်တော့မှ လက်ခံလို့မရပါဘူး ကိုသုတ၊ ဘယ်ကလာမှန်းမသိ၊ ဇာတ်မြစ်မသိတဲ့လူတစ်ယောက်ကို မြမြမိုင်ရဲ့ပတွေး ခေင်က သူဌေးလေး သူဌေးလေးဆိုပြီး မြှောက်စားနေလေသည်။ သူဌေးလေးသုတအား မြမြမိုင်စိတ်ထဲမှာတော့ ဘာဖြစ်လို့မှန်းမသိဘဲ ရွံရှာမုန်းတီး စက်ဆုပ်နေလေတော့၏။

"ကျုပ် နှစ်ဆောင်ပြိုင်အိမ်ကြီး ဆောက်နေတာလည်း မြမြမိုင်အတွက်ပါပဲ ... အဟွန်း ... အဟွန်း ... အဟွန်း ... "

ရှင့်ကို ဘယ်သူကလက်ထပ်မယ်လို့ တစ်ထစ်ချမှတ်ယူနေရတာလဲ ကိုသုတ၊ မြမြမိုင်က သူများဆီက စည်းစိမ်ဥစ္စာတွေ မတရားရယူတာမျိုး ဘယ်တော့မှ စိတ်မဝင်စားပါဘူး။ ပတွေးခေင်လက်ကလည်း





လွတ်မြောက်ချင်လာရလေသည်။ အမေက ယောက်ျားမှ ယောက်ျားဖြစ်နေ၍လည်း မြမြမိုင် အခက်တွေ့နေရလေတော့သည်။

"မြမြမိုင် ... "

"ရှင် ... "

"ဘာတွေစဉ်းစားနေတာလဲဗျာ ... "

သူဌေးလေးကိုသုတရဲ့အကြည့်တွေက တဏှာရမ္မက်ခိုးတွေနှင့် ရီဝေနေသည်။ မြမြမိုင်ကတော့ ဒီလူ့ကို အလုပ်သဘောအရပဲ ပတ်သက်ဆက်ဆံချင်လေ၏။

"ကျွန်မတို့ အလုပ်ကိစ္စပဲ ပြောကြရအောင် ကိုသုတ ... ရှင် ရတနာသိုက်တူးမယ့်ကိစ္စမှာ ကျွန်မ ဘယ်လိုအခန်းကဏ္ဍကနေ လုပ်ကိုင်ဆောင်ရွက်ပေးစေချင်တာလဲ"

ရမ္မက်ခိုးတွေဝေနေတဲ့ အကြည့်တွေအောက်မှာ မြမြမိုင်ကိုယ်လုံးလေး မရွေ့နိုင်အောင် ဖြစ်နေရပြီး လွန်စွာမှ စိတ်ညစ်နေမိလေ၏။ ထို့ကြောင့်ပင် လေသံကို မာထန်လိုက်ပြီး မျက်နှာထားလေးလည်း တင်းသွားရလေတော့သည်။

"ကျွန်မတို့ အလုပ်သဘောပဲ ဆွေးနွေးကြရအောင် ... ကျွန်မကို မြေပုံပြလို့ရမလား ကိုသုတ ... "

ကိုသုတရဲ့ မြေပုံကို တောင်းကြည့်မိလေသည်။ ဖြစ်နိုင်လျှင် ရွှေတုံးတွေရယူပြီး မြမြမိုင်ခြေရာဖျောက်ချင်နေလေသည်။ သူဌေးလေးကိုသုတအပေါ် အထင်ကြီးတဲ့စိတ် လုံးဝမရှိဘဲ ချစ်ခင်မြတ်နိုးမှုတွေလည်း မရှိပေ။

ရွှေတုံးတွေကို ယူဆောင်ပြီး အမေ့ကိုပဲခေါ်ပြီး လွတ်ရာကျွတ်ရာကိုပဲ ထွက်ပြေးချင်နေရလေတော့သည်။ ပွပေါက်တော့ ကြံရမှာပဲ၊ မြမြမိုင် မထူးဇာတ်ခင်းတော့မယ်။ သူဌေးလေးဆိုတာလည်း သူဌေးလေး အယောင်ဆောင်ထားရင်ဘယ်လိုလုပ်မလဲ၊ ရွှေတုံးတွေဆိုတာရော တကယ်မှရှိရဲ့လားလို့။

"အမေတို့ ဗျိုင်းနားရွာမှာ တစ်ချိန်က ကပ်စေးအလွန်နည်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူဌေးဦးရေချမ်းဆိုတာ ရှိတာအမှန်ပဲ ... သူဌေးကြီးသေဆုံးပြီး သူဌေးကတော်ကြီးနဲ့ တစ်ဦးတည်း သောသားလေး ဒီရွာမှာ အချိန် အကြာကြီးနေထိုင်သွားကြတာတော့ အမှန်ပါပဲသမီးရယ် ...”

အမေတို့ပင် မီလိုက်သေးသော ကပ်စေးနဲသူဌေးကြီး ဦးရေချမ်းအကြောင်း မြမြမြိုင်တို့ပင် မကြာခဏကြားနေရတတ်လေသည်။ တစ်ရွာလုံးက ပြောစမှတ်ပြုခဲ့ကြသည်။ ရွှေအိုးတွေမြှုပ်ထားခဲ့တဲ့အကြောင်းလည်း တစ်စွန်းတစ်စ ကြားထားကြလေ၏။

“သူဌေးလေးသုတ ဒီကိုလာတာ အဘိုးအမွေနှစ်ဆောင်ပြိုင်အိမ်ကြီး ပြန်ဆောက်ဖို့ပဲ ... သတင်းလွှင့်ထားတယ် ... ရွှေအိုးတွေ တူးဖော်ဖို့ ကိစ္စကို လေသံတောင်မထွက်စေနဲ့ ...”

ပထွေးခင်က မြမြမြိုင်တို့သားအမိအား တင်းတင်းကျပ်ကျပ် သတိပေးထား လေတော့သည်။ ထိုကိစ္စအား သူဌေးလေးသုတကလည်း လျှို့ဝှက်စွာ လုပ်ကိုင်ဆောင်ရွက် နေလေတော့သည်။

ပတ်ဝန်းကျင်အမြင်မှာက မြမြမြိုင်ကို သူဌေးလေးသုတက ငမ်းပြီး ခကြာခဏ သွားရောက်လည်ပတ်နေသည်ဟုပဲ ထင်မှတ်နေကြလေသည်။

“မြေပုံကိုတော့ ကြည့်ခွင့်မပေးနိုင်တာတော့ ခွင့်လွှတ်ပေးပါ မြမြမြိုင်... မင်းထမ်းဆောင်ရမယ့် တာဝန်ကိုတော့ ကျုပ်ပြောပြပါ့မယ်”

မြမြမြိုင် စာဒကမတက်တော့ဘဲ ခိုင်းစေရာအတိုင်း လုပ်ဆောင်ဖို့ပဲ ဆုံးဖြတ်ထားမိလေသည်။ ရွှေအိုးတွေကို လောဘဇောတိုက်ပြီး မတရားရယူဖို့ စိတ်ဆန္ဒမရှိပေမယ့် အပွတော့ကြုံရမှာပဲ။ မြမြမြိုင် တုံးအနေလို့ မဖြစ်ပါဘူး။ ပထွေးခင်လက်ထဲကနေ အမေ့ကိုလည်း ကယ်ထုတ်ပေးချင်နေမိလေသည်။

“မြမြမြိုင် ...”

“ရှင် ...”

“မင်းအရမ်းလှတာပဲကွာ ... မိုးနတ်မိမယ်လေးအလားပဲ ကျုပ်တော့ မင်းနဲ့လာဆုံရတာ ရေးဘဝက ကုသိုလ်ရေစက်လို့ပဲ အမှတ်





ထားရတော့မယ် ထင်တယ်ဗျာ”

အလုပ်သဘောကလွဲပြီး သူဌေးလေးသုတစကားတွေကို မြမြမြိုင် မနှစ်မြို့မိပေ။ မြမြမြိုင်အား ရမ္မက်ခိုးတွေဝေနေတဲ့ ရီဝေဝေမျက်လုံးအကြည့်တွေကို လွှဲဖယ်ဖို့ ထိုင်ရာမှ ထလိုက်လေတော့သည်။

“မြမြမြိုင် ...”

“ရှင်ကျွန်မကို အလုပ်ကိစ္စအကြောင်း ပြောစရာမရှိတော့ဘူးဆိုရင် ကျွန်မ မီးဖိုခန်း ထဲဝင်ပြီး ထမင်းဟင်းချက်ပါရစေတော့ ...”

“ထမင်းတွေ ဟင်းတွေမချက်ပါနဲ့ မြမြမြိုင် ... မင်းမီးဖိုချောင်ထဲ ဝင်ပြီး ပင်ပင်ပန်းပန်း ချက်ပြုတ်ပေးတဲ့ ထမင်းဟင်းတွေကိုလည်း မစားရက်ပါဘူးဗျာ ...”

ကျွန်မ ရှင်စားဖို့ချက်တာမဟုတ်ဘူးဟု ပြောပစ်ချင်မိလေ၏။ ပထွေးခင်က သူဌေးလေးသုတအား အလိုက်အထိုက်ဆက်ဆံရမည်ဟု အမိန့်ပေးထား၍ ကလန်ကဆန် မလုပ်ချင်ပေ။

သူဌေးလေးသုတဆီက အပွကြံစည်ဖို့လည်း စိတ်ကူးရှိနေ၍ မြမြမြိုင် အသာလေး ငြိမ်သက်နေမိလေသည်။

“မြမြမြိုင် မင်းသက်သောင့်သက်သာ နေနိုင်အောင် ကျုပ်အတတ်နိုင်ဆုံး စီစဉ်ဆောင် ရွက်ပေးနေတာပါပဲ ... မင်း အဲဒါကိုသိရဲ့လား”

“သိပါတယ်သူဌေးလေး ... ကျေးဇူးလည်းတင်ပါတယ် ... ကျွန်မရဲ့ ဘဝကိုက ဆင်းရဲဖြာတာပါနေလားမသိပါဘူး ထမင်းဟင်းချက်တာလည်း ဝါသနာပါတယ်လေ ...”

အလုပ်ကိစ္စထက် တဏှာကိစ္စတွေ ပြောဆိုတော့မည့်အရိပ်အယောင်ပြလျက် မြမြမြိုင်ရှောင်ရှားဖို့ ပြင်ဆင်ရလေတော့သည်။ သူဌေးလေးသုတနှင့် မျက်နှာချင်းဆိုင်မိတိုင်း ရွံရှာမုန်းတီးမှုတွေပဲ မြမြမြိုင်ရဲ့ စိတ်ထဲမှာ ဖြစ်ပေါ်လာမိ၏။

“သူဌေးလေးက သမီးလေးကို ချစ်ခင်နှစ်သက်နေတယ်တဲ့ ... အမေ သဘောတူတယ်မြိုင် ... သူဌေးကတော်အဖြစ်ပဲ သမီးကိုမြင်ချင်တယ် ...”



www.burmeseclassic.com

www.burmeseclassic.com



အမေကပင် ဝမ်းသာအားရနှင့် သဘောတူကြည်ဖြူနေလေတော့သည်။ မြမြ မြိုင် စိတ်ကိုက ခက်နေတာပဲ။ အမေပြောသလို အပျော်ကြံဖို့ စိတ်ကူးနေမိပေမယ့် သူဌေးလေး သုတကို လက်ထပ်ဖို့တော့ မြမြမြိုင် ဘယ်လိုမှ စဉ်းစားမရအောင် ဖြစ်နေမိလေ၏။

"မြိုင် ... "

"ရှင် ... အမေ"

အမေ ရေးကြီးသုတ်ပျာနဲ့ မြမြမြိုင်ရှိနေတဲ့ မီးဖိုချောင်ထဲ ရောက်လာလေသည်။

"သမီး ဘာဖြစ်လို့ မီးဖိုချောင်ထဲ ဝင်နေရတာလဲ ... အမေတို့က တမင် သူဌေးလေးနဲ့ နှစ်ယောက်ချင်း လွတ်လွတ်လပ်လပ် နေစေချင်လို့ ရှောင်ပေးကြတာပဲ ... "

"အမေ ... "

"ဟင် ... "

"သူဌေးလေးသုတနဲ့ သမီးကို သိပ်ပြီးလွှတ်မပေးပါနဲ့ဦး ... တော်ကြာ မိန်းကလေး ဣန္ဒြေသိက္ခာမဲ့ပါ့မယ် ... "

"ဘာမဲ့ရမှာလဲ မြိုင် ... သူဌေးလေးက ညည်းကို အရမ်းနှစ်သက်မြတ်နိုးနေတာပဲ၊ ဒါ ကံတရားပဲလေမြိုင် ... ညည်းကံထလာတာပဲ အရယူစမ်းပါ ... "

ဒေါ်မြလေးကလည်း သမီးကို ပထွေးခင့်ရန်က လွတ်မြောက်စေဖို့ သမီးမြမြမြိုင်အား သူဌေးလေးသုတနှင့်ပဲ နီးစပ်စေလိုလေ၏။ ဘယ်လောက်ပူလောင်နေရလဲ မြမြမြိုင် ညည်းမသိပါဘူးအေ၊ အမေ့အမှားတွေအတွက် သမီးအရွယ် အပျိုနုနုထွတ်ထွတ်လေးကို မပေးဆပ်စေချင်ပါဘူးကွယ်၊ ချောမောလှပနုထွတ်နေတဲ့ သမီးလေးမြမြမြိုင်ကို ကြည့်ပြီး ဒေါ်မြလေးရင်ထဲကနေ ပြောနေမိလေတော့သည်။

"မြိုင် ... "

"ဟင် ... အမေ"

"အမေ့စကားကို နားထောင်စမ်းပါ ... သွား ... သူဌေးလေး





သုတအနားမှာနေပြီး ညှော်ခံ ... မီးဖိုချောင်ကိစ္စတွေ အမေလုပ်မယ်... "

"မသွားချင်ဘူး ... အလုပ်ကိစ္စပြောစရာမှ မရှိတော့တာပဲအမေ"

"မြောစရာမရှိ ပြောစရာရှာပြောလေ ... သူဌေးလေးသုတကို အမိဖမ်းစမ်းပါမြိုင်ရယ် ... ရွှေတုံးတွေကိစ္စ မသေချာတာတောင် နှစ်ဆောင်ပြိုင်အိမ်ကြီးနဲ့နေရမှာအေ့ ... "

အမေက မြမြမြိုင်အား အတင်းတွန်းထိုး စေလွှတ်နေလေတော့သည်။ မြမြမြိုင်ကတော့ သူဌေးလေးသုတဆိုတာကို နည်းနည်းမှ မေတ္တာသက်ဝင် ချစ်ခင်ခြင်းမရှိဘဲ စိတ်ထဲမှာရွံရှာမုန်းတီးနေမိလေ၏။

"အမေ ... သူဌေးလေးသုတဆိုတဲ့လူရဲ့မျက်လုံးတွေက အလိုရမ္မက်တွေကြီးပြီး သမီးကို စားတော့ဝါးတော့မတတ်ပဲ ... "

"အဲဒါ အကွက်ပဲပေါ့ ... ပွပေါက်ပဲလေ ... သူဌေးလေးက ချစ်ခင်နှစ်သက်တာ နည်းနည်းကံထလာတာပဲလေ မြိုင် ... "

"အမေကလည်း ... "

ညည်းပထွေးလက်စာ မိသွားချင်လို့လားဟု ပြောပစ်ချင်မိလေ၏။ နယ်ချဲ့ အင်္ဂလိပ်ခေတ် အင်္ဂလိပ်မင်းတွေ အုပ်ချုပ်နေတဲ့ခေတ်အခါ ဥပဒေဆိုတာ ဘာမှအရေးပါ အရာရောက်မှု မရှိဘူးမဟုတ်လား။ ပထွေးစော်ကားလည်း ညည်း ဘယ်သူ့ကိုသွားတိုင်မလဲ။ ဘယ်သူက အရေးအရာလုပ်မှာလဲ။ ငွေများငွေနိုင်ခေတ်ကြီးပါ သမီးရယ်၊ အမေ့သမီး နုနု ထွတ်ထွတ်လေး ပထွေးစာဖြစ်ရမှာထက် အမေကတော့ သူလေးသုတနဲ့ပဲ နီးစပ်စေချင်တာပါပဲ။

ဒေါ်မြလေးရဲ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လာရ၍ စိတ်တွေကို ထိန်းချုပ်ထားလိုက်ရလေသည်။

"အမေ ... "

"ဟင် ... "

"သူဌေးလေးသုတနဲ့ မြိုင့်ကို ဒီလောက်တောင်ပဲ သဘောတူနေလား ... မျက်ရည်တောင်ဝဲနေပြီ ... အမေစိတ်မချမ်းမသာ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့နော် ... မြိုင်သွားမှာပါ ... ”

“ကောင်းတယ်မြိုင် ... အဲဒီလိုဆုံးဖြတ်တာ ကောင်းတယ် ... သူဌေးလေးသုတဟာ သမီးလက်ခုပ်ထဲကရေ ဖြစ်လာအောင် အမိအရ သိမ်းသွင်းထားရမယ် ... ”

အမေကတော့ အမေ့ယောကျ်ား ခေင့်ဆန္ဒတွေ ပြည့်ဝစေဖို့ပဲ သမီးအား အတင်းအကျပ်လှော်ပေးနေသည်ဟု ထင်မိလေသည်။ မြမြမြိုင်ကတော့ အမေ့ကိုစိတ်ချမ်းသာ ပျော်ရွှင်စေချင်မိ၍ သူဌေးလေးသုတအနားသွားဖို့ပဲ ဆုံးဖြတ်လိုက်မိလေ၏။

မြမြမြိုင် မီးဖိုခန်းထဲက ထွက်သွားတော့မယ့်အချိန်တွင်ပင် ပထွေးခေင် ရောက်လာလေတော့၏။

“မြမြလေး မင်းသမီးက ဘာဖြစ်လို့ မီးဖိုချောင်ထဲရောက်နေရတာလဲ ... သူဌေးလေး သုတကို တစ်ယောက်ထဲထားခဲ့ရလားကွ ... တော်တော်အလိုက်ကန်းဆိုးမသိတဲ့ ဟာမလေးပဲ ... သွားစမ်း ... သူဌေးလေးအနားကို ... ”

ခေင် အသံအကျယ်ကြီးနှင့်လည်း မဆူရဲပါ။ မယားပါသမီးအား တိုးတိုးတိတ်တိတ်ဆူရင်း အတင်းမောင်းထုတ်နေမိလေသည်။

“သွားတော့မှာပါ ... သမီးလေး အခုပဲ သွားတော့မှာ ... မြိုင်သွားတော့ ... သမီးအဖေ ပြောတာမှန်တယ် ... သူဌေးလေးအပေါ် ဧည့်ဝတ်ကျေရမယ်လေ ... ”

ပထွေးခေင့်မျက်နှာကိုလည်း မြမြမြိုင် မကြည့်လိုပေ ... ။ မျက်နှာချင်းဆိုင်မိတိုင်း အမြဲတမ်း ရှောင်ရှားနေဖို့ပဲ ကြိုးစားနေရလေ၏။

“မြမြမြိုင် နင် ကြပ်ကြပ်သတိထားနော် ... ငါ့စကားတွေကို ကလန်ကဆန်လုပ်ရင်တော့ ခေင့်အကြောင်း ကောင်းကောင်းသိသွားမယ် ... ”

“မြိုင်သွားလေ သမီး ... ဟုတ်ပါတယ်ကွယ် ... သူဌေးလေးသုတစိတ်မကွက်အောင်ဘဲ သမီးနေထိုင်ရမယ် ... အမေ့စကားကို နားထောင်စမ်းပါအေ ... ”





မြမြမြိုင် မီးဖိုချောင်ထဲက အိမ်ရှေ့ခန်းသို့ ရောက်လာရလေ၏။ သူဌေးလေးသုတ ထိုင်နေဆဲပင် ဖြစ်လေသည်။ အလုပ်ကိစ္စပြီးပြီပဲ။ ဘာဖြစ်လို့များ မပြန်သေးတာလဲ မသိပါဘူးနော်။ မြမြမြိုင်တွေးပြီး စိတ်အညစ်ကြီး ညစ်နေမိလေ၏။

“မြမြမြိုင် ထမင်းဟင်းတွေ ချက်ပြုတ်ပြီးပြီလား ... ”

“အမေက သူဌေးလေးကိုပဲ ဧည့်ခံနေရမယ်တဲ့ ... ”

“မြမြမြိုင် ... ”

“ရှင် ... ”

“ကျုပ်ကို တာဝန်အရပဲ ဆက်ဆံချင်တာလား ... ”

“ကျွန်မတို့ ... ”

“မြမြမြိုင်ကြည့်ရတာ ကျုပ်ကိုအထင်မကြီးဘူးထင်တယ် ... ”

သူဌေးလေးသုတအမည်ခံ ဖောက်ထွင်းဝိဇ္ဇာသုတကတော့ လူတွေရဲ့အတွင်း အစ္ဆတတွေကို သုတ ကောင်းကောင်းအကဲခတ်မိလေ၏။ မြမြမြိုင်က သုတကို အထင်သေးနေတာပဲ။ ကျုပ်ကတော့ အမိလေးကို ချစ်ခင်နှစ်သက်နေမိပြီ။ ကျုပ်လိုချင်တာဆိုရင် ရအောင်ယူတတ်တာ ကျုပ်အကျင့်ပဲလေ။ မြမြမြိုင်အား သုတ လွန်စွာချစ်မြတ်နိုးမိလေ၏။ အရယူဖို့လည်း ဆုံးဖြတ်ထားလေသည်။

“မြမြမြိုင် ... ”

“ရှင် ... ”

“ကျုပ်ကတော့ မြမြမြိုင်ရဲ့အလှကွန်ရက်မှာ ငြိတွယ်နေတဲ့ ပင့်ကူတစ်ကောင်ပဲ ဖြစ်နေရပြီ ... ရုန်းလေငြိတွယ်လေပဲ ... ”

အမေက သူဌေးလေးသုတအား အမိဖမ်းထားဖို့ တတွတ်တွတ် နားသွင်းဖျောင်းဖျနေပေမယ့် မြမြမြိုင်ကတော့ သူဌေးလေးသုတအား အထင်မကြီးဘဲ အမြင်ကပ်တဲ့စိတ်တွေ၊ ရွံရှာမုန်းတီးတဲ့စိတ်တွေပဲ ဖြစ်ပေါ်လာရလေ၏။ မဖြစ်ဘူး မြမြမြိုင် နင့်စိတ်တွေ ကို ထိန်းချုပ်စမ်း။ ဟုတ်တယ် ဒီလောက်ကံဆိုးပြီး ဆင်းရဲမွဲတေတဲ့ဘဝ အပူကြံရမယ်။ သူဌေး လေးသုတကိုတော့ မယူဘူး။ ရှင့်ဆီက ရွှေတုံးတွေပဲ အရယူပစ်လိုက်မှမယ်။



www.burmeseclassic.com

www.burmeseclassic.com



ပထွေးခင်လက်ထဲကလည်း လွတ်မြောက်အောင် ကြိုးစားရမယ်။ မြမြမိုင်တုံးအနေလို့တော့ မဖြစ်ဘူး။ မြမြမိုင်ရဲ့နောင်ရေးအတွက် ထည့်သွင်းစဉ်းစားရတော့မယ်။

"ကျုပ်မှာ ရွှေတုံးတွေမတွေ့ရင်တောင် ကျုပ်ရှာဖွေထားတဲ့ စည်းစိမ်ဥစ္စာတွေ အများ ကြီး ရှိပါသေးတယ် ... "

သုတ ခွင်ကောင်းတစ်ခုမိထား၍ ငွေကြေးစည်းစိမ်ဥစ္စာတွေ လက်ထဲမှာ ရှိနေလေ၏။ မြို့က သူဌေးကြီးအိမ်တစ်အိမ်အား ဖောက်ထွင်းခိုးယူထားလေသည်။ အဘိုး လက်ထက်က ချမ်းသာပေမယ့် ကပ်စေးနဲပြီး မြေကြီးထဲမှာ မြှုပ်ထား၍ ကျန်ခဲ့တဲ့မျိုးဆက်တွေ ဆင်းရဲမွဲတေကြရပြီး ဘဝပျက်ရတဲ့အထိ ဖြစ်လာရလေတော့၏။ သုတ ငယ်ငယ်လေး ကတည်းက အဖေဆုံးသွားပြီး ဖောက်ထွင်းဝိဇ္ဇာကြီးတစ်ယောက် လက်ထဲမှာ ကြီးပြင်းလာရသည်။

"သား ... ဗျိုင်းနားရွာမှာ အဖေတို့အမွေအိမ်ကြီးတစ်လုံး ရှိသေးတယ်... သားအရွယ် ရောက်ရင် သွားပြီးယူပါ ... ပြီးတော့ အဘိုး ရွှေတုံးတွေမြှုပ်ထားတဲ့ကိစ္စလည်း မင်း လက်ထက်မှာတော့ ရှာဖွေနိုင်စေချင်တယ် ... "

အဖေ့စကားတွေကို သုတ ဘယ်တော့မှမမေ့ဘဲ အဖေ့မွေးရပ်မြေရွာကိုပြန်ဖို့ အမြဲတမ်းကြံစည်နေခဲ့လေသည်။ ဖောက်ထွင်းဝိဇ္ဇာ မွေးစားအဖေဆီမှ ဖောက်ထွင်းနည်း ပညာတွေရပြီး ဖောက်ထွင်းဝိဇ္ဇာ သုတဆိုပြီး နာမည်တစ်လုံးရထားလေ၏။ တစ်နေ့ သူဌေးကြီးတစ်ယောက် အိမ်ကို ဖောက်ထွင်းဖော ပွပေါက်တိုးပြီး မွေးရပ်မြေသို့ သူဌေးလေးသုတအဖြစ် ပြန်ရောက်လာတော့သည်။

"မြမြမိုင် ... "

"ရှင် ... "

"ကျုပ်ကိုလက်ထပ် ... "

"ဟို ... ဟို ... ကျွန်မတို့ရဲ့ အမိကရည်မှန်းချက်တွေက ရွှေတုံးတွေရှာဖို့လေ ... "





"မြမြမိုင်နဲ့ နေ့စဉ်တွေ့နေရပြီး ကျုပ်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာရတယ်၊ ကျုပ် မြမြမိုင်ကို လက်ထပ်ပါရစေ ... "

ကိုခင်နဲ့ ဒေါ်မြလေးက မြမြမိုင်ကို သူနှင့်နီးစပ်စေချင်နေကြတာ သုတ သိထားပြီး ဖြစ်လေ၏။ ထို့ကြောင့်ပင် မြမြမိုင်အား အခွင့်အရေးယူဖို့ ဆုံးဖြတ်ထားလေသည်။

"ကျုပ်အတွက်ကတော့ အလုပ်ကိစ္စထက် မြမြမိုင်ကို ချစ်မြတ်နိုးတဲ့စိတ်တွေ ပိုပြီး ပြင်းပြလာလေတော့ အချစ်ရေးကပဲ အရေးတကြီးဖြစ်နေရပါပြီ မြမြမိုင်ရယ် ... "

သုတဘဝမှာ မိန်းမတစ်ယောက်ကို ဘယ်တော့မှ အတည်တကျယူဖို့ စိတ်မကူးခဲ့မိ။ မိန်းမတစ်ယောက်အား တာဝန်ယူရှာဖွေကျွေးမွေးရမှာ မလိုလားဆုံးပင်။ ယခုတော့ ဖောက်ထွင်းမှုကြီးကလည်း အချိုကြီးပွထားပြီး မိန်းမချောလေးမိုင်ကလည်း နုတ်မိမယ်လေးအလား အလွန်တရာလှပချောမောနေ၍ တစ်ကြိမ်တစ်ခါမှ မပေါ်ပေါက်ဖူးတဲ့ အချစ်တွေနှင့် နှစ်သက်စွဲလမ်းချစ်ခင်မြတ်နိုးနေမိလေတော့သည်။

"မြမြမိုင်ကို ကျုပ် လက်ထပ်ပါရစေ ... နှစ်ဆောင်ပြိုင်အိမ်ကြီးပြီးဆုံးတာနဲ့ မြမြမိုင်ကို ကြီးကျယ်ခမ်းနားစွာ မင်္ဂလာဆောင်ချင်ပါတယ် ... "

"ဟို ... ဟို ... ကျွန်မ ... "

မြမြမိုင်က ငြင်းဆန်မည့်ဟန်ပြင်နေစဉ်မှာပင် သူဌေးလေးသုတက မြမြမိုင်အနား တိုးကပ်လာပြီး လက်မောင်းအိုးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်လေ၏။ မြမြမိုင် အထိတ်တလန့်နှင့် ကြောက်ရွံ့သွားရပြီး ဆတ်ခနဲ ရုန်းဖယ်လိုက်မိလေသည်။

"မရုန်းပါနဲ့ မြမြမိုင်ရယ် ! ... ကျုပ်အချစ်တွေကို မိုင်လက်ခံပါ ... လူကြီးမိဘတွေကလည်း သဘောတူတာပဲ ... ကျုပ်နဲ့မိုင်က နေ့နဲ့လ ရွှေနဲ့မြပဲ ... "

"ကျွန်မကို အဲဒီလိုမလုပ်ပါနဲ့ ကိုသုတ ... မိန်းကလေးတစ်ယောက်ရဲ့ ဘဝတစ်သက်တာအရေးဖြစ်လို့ လုပ်ငန်းကိစ္စတွေပြီးမှပဲ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားပါရစေ”

သူဌေးလေးသုတရဲ့စက်ကွင်းကနေ မြမြမြိုင်လွတ်သွားအောင် ရုန်းထွက်လိုက်ပြီး ခပ်လှမ်းလှမ်းကနေ ဣန္ဒြေရရစကားပြောဆိုနေမိလေတော့သည်။

◆◆◆



## ဖိုးသူတော်ကိုးယောက် နှင့် ကိုးသချိုင်းသီချင်းသံ

ဖခင်ကြီးဆုံးသွားပြီးကတည်းက သူကော်နန္ဒသည် ဖိုးသူတော်အဝတ်နှင့် တစ်လလောက် ကျင့်ကြံနေထိုင်ပြီး ပဉ္စင်းဝတ်ဖို့အထိ ဆုံးဖြတ်ချက်ချထားလေသည်။ ဘုံပြတ်ဇရပ်မှာပဲ ဖြစ်သလိုနေထိုင်ပြီး တရားဘာဝနာများကို ကျင့်ကြံအားထုတ်နေမိလေသည်။

ဆွမ်းကွမ်းဒကာက သုဘရာဇာအုံးမောင် ဖြစ်ပြီး ဆွမ်းကွမ်းကိစ္စကလည်း သူဌေးတွေလာပြီးမြေမြှုပ်တဲ့ ဘုံပြတ်သင်္ချိုင်းမှာတော့ ဆွမ်းကွမ်းက မခက်ခဲပေ။ ဟင်းကောင်းကျွေးကောင်းလေးများပင် ပါတတ်လေ၏။

တစ်နေ့သ၌ သူတော်နန္ဒသည် တရားမေ့ကိစ္စများ ဆွေးနွေးရန် နတ်တောသင်္ချိုင်းမှာ ကျောင်းသခ်မ်းဆောက်လုပ်နေထိုင်တဲ့ သူတော်ပဏ္ဍိတထံ ရောက်လာလေသည်။

“ထိုင်ပါ သူတော်နန္ဒ ... ဘယ်လိုလဲ သူတော့်စိတ်တွေ တည်ငြိမ်မှု ရရှိပါသလား”

သူတော်နန္ဒသည် သူတော်ပဏ္ဍိတအား ရှိခိုးဝင်ပြီး မျက်နှာချင်းဆိုင်မှာ ထိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတော်နန္ဒ ..."

"အမိန့်ရှိပါ သူတော် ..."

"သူတော်နန္ဒ စိတ်တွေတည်ငြိမ်မှုရှိပြီလား ..."

"မရှိသေးပါဘူးဘုရား အဖေ့ကို သတိရနေတယ်၊ အဖေပြောတဲ့ စကားတွေကို ကျုပ် သတိရပြီး တွေဝေနေမိတယ် ..."

"သူတော်က ငယ်သေးတယ် ... စိတ်က ဘယ်လိုလုပ်ပြီး တည်ငြိမ်သေးမလဲ ... သူတော်နန္ဒ လွတ်မြောက်ခြင်းဆိုတာ နိဗ္ဗာန်ပဲရှိတာ မှန်ပေမယ့် စိတ်ကိုမထိန်းချုပ်နိုင်ရင် အကုသိုလ်ဖြစ်ပြီး ငရဲကျရမှာနော် ... သူတော့်အဖေ ပြောသလိုပဲ မြို့တက်ပြီး ကြီးပွားတိုးတက်အောင်လုပ်ခြင်းကမှ အကျိုးကျေးဇူးဖြစ်ထွန်းစေနိုင်မှာနော် သူတော် ..."

ဒီဘဝဆိုးကြီးကနေ လွတ်မြောက်ဖို့ သူတော်နန္ဒ တရားကျင့်ကြံပြီး နောင်ဘဝမှ လွတ်မြောက်ဖို့ကြိုးစားတာ နည်းလမ်းမကျသေးဘူးဟု သူတော်ပဏ္ဍိတက ပြောဆိုနေခြင်းဖြစ်လေသည်။

"စိတ်ကို ထိန်းချုပ်ရမယ် ... အကုသိုလ်တွေကို အတတ်နိုင်ဆုံး မပြုလုပ်မိအောင် ရှောင်ရှားရမယ် ... လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး သူတော် ... သူတော်က ငယ်တော့ သူတော့်စိတ်တွေကို ထိန်းချုပ်နိုင်ဖို့မလား ... သာသနာတော်မှာ အချောင်နေထိုင်တာမျိုးတော့ မဖြစ်စေချင်ပါဘူး ..."

သူတော်ပဏ္ဍိတသည် စိတ်ဓာတ်တွေတည်ကြည်ပြီး စစ်မှန်သောသူတော် တစ်ယောက်ဟု သူတော်နန္ဒ လက်ခံထားမိလေသည်။

"သူတော်ပဏ္ဍိတကို တပည့်တော်တစ်ခုလောက် မေးပါရစေ ..."

"မေးပါ ..."

"ကိုးသချိုင်းမှာရှိတဲ့ ဖိုးသူတော်ကိုးယောက်လုံး စစ်မှန်တဲ့သူတော်တွေရော ဟုတ်ပါရဲ့လား ဘုရား ..."

"အဲဒါကတော့ သူတို့ကိစ္စပဲ သူတော် ... ကျုပ်တို့က ဝေဖန်ပိုင်းခြားပြောဆိုဖို့ မသင့်ဘူး အကုသိုလ်ဖြစ်မယ် ... အတုအစစ်ဆိုတာ





ကိုယ့်အတွင်းစိတ်သန္တာန်ပဲဟာ ... ကိုယ်ကောင်းတာလုပ်ရင် ကိုယ်ပဲစံရမှာလေ ... ကိုယ်က မကောင်းတာလုပ်ရင် မကောင်းတဲ့ဆိုးကျိုးကို ကိုယ်ပဲခံရမှာပဲ ..."

သူတော်နန္ဒကတော့ ကောင်းတာတွေပဲလုပ်ဖို့ ကြိုးစားကျင့်ကြံရမှာပဲ။ တစ်ကောင်ကြွက်ဖြစ်နေတဲ့ သူတော်နန္ဒအတွက် စည်းစိမ်ဥစ္စာတွေ ဘာလုပ်တော့မှာလဲ။ သူတော်ကောင်းတရားနဲ့ သာသနာထဲမှာပဲနေဖို့ ဆုံးဖြတ်ထားလေသည်။

"အမိက စိတ်ပဲ ... သူတော်က ငယ်သေးတယ်လေ ... စိတ်ကို ထိန်းချုပ်နိုင်ဖို့ အတော်လေး ကြိုးစားရမယ် ..."

"သူတော်ပဏ္ဍိတရော ပဉ္စင်းမဝတ်သေးဘူးလား ..."

"ကျုပ်ရည်မှန်းထားတဲ့ အနေအထားတစ်ခုကိုရောက်မှ ကျုပ်ပဉ္စင်းအသွင် ကူးပြောင်းမယ်လေ ..."

"တပည့်တော်လည်း အသုဘကမ္မဋ္ဌာန်းရှုပြီး ဖြစ်ပျက်ကို မှတ်နေပါတယ် ... ဒီဖြစ်ပျက်ကိုသာ အာရုံစူးစိုက်နိုင်ရင် လူတွေမှာ လောင်မြိုက်နေတဲ့မီးတွေ အတော်လေး ငြိမ်းသတ်နိုင်မှာပဲနော် ..."

"အင်း ..."

သူတော်နန္ဒရဲ့အကြည့်တွေက သချိုင်းအလယ်တည့်တည့်ရှိ သစ်ပင်ကြီး တစ်ပင်ဆီရောက်သွားရတော့သည်။

"ဟင် ... သူတော် ဟိုမှာကြည့်စမ်းပါ ... လူတစ်ယောက် ကြိုးစတစ်စကို ကိုင်ထားတယ် ... သစ်ပင်ကိုခုတ်မလို့ထင်တယ် ..."

သူတော်ပဏ္ဍိတလည်း သူတော်နန္ဒ လှမ်းကြည့်တဲ့နေရာကို ကြည့်လိုက်တော့ သစ်ပင်ခုတ်ဖို့ မဟုတ်ဘဲ ဖွဲကြိုးချသေဖို့ကြံစည်တာဖြစ်ကြောင်း ချက်ချင်းသိရှိလိုက်လေတော့သည်။

"သစ်ပင်ခုတ်ဖို့ မဟုတ်ဘူး သူတော်နန္ဒ ... အဲဒါ သေကြောင်းကြံစည်မလို့ပဲဗျာ"

"ဟင် ..."

"သွားတားစို့ဗျို့ ... အဖန်ငါးရာငါးကမ္ဘာခံရမယ့်အပြစ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့တားရမှာပဲ"

သူတော်ပဏ္ဍိတ ထိုင်နေရာမှ ကပျာကယာထလိုက်ပြီး သချိုင်းအလယ်မှာရှိတဲ့ သစ်ပင်ကြီးဆီသို့ သုတ်ခြေတင်ထွက်လာခဲ့လေ၏။

ကြိုးစတစ်ခုကိုကိုင်ထားသော ထိုလူသည် အသက်ငယ်ငယ်ပဲရှိသေးသည်။ သစ်ပင်ကြီးပေါ်တက်ဖို့ ကြိုးစား၍နေလေ၏။

"ဟေ့လူ ..."

"ဟင် ..."

"ခင်ဗျား ဘာဖြစ်လို့ ဆွဲကြိုးချသေချင်လောက်အောင် စိတ်ညစ်နေရတာလဲ"

ထိုသူသည် အံ့သြထိတ်လန့်စွာဖြင့် သူတော်ပဏ္ဍိတကို ကြည့်နေလေသည်။

"ကျုပ် သေကြောင်းကြံစည်တာကို သူတော်က ဘယ်လိုတပ်အပ် ပြောနေရတာလဲ၊ ကျုပ် သစ်ပင်ခုတ်မလို့ပါ ဖယ်ပါ ... ကျုပ်ကို မနှောင့်ယှက်ပါနဲ့ ... ကျုပ် သစ်ပင်ပေါ် တက်ပါရစေ ..."

"မတက်ရပါဘူး ဒကာကြီး ... အသက်ငယ်ငယ်လေးပဲရှိသေးတာ... ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ချင်ရတာလဲ ..."

"ကျုပ် သေကြောင်းကြံစည်တာ မဟုတ်ပါဘူးလို့ ပြောပြီးပြီပဲ ... ဖယ်ကြပါ မနှောင့်ယှက်ကြပါနဲ့ ..."

"ဒကာကြီး သေကြောင်းကြံစည်တာပဲ ... သစ်ပင်ခုတ်ဖို့ဆိုရင် ဒကာကြီးမှာ ဓားမ မပါတာ ... သစ်ကိုင်းတွေကို ဘာနဲ့ခုတ်မှာလဲ"

သူတော်ပဏ္ဍိတစကားကြောင့်သေကြောင်းကြံစည်ရန်ရောက်လာသော သူတော်နန္ဒနဲ့ ရွယ်တူလူငယ်လေးသည် သူတော်ပဏ္ဍိတအား စောဒကမတက်တော့ဘဲ ငြိမ်သက်သွားလေတော့သည်။

"ကျုပ် ကျောင်းကိုလိုက်ခဲ့ပါ ..."

လူငယ်လေးသည် သူတော်ပဏ္ဍိတခေါ်ဆောင်ရာနောက်သို့ နှေးကွေးလေးလံတဲ့ ခြေလှမ်းတွေနှင့် လိုက်ပါလာလေ၏။ တဲကျောင်းလေးရှေ့မှ ကွပ်ပျစ်တွင် ထိုင်ကြလေသည်။





"ဆိုစမ်းပါဦး ဒကာလေး ... လူ့လောကကြီးထဲမှာ မနေချင်လောက်အောင် ဘာအကြောင်းကိစ္စများရှိနေလို့လဲ ..."

"ကျုပ်သေချင်တယ် ... ကျုပ် လူ့လောကကြီးထဲကို ရောက်ရောက်ချင်းပဲ ကံမကောင်းခြင်းတွေနဲ့ စတင်လာတာပါပဲ သူတော်"

"ပြောပါဦးဗျာ ..."

"ကျုပ်ကိုမွေးပြီး မီးမထွက်ခင်မှာပဲ ကျုပ်အမေက တဲအိမ်လေး ပြိုကျပြီး သေဆုံး သွားရတယ် ..."

"ဟင် ..."

သူတော်နန္ဒ လွန်စွာငမ်းနည်းကြေကွဲပြီး စိတ်ထိခိုက်သွားရလေသည်။ မိမိအဖြစ်တွေနှင့် ထပ်တူထပ်မျှ တူလွန်းနေ၍လည်း ဖြစ်၏။ မိမိကိုမွေးပြီးကတည်းက အမေလည်းသေ စီးပွားလည်းပျက် နောက်ဆုံး သုဘရာဇာဘဝရောက်ရတော့တာပဲ။

"ကျုပ်ငယ်ငယ်လေးကတည်းက မိထွေးနဲ့နေရပြီး မိထွေးရဲ့နှိပ်စက်ညှဥ်းပန်းမှုကို ခံရတော့တာပဲ ... ကျုပ် အလုပ်တွေ အရွယ်နဲ့မမျှအောင် လုပ်ရတယ် ... မဝရေစာ စားရတယ် ..."

ထိုလူရွယ်ပုံသဏ္ဌာန်က ပိန်လှီဖျော့တော့ပြီး အင်အားချည့်နဲ့နေလေတော့သည်။

"ကျုပ်အလုပ်ကြမ်းတွေ လုပ်ရတယ် ... အဖေရဲ့မိသားစုကို ရှာဖွေကျွေးမွေးရတယ် ... ကျုပ်ကို မိထွေးက မကြည်ဖြူဘူး၊ မိထွေးက အကြွေးတွေယူပြီးရင် ကျုပ်ပဲဆပ်ရတယ်၊ ကျုပ်လုပ်အားခအားလုံး မိထွေးကသိမ်းတယ်၊ အဖေက မိထွေးကို ကြောက်ရတယ်၊ မိထွေး ရန်တိုက်ပေးသမျှယုံပြီး ကျုပ်ကိုပဲ ရိုက်တယ် ..."

"ဒါတွေအားလုံးက ဒကာလေး ကိုယ့်ကိုယ်ကိုယ် သတ်သေချင်တဲ့ အကြောင်းတွေလား ..."

"ဟုတ်တယ် သူတော် ... ကျုပ်ဘဝရဲ့လွတ်မြောက်ရာလမ်းစဟာ သေခြင်းပဲရှိတယ် ... စာဆိုလည်း ကျုပ်တစ်လုံးမှ မတတ်ဘူး ... ဘုန်းတော်ကြီးကျောင်းမှာတောင် မသင်ရဘူးလေ ... ဟာလည်း



www.burmeseclassic.com

www.burmeseclassic.com



မရေးတတ် မဖတ်တတ် ... ဆင်းရဲပင်ပန်းလွန်းလို့ ကျုပ်သေချင်တယ် ... သေရင် ဒီဘဝကလွတ်မြောက်ပြီပဲ ဦးသူတော် ... ”

သူတော်ပဏ္ဍိတက တည်ငြိမ်ရင့်ကျက်တဲ့ လေသံဖြင့် သေချင်လောက်အောင် ညည်းညူပြောဆိုနေသော လူရွယ်ကို စူးစိုက်စွာကြည့်နေလေတော့သည်။ သူတော်နန္ဒကတော့ သူတော်ပဏ္ဍိတရဲ့ ဆင်ခြင်တုံရှိပုံနှင့် ထိုးထွင်းဖြစ်တည်တဲ့ ဉာဏ်အမြော်အမြင်ကို လေးစားအထင်ကြီးမိလေတော့သည်။

“ကျုပ် သေပါရစေ ... ကျုပ်သေသွားမှ ဒီဘဝကလွတ်မြောက်မှာပါ ... ဘယ်နည်းနဲ့ သေရင် ကောင်းမလဲဆိုတာပဲ ပြောစမ်းပါ ... ကျုပ် ဒီနည်းနဲ့ သေကြောင်းမကြံရရင် တခြားနည်းလမ်းတွေနဲ့ သေကြောင်းကြံရလိမ့်မယ် ဦးသူတော် ... ”

“သေရမယ့် နည်းလမ်းတွေကတော့ အများကြီးပဲရှိတယ်လေ ဒကာလေးရဲ့ ... ကိုယ့် ကိုယ်ကိုယ် ဓားနဲ့ထိုးသေမလား၊ လည်ပင်းကို ဆွဲကြိုးချသေမလား၊ သေနည်းတွေက အများကြီးပဲရှိသေးတယ် ...”

သူတော်ပဏ္ဍိတ လေသံတွေက အေးဆေးတည်ငြိမ်နေလေ၏။ ထိုသေချင်နေတဲ့ လူရွယ်ကိုလည်း စူစိုက်စွာကြည့်နေသည်။

“ခင်ဗျား ကိုယ့်ကိုယ်ကိုယ် သတ်သေမယ့်အစား သူတော်တို့လို သာသနာ့ဘောင်မှာနေဖို့ လုပ်ကြည့်ပါလား ... ”

သူတော်နန္ဒက ဘေးကနေ မနေနိုင်တော့ဘဲ ဝင်ပြောမိလေသည်။

“မဝတ်ချင်ပါဘူး သာသနာ့ဘောင်မှာနေဖို့ သူတော်ကောင်းတရားကျင့်ကြံအား ထုတ်နိုင်မှဖြစ်မှာပါ ... အဲဒါ လွတ်မြောက်ရာ မဟုတ်ဘူး သူတော် ... ငရဲအိုးထဲ ဇောက်ထိုးကျမှာ ... ကျုပ် ဒီဘဝထက် ပိုဆိုးနေပါ့မယ် ... ”

ငယ်ရွယ်ပေမယ့် အသိပညာတော့ ရှိသားပဲဟု သူတော်နန္ဒ တွေးတောနေမိလေသည်။

“ကျုပ်ရဲ့ လွတ်မြောက်ခြင်းဟာ သေခြင်းပဲ ... ကျုပ် သေပါရစေ...





သူတော်တို့ မတားပါနဲ့ ကျုပ်သေပါရစေ ... ”

“ကောင်းပြီလေ ... ဒကာလေးက ဒီလောက်သေချင်ရင်လည်း သွားသေတော့ ... ဘဝဆိုတာ ဒီဘဝသေတာနဲ့ ပြီးဆုံးတာမဟုတ်ဘူးနော် ... ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတယ်ဆိုရင် အဖန်ငါးရာငါးကမ္ဘာအထိခံရမှာ ... ဒီဘဝဆွဲကြိုးချပြီးသေလိုက်ရင် နောက်ဘဝငါးရာအထိ ဒီအသက်အရွယ်ရောက်တိုင်း ဒကာလေး အထုံပါပြီး ဆွဲကြိုးချသေရမှာပဲလေ ... ”

“ဟင် ... ”

ထိုလူရွယ်၏မျက်နှာပေါ်မှာ သွေးမရှိတော့သလို ဖြူဆုတ်သွားလေတော့သည်။

“ဒကာလေးက ယောက်ျားမဟုတ်ဘူးလား ... ရခဲတဲ့လူ့ဘဝကို ဘာဖြစ်လို့ ဒီလို အလွယ်တကူ အရှုံးပေးချင်ရတာလဲ ...” မြို့တက်ပြီး တော့ပဲဖြစ်ဖြစ် တခြားအလုပ်တွေကိုပဲ ဖြစ်ဖြစ် ကြိုးစားအားထုတ်သင့်တယ်လေ ... တိုးတက်မှုတစ်ခုခုကို ကြံစည်ပါလား ဒကာလေး”

သူတော်ပဏ္ဍိတက ထိုလူရွယ်အား ဘဝအတွက် တိုးတက်အောင်မြင်ရေး လမ်းစတွေကို ပြောပြလေတော့သည်။

“ကျုပ်က သာသနာ့ဘောင်မှာပဲ သူတော်ကောင်းတရား ကျင့်ကြံအားထုတ်ပြီး တစ်သက်လုံး နေထိုင်တော့မယ်လို့ ဆုံးဖြတ်ထားလို့ ပဏာမအနေနဲ့ ဖိုးသူတော်ဘဝနဲ့ ကျင့်ကြံအားထုတ်ကြည့်တာလေ”

“သူတော့်ကိုမြင်ရတော့ ကျုပ် အရမ်းပဲကြည်ညိုသဒ္ဓါဖြစ်မိပါတယ်၊ ကျုပ် မသေတော့ပါဘူး၊ ဘဝကိုလည်း အရှုံးမပေးတော့ပါဘူး ... ယောက်ျားပီပီသသ ဘဝတိုးတက်ရေးအတွက် အစွမ်းရှိသလောက် ကြိုးစားတော့မယ်ဘုရား ... ”

ထိုလူရွယ့်နာမည်က မောင်ချစ်ညိုဖြစ်ကြောင်း ပြောလေသည်။

“မောင်ချစ်ညို အတိတ်ဘဝက ကုသိုလ် အကုသိုလ်ကြောင့် ဒီဘဝမှာ ရရှိတဲ့ခန္ဓာကိုယ်နဲ့ ရင်ဆိုင်ဖြတ်သန်းရမယ့်အခြေအနေတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ လက်ခံရမှာပဲ ... နောက်ဘဝ အတွက်သာ ဒီဘဝမှာအကျိုးရှိရှိ လုပ်ကိုင်ဆောင်ရွက် တတ်ရတယ် ဒကာလေး ... ”

“သူတော်နဲ့တွေ့ရတာ ကျုပ်အတွက် အရမ်းအကျိုးရှိတာပဲ ... စိတ်ဓာတ်တွေ ပျော့ညံ့ပြီး ကျုပ်ကိုယ်ကျုပ် သတ်သေလိုက်ရင် အဖန်ငါးရာငါးကမ္ဘာကို ဒီအထုံရေစက်ကြောင့်ပဲ ကိုယ့်ကိုယ်ကိုယ် အမြဲတမ်း သေကြောင်းကြံစည်ပြီး သေရတော့မှာ ကျုပ် ကံကောင်းသွားတယ် ... ကျုပ်ကတော့ သာသနာ့ဘောင်မှာ မနေနိုင်သေးဘူးထင်တယ်၊ လူဝတ်ကြောင်နဲ့ပဲ လူ့ဘဝကြီးကို တိုးတက်ကောင်းစားဖို့ ကြိုးစားအားထုတ်တော့မယ်ဗျို့ ... ”

မောင်ချစ်ညိုက ဖိုးသူတော်တွေကို ထိုင်ကန်တော့ပြီး ထွက်သွားလေတော့သည်။

“သူတော်ပဏ္ဍိတက မောင်ချစ်ညိုကို ကိုယ့်ကိုယ်ကိုယ် သတ်သေတော့မယ်လို့ ရုတ်ချည်း သိလိုက်လို့ပေါ့ ... ”

“ဒါက မခက်ပါဘူး... ဒီလူက သစ်ပင်ခုတ်မယ့်လူမဖြစ်နိုင်ဘူးလေ... ဓားမှမပါတာပဲ သူတော်နန္ဒ ... ပြီးတော့ စိတ်ပျော့တယ် ... သေချင်လောက်အောင် ဘဝကကြမ်းတမ်းလွန်းလို့သာပဲ ... ယူလာတာက ကြိုးစလေးပဲ ကချော်ကချွတ်နဲ့ ... တကယ်တမ်းကျတော့ မောင်ချစ်ညိုက မသေရဲပါဘူး ... ”

“သူတော်ပဏ္ဍိတက သာသနာ့ဘောင်မှာပဲ ဘဝတစ်လျှောက်လုံး နေထိုင်သွားတော့မယ်ပေါ့ ... ”

“ကျုပ်စိတ်တွေ ခိုင်ခိုင်မာမာ ဆုံးဖြတ်ပြီးသွားပါပြီ သူတော်နန္ဒ... ကျုပ်သင်္ကန်းပဲဝတ်မှာ ... ကျုပ်ဘဝတစ်သက်လုံး သာသနာ့ဘောင်မှာပဲနေမယ် ... သူတော်ကရော”

သူတော်နန္ဒ တွေဝေစွာဖြင့် ရုတ်ချည်းအဖြေမပေးနိုင်ဘဲ ဖြစ်နေလေ၏။

“ဘယ်လိုလဲ သူတော် ... ရုတ်ချည်းအဖြေမပေးနိုင်တော့ဘူး မဟုတ်





လား ... သူတော် လူထွက်ပြီးသာ ဘဝတိုးတက်ကြီးပွားရေးအတွက် အားထုတ်ပါလေ ... ”

သူတော်နန္ဒ တွေဝေနေမိတာတော့ အမှန်ပဲဖြစ်လေသည်။ စိတ်ကို ထိန်းချုပ် နိုင်စွမ်းမရှိသေးပေ။

“မောင်ချစ်ညိုဘဝက ကျုပ်ထက် ကောင်းမွန်ပါသေးတယ် သူတော် ... သုဘရာဇာ ဘဝမရောက်သေးပါဘူး ... ကျုပ်ကသာ... ”

“အဓိက စိတ်ပါပဲသူတော် ... သုဘရာဇာလည်း လူပဲလေ ... ဘဝကိုပြောင်းလဲပစ်နိုင်တာပဲ မဟုတ်လား ... အလုပ်ကို ကြိုးစားအားထုတ်လုပ်ကိုင်ဖို့ပဲ လိုအပ်ပါတယ် သူတော် ... ”

“အင်း ... ”

သူတော်ပဏ္ဍိတနှင့် တရားဓမ္မအကြောင်းတွေ ဆွေးနွေးပြီး ဘုံပြတ်သချိုင်း ဇရပ်ကို ပြန်လာခဲ့လေ၏။ သူတော်နန္ဒစိတ်တွေ ဒွိဟဖြစ်ပြီး သူတော်ဘဝနဲ့ပဲ နေရမလား လူဝတ်ကြောင်ဘဝကိုပဲ ပြန်သွားရမလား တွေးနေမိပြီး လောလောဆယ်တော့ တရားအားထုတ်နေတာ အကောင်းဆုံးပဲဟု တွေးတောရင်း စိတ်ကို တည်ငြိမ်အောင် လေ့ကျင့်နေမိ တော့သည်။

◆◆◆

မိုးသည် သဲသဲမဲမဲ ရွာသွန်းနေလေတော့သည်။ လျှပ်စီးတွေကလည်း တဝင်းဝင်း လက်နေလေ၏။ မိုးထစ်ချုန်းသံကြီးတွေက တစ်ချက်တစ်ချက် ပြင်းထန်တဲ့ ပေါက်ကွဲသံကြီးတွေအလား ကြားနေရလေသည်။

“ဂျိမ်း ... ဒလိန်း ... ”

“ဂျိမ်း ... ဒလိန်း ... ”

“ဂျိမ်း ... ”

ရေကန်သချိုင်းရဲ့ မြေသားတွေက ရွှံ့ဗွက်တွေအလိမ်းလိမ်း ဖြစ်နေလေသည်။ ရေကန်ပတ်လည်မှာရှိနေတဲ့ သစ်ပင်ကြီးတွေက လေ

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကြမ်းတိုက်ခတ်နေသဖြင့် ဘယ်ညာယိမ်းခါပြီး အကိုင်းအခက်ချင်း ထိခတ်ပွတ်ရိုက်သံတွေ တဖြောင်းဖြောင်းမြည်နေလေတော့သည်။

"ဂျိမ်း ... ဒလိန်း ... "

"ဂျိမ်း ... "

ဆင်းရဲနွမ်းပါးသူတွေသာ မြှုပ်နှံလေ့ရှိသော သချိုင်းဖြစ်၍ အုတ်ဂူဖွေးဖွေးတွေက ကျိုးတိုးကျဲတဲဖြစ်နေလေသည်။

"ဝေါ ... "

"ဝေါ ... ဝေါ ... "

လေပြင်က တဝေါဝေါမြည်ဟီးပြီး ကြမ်းတမ်းစွာ ရိုက်ခတ်လာလေတော့သည်။ သုသာန်စောင့် သုဘရာဇာကြီး ဖိုးတောက်ရဲ့ တဲအိမ်လေးလည်း တသိမ့်သိမ့်ယိမ်းခါနေပြီး မီးအလင်းရောင်ပင် မှဲ့နေလေ၏။ သုဘရာဇာတဲလေးရဲ့ ခပ်လှမ်းလှမ်းမှာရှိနေတဲ့ ဖိုးသူတော်ဒသလည်း မီးအိမ်ထွန်းလို့မရသဖြင့် တဲကျောင်းလေးထဲမှာ ကြောက်ကြောက်နှင့် ငုတ်တုတ်လေးထိုင်ငနေရလေတော့၏။

"ဂျိမ်း ... ဂျလိန် ... "

"အမလေး ... "

သူတော်ဒသ အထိတ်တလန့်နှင့် အော်ဟစ်လိုက်မိလေသည်။

"ဝေါ ... ဝေါ ... "

"ဝေါ ... "

မိုးကလည်း သည်းသထက် သည်းနေလေတော့သည် ...။ သူတော်ဒသက နဂိုကတည်းက တစ္ဆေသရဲကိုကြောက်တတ်သူ။ ဆရာကြီးမိုးသီးရဲ့ လူယုံဖြစ်နေလေတော့ ဒသကိုပဲ တာဝန်ပေးလေ၏။ ညက မှောင်ပိန်းနေပြီး လမိုက်ညဖြစ်တဲ့အပြင် မိုးတိမ်တွေကလည်း ကောင်းကင်တစ်ပြင်လုံး ဖုံးအုပ်ထား၍ မှောင်မည်းနေပြီး သစ်ပင်သစ်ကိုင်းတွေရဲ့ လှုပ်ရှားယိမ်းခါနေတာတွေက ခပ်ဝါးဝါး။ ရိုးတိုးရိပ်တိတ်ပဲ မြင်တွေ့နေရ၍ တစ္ဆေသရဲတွေ လှုပ်ရှားသွားလာနေသလိုပင် ဖြစ်လေတော့သည်။





"သချိုင်းမှာ သရဲမရှိပါဘူးကွ ... အိမ်ကြိုအိမ်ကြား လမ်းကြို လမ်းကြားမှာပဲရှိတာပါ ... "

"ဆင်းရဲသားတွေ သူတို့သွားရမယ့် သချိုင်းကိုပဲ စွဲလမ်းကြမှာပဲ ဆရာကြီး ... ဆင်းရဲသားတွေ စွဲလမ်းစရာ ၁ည်းစိမ်ဥစ္စာတွေမှ မရှိတာပဲ ... "

"ဒသ ငါခိုင်းတဲ့အတိုင်းသာလုပ် ... ပွဲပေါက်က ဓာတ်ချီတည်းနဲ့ ဘဝပြောင်းရမှာ ဘာသိလဲ ... "

ဒသအနေနှင့် ဘယ်လိုမှ ငြင်းဆန်လို့မရဘဲ ဆရာကြီးမိုးသီးခိုင်းစေတဲ့ အတိုင်းသာ လုပ်ပေးရနေလေ၏။ သူတော်ဝတ်နေတာ တစ်လနီးပါးရှိပြီ။ ဘာလုပ်ရှားမှုမှ မတွေ့ရဘဲ ဖြစ်နေလေသည်။

"ဂျိမ်း ... ဂျလိန်း ... "

ဝ"ဝေါ ... ဝေါ ... "

"ဂျိမ်း ... "

လျှပ်ရောင်တွေက တဝင်းဝင်းတထိန်ထိန်နှင့်သက်ပင်မြင့်မြင့်ထီးထီး ကြီးတွေဆီ မိုးကြိုးပစ်ချလိုက်တော့မလားပင်။ မိုးထစ်ချုန်းသံတွေ မြည်ဟည်းနေလေ၏။

ရေကန်သချိုင်းမှာ သူတော်ဒသတစ်ယောက်တည်း စိတ်တွေချောက်ချားစွာဖြင့် ပတ်ဝန်းကျင်ကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်နေရလေသည်။ သဲသဲမဲမဲ ရွာသွန်းနေသော မိုးကရုတ်တရက် တိတ်ဆိတ်သွားလေ၏။ တော်ပါသေးရဲ့ဟု ဒသစိတ်ထဲကနေ ရေရွတ်နေမိ၏။ ထိုအချိန်တွင် သချိုင်းဆီမှ ပျံ့လွင့်လာတဲ့ သီချင်းသံကို သူတော်ဒသ ကြားလိုက်ရလေ၏။

"ဟင် ... "

သီချင်းသံက မိန်းကလေးတစ်ယောက်ရဲ့အသံလေးဖြစ်၍ လွန်စွာသာယာနာပျော်ဖွယ် ကောင်းနေလေတော့သည်။ နားဝင်ပီယံဖြစ်လွန်းတဲ့ သီချင်းသံလေးပါ။ ရေကန်သချိုင်းမှာ နေထိုင်လာတာ တစ်လလောက်ပင် ရှိနေပြီ။ ထိုကဲ့သို့ သာယာငြိမ့်ညောင်းချိုအီနေတဲ့ သီချင်းသံမျိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တစ်ခါမျှ မကြားဖူးခဲ့ပေ။ သီချင်းသံလေးက ပီပီသသနှင့် သူတော်ဒသဆီ ပြန့်လွင့်လာလေတော့၏။ ပို၍ပြီးအံ့ဩထူးဆန်းတာက သည်းသည်းထန်ထန် ရွာသွန်းနေတဲ့မိုးရေ လေပါငြိမ်သက်သွားခြင်းပင် ဖြစ်လေ၏။

သူတော်ဒသတစ်ကိုယ်လုံး ကြက်သီးတွေ ဖြန်းခနဲထသွားပြီး ကြောက်ဒူးတွေပင် တုန်သွားရလေတော့သည်။ ဘုရားရေ ဒီအချိန်မိုးလေသည်းထန်နေတဲ့အချိန်တွင် မိန်းကလေးတစ်ယောက် သချိုင်းကုန်းထဲလာပြီး သီချင်းဆိုနိုင်မည် မဟုတ်ပေ။ သရဲတစ္ဆေလား နာနာဘာဝ ဝိနာဘာဝတွေပဲလား တွေးမိရင်း သူတော်ဒသတစ်ကိုယ်လုံး တုန်လာပြီး ကျောထဲမှ စိမ့်တက်လာရလေသည်။

သုဘရာဇာကြီးရဲ့ တဲအိမ်လေးဘက် လှမ်းမျှော်ကြည့်လိုက်တော့လည်း မီးရောင်တွေ ကင်းမဲ့ပြီး တိတ်ဆိတ်ငြိမ်သက်နေလေတော့သည်။

သီချင်းသံသည် တိုးသွားလိုက် ကျယ်လာလိုက်နှင့် လွန်စွာလွမ်းဆွေး ကြေကွဲဖွယ်ကောင်းတဲ့ သီချင်းစာသားတွေနှင့် စပ်ဆိုထားလေသည်။ မြန်မာဘုရင်တွေလက်ထက်က အကြောင်းအရာတွေ ဖြစ်နေလေတော့သည်။

သူတော်ဒသ တရားလက်လွတ် ကြောက်ရွံ့တုန်လှုပ်နေရာကနေ စိတ်တေကိုထိန်းချုပ်ပြီး ဒါ လူပဲဖြစ်ရမယ်။ ရွှေတုံးလာဖော်မယ့်သူတွေရဲ့ လှုပ်ရှားမှုလားဆိုပြီး ပတ်ဝန်းကျင်အား သေချာစွာ စူးစိုက်ကြည့်မိသွားတော့လေ၏။

"ဂျိမ်း ဂျလိန်း ..."

မိုးချုန်းသံနှင့်အတူ လျှပ်စီးက ဝင်းခနဲ လက်သွားတဲ့အချိန်တွင် မိန်းမချောလေးတစ်ယောက်ကို အနက်ရောင်ဝတ်စုံနှင့် ဆံပင်ဖားလျားချကာ လမ်းလျှောက်သွားနေတာကို တွေ့မြင်လိုက်ရလေသည်။

"ဟာ ..."

သူတော်ဒသအကြည့်တွေ မမှားနိုင်ပါဘူးဟု တွေးတောပြီး သေချာအောင် ထပ်ကြည့်မိတော့ လျှပ်ရောင်အလယ်မှာ ထိုမိန်းမချော





လေးကို ထပ်တွေ့လိုက်ရလေ၏။

ထိုမိန်းကလေးထံမှ သီချင်းသံ ချိုချိုအီအီလေးလည်း ပျံ့လွင့်နေလေ၏။

"ဟင် ... သေချာတယ် မိန်းကလေးတစ်ယောက်ပဲ ... သူတော်ဒသ မကြောက်နဲ့ ... သချိုင်းမှာ သရဲမရှိပါဘူး ... သူတော်နေလာတာ တစ်လတောင်ရှိပြီပဲ ... ဘယ်မှာ သရဲလာခြောက်လို့လဲ ..."

သူတော်ဒသ ကိုယ့်ကိုယ်ကိုယ် အားပေးနှစ်သိမ့်ပြီး မီးအိမ်ကြီးကို မီးထွန်းညှိလိုက်လေတော့သည်။ မိုးရေလေရော ငြိမ်သွားပြီဖြစ်၍ မီးက ထွန်းညှိ၍ရလေ၏။

မီးအိမ်ကြီးကိုဆွဲပြီး တုတ်တစ်ချောင်းကိုင်ကာ သုဘရာဇာဖိုးတောက်ရဲ့တဲလေးဆီ လျှောက်လာမိလေ၏။ ဒါ သရဲကြောက်တာမဟုတ်ဘူး။ ရွှေတုံးတူးဖော်မဲ့သူတွေရဲ့ လှုပ်ရှားမှုပဲ ဖြစ်တော့မယ်ဟု တွေးမိပြီး မီးအိမ်ဆွဲ၍ သုဘရာဇာကြီးဖိုးတောက်အား နှိုးလေတော့သည်။

"ဖိုးတောက် ... ဖိုးတောက် ... သုဘရာဇာကြီးဖိုးတောက် ထပါဦးကွ ..."

အတော်လေး အော်ဟစ်နှိုးမှ သုဘရာဇာဖိုးတောက် နိုးလာလေတော့၏။

"ဘာလဲသူတော် ... ညဉ့်နက်သန်းခေါင်ကြီးဗျာ ..."

သုဘရာဇာဖိုးတောက် အိပ်ချင်မူးတူးနှင့် ထွက်လာလေ၏။

"သုဘရာဇာကြီးဖိုးတောက် ..."

"ပြော သူတော် ..."

"စောစောက သီချင်းသံကြားလိုက်ရလား ..."

"ဗျာ ... ဘာသီချင်းသံလဲ မကြားပါဘူး ... ဒီအချိန်ကြီး သချိုင်းထဲမှာ ဘယ်သူသီချင်းလာဆိုမှာလဲဗျ ... ခတ်စက်တွေဘာတွေ လာဖွင့်လို့လည်း ဒါက ရွာမှမဟုတ်တာ ... သချိုင်း မစည်ကားသင့်တဲ့အရပ် ..."

သုဘရာဇာကြီးဖိုးတောက် အိပ်ပျော်နေ၍ပဲ ဖြစ်သည် ...။



www.burmeseclassic.com

www.burmeseclassic.com



သူတော်ဒဿ သီချင်းသံကို အသေအချာကြားရတဲ့အပြင် လျှပ်ရောင် အလက်မှာလည်း အနက်ရောင်ဝတ်စုံလေးနှင့် မိန်းကလေးတစ်ယောက် အား မြင်တွေ့လိုက်ရလေ၏။

"ကျုပ် သီချင်းသံကို သေသေချာချာကြားရတာဗျ ... ပြီးတော့ လျှပ်အလက်မှာလည်း အနက်ရောင်ဝတ်စုံလေးနဲ့ မိန်းမချောလေး တစ်ယောက်ကို တွေ့လိုက်ရတယ် ... သီချင်းသံကတော့ အလွန် နားဝင်ပီယံရှိတာပဲ ... "

"မမြင်နိုင်တာပဲ သူတော် ... ကျုပ် ဒီမှာနေလာတာကြာပြီ ... တစ်ကြိမ်တစ်ခါမှ မကြုံဖူးပါဘူးဗျာ ... မဖြစ်နိုင်တာပဲ ... "

"ဟုတ်ပါတယ် သုဘရာဇာကြီးရဲ့ ... ကျုပ်သေသေချာချာ ကြားရ တာပါ ... ဒီမျက်စိနဲ့ အသေအချာမြင်ရတာပါ ... "

"ဒါဆိုလည်း ကျုပ် လက်နှိပ်ဓာတ်မီးယူလိုက်ဦးမယ်ဗျို့ ... သရဲ တော့ မဖြစ်နိုင်ဘူး ... လူပဲထင်တယ် ... "

သုဘရာဇာကြီး ဖိုးတောက်က လက်နှိပ်ဓာတ်မီးအကြီးကို ကိုင်ကာ လိုက်လာလေတော့သည်။

"သူတော်ဒဿ ရှိ့တွေဗွက်တွေက ကြမ်းထနေတာဗျ ... ကျုပ်တော့ ဘာသီချင်းသံမှ မကြားပါဘူး ... မမြင်နိုင်ဘူး ထင်တယ်၊ သူတော် တရားကျင့်ကြံအားထုတ်လို့ အနှောင့်အယှက်တွေ အာရုံထဲမှာပေါ် တာဖြစ်ပါလိမ့်မယ် ... "

သချိုင်းအနှံ့ ရှာပေမယ့် သီချင်းသံနှင့်အတူ မိန်းမချောလေး ပါ ပျောက်ခြင်းမလှ ပျောက်နေလေတော့သည်။

"ဘယ်မှာလဲ သူတော်ရဲ့ ... ဘာမှလည်း မတွေ့ပါလား ... ဟုတ်ပါ တယ် ... သူတော့်စိတ်အာရုံမှာ လာထင်တာပဲနေမှာပါ ... ဘာ အရိပ်အယောင်မှ မရှိပါဘူး ... "

သူတော်ဒဿလည်း မီးအိမ်ကြီးကိုကိုင်ပြီး ကြက်သေ,သေ နေလေ၏။ သီချင်းသံကို မိမိနားနဲ့ ကြားခဲ့ရတာပါ။ လွန်စွာစွဲလမ်းနှစ်သက် ဖွယ်ကောင်းတဲ့ သီချင်းသံလေးပဲ ဖြစ်လေ၏။ သူတော်ဒဿစိတ်ထဲမှာ





ယခုအထိပင် စွဲလမ်းနှစ်ခြိုက်နေမိဆဲပင် ဖြစ်နေလေ၏။

သုဘရာဇာကြီး ဖိုးတောက်က မကျေမနပ်ဖြစ်၍ နေလေ တော့သည်။ အိပ်တော့မယ်ဗျာ မိုးအေးအေးလေးနဲ့ ကွေးနေတာကိုဟု ပြောပြီး သုဘရာဇာအိမ်လေးဆီသို့ ထွက်သွားလေတော့သည်။

သူတော်ဒဿလည်း တစ်ယောက်တည်း မနေရဲတော့ဘဲ တဲကျောင်းလေးဆီသို့ ပြန်ရောက်လာမိလေ၏။ မိုးပေါက်တွေက ခပ်ဖွဲဖွဲ လေး ကျလာလေ၏။ မဖြစ်တော့ဘူးဟုတွေးပြီး တဲကျောင်းလေးထဲ ပြန်ဝင် လာလေ၏။

"ဂျိမ်း ... ဂျလိန်း ... "

"ဂျိမ်း ... "

မိုးက သည်းထန်စွာ ရွာပြန်လေတော့သည်။ သူတော်ဒဿ တဲကျောင်းလေး ထဲရောက်မှ ပိုပြီးသည်းထန်စွာ ရွာသွန်းလာလေတော့၏။

"ဂျိမ်း ... ဂျလိန်း ... "

"ဂျိမ်း ... "

မိုးက သည်းထန်စွာ ရွာပြန်လေတော့သည်။ သူတော်ဒဿ တဲကျောင်းလေးထဲရောက်မှ ပိုပြီးသည်းထန်စွာ ရွာသွန်းလာလေတော့၏။

"ဝေါ ... ဝေါ"

"ဝေါ ... ဝေါ"

"ဂျိမ်း ... ဂျလိန်း ... "

"ဂျိမ်း ... "

သူတော်ဒဿ အခေါ်လေးကြောက်ရွံ့တုန်လှုပ်နေမိလေ ၏။ မိမိက သူတော်စင်မှမဟုတ်တာဘဲ။ တရားမရှိ ဘာကျင့်အားထုတ်မှုမှ မရှိ၍ သရဲတစ္ဆေခြောက်လှန့်တာပဲဟု တစ်ထစ်ချ တွေးနေမိလေ၏။

"ပြန်မယ် ... မနက်ဖြန် ရွာကိုပဲ ပြန်တော့မယ် ... သချိုင်းကြီးမှာ လာနေရတာ ဘာအဓိပ္ပာယ်မှမရှိဘူး... စိတ်တွေက အရမ်းချောက် ချားတာပဲ ... "

သူတော်ဒဿတစ်ယောက်တည်း ကျောထဲမှ စိမ့်နေအောင်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်နေပြီး သချိုင်းကြီးကို ကြည့်မနေရဲတော့ဘဲ မျက်လုံးတွေကို စုံမှိတ်ထားမိလေတော့သည်။ မိုးလင်းမှ မှေးခနဲ အိပ်ပျော်သွားလေ၏။ နေအတော်လေးမြင့်မှ သူတော်ဒဿ နိုးထလာလေ၏။

ရေကန်သချိုင်းဆီ လှမ်းမျှော်ကြည့်လိုက်တော့ ကောင်းကင်တစ်ခုလုံး ကြည်လင်တောက်ပနေလေ၏။

ညကအဖြစ်တွေကို တွေးမိပြန်၍ သူတော်ဒဿ ကျောထဲမှ စိမ့်တက်လာလေသည်။ နားဝင်ပီယံဖြစ်လွန်းတဲ့ အသံလေးနှင့် အနက်ရောင် အပေါ်အောက် ဆင်တူဝတ်ထားတဲ့ မိန်းမချောလေးတစ်ယောက်။ မိုးသက်မုန်တိုင်းကျတဲ့ ညကြီးမှာ လူသားမိန်းကလေး တစ်ယောက် သုသာန်မြေကိုရောက်လာဖို့က မလွယ်ကူသောအဖြစ်အပျက်တစ်ခုပဲ ဖြစ်နေလေသည်။

သူတော်ဒဿပဲ မှားနေလေသလား။ သူယောင်မယ်တွေကပဲ လာပြီးနှောင့်ယှက်နေတာပဲလား။ စိတ်ထဲမှာ ဇဝေဇဝါဖြစ်ပြီး သချိုင်းကပင် ထွက်ပြေးချင်တဲ့ဆန္ဒတွေပင် ဖြစ်ပေါ်လာရလေ၏။

"သူတော်ဒဿ ..."

"ဟင် ..."

သူတော်ဝိမလကိုတွေ့လိုက်ရ၍ သူတော်ဒဿလွန်စွာအံ့ဩသွားရသည်။ မျက်နှာပြည့်ဖောင်းနေတဲ့ သူတော်ဝိမလရဲ့မျက်နှာက ချောင်ကနေလေ၏။

"ကျုပ် ညက တစ်ညလုံး အိပ်မပျော်ဘူးဒဿ ..."

"ဟင် ... ဘာဖြစ်လို့လဲ ..."

"မိုးတွေလေတွေထဲမှာ သာယာနာပျော်ဖွယ်ကောင်းတဲ့ သီချင်းသံနဲ့ အနက်ရောင် ဆင်တူဝတ်ထားတဲ့ မိန်းမချောလေးတစ်ယောက်က ခြောက်လှန့်နေလို့ပဲဗျို့ ..."

"ဟင် ..."

သူတော်ဒဿ လွန်စွာအံ့ဩသွားရလေတော့သည်။ အဖြစ်ချင်းလာတူနေ၍လည်း အံ့ဩခြင်းမက အံ့ဩသွားရလေတော့သည်။





"ရှာကြည့်တော့လည်း ဘယ်သူမှမတွေ့ဘူးဒဿ ..."

သူတော်ဒဿရော သူတော်ဝိမလပါ လူဆိုးကြီးမိုးသီးရဲ့တပည့်တွေဖြစ်ပြီး ဖိုးသူတော်အယောင်ဆောင်တွေလည်း ဖြစ်ကြလေ၏။

"တို့က တရားအားထုတ်ကျင့်ကြံတဲ့သူတွေလည်း မဟုတ်ဘူးကွ ... တရားဖျက်ဖို့ လာတာမဖြစ်နိုင်ဘူး ... တကယ့်လူသားမိန်းကလေးလည်း ဒီအချိန်အခါသမယမှာ သချိုင်းကို လာစရာအကြောင်းလည်း မရှိပါဘူး ..."

"ပြောရင်းတောင် ကြက်သီးထလာပြီး ဝိမလရေ ... တို့ကို သရဲခြောက်တာထင်တယ်"

ဆရာကြီးမိုးသီးက ထူးဆန်းတဲ့အတွေ့အကြုံတွေကို စောင့်ကြည့်ပြီး နေရမည်ဟု ပြောထားလေ၏။

"အဲဒါ ထူးခြားတဲ့အဖြစ်အပျက်တွေလား ဝိမလ ... ရှေ့တိုးတွေ့ထူးရင်လည်း လျှို့ဝှက်ပြီး တူးကြမှာပဲ၊ ဒီသီချင်းသံက ထူးဆန်းမနေဘူးလား ..."

"ဟုတ်တယ်ကွ ... ငါတော့ သချိုင်းမှာ ဆက်နေဖို့တောင် လန့်လာပြီ ... လျှပ်တွေအလက်မှာ အနက်ရောင်အထက်အောက်ဆင်တူဝတ်စုံနဲ့ မိန်းမချောလေးတစ်ယောက်ကို တွေ့လိုက်တာပဲ ..."

"ဟုတ်တယ်ဒဿ ... ကျုပ်လည်း တွေ့လိုက်တာပဲ ... အထင်အရှားဗျာ ... သချိုင်းစောင့် သုဘရာဇာငဆုံက မကြားဘူးတဲ့၊ အိပ်လို့ကောင်းလိုက်တာ တစ်ရေးမှတောင် မနိုးဘူးတဲ့လေ ..."

"ကျုပ်တို့ကို သရဲခြောက်တာပဲဖြစ်မယ် ... ဟိုတလောက မိန်းမပျိုလေးတစ်ယောက်သေတာ အောင်ပသချိုင်းမှာ မြှုပ်ထားတယ်မဟုတ်လား ..."

"ဟုတ်တယ်ဗျို့ ... ဒီမိန်းကလေး သရဲဖြစ်ပြီး လာခြောက်တာပဲနေမယ် ..."

အောင်ပသချိုင်းမှာရှိနေတဲ့ သူတော်ပရမကတော့ တရားမမှု အားထုတ်နေတဲ့ သူတော်အစစ်အမှန်ပဲ ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆယ့်ရှစ်နှစ်အရွယ် မိန်းမချောလေး အစိမ်းသေနဲ့ သေတာ ... အောင်ပသင်္ချိုင်းမှာ မြှုပ်ထားတယ် ... ဟုတ်ပြီဗျို့ ... အဲဒီအစိမ်းသေက လာခြောက်တာပဲဖြစ်မယ် ... ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ ... ဒီကိစ္စဆရာကြီးမိုးသီးဆီ တင်ပြရမယ် ... ကျုပ်ကတော့ လုံးဝမနေရဲတော့ဘူး ..."

ထိုအချိန်တွင် တခြားသင်္ချိုင်းလေးခုမှ သူတော်စင်အတွဲ အယောင်တွေအားလုံး စုဝေးရောက်ရှိလာကြလေသည်။

"ကျုပ်တို့လည်း ညက သီချင်းသံနဲ့အတူ မိန်းမချောလေးကို တွေ့လိုက်ရတယ် ... အသားအရည်က ဖြူဝင်းအိနေတော့ အနက်ရောင် အထက်အောက်ဝတ်စုံလေးနဲ့ အရမ်းလိုက်ဖက်တာပဲဗျို့ ..."

တောတက်သင်္ချိုင်းမှ သူတော်စင်စန္ဒကလည်း ပြောပြလေသည်။

"တော်တော်ချောမောလှပတဲ့ မိန်းမချောလေးပဲ သူတော်စန္ဒ ... ကျုပ် အရမ်းကို စိတ်တွေလှုပ်ရှားပြီး တုန်လှုပ်ချောက်ချားသွားရတယ်ဗျာ ..."

ဦးသာခေါင်သင်္ချိုင်းမှ သတ္တိကလည်း ပြောပြလေ၏။

"သီချင်းသံလေးကလည်း စွဲမက်စရာ အလွန်ကောင်းပြီး သာယာနာပျော်ဖွယ် လွန်စွာကောင်းတာပဲ ... ကျုပ်တောင် အခုထိ စွဲလမ်းနှစ်သက်နေသေးတယ် ..."

လူဆိုးဗိုလ်ကြီးမိုးသီးရဲ့ တပည့်ခြောက်ယောက်လုံးက သရဲခြောက်တယ်ဟု ယူဆကြပြီး ကြောက်ရွံ့နေကြလေတော့သည်။

"ကျုပ်တို့ကို သရဲခြောက်တာပဲ ... ဟိုမိန်းကလေး သရဲဖြစ်နေတာပဲ ... အစိမ်းသေဆိုတော့ အရမ်းကြောက်စရာကောင်းမယ်ထင်တယ်ဗျို့ ..."

နဂိုကတည်းကမှ သရဲတစ္ဆေကြောက်တတ်သူတွေ ဖြစ်လေသည်။ ဆရာကြီးမိုးသီးရဲ့ တပည့်လူယုံတွေဖြစ်၍ အတင်းအကြပ် သင်္ချိုင်းတွေမှာ သူတော်အယောင်ဆောင်ထားခဲ့ခြင်း ဖြစ်လေ၏။





"မနေရဲတော့ဘူး ရွှေတုံးတွေ လာရှာမယ်ဆိုတဲ့ သူဌေးလေးသုတလည်း တကျော့ရှူး ရှူးပြီး ဟိုအရက်သမား ခေင့်အိမ်ပေါ်က မဆင်းတော့ဘူး ဖြစ်နေတယ် ..."

သင်္ချိုင်းတွေမှာနေရတာ တစ်လလောက်ရှိနေပေမယ့်သူဌေးလေးသုတရဲ့ လှုပ်ရှားမှုက ဘာမှမရှိသေးပေ။ ခေင့်မယားပါသမီး မြမြမြိုင်အနားပဲ ကပ်နေတယ်တဲ့။

"သူဌေးလေးသုတ ရွှေတုံးတွ လာတူးဖော်ရင်လည်း အဲလိုအသံပေးပြီးလုပ်မှာ မဟုတ်ဘူးကွ ... မြေကြီးကို တူးရမယ့်ကိစ္စ လမိုက်ညကြီးမှာ သီချင်းသံပေးတာ လည်း သဘာဝတော့မကျဘူးလေ..."

ရွှေတုံးတွေလည်း မရချင်နေပါစေတော့။ ဒသယတို့ စန္ဒတို့ ဝိမနတို့ကတော့ ဝတ်ဖြူစင်ကြယ်ကြီးဝတ်ပြီး သင်္ချိုင်းမှာလည်းနေရ မသာထမင်းလည်းစားရ စိတ်မသက်မသာဖြစ်ရလေ၏။

"ဆရာကြီးမိုးသီးကို ပြန်ပြောရမယ် ... ဒီအလုပ်တွေ မလုပ်ချင်တော့ဘူး ... သရဲတစ္ဆေတွေလည်း ကြောက်တယ် ... အလကားနေရင်း ကုပ်ချိုးအသတ်ခံရဦးမယ် ထင်တယ် ..."

သူတော်တွေ ထိတ်လန့်တုန်လှုပ်နေကြပြီး သင်္ချိုင်းကပဲ ထွက်ပြေးရန် ကြံစည်နေမိလေသည်။

ဆရာကြီးမိုးသီး ရောက်လာတော့ အခြေအနေတွေကို တင်ပြလေ၏။

"အဲဒါ ထူးခြားတဲ့လှုပ်ရှားမှုပဲ ... ဆရာကြီးစကားကို နားထောင်ကြစမ်းပါ ... ဆက် ပြီး စောင့်ကြည့်နေကြပါ ..."

"မနေရဲတော့ဘူး ဆရာကြီး ... ရွှေတုံးတွေမရလည်း နေပါစေတော့"

"သရဲမလေးက အရမ်းချောမောလှပတဲ့ မိန်းကလေးပဲ ... ဘာကြောက်စရာရှိလို့လဲကွ ..."

"ချောမောလှပတဲ့ မိန်းကလေးမို့ ကြောက်တာပါဆရာကြီး ... မှုန်ဆွယ်ဖြားယောင်းပြီး ကုပ်ချိုးသတ်ရင် ဘယ်လိုလုပ်မလဲ ... ကျုပ်တို့ မနေရဲတော့ဘူး လစ်ပါရစေတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"နေရမယ် မင်းတို့အားလုံး ဆက်နေပြီး အခြေအနေကို စောင့်ကြည့်ရမယ် ဒသ ..."

"မိန်းမချောလေးရဲ့ သီချင်းသံက ကြောက်စရာကောင်းလို့ပါ ... ချောမောလှပနေတာလည်း လွန်ရောပါ ... ကျုပ်တို့ သချိုင်းတစ်ခုလုံး လိုက်ရှာတာလည်း အရိပ်အယောင်တောင် မတွေ့ပါဘူး ဆရာကြီး ..."

"အဲဒါ ထူးခြားမှုပဲ စောင့်ကြည့်နေစမ်းပါ ... မကြာခင် ရွှေတုံးတွေ လာတူးတော့မယ် ထင်တယ် ..."

"ဟုတ်ပ့ါမလား ဆရာကြီး ... ကျုပ်တို့ကတော့ မနေ့ကအစိမ်းသေသေသွားတဲ့ မိန်းမပျိုလေး လာခြောက်တယ်ထင်တာပဲ ..."

"သေသွားတဲ့ မိန်းကလေးက အရုပ်ဆိုး အကျည်းတန်မဲလေးပါကွ ... မင်းတို့ ဘာမှ ကြောက်စရာမရှိပါဘူး ... ဆက်ပြီးစောင့်ကြည့်ကြ ... ဆရာကြီးအမိန့်ပဲ ပွပေါက်ကွ၊ ပွပေါက် မင်းတို့ဘာသိလို့လဲ ..."

"သူဌေးလေးသုတက လေတစ်လုံး မိုးတစ်လုံးနဲ့ ဘာရွှေတုံးမှမရှိပါဘူး၊ သူဌေးဦးရေချမ်းက ကပ်စေးနှဲကြီးတဲ့၊ မစားမသောက် မလှူမတန်းဘဲ အငတ်ခံစုတာတဲ့၊ ရွှေတုံးတွေရှိတာတော့ မကြားမိပါဘူး"

"စန္ဒ ... မင်း ဘာသိလို့လဲ ... အရက်သမားခေါင်က အရက်မူးပြီး ပြောတာကွ ... သတင်းအတိအကျပဲ ... စောင့်ပြီးကြည့်ရမှာပဲ ဆက်ကြည့်ရမယ် ..."

သူတော်တွေအားလုံး သဘောမတူချင်ကြပေမယ့် ဆရာကြီးမိုးသီးရဲ့ အမိန့်ကိုလည်း မလွန်ဆန်ရဲကြပေ။ မျက်နှာကြီးတွေက ညှိုးမှိုင်းရှုံ့မဲ့နေကြလေ၏။

"ကျုပ်သွားမယ် ... အခြေအနေကို သတိဝီရိယနဲ့ စောင့်ကြည့်ထားပါ ... ကျုပ်အမိန့်ကိုလည်း လေးလေးစားစားလုပ်ဆောင်ကြပါ သူတော်တို့ ..."

ဆရာကြီးမိုးသီးက သူတော်တို့ဟု ပြောလိုက်၍ ကျောထဲ





ကနေ စိမ့်သွားရလေ၏။ ကိုယ့်သချိုင်း ကိုယ်ပြန်ရမှာပင် စိတ်တွေချောက်ချားနေကြပြီး သာယာငြိမ့်ညောင်းလွန်းတဲ့ သီချင်းသံလေးနှင့် မိန်းမချောလေးတစ်ယောက်ကို မေ့ပစ်၍မရဖြစ်နေကြလေ၏။

"မတတ်နိုင်တော့ဘူး ... ဆရာကြီးက အမိန့်ပေးတော့လည်း ဆက်နေရတော့မှာပေ့ါလေ ... အားလုံး ကိစ္စပြီးပြီမို့ ပြန်တော့မယ်"

သူတော်တွေအားလုံး လူစုခွဲလိုက်ကြလေတော့သည် ...။

သီချင်းသံနှင့်အတူ မိန်းမချောလေးကို တွေ့လိုက်ရတဲ့အဖြစ်အပျက်ကိုတော့ မေ့ဖျောက်ပစ်လို့မရဘဲ စိတ်ထဲမှာ စွဲထင်ကျန်ရစ်နေလေတော့၏။

သချိုင်းအသီးသီးကို ပြန်ရောက်ကြတဲ့အထိ စိတ်တွေတုန်လှုပ်ချောက်ချားနေရ၍ နောက်ညတွေမှာ တံခါးတွေ အလုံပိတ်ပြီး တဲကျောင်းအတွင်းမှာပဲ နေထိုင်ကြဖို့ တညီတညွတ်တည်း ဆုံးဖြတ်ထားလိုက်ကြလေတော့သည်။

◆◆◆

ဟိုဘက်သချိုင်းတွေမှာ ဖြစ်ပျက်နေတဲ့အဖြစ်အပျက်တွေကို ကြားရတော့ သူတော်နန္ဒ စဉ်းစားမရဘဲ ဖြစ်နေလေ၏။ သာယာငြိမ့်ညောင်းတဲ့သီချင်းသံနှင့် ဖြူဝင်းအိ စက်နေတဲ့ မိန်းမချောလေးတစ်ယောက် မိုးလေပြင်းထန်တဲ့ ညဉ့်နက်သန်းခေါင်အချိန်မှာ သချိုင်းမှာ တွေ့ရတယ်ဆိုတဲ့ကိစ္စအား သူတော်နန္ဒမေ့ပျောက်ပစ်လို့မရဘဲ ဖြစ်နေရလေ၏။

သူတော်နန္ဒတို့ ဘုံပြတ်သချိုင်းမှာတော့ တိတ်ဆိတ်ငြိမ်သက်နေလေ၏။ ညက မိုးသည်းထန်စွာရွာတော့ သူတော်နန္ဒအိပ်မရပေ။ အဖေ့ကို သတိရနေမိလေ၏။

"သား ... အဖေတို့ တစ်မြို့တစ်နယ်မှာသွားပြီး လုပ်ကိုင်စားသောက်ကြရအောင်၊ ဒီသုဘရာဇာဆိုတဲ့ နာမည်ဆိုးကြီးကို သား အပေါ် မလွှမ်းမိုးစေချင်ဘူးကွာ၊ အဖေ့အမှားတွေပါ တစ်နယ်တစ်ကျေးမှာ ကြီးပွားတိုးတက်အောင် ကြိုးစားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



အဖေသည် သူ့ဘဝလွတ်မြောက်ရေးဆိုတဲ့ အတ္တစိတ်နှင့် လောဘဇောတိုက်ခဲ့ရလေ၏။ ငယ်စဉ်က မိုးသည်းထန်လျှင် သူက လွန်စွာကြောက်နေတတ်၍ အဖေ့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားလေ၏။

"သားမကြောက်ပါနဲ့ကွ ... အဖေရှိပါတယ် ... သရဲဆိုတာ မင်း မသေမချင်းမှတ်ထား၊ သင်္ချိုင်းကုန်းမှာ ဘယ်တော့မှမရှိပါဘူးကွ"

မိုးသက်လေပြင်းကျရောက်တဲ့ညတွေဆို အဖေ့ကို သူတော်နန္ဒ သတိရ တမ်းတမိနေလေ၏။ သူတော်နန္ဒသည် တခြားသင်္ချိုင်းတွေမှာ ဖြစ်ပျက်ခဲ့ရတာတွေ ဟုတ်မဟုတ် သေချာအောင် စုံစမ်းဖို့ နတ်တော သင်္ချိုင်းက သူတော်ပဏ္ဍိတဆီ သွားလေ၏။ သူတော်ပရမလည်း ရောက်နေလေ၏။

"ဘယ်လိုလဲ သူတော် ... ဟိုဘက်သင်္ချိုင်းတွေက သတင်းတွေကြောင့် ရောက်လာတာ မဟုတ်လား သူတော်နန္ဒ ..."

"ဟုတ်ပါတယ် သူတော်ပဏ္ဍိတ ..."

"သူတော်ပရမလည်း ဒီအတိုင်းပဲလေ ... ခက်နေတာက ကျုပ်တို့နေထိုင်တဲ့ သင်္ချိုင်းသုံးခုမှာတော့ ဘာမှမကြားရတာပဲ ..."

ကိုးသင်္ချိုင်းရှိသည့်အနက် သင်္ချိုင်းခြောက်ခုမှာတော့ နားဝင်ပီယံ ငြိမ့်ညောင်းသာယာတဲ့ သီချင်းသံနဲ့ အလွန်တရာချောမောလှပတဲ့ မိန်းမချောလေးတစ်ယောက် တွေ့မြင်လိုက်ရသည်ဟု သတင်းတွေပြန့်နေလေတော့သည်။

"သူတော်ပရမ ..."

"အမိန့်ရှိပါ သူတော် ..."

သူတော်ပရမသည်လည်း အသုဘကမ္မဋ္ဌာန်း စီးဖြန်းနေသော သူတော်အစစ် အမှန်တစ်ယောက်ပင် ဖြစ်လေ၏။

"ဟိုဘက်သင်္ချိုင်းတွေမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး ဘာများ ပြောဆိုဝေဖန်မလဲ ..."

"မနေ့က ကျုပ်သင်္ချိုင်းမှာ အသက်ဆယ့်ရှစ်နှစ်အရွယ် မိန်းကလေးတစ်ယောက် အစိမ်းသေသေပြီး မြေလာမြှုပ်ပါတယ် သူတော်





ပဏ္ဍိတ ..."

သူတော်ပရမ တရားအားထုတ်ကျင့်ကြံတဲ့ အောင်ပသင်္ချိုင်းတွင် မချိုတူးဆိုတဲ့ အသက်ဆယ့်ရှစ်နှစ်အရွယ် မိန်းကလေးသည် မန်ကျည်းပင်ပေါ် မန်ကျည်းရွက်တက်ခူးရာကနေ ချော်ပြီးပြုတ်ကျကာ ချက်ချင်းလက်ငင်းပဲ သေဆုံးသွားလေ၍ မြေမြှုပ်လေ၏။

"ဆင်းရဲနွမ်းပါးတော့ ကူးတို့ခလည်း မပါဘူး ... ထမင်းထုပ်လည်း မပါဘူး ... သရဏဂုံလည်းမတင်ဘူး ... ဖျာနဲ့လိပ်ပြီး မြေလာမြှုပ်ကြတာပဲ ..."

"သူဆင်းရဲမ မချိုတူးက သရဲတစ္ဆေဖြစ်ပြီး ခြောက်တာလို့ သူတော်က ပြောချင်တာလား ..."

"သေတာတောင် နောင်တမလွန်ဘဝအတွက် ဘာမှအပြည့်အစုံပါမသွားတော့လည်း စိတ်ထိခိုက်ကြေကွဲပြီး မလွတ်မကျွတ်ဖြစ်နေမလားလို့ပါ ..."

သူတော်ပဏ္ဍိတကတော့ လက်တွေ့ကျကျကျင့်ကြံ အားထုတ်ပြီး အသိဉာဏ် ဆင်ခြင်တုံတရားအပြည့်အဝရှိသူ ဖြစ်လေ၏။

"ကျုပ်ကတော့ ... အဲဒီလို မထင်မိဘူး သူတော် ..."

"ဟင် ..."

သူတော်နန္ဒပင် စိတ်ဝင်တစားနှင့် သူတော်ပဏ္ဍိတစကားတွေကို အာရုံစူးစိုက် နားထောင်မိသွားလေ၏။

"နာနာဘာဝ ဝိနာဘာဝဆိုတာ မရှိဘူးတော့ မဟုတ်ပါဘူးသူတော် ရှိပါတယ်၊ မကျွတ်မလွတ်တဲ့ဘုံဘဝဆိုတာ ရှိပါတယ် ... ကျုပ်တို့လေးစားကြည်ညိုကိုးကွယ်တဲ့ မြတ်စွာဘုရားကိုယ်တိုင် ဟောကြားတဲ့ တရားတွေမှာ လက်ခံထားတဲ့အထောက် အထားတွေရှိပါတယ်"

မနေ့ညက မိုးလေသည်းထန်သလောက် ဒီမနက်မှာတော့ နေရောင်ခြည်လေးပင် ပွင့်လာပြီး အနွေးဓာတ်လေးပင် ရလာလေ၏။ သူတော်ပဏ္ဍိတနှင့် သူတော်ပရမ ကတော့ ရင့်ကျက်တည်ငြိမ်နေတဲ့ အသက်အရွယ်ဖြစ်၍ တုန်လှုပ်ချောက်ချားမှုက နည်းပါးနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အရိပ်အရောင်ပဲ ပြတတ်ကြတာပါ ... အသံပေးမယ် လှုပ်ရှားပြမယ် ရိုးတိုးရိပ်တိတ်ပဲ အသိပေးသလို အရိပ်လက္ခဏာပြတတ်ကြတာပါ သူတော် ..."

"အင်း ... ဟုတ်တာပဲ ... အချို့မကျွတ်မလွတ်သေးတော့ ကျွတ်လွတ်အောင် အမျှအတန်းတွေ လိုချင်ကြတယ်လေ ... အဲဒါကြောင့် အရိလက္ခဏာတွေနဲ့ ပြသကြရတာပါ သတိပေးကြရတာလေ ..."

"အဲဒါကလည်း ရှားပါးပါတယ် ... အသက်ဝိညာဉ်ခန္ဓာကိုယ်နဲ့ ကင်းကွာသွားတာနဲ့ နောက်ဝိညာဉ်တစ်ခုမှာ တွယ်ကပ်ငြိတွယ်သွားကြတဲ့ လူတွေလည်း အများကြီးရှိတာပဲ မဟုတ်လား ..."

"သူတော်ပဏ္ဍိတက ဘာကိုဆိုလိုချင်တာလဲ ..."

"ကျုပ်ကတော့ အကြံအစည်တစ်ခုခုနဲ့များ ဟန်ဆောင်ဖန်တီးကြတာလို့ ထင်နေတယ်၊ သီချင်းသံကလည်း ပီပီပြင်ပြင်ကြီးကြားရသလို လွန်စွာချောမောလှပတဲ့ မိန်းမချောလေးကိုလည်း မြင်ရတယ်ဆိုတော့ စဉ်းစားစရာပဲ ..."

သူတော်ပဏ္ဍိတသည် ကျိုးကြောင်းဆင်ခြင် တွေးတောတဲ့ နေရာတွင် သူမတူအောင် သိကျွမ်းနားလည်ပြီး မှန်ကန်တိကျလွန်းလေ၏။

"သချိုင်းတွေမှာ အကြံအစည်တစ်ခုခု ကြံစည်ဖို့ လူတစ်စုတော့ ရှိမယ်ထင်တယ် သူတော် ..."

"ဟုတ်လား သူတော် ... ကျုပ်ကတော့ တရားမမွှပဲကျင့်ကြံအားထုတ်တာ၊ တခြားအတွေးအခေါ် အကြံအစည်တွေကျတော့ သူတော်ပဏ္ဍိတလောက် မကျွမ်းကျင် မလိမ္မာပါဘူး ... ဆိုစမ်းပါဦး... ဘာဖြစ်နိုင်မလဲလို့ အစိမ်းသေ သေသွားတဲ့ မိန်းကလေးကိုများ သိုက်ဆရာတွေက ခိုင်းစေဖို့ အစီအမံတွေလာလုပ်တာများလား သူတော်ပဏ္ဍိတ ..."

"မဟုတ်နိုင်ပါဘူး ... ဟိုသချိုင်းတွေမှာရှိနေတဲ့ အယောင်ဆောင်သူတော်တွေ ထွက်ပြေးအောင် ဒါမှမဟုတ် ကြောက်ရွံ့တုန်လှုပ်သွားအောင် လုပ်တာပဲ ..."





"သူတော်အယောင်ဆောင်တွေ ဟုတ်လား သူတော် ..."

"ဟုတ်တယ် ... ကျုပ်တပ်အပ်ပြောနိုင်တယ် ... သူတော်အယောင်ဆောင်တွေပဲ... ဒါပေမဲ့ မပြောအပ်ပါဘူး ... ကျုပ်နဲ့ မဆိုင်ဘူးလေ ..."

သူတော်နန္ဒစိတ်ထဲမှာလည်း တခြားသချိုင်းတွေမှာ ရှိနေကြတဲ့ သူတော်တွေက အတုအယောင်တွေပဲဟု ဝေဖန်မိလေ၏။

"ဆိုပါဦး ... သူတော်ပဏ္ဍိတက ဘယ်အချက်တွေကြောင့် သူတော်အတုအယောင်တွေလို့ စွပ်စွဲနိုင်တာလဲ ..."

"တစ်ချက်က ဖိုးသူတော်အစစ်ကြီးတွေနဲ့ မတူ တူအောင်ဝတ်ဆင်ထားကြတယ်လေ ... လည်ပင်းမှာ ပုတီးအမည်းအလုံးကြီးတွေ ဆွဲထားတာလို့ ကျုပ်တို့တောင် ပုတီးကို ကျုပ်တို့ရွတ်ဆိုတဲ့ ဂါထာတွေ အပုဒ်အရေအတွက် မှတ်သားဖို့ရယ် စိတ်ကိုတည်ငြိမ်အောင် ပုတီးဆိမှာ စိတ်ကိုပို့ဖို့လည်း အသုံးပြုတာပဲ ... သူတို့က ပုတီးမည်းမည်း အလုံးကြီးကြီးတွေသီပြီး လည်ပင်းမှာ တမင်တကာ ဆွဲထားကြတာလေ"

သူတော်ပဏ္ဍိတပြောမှ တခြားသူတော်တွေနေထိုင်ဝတ်စားဖို့ကို သတိပြုမိသွားရလေ၏။ ပုတီးအမည်းလုံးကြီးတွေသီပြီး လည်ပင်းမှာ ဆွဲထားကြလေ၏။

"နှစ်အချက်က ရုပ်ရည်လက္ခဏာတွေပဲ ... မျက်နှာမှာ မားဒဏ်ရာနဲ့ ခေါင်းတွေမှာလည်း ဒဏ်ရာဒဏ်ချက်တွေ များလွန်းနေတယ်"

"အင်း ... ဖြစ်နိုင်ပါတယ် ရုပ်ရည်တွေက လူဆိုးလူမိုက်ပုံစံတွေပဲ"

"သုံးအချက်က သရဲတစ္ဆေကို ကြောက်တာပဲ ... ကျုပ်တို့ သုသာန်မှာ လာနေကြတာကိုက အသုဘကမ္မဋ္ဌာန်းရှုဖို့ပဲဟာ၊ သရဲတစ္ဆေကို ဘာမှကြောက်စရာမလိုပါဘူး ... ကျုပ်သာ သရဲတစ္ဆေတွေ့ရင် မေတ္တာတောင်ပို့ပေးလိုက်ဦးမယ်လေ သူတော်"

"ဒီသူတော်တွေ သရဲကြောက်ပြီး ထွက်ပြေးဖို့တောင် ကြံစည်နေကြတယ်လို့ ကျုပ် သတင်းကြားပါတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ကိုးသင်္ချိုင်းမှာတော့ ... မသမာမှုတွေလွှမ်းမိုးဖို့ အရိပ်လက္ခဏာတွေပဲ ကျုပ် စိတ်မသန့်တော့ဘူး ..."

"သူတော်နန္ဒစိတ်ရှုပ်သွားပြီလား ... သူတော့်အမြင်ရော ဘယ်လိုရှိပါသလဲ"

သူတော်ပရမအမေးကို သူတော်နန္ဒ ဖြေရခက်နေသည်။ ကိုးသင်္ချိုင်းက ယခင်ကကဲ့သို့ မအေးချမ်းနိုင်တော့ပေ။ သူတော်နန္ဒ ဒီ သီချင်းတွေမှာ လှည့်လည်ဆော့ကစားရင်း ကြီးပြင်းအရွယ်ရောက်လာခဲ့ရလေ၏။ ကိုးသင်္ချိုင်းလုံး အေးချမ်းငြိမ်သက်နေခဲ့လေ၏။

"သီချင်းသံနဲ့ မိန်းမချောလေးတစ်ယောက်ကိုမြင်ရတာလည်း ထူးဆန်းမှုပဲ ... သမရိုးကျ မဖြစ်နိုင်ဘူး၊ သူတော်ပရမ ကိုးသင်္ချိုင်းနဲ့ ပတ်သက်ပြီး အကြံအစည်တစ်ခုခုတော့ ရှိလိမ့်မယ်ထင်တယ်၊ ကျုပ် စိတ်ထဲမှာ လေးလံနေတယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကတော့ ကိုယ့်အလုပ်ကိုယ်လုပ်တာပဲ ကောင်းပါတယ်လေ ... သူတော်ကောင်းတရားနဲ့ ကျင့်ကြံအားထုတ်နိုင်ရမယ် ... တခြားအကြောင်းတွေနဲ့ အကျိုးမဲ့လို့မဖြစ်ဘူး"

သူတော်နန္ဒလည်း ဆွမ်းစားချိန်တွင် ဘုံပြတ်သင်္ချိုင်းသို့ ပြန်လာခဲ့၏။ ကိုးသင်္ချိုင်းတွင် သူတော်နန္ဒနေထိုင်သော ကိုးသင်္ချိုင်းသည် အကောင်းဆုံးဖြစ်နေလေ၏။ ချမ်းသာတဲ့သူတွေ မြေမြှုပ်တာဖြစ်၍ အုတ်ဂူတွေလည်း တန်းစီနေလေသည်။

"သူတော်နန္ဒ ..."

"ဟင် ..."

သူတော်နန္ဒနေထိုင်သော ဇရပ်ဆီသို့ သုဘရာဇာအုံးမောင် ရောက်လာလေ၏။ ထမင်းထုပ်တစ်ထုပ်ကိုလည်း ကိုင်ဆောင်ထားလေ၏။

"ဆွမ်းလာကပ်တာပါ ... ဒီထမင်းထုပ်က ဟင်းအရမ်းကောင်းလွန်းလို့ပါ သူတော်"

သုဘရာဇာအုံးမောင်သည် အဖေမရှိတဲ့နောက်ပိုင်းသူတော်နန္ဒအား လွန်စွာ ဂရုစိုက်နေလေ၏။ သုဘရာဇာကြီးသက္ကရဲ့ ကျေးဇူးတွေက





အများကြီးပဲရှိနေတာပဲမဟုတ်လား။ ထို့ကြောင့်ပင် သူတော်နန္ဒ စိတ်အနှောင့်အယှက်ကင်းရှင်းစွာ တရားအားထုတ်နိုင်ရန် များစွာ ကူညီနေလေ၏။

"သူတော် ..."

"ပြောပါ ဒကာကြီး ..."

"ဒီဘဝနဲ့ပဲ နေသွားတော့မှာလား ..."

"အင်း ..."

"စိတ်တွေကို ထိန်းချုပ်နိုင်ရင်တော့ ကောင်းပါတယ် သူတော်ရယ်... စိတ်မထိန်းနိုင်ရင်တော့ ငရဲကြီးလိမ့်မယ်နော်၊ ဒကာကြီးသက္ကဆန္ဒတွေအတိုင်း ကြိုးစားစေချင်တာပါပဲ ..."

"ကျုပ်နေချင်သလို နေပါရစေ ... အိမ်ထောင်မှုလည်း မပြုလိုတော့ဘူး ... လူ့လောကအရှုပ်အထွေးတွေမှာလည်း ကင်းအောင်နေချင်ပါတယ် ဒကာကြီး"

"သူတော် ဟိုသတင်းကြားပြီးပြီလား ... သီချင်းသံနဲ့ မိန်းမချောလေးတစ်ယောက် တွေ့တယ်ဆိုတာလေ ..."

"အင်း ..."

"ကျုပ်တို့သင်္ချိုင်းမှာတော့ ဘာမှမကြားရသေးဘူး ... တစ်ညထဲသင်္ချိုင်းခြောက်ခုမှာ ဖြစ်သွားတာ အံ့သြစရာပဲနော် သူတော် ..."

သူတော်နန္ဒ ငြိမ်သက်နေသဖြင့် သုဘရာဇာကြီးအုံးမောင် ထမင်းထုပ်ကို ပြင်ပေးထားပြီး ပြန်ထွက်သွားလေတော့သည်။ မသာအလောင်းမှ ပါလာတဲ့ထမင်းထုပ်ကိုစားလေ၏။ ဟင်းက ရန့်လေးမွှေးပြီး လွန်စွာအရသာရှိပေမယ့် သူတော်နန္ဒကတော့ ဖြစ်ပျက်ဆိုတဲ့ အမှတ်နဲ့ပဲ စိတ်ကိုအလိုမလိုက်ဘဲ ထိန်းချုပ်လိုက်တော့လေ၏။ ဒီလောက်အသိစိတ်တွေကို ထိန်းချုပ်ထားသည့်ကြားမှ သာယာနာပျော်ဖွယ်ကောင်းသော ရှေးဟောင်းသီချင်းသံနှင့် မိန်းမချောလေးဆိုတာကို စိတ်အာရုံမှာ လာရောက်စွဲထင်နေလေ၏။

"ဖြစ် ... ပျက်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ် ... ပျက်"
"ဖြစ် ... ပျက်"

အသက်ရှူထုတ် ရှူသွင်းမိတိုင်း ဖြစ်ပျက်ကိုပဲ စိတ်မှာမှန်နေမိလေ၏။ အနိစ္စ ဒုက္ခ အနတ္တ မမြဲဘူး စိတ်ထဲမှာ အစွဲအလမ်းကင်းရှင်းတာက နိဗ္ဗာန်ပဲလေ။ သူတော်နန္ဒစိတ်တွေ ပွံ့လွင့်နေလေ၏။

"ဒီအဖြစ်အပျက်က မရိုးသား၊ အကြံအစည်တစ်ခုခုတော့ ရှိနေပြီ၊ ကျုပ်တို့ကတော့ ကိုယ့်အလုပ်ကိုယ်လုပ်တာပဲကောင်းပါတယ်"

သူတော်ပဏ္ဍိတပြောတဲ့ စကားတွေကို ကြားယောင်မိလေ၏။ ကိုယ့်အလုပ် ကိုယ်လုပ်တာပဲ ကောင်းပါတယ်လေဆိုပြီး ဖြစ်ပျက်ကိုရှုသည်။ မမြဲသော ကိုယ်ခန္ဓာကြီးရဲ့ ဖြစ်ပျက်တွေကို မှတ်သားလေ၏။ တရားဘာဝနာကို အားထုတ်နေရင်း ညက တဖြည်းဖြည်း အမှောင်ထုရဲ့အောက်မှာ နစ်မြုပ်သွားလေ၏။ ဒီညတော့ မိုးလေဝသကင်းရှင်းပြီးလမိုက်ည ဖြစ်နေ၍သာ အမှောင်ထုက လွှမ်းမိုးလေ၏။ မိုးညဖြစ်၍လည်း လျှပ်ရောင်တွေက ဝင်းခနဲ လက်ခနဲတော့ ရှိနေလေ၏။

ညဥ့်က နက်သထက် နက်လာလေသည်။

သူတော်နန္ဒ အိပ်မရ၍ အသုဘကမ္မဋ္ဌာန်းကို တုန်လှုပ်ခြင်းကင်းမဲ့စွာဖြင့် ရှုမှတ်နေလေတော့သည်။ ဘုံပြတ်သင်္ချိုင်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေ၏။

သုဘရာဇာကြီးအုံးမောင်ရဲ့ တဲအိမ်လေးလည်း မီးရောင်ကင်းမဲ့လေ၏။ သုဘရာဇာဆိုတာက တစ်နေကုန် မြေတွင်းတူး မြေမြှုပ်သင်္ဂြိုဟ်မယ့် မသာကိစ္စတွေ ကူညီရနှင့်မောပန်းနွမ်းနယ်လေ၏။ ထို့ကြောင့်ပင် ညအချိန်မှာ နှစ်ခြိုက်စွာ အိပ်ကြလေသည်။

သူတော်နန္ဒကတော့ ဖိုးသူတော်ပဲဖြစ်ဖြစ် ခဏလေးဝတ်ခဲ့တဲ့အချိန်တွင် ကုသိုလ်လေးရအောင် ရှစ်ပါးသီလကိုတော့ မကျိုးပေါက်အောင် ထိန်းထားလေသည်။

"ဖြစ် ... ပျက်"
"ဖြစ် ... ပျက်"





"ဖြစ် ... ပျက်"

ထိုကဲ့သို့ စိတ်ကိုထိန်းချုပ်၍ ဖြစ်ပျက်ကိုရှုမှတ်နေချိန်တွင် ထူးဆန်းတဲ့ သီချင်းသံလေးက လေအဟုန်မှာ ပွံ့လွင့်လာလေတော့သည်။

"ဟင် ... "

သူတော်နန္ဒရဲ့ စိတ်အစဉ် အထိန်းအချုပ်မှ ရုတ်ခြည်းကင်းလွတ်သွားပြီး အသိနှင့်ထိကပ်နေစဉ် မျက်ဝန်းတွေက ဖျတ်ခနဲလွင့်သွားလေ၏။ ပတ်ဝန်းကျင်ကိုကြည့်မိလေ၏။ အမှောင်ထုပဲ တွေ့ရလေ၏။

လျှပ်တွေအလက်မှာ မိန်းမချောလေးကို တွေ့လိုက်ရတာပဲတဲ့။ သူတော်ပရမ ပြောတဲ့စကားတွေက သူတော်နန္ဒနားထဲ တိုးဝင်လာရလေ၏။ နားဝင်ပီယံရှိလှပြီး သာယာနာပျော်ဖွယ်ရှိလှန်းသော သီချင်းသံလေးက အမှောင်ထုထဲမှာ လွင့်ပြန့်နေလေ၏။

"မကျွတ်လွတ်သေးတဲ့ နာနာဘာဝတွေဆိုတာ လှုပ်ရှားမှုတွေနဲ့ အရိပ်အငွေ့လောက်ပဲ ပြတတ်ကြတာပါ ... "

အစိမ်းသေ သေသွားတဲ့ မချိုတူးများ မကျွတ်မလွတ်တာများလား။ သူတော်ပဏ္ဍိတကတော့ မရိုးသားနိုင်ဘူးတဲ့။ သီချင်းသံငြိမ့်ငြိမ့် သူတော်နန္ဒ အာရုံစူးစိုက်စွာနား ထောင်မိနေလေတော့သည်။ စာသားတွေက ရှေးခေတ်မြန်မာဘုရင်တွေခေတ်က စာသားတွေပါပဲ။ အလွမ်းအဆွေး သီချင်းလေးဖြစ်၍ ရင်ထဲစူးနစ်တိုးဝင်သွားရလေ၏။

သူတော်နန္ဒအကြည့်တွေက ဘုံပြတ်သင်္ချိုင်းကြီးဆီ ရောက်နေလေ၏။ လျှပ်ရောင်တွေကလည်း တဝင်းဝင်းလက်နေလေသည်။ ကိုယ့်အလုပ်ကိုယ်လုပ်တာပဲ ကောင်းပါတယ်လေဟု စိတ်တွေကိုပြန်ထိန်းချုပ်လိုက်လေပြီ ... မရပေ။ တကယ့်ကို စွဲလမ်းနှစ်သက်ဖွယ် ကောင်းလွန်းသော အသံလေးက လေပြည်ထဲမှာ ပွံ့လွင့်နေလေ၏။ သုဘရာဇာကြီး အုံးမောင်တဲကတော့ အမှောင်ထုထဲမှာ ခပ်ရေးရေးမြင်နေရပြီး အလင်းရောင်မဲ့နေ၍ အိပ်မောကျနေတာသေချာလေ၏။

"ဟင် ... "

လျှပ်ရောင်အလက်တွင် မိန်းမချောလေးတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ မြင်တွေ့လိုက်ရလေ၏။ ဟိုဘက်သင်္ချိုင်းက သူတော်တွေပြောသလိုပဲ အနက်ရောင်ထက်အောက် ဆင်တူဝတ်ထားသော မိန်းမချောလေး ဖြစ်နေလေသည်။ သူတော်နန္ဒစိတ်တွေ တထိတ်ထိတ်ခုန်လာရလေ၏။ အနက်ရောင် လက်ပြတ်အင်္ကျီလေးနှင့်ဖြစ်၍ ဖြူဝင်းအိနေတဲ့အသားအရေလေးက ထင်းခနဲပေါ်လွင်နေလေသည်။ သူတော်နန္ဒအကြည့်တွေက အမှောင်ထု ထဲသို့ စူးစိုက်စွာရောက်ရှိနေလေ၏။ လျှပ်ရောင်အလက် မိန်းမချောလေးက ထပ်ပေါ်လာလေ၏။

"မချိုတူးလား ..."

မချိုတူးက လွန်စွာအရုပ်ဆိုး အကျည်းတန်လွန်းသည်။ အသားက မည်းတူးနေတဲ့ မိန်းကလေးတစ်ယောက်ဖြစ်လေ၏။ မဖြစ်နိုင်ပါဘူးဟု တွေးမိလေ၏။

"သရဲတစ္ဆေက ဘယ်တော့မှ ကိုယ်ရောင်မပြနိုင်ဘူး ... အရိပ်အယောင်ပဲ ပြကြလေ့ရှိတာပါ ... ပစ္စည်းတွေကို ဂလုံဂလွမ်လုပ်မယ်၊ သစ်ကိုင်းသစ်ခက်တွေကို ခပ်ပြင်းပြင်း ဆိခတ်ပြမယ်၊ တံခါးခေါက်သံလိုမျိုး ခြေသံလိုလို ..."

သူတော်ပဏ္ဍိတပြောတဲ့စကားအရ သရဲတစ္ဆေမဖြစ်နိုင်။ လူစင်စစ်ပဲ ဖြစ်နိုင်သည်ဟု ထင်မှတ်နေလေ၏။ လေက တစ်ချက်တစ်ချက် ခပ်ပြင်းပြင်းတိုက်သဖြင့် ဇရပ်မှာ မီးထားတဲ့ သွပ်တွေလန်ပြီး ပြန်ကျသံတွေက တဂျိမ်းဂျိမ်းမြည်လေ၏။ သင်္ချိုင်းထဲမှာ လျှောက်သွားနေတဲ့ အနက်ရောင်အထက်အောက်ဆင်တူနှင့် မိန်းကလေးအား သုဘရာဇာ အုံးမောင်ကိုခေါ်ပြီး လိုက်ရှာလျှင် ကောင်းလေမလားပဲ။

"ကိုးသင်္ချိုင်းမှာ မကောင်းတဲ့အတိတ် နိမိတ်ပဲ ... အကြံအစည်တစ်ခုခုတော့ ရှိနေပြီ ..."

သူတော်ပဏ္ဍိတပြောလျှင် လွဲခဲသည်ဆိုတာ သူတော်နန္ဒအသိဆုံးပင် ဖြစ်လေသည်။ နားဝင်ပီယံရှိလှသော ခပ်ဆွေးဆွေးသီချင်းသံလေးက ပျောက်ကွယ်သွားလေ၏။ မိန်းမချောလေးလည်း ပျောက်ကွယ်သွားလေ၏။ ထိုင်နေရာကနေ မတ်တတ်ထရပ်လိုက်မိတော့သည်။





မီးအိမ်ကြီးကို မီးထွန်းညှိမိလိုက်လေ၏။ အလင်းရောင်က ဘုံပြတ်ဇရပ်ကြီး တစ်ခုလုံးကို လင်းထိန်သွားလေ၏။ သင်္ချိုင်းပြင်ကြီးကို ငေးမျှော်ကြည့်လိုက်မိလေ၏။ ထူးခြားမှုတွေ မရှိတော့။ ပကတိငြိမ်သက်သွားတော့၏။ အမှောင်ထုက လွှမ်းမိုးနေဆဲဖြစ်ပြီး လျှပ်တွေကလည်း ဝင်းခနဲဝင်းခနဲ လက်နေလေ၏။ သာယာငြိမ့်ညောင်းပြီး နားဝင် ပီယံရှိလွန်းသော ကြေကွဲဖွယ်အဆွေးသီချင်းသံလေးနှင့် အနက်ရောင်အထက်အောက်ဆင်တူဝတ်ထားသော မိန်းမချောလေးကတော့ ပျောက်ချင်းမလှ ပျောက်သွားလေ၏။ သူတော်နန္ဒ မီးအိမ်ကို ဖြုတ်ယူလိုက်လေတော့သည်။ လျှပ်ရောင်အလက်မှာ မိန်းမချောလေးကို သေသေချာချာ မြင်တွေ့လိုက်ရသည်ဖြစ်၍ သရဲတစ္ဆေဆိုတာတော့ မဖြစ်နိုင်ပေ။ သူတော်ပဏ္ဍိတ ပြောသလို အကြံအစည်တစ်ခုခုနှင့် ရောက်လာကြသူတွေသာ ဖြစ်နေလေ၏။ မီးအိမ်ကြီးကိုဆွဲပြီး သုဘရာဇာအုံးမောင်ရဲ့ အိမ်လေးဆီသို့ ရောက်လာလေ၏။

"ဦးအုံးမောင် ဒကာကြီးအုံးမောင် ဒကာကြီး ..."

အတော်လေးနှိုးလိုက်တော့မှ သုဘရာဇာကြီး ဦးလေးအုံးမောင်တို့ လင်မယား နိုးလာကြလေသည်။

"ဘာဖြစ်လို့လဲ သူတော် ဘာထူးခြားလို့လဲ ..."

"စောစောက သီချင်းသံကြားရတယ် ... အနက်ရောင်အထက်အောက်ဆင်တူဝတ်ထားတဲ့ မိန်းမချောလေးကိုလည်း ကျုပ်တွေ့လိုက်တယ် ..."

"ဟင် ..."

ဦးလေးအုံးမောင်မိန်းမ ဒေါ်လေးနှင်းပန်းလည်း တအံ့တသြနှင့် ပါးစပ်အဟောင်းသား ဖြစ်သွားရလေ၏။

"ဟုတ်ပါ့မလား သူတော်ရယ် ... စိတ်ထဲထင်တာ ဖြစ်ပါလိမ့်မယ် ... ကျုပ်တို့ လင်မယားတော့ လုံးဝမကြားပါဘူးဗျ ..."

"ကျုပ် သေသေချာချာကြားရတာပါ ... မိန်းကလေးကိုလည်း အသေအချာမြင်တွေ့ လိုက်ရတာပါ ..."

"ဒါဆို လျှောက်ကြည့်ရအောင် ဘာမှကြောက်စရာမလိုပါဘူး



www.burmeseclassic.com

www.burmeseclassic.com



သူတော် ... အုံးမောင် ပိုင်နက်ထဲမှာ ဒီလိုလာလုပ်လို့ရမလား ...”

သုဘရာဇာအုံးမောင်သည် ကြိမ်းဝါးရင်း မီးအိမ်ကြီးဆွဲကာ ရှေ့မှထွက်လေ၏။ ဘုံပြတ်သချိုင်းသည် သူဌေးသချိုင်းဖြစ်၍ သန့်ရှင်းလေ၏။ လမ်းတွေလည်း ညီညာလေ၏။

“ဝေါ ... ဝေါ”

“ဝေါ ... ဝေါ”

လေပြင်းတွေက ရုတ်တရက် တိုက်ခတ်လာသဖြင့် မီးအိမ်ကြီးမှ မီးစက မှိတ်တုတ်မှိတ်တုတ် ဖြစ်နေလေ၏။

“ဂျိမ်း ... ဂျလိန်း ... ”

“ဂျိမ်း ... ”

“သူတော်နန္ဒပြန်ကြစို့ ... မကြာခင် မိုးရွာချတော့မယ် ... မီးအိမ်ကလည်း မလင်းတော့ဘူးလေ ... လက်လျှော့လိုက်ပါလေ”

ဦးလေးအုံးမောင်စကားက သင့်မြတ်မှန်ကန်နေသဖြင့် သူတော်နန္ဒ လက်လျှော့ပြီး နောက်ကြောင်းပြန်လှည့်လာခဲ့လေသည်။

“သူတော် အိပ်ရဲရဲ့လား ... ကျုပ်လာစောင့်အိပ်ပေးရဦးမလား ... သူတော့်စိတ်က ထင်နေတာပါ ... သချိုင်းမှာ သရဲမရှိပါဘူး ... ဒီသချိုင်းက ပိုပြီးသရဲတစ္ဆေမရှိပါဘူး ... သူဌေးတွေသေတာလေ... စွဲလမ်းမယ့် စွဲလမ်း သူတို့စည်းစိမ်ဥစ္စာတွေ သူတို့မိသားစုတွေပဲ စွဲလမ်းကြမှာပါ သူတော် ...”

ကိုယ်ထင်ပြလာရင်တော့ မရိုးသားတော့ဘူး။ အကြံအစည်တစ်ခုခုနဲ့ ရောက်လာကြတဲ့ မသမာမှုပဲဟု သူတော်ပဏ္ဍိတပြောတဲ့စကားတွေကို ပြန်ကြားယောင်နေလေ၏။

“သူတော် ... ”

“ဟင် ... ”

“ကျုပ် လိုက်စောင့်ပေးရမလား ... ”

“မလိုပါဘူး ကျုပ် အိပ်ရဲပါတယ် ... ”

သုဘရာဇာကြီးအုံးမောင်က ... တဲလေးထဲဝင်သွားလေ၏။





သူတော်နန္ဒ အမှောင်ထဲမှာစမ်းပြီး ဘုံပြတ်ဇရပ်ဆီသို့ လျှောက်လာခဲ့လေ၏။ ဇရပ်ပေါ်ရောက်တော့ မီးအိမ်ကို မထွန်းတော့ဘဲ အမှောင်ထဲမှာပင် အိပ်စက်နေကျ အိပ်ရာပေါ် လှဲချလိုက်မိလေ၏။

အိပ်တာပဲ ကောင်းပါတယ်လေဆိုပြီး မျက်လုံးတွေကို မှိတ်ထားလိုက်လေ၏။ ဘုရားရေ... မျက်လုံးတွေ မှိတ်ထားပေမယ့် မိန်းမချောလေးကို သူ့အသိအာရုံမှာ မေ့ဖျောက်ပစ်၍မရဘဲ ဖြစ်နေလေ၏။ ဟုတ်ပါတယ်။ လူသားစစ်စစ်ပါ။ သူကိုယ်တိုင် မျက်စိနဲ့မြင်ရတာပဲ။ နှစ်ကြိမ်နှစ်ခါတောင် မြင်ရတာ။ သူတော်နန္ဒမျက်စိထဲမှာ အကျီကပါးလွှာလွန်းတဲ့ မှန်နိုင်လွန်အနက်ရောင်နဲ့ အောက်မှာ ဖြူဝင်းအိနေတဲ့ အသားစိုင်တွေနဲ့ အဖြူရောင်အတွင်းခံဘော်လီ။ သူတော်ဘာတွေတွေးနေတာလဲ။ သူတော်က သာသနာ့ဘောင်မှာနေမယ့် သူတော်လေစိတ်ကို ပြန်ထိန်းလိုက်လေ၏။

သူတော်နန္ဒ ဖြစ်ပျက်ကိုရဖို့အတွက် စိတ်ကိုထိန်းပေမယ့် သီချင်းသံက သူ့ စိတ်တွေကို ရှုးနစ်ကြေကွဲမှုတွေ ခံစားတတ်လာစေလေ၏။ ထို့ပြင် မိန်းမချောလေးရဲ့အလှကလည်း ပင့်ကူအိမ်ကြီးထဲကို တိုးဝင်မိသလို သူတော်နန္ဒအား ရစ်ပတ်ညှို့ယူဖမ်းစားနေလေ၏။ ဘယ်လိုဖြစ်ရတာလဲ။ သာယာနာပျော်ဖွယ်ကောင်းလွန်းတဲ့ သီချင်းသံလေးနှင့် မိန်းမချောလေးသည် သူ့အသိအာရုံတွေကို အသိမဲ့စေအောင် လွှမ်းမိုးထားနိုင်လေပြီ။ ထပ်၍ တွေ့မြင်ချင်တဲ့ စိတ်ဆန္ဒတွေ ဖြစ်လာရလေ၏။ အိပ်ရာပေါ်မှာ အိပ်နေရတာ ပူလောင်လာသလိုဖြစ်လာ၍ အိပ်ရာမှထထိုင်လိုက်လေ၏။ သီချင်းသံလေးများ ထပ်များကြားရမလား ထင်၍ နားကိုစွင့်မိလေ၏။

“ဝေါ ... ဝေါ”

“ဝေါ ... ဝေါ”

“ဂျိမ်း ... ဂျလိန်း ... ”

“ဝေါ ... ဝေါ ... ”

ဘုံပြတ်သချိုင်းကြီးတစ်ခုလုံး မိုးပေါက်တွေ တဝေါဝေါရွာကျလာပြီး ပတ်ဝန်းကျင်မှာရှိတဲ့ အရာအားလုံး ဝေဝါးသွားရလေတော့သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အချစ်ဆိပ်တက်ပြီ

မြမြမြိုင်စိတ်တွေက သူဌေးသုတအား လွန်စွာမုန်းတီးနေမိလေသည်။ အမေနဲ့ပထွေးခင်က လက်ထပ်ဖို့စီစဉ်နေ၍ မြမြမြိုင်လက်မခံလိုပေ။ မောင်မောင်သန့်ကိုသာ မြမြမြိုက်ယုံကြည်လေးစားပြီး ချစ်ခင်နှစ်သက်မိလေသည်။ မြမြမြိုင်နဲ့ မောင်မောင်သန့်တို့ နီးစပ်နိုင်ပါ့မလား။ သူဌေးသုတနဲ့ပဲ လက်ထပ်ရတော့မှာလား။ သိချင်လိုက်တာနော်။ တစ်နေ့ မြမြမြိုင်တို့ရဲ့ သူငယ်ချင်းမိန်းကလေးတစ်စုဆုံမိပြီး တိုင်ပင်ကြလေသည်။

"တို့တွေ ဖျာလိပ်နတ်မေးမလို့ မြမြမြိုင် ..."

"ဟင် ..."

ဖျာလိပ်နတ်ကိုတော့ မြမြမြိုင်တို့အပျိုပေါက်တွေ အားကိုးကြတဲ့ ရိုးရာနတ်ပင်ဖြစ်လေသည်။

"နင်ဘာဖြစ်ချင်လဲ ... နင်ဘယ်လိုချစ်သူနဲ့ညားမလဲ၊ အပျိုကြီးဖြစ်မလားဆိုတာတွေ မေးလို့ရတယ်လေ ..."

မြမြမြိုင်လည်း စိတ်ဝင်စားသွားရလေသည်။ သူမ သိချင်နေတာက သူမရဲ့ဖူးစာရှင်ပဲလေ။ သူဌေးလေးသုတလား၊ မောင်မောင်သန့်လားဆိုတာပါပဲ။ ယဉ်မေတို့အိမ်မှာ မိန်းကလေးတွေအားလုံး စုမိကြလေ





သည်။ ယဉ်မေတို့အိမ်က လူမရှိပေ။ ယဉ်မေ့အိပ်ခန်းက လုံခြုံလေသည်။ ဖျာလိပ်နတ်သွင်းမယ်ဆိုလျှင် အဓိကအခန်းက လုံခြုံမှုရှိပြီး ယောကျာ်းလေးလုံးဝမကြည့်ရပေ။ အနားပင်မလာရ။ ချောင်းကြည့်နေရင်တောင် ဖျာလိပ်နတ်က မဝင်တော့ပေ။

"မြမြမြိုင် ..."

"ဟင် ..."

"ညည်းက သူဌေးကတော်ဖြစ်တော့မှာမို့ မာနကြီးပြီး ခပ်တည်တည်လုပ်နေတာလားအေ့ ... လာစမ်းပါ ... မြို့ပေါ်မှာ သူဌေးကမိန်းမရှိနေရင် ညည်းဒုက္ခရောက်မယ်နော် ... မအောင်ဖြူကိုမေးကြည့်ပါလားဟဲ့ ..."

ဖျာလိပ်နတ်မအောင်ဖြူကို မြမြမြိုင်သိချင်တာတွေ မေးချင်၍ ယဉ်မေ့အခန်းထဲ ဝင်လာခဲ့ကြပြီး တံခါးကို သေချာစွာပိတ်ပစ်လိုက်လေသည်။ အပျိုမတွေပဲ စုစည်းနေကြ၏။ ဖျာလိပ်နတ်မေးဖို့အတွက် ဖျာလိပ်ကိုပြင်ဆင်ကြလေတော့သည်။

"ကြောက်တယ်ဟယ် ... ငါ့စိတ်ထဲမှာ တစ်မျိုးပဲ ... ရင်တွေထိတ်နေတယ် ..."

မြမြမြိုင်တို့အဖွဲ့ထဲမှာ အငယ်ဆုံးအပျိုပေါက်မလေး မပျိုက ပြောလေသည်။ ယဉ်မေက ဘာမှမကြောက်နဲ့ဟုပြောပြီး ဖျာလိပ်ကို အသေအချာလိပ်ပြီး အဝတ်အစားတွေ ဝတ်ပေးနေလေသည်။ ဖျာလိပ်ရဲ့ အပေါ်ပိုင်းကို ပေါင်ဒါ၊ နှုတ်ခမ်းနီတွေလိမ်းခြယ်ပြီး ဆံပင်အတုကိုလည်း တပ်လိုက်၏။ အလယ်လောက်မှာ အင်္ကျီလက်ရှည်တစ်ထည်ကို ဝတ်လိုက်သည်။ အောက်ပိုင်းမှာ ထဘီတစ်ထည်ကို ဝတ်လိုက်တော့၏။

"အမယ်လေး ..."

"ဟဲ့ မပျို ... ညည်းကြောက်ရင် အပြင်ထွက် ... မလေးမစားမလုပ်နဲ့နော် ... ကဲ အားလုံး ဖျာလိပ်ကိုကိုင်းမကြ ..."

အပျိုမတွေအားလုံး ဖျာလိပ်ကိုကိုင်းပြီးမလိုက်သည်။ ယဉ်မေက ဦးဆောင်ကာ ဖျာလိပ်နတ်သွင်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မအောင်ဖြူ ... ဖျာလိပ်နတ်သခင်မ ကြွတော်မူပါ ... ကြွတော်မူပါ ... ပင့်ဖိတ်ပါတယ် ... ကြွပါ ... ကြွပါ"

မြမြမြိုင်တို့ လက်ပေါ်မှ ဖျာလိပ်သည် လေးလံလာပြီး မအောင်ဖြူနတ်ဝင်လာလေသည်။ အပျိုမတွေ လက်ပေါ်မှ ဖျာလိပ်သည် ယိမ်းခါထိုးရမ်းနေလေသည်။

"မြမြမြိုင် နင်အရင်စမေးလေ ... "

"ဘာမေးရမှာလဲ ... "

"သူဌေးလေးသုတနဲ့ညားမလားလို့ပေါ့ ... နောက်ပြီး သူဌေးလေး သုတမှာ အိမ်ထောင် ရှိမရှိလေ ... မယားကြီးရှိနေရင် နင် အရှုက်တကွဲဖြစ်နေမှာအေ့ ... "

သူဌေးလေးသုတနဲ့ ညားမလားဆိုတဲ့အမေးကို မြမြမြိုင် မမေးလိုပေ။ ညားမယ်ဆိုရင် ဒုက္ခပါပဲ၊ သူဌေးလေးသုတကို မုန်းနေမိ၏။ မြမြမြိုင်စိတ်ထဲမှာ ဘယ်လိုမှ ခံစားမရပေ။ ပထွေးခင်ကြောင့် အမေ့ကြောင့်ပါ။

"မြမြမြိုင် ... "

"ဟင် ... "

"မေးလေဟယ် ... "

"ငါစိတ်ထဲကပဲ ရည်မှန်းပြီးမေးမယ် ... "

"ဘာလဲ ညည်းက သူဌေးလေးသုတမှာ မယားကြီးရှိနေတယ်ဆိုရင် ကျုပ်တို့သိမှာ ရှက်လို့လားအေ့ ... "

သူမလက်ပေါ်မှာ ယိမ်းခါနေတဲ့ ဖျာလိပ်နတ်မအောင်ဖြူအား စိတ်ထဲမှရည်မှန်း၍ သူမနှင့်မောင်မောင်သန့်တို့ ဖူးစာအကြောင်းဆက် ပေါင်းဖက်နိုင်ပါ့မလားဟု မေးမိလေသည်။ ဖျာလိပ်ကြီးသည် မြမြမြိုင် ခေါင်းပေါ်သို့ ညွတ်ခွေကျပြီး ဖုန်းဖုန်းရိုက်လေတော့သည်။

"ဖုန်း ... "

"ဖုန်း ... ဖုန်း"

"ဖုန်း ... "





"အမလေး တော်ပါတော့ မအောင်ဖြူရယ် ... သိပါပြီ ... မြမြမြိုင် အရမ်းဝမ်းသာသွား ရပါပြီ ... "

မြမြမြိုင်ကို ဝိုင်းကြည့်ကြပြီး သူဌေးလေးသုတမှာ မယားကြီးမရှိဘူးပေါ့ လူပျိုပေါ့ဟု မေးကြလေသည်။

"အင်း ... "

"နင့်ကို သူဌေးလေးသုတနဲ့ ညားမယ်လို့ပြောလား ... "

"အင်း ... "

"ဟယ် ... ဝမ်းသာလိုက်တာ ... နင် သူဌေးကတော်အဖြစ် မြို့တက်ရတော့မှာပေါ့ နော် ... "

သူငယ်ချင်းတွေကတော့ မြမြမြိုင် သူဌေးနဲ့ညားပြီး သူဌေးကတော်ဖြစ်မှာကို သဘောကျ ကျေနပ်နေကြလေသည်။ အားကျနေကြ၏။

"မအောင်ဖြူရယ် တကယ်ပဲမောင်မောင်သန့်နဲ့ ဖူးစာဆုံမှာလားဟင် ... မောင်မောင်သန့်နဲ့ညားမယ်ဆိုရင် ထပ်ပြီး မြမြမြိုင်ရဲ့ခေါင်းကိုရိုက်ပါဦးနော် ... သိသိသာသာကြီး တန်ခိုးပြသတော်မူပါ ... "

မြမြမြိုင်စိတ်ထဲကနေ ကြိတ်ပြီးဆုတောင်းလိုက်လေသည်။ ဖျာလိပ်ကြီးက မြမြမြိုင်ခေါင်းပေါ်သို့ ကွေးညွတ်ကျလာ၏။

"ဖုန်း ... "

"ဖုန်း ... ဖုန်း"

သိသိသာသာကြီး တန်ခိုးပြပါဟု မြမြမြိုင်စိတ်ထဲမှ အကြိမ်ကြိမ်တောင်းဆိုနေမိလေသည်။

"ဖုန်း ... ဖုန်း"

"ဖုန်း ... ဖုန်း"

"ဖုန်း ... ဖုန်း"

"တော်ပါတော့ မအောင်ဖြူရယ် ... ဒီလောက်ဆို သိသာပါပြီ ... မြမြမြိုင်မကြာခင် သူဌေးကတော်ဖြစ်တော့မှာ သေချာပါပြီ ... "

သူငယ်ချင်း မိန်းကလေးတွေက ပြောချင်တာပြောနေကြလေသည်။ မြမြမြိုင်ရင်ထဲမှာ ကြိတ်ပြီး ဆုတောင်းနေမိတာက မောင်



www.burmeseclassic.com

www.burmeseclassic.com



မောင်သန့်နှင့် ဖူးစာဆုံဖို့ပါပဲလေ။ သူဌေးလေးသုတကို လုံးဝမချစ်မနှစ်သက်ဘဲ မုန်းတီးနေ၏။ အမေ့ကြောင့်ပါလေ၊ ပထွေးခင်ကလည်း အတင်းအကြပ်စေခိုင်းနေလေသည်။ မြမြမြိုင်ဘယ်လိုမှ ရှောင်ဖယ်၍မရဘဲအလိုက်အထိုက်နေပေးရ၏။ မိန်းကလေးများအုပ်စုက ဖျာလိပ်နတ်မအောင်ဖြူကို မေးခွန်းတွေမေးနေကြတာ ကြွက်ကြွက်ညံနေလေသည်။ မြမြမြိုင်စိတ်ထဲမှာ သံသယတွေက ရှိနေဆဲပင် ဖြစ်လေ၏။ မောင်မောင်သန့်နှင့် ဖူးစာဆုံရမယ်ဆိုတာ ဟုတ်ပါ့မလား။ မြမြမြိုင်ကတော့ မယုံမရဲလေးဖြစ်နေရသေးသည်။

"ဟယ် ... ရပ်သွားပြီ ... မအောင်ဖြူ ထွက်သွားပြီတော့ ... ဘာဖြစ်လို့လဲမသိဘူး ... အပြင်ထွက်ကြည့်ကြစမ်း ... တစ်ယောက်ယောက်ချောင်းကြည့်နေပြီထင်တယ်"

"ဟုတ်တယ်ဟေ့ ... "

အဝေးသို့ပျံလွင့်နေတဲ့ မြမြမြိုင်ရဲ့စိတ်တွေ ဆူညံနေတဲ့သူငယ်ချင်းအုပ်စုတွေ အသံကြောင့် လူနှင့်စိတ် ပြန်ကပ်လာလေသည်။

"ကြည့်စမ်း ... ဒီကောင်လေး လာချောင်းကြည့်နေတာကိုး ... မအောင်ဖြူကယောကျ်ားတွေဆို အရမ်းမုန်းတာဟဲ့ ... အနားတောင် သီလို့ရဘူးလေ ... "

မြမြမြိုင်တို့အုပ်စု လူကွဲသွားကြလေသည်။ အိမ်ကိုပဲပြန်လာခဲ့၏။ မြမြမြိုင်ရဲ့စိတ်ထဲမှာ ဖျာလိပ်နတ်မအောင်ဖြူရဲ့ တန်ခိုးပြတာတွေအမှန်ပဲဖြစ်ပါစေဟု ဆုတောင်းနေမိလေသည်။ မောင်မောင်သန့်နဲ့ပဲ ဖူးစာဆုံပါစေ။ မြမြမြိုင် မောင်မောင်သန့်ကိုပဲ ချစ်ခင်နှစ်သက်ပါတယ်ရှင်။ သူဌေးလေးသုတကိုတော့ မချစ်ခင်မနှစ်သက်ပါဘူး။

"မြိုင် ... "

"ဟင် ... "

မြမြမြိုင် အိမ်လေးပေါ်လှမ်းတက်လိုက်သည်နှင့် သူဌေးလေး သုတက မြိုင်ဟုခေါ်လိုက်ပြီး ပြိတ်တီတီမျက်နှာထားနှင့် ဆီးကြိုနေလေသည်။ ပထွေးခင်ကို မျက်ရိပ်ပြလိုက်သဖြင့် ပထွေးခင် ထပြီးထွက်သွားလေတော့သည်။





"ဘယ်ကပြန်လာတာလဲ မြိုင် ... ကျုပ်က မြိုင့်ကိုတွေ့ချင်လို့လာတာပါ ... စောင့်နေရတာကြာပြီလေ ... "

သူဌေးလေးသုတရဲ့ မျက်လုံးတွေထဲမှာ တဏှာရာဂစိတ်တွေ ဖုံးလွှမ်းနေပြီး မီးဝင်းဝင်းတောက်နေလေသည်။ မြမြမြိုင်ရင်ထဲမှာ အော့နှလုံးနာပြီး ရွံရှာမုန်းတီးမိလေ၏။

"မြိုင် ... "

"ရှင် ... "

"ကျုပ်တို့ လက်ထပ်ကြရအောင် ... မြိုင့်ကို ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် လက်ထပ်ယူမှာပါ၊ နှစ်ဆောင်ပြိုင်အိမ်ကြီးမှာ နေကြမယ် ... ရွှေတုံးတွေသာတွေ့သွားရင် ကျုပ်လည်း ဒိတ်ဒိတ်ကြဲသူဌေးစာရင်းဝင်ပြီး မြိုင်လည်း သူဌေးကတော်ကြီးအဖြစ် စည်းစိမ်အပြည့်နဲ့နေရတော့မယ်လေ ... "

သူဌေးလေးသုတက အားပါးတရ ပြောနေသလောက် မြမြမြိုင် စိတ်ထဲမှာ တစ်စက်ကလေးမှ အထင်မကြီးဘဲ ရွံရှာမုန်းတီးစိတ်တွေပဲ ဝင်လာရလေသည်။ ကျွန်မ ရှင့်ကို လက်ထပ်ပြီး သူဌေးကတော်မဖြစ်ချင်ပါဘူး။ အဆီတွေပြန်ပြီး ရမ္မက်ခိုးတွေဝေနေတဲ့ သူဌေးလေးသုတအား အတွင်းစိတ်မှာ မုန်းတီးနေလေ၏။

"သမီးလေးမြမြမြိုင်ရယ် ... အပူကြဲစမ်းပါအေ သူဌေးလေးသုတနဲ့ အလိုက်အထိုက်နေပါ ... ရွှေတုံးတွေတွေ့ရင် ပွပြီပဲ ... ဒါမှ အမေနဲ့ သမီး ငခင်ရဲ့စက်ကွင်းကနေ လွတ်အောင်ထွက်ပြေးနိုင်မှာလေ ... ရွှေတုံးတွေယူပြီး လစ်ပြေးကြမယ်လေ ... "

"အမေ ... "

"ဟင် ... "

"ရွှေတုံးတွေရရင် ကတယ်ပဲ ပထွေးခင်ကို ပစ်ထားခဲ့ပြီး မြိုင်နဲ့ လိုက်မှာလားဟင်"

"အေးပေါ့ သမီးရဲ့ ... အမေလည်း ဒီငခင့်ဒဏ်ကို မခံနိုင်တော့ပါဘူး ... မတတ်သာ လို့ ပေါင်းနေရတာပါအေ ... "



www.burmeseclassic.com

www.burmeseclassic.com



အမေ့စကားတွေကို မြမြမြိုင် မယုံကြည်မိပေ။ ပထွေးခေါင်မှ ခေါင်ဖြစ်နေလေသည်။

"အမေ တကယ်လိုက်မှာပါ ယုံပါသမီးရယ် ... ကိုခေါင့်အကြောင်း အမေအသိဆုံးပဲ၊ ဖျံကျတယ်၊ ရက်စက်ယုတ်မာတယ်၊ အမေတို့မှာ ငွေရှိမှဖြစ်မှာပါ ... ရွှေတုံးတွေရတာနဲ့လစ်ပြီး မြို့အထိသွားကြမယ် ... မြို့မှာ အမေ့အစ်ကိုဝမ်းကွဲရှိတယ် ... လိပ်စာလည်း အမေ့မှာ ရှိတယ် ... လောလောဆယ်တော့ သူဌေးလေးသုတကို ကပ်ထားစမ်းပါ ... "

အမေ့စကားတွေကို ပြန်ကြားယောင်လာပြီး သူဌေးလေးသုတနှင့် အဆင်ပြေအောင်နေထိုင်ဖို့ စဉ်းစားမိလေသည်။ သူဌေးလေးသုတက မြမြမြိုင်ကိုယ်လုံးလေးအား ပွေ့ဖက်ထားကာ သူဌေးလေးသုတလက်တွေက သူမခန္ဓာကိုယ်အနှံ့ ဆုပ်နယ်ပွတ်သပ်နေလေတော့၏။ မြမြမြိုင် ရင်ထဲမှာ မီးတောက်တွေထတောက်မတတ် ပူထူသွားရပြီး ရုန်းထွက်ရန် ကြိုးစားမိသွားရလေသည်။

"မဖြစ်ဘူး ... အမေ လုံးဝမဖြစ်နိုင်ပါဘူး ... သူဌေးလေးသုတကို ဘာဖြစ်လို့မှန်း မသိပါဘူး မြိုင် အရမ်းရွံမုန်းတာပဲ ... "

မြမြမြိုင် ဘယ်လိုမှ ငြိမ်သက်နေလို့မရဘဲ သူဌေးလေးရင်ခွင်ထဲမှ လွတ်မြောက်အောင်ပဲ ရုန်းကန်မိနေလေ၏။

"ချစ်လို့ပါ ... ကျုပ် အရမ်းပဲချစ်မြတ်နိုးလို့ပါ မြမြမြိုင်ရယ် ... အမြတ်တနိုးပေါင်းမှာပါ ... "

စကားတွေကို ဗလုံးဗထွေးနှင့်ပြောပြီး မြမြမြိုင်မျက်နှာလေးအား နမ်းရှုံ့ရန် ကြိုးစားနေလေသည်။ မြမြမြိုင်ရဲ့အသွေးအသားတွေကို စားသောက်ဝါးမျိုရန် တဏှာရမ္မက်ကြီးစွာ ကြိုးစားနေသော သူဌေးလေးသုတလက်မှ ဘယ်လိုမှ ရုန်းဖယ်လို့မရတဲ့အဆုံး လက်သည်းများဖြင့် သင်းမျက်နှာအား ကုတ်ဖွဲ့ပစ်လိုက်လေတော့၏။

"အား ... "

နာကျင်စွာအော်ဟစ်ပြီး သူဌေးလေးသုတက မျက်နှာကို





လက်ဝါးနှင့် အုပ်လိုက်စဉ်အတွင်းမှာပင် မြမြမြိုင် ကိုယ်လွတ်ရုန်းထွက်ပြီး ခပ်မြန်မြန် ခြေကုန်သုတ်လေတော့သည်။

"မြမြမြိုင် ... "

"ဟင် ... "

အမေရှိနေမယ်ထင်ပြီး မီးဖိုခန်းထဲဝင်ကာမှ ပထွေးခေါင်နှင့် ဆုံမိကာ မီးဝင်းဝင်းတောက်နေတဲ့ ဒေါသမျက်ဝန်းတွေနှင့် စူးစိုက်ကြည့်နေလေသည်။

"နင် ဒါဘာလုပ်တာလဲ ... "

ကြောက်စိတ်တွေကြောင့် မြမြမြိုင်ကိုယ်လုံးလေး တဆတ်ဆတ်တုန်ရီနေလေသည်။ စကားပင်ပြော၍မရတော့။

"နင်က သူဌေးလေးသုတကို ငြင်းဆန်ရအောင် နင့်လိုကောင်မကများ ... "

"ကျွန်မ ... ဟို ... ကျွန်မ"

"ဖြန်း ... "

"ဖြန်း ... "

"အမယ်လေး ... "

"ဖြန်း ... "

ပထွေးခေါင်က ဒေါသတကြီးနှင့် မြမြမြိုင်ရဲ့ပါးကို ရိုက်လေသည်။ မီးဖိုချောင်ထဲသို့ သူဌေးလေးသုတ ဝင်လာ၏။

"ကိုခေါင် ဘာလုပ်တာလဲ ... ကျုပ် မြမြမြိုင်ကို စိတ်မဆိုးပါဘူး... အပျိုစင်လေးဆိုတော့ ရှက်မှာပေါ့လေ ... ကျုပ် စိတ်မပျက်ပါဘူး... ပို၍တောင် ချစ်သွားမိပါသေးတယ်ဗျာ ... "

"ဝမ်းသာလိုက်တာ သူဌေးလေးရယ် ... နောက် ဒီလိုမဖြစ်စေရတော့ပါဘူး ... ကျုပ် သမီးလေးက နားမလည်လို့ပါ ... သူဌေးလေးစိတ်ကြိုက် နေထိုင်တတ်အောင် သူ့ အမေကို ဆုံးမခိုင်းပါ့မယ် ... "

ပထွေးခေါင်က အမြင်ကတစ်ရာကောင်းလောက်အောင် ခြေမကိုင်မိ လက်မကိုင်မိပြောနေတော့သည်။ မြမြမြိုင်ကတော့ အံ့သွား



www.burmeseclassic.com

www.burmeseclassic.com



လေးကို တင်းကြပ်စွာဖိကိုက်ပြီး တောင့်တောင့်လေး ရပ်နေမိ၏။

"မြမြမြိုင့် အနားယူပါတော့ ... ကျုပ်တောင်းပန်ပါတယ် ... နောက်ဆို မြမြမြိုင် မနှစ်သက်တဲ့အပြုအမူတွေ မလုပ်တော့ပါဘူးလေ ... ကျုပ်တို့ အလုပ်လုပ်ဖို့ရှိသေးတာပဲ ... ကျုပ် ချစ်မြတ်နိုးရတဲ့ မိန်းကလေးကို ဒီလိုရက်စက်တာ ကျုပ်အလွန်စိတ်ဆိုးတယ် ... "

သူ့ငွေးလေးသုတရဲ့ ပိုင်စိုးပိုင်နင်းစကားတွေ ပြောဆိုနေမှုကို မကြားလိုတော့သဖြင့် လှည့်ထွက်လာခဲ့လေသည်။ အိပ်ရာပေါ်ရောက်မှ မှောက်လဲချလိုက်ပြီး တသိမ့်သိမ့် ရှိုက်ငိုကြွေးနေမိလေတော့သည်။

◆◆◆

ညဉ့်က နက်သထက် နက်လာလေသည်။ ဘုံပြတ်သချိုင်းသည် တိတ်ဆိတ် ငြိမ်သက်ခြင်း ကင်းမဲ့နေလေ၏။ ညက မိုက်ပေမယ့် မိုးလေတော့ ကင်းစင်နေလေ၏။ သူတော်နန္ဒသည် အိပ်စက်လို့မရဘဲဖြစ်လေ၏။ ပျံ့နေတဲ့စိတ်တွေကို ထိန်းချုပ်နေလေ၏။ မရ။ သူတော်နန္ဒ စိတ်တွေကို စိုးမိုးလွှမ်းနေတာက ကြေကွဲဆွေးမြေ့ဖွယ်ကောင်းလွန်းတဲ့ သီချင်းသံလေးပဲ။ ပြီးတော့ လွန်စွာချောမောလှပပြီး နတ်မိမယ်အလား ထင်မှတ်မှားရသော မိန်းမချောလေး။ မင်းဘယ်သူလဲ။ ဘယ်ကလာတာလဲ။ တစ္ဆေသရဲ ပရလောကသားလားကွာ။

အတွေးတွေ ရှုပ်ထွေးနေလေ၏။ သီချင်းသံလေးနှင့် မိန်းမချောလေးကို တွေ့မြင်လိုတဲ့ဆန္ဒတွေ ပြင်းပြနေလေ၏။ အိပ်လို့မရ။ မျက်လုံးတွေမှိတ်လိုက်သည်နှင့် အနက်ရောင် ထက်အောက်ဆင်တူ ဝတ်ထားတဲ့ မိန်းမချောလေးပဲ မြင်ယောင်နေလေ၏။ သူတော်နန္ဒစိတ်တွေ မထိန်းချုပ်နိုင်တော့ဘူး။ ဖိုးသူတော်ဝတ်နှင့်မို့ တော်ပါသေးရဲ့။ သင်္ကန်းနှင့်သာဆို မလွယ်ဘူး။ ငရဲအိုးထဲ ဖောက်ထိုးကျရမှာပဲ။

ဘုံပြတ်သချိုင်းမှာ လေပြည်ကအစ ငြိမ်သက်နေလေ၏။ သင်္ချိုင်းတစ်ခုလုံး မဲမှောင်ပြီး အုတ်ဂူတွေနှင့် သစ်ပင်ကြီးတွေသာ ရိုးတိုး





ရိပ်တိတ် လှမ်းမြင်နေရလေ၏။

သူတော်နန္ဒ စိတ်ကိုထိန်းလေ၏။ မမြဲသောတရားနှင့် ဘာမှတွယ်တာစရာမရှိသော ရုပ်အလောင်းတွေကို မြင်ယောင်လာအောင်ရှုသည်။

ဟိုတလောကပဲ မချိုတူး အစိမ်းသေသေသည်။ အရွယ်တော် မိန်းကလေးတွေ အတော်လေး သေပျောက်ကြ၏။ သံဝေဂတရားရစရာပင်။ သူတော်နန္ဒ အသုဘ ကမ္မဋ္ဌာန်းတရားကို ရှုမှတ်ပေမဲ့ မရတော့။ မနေ့ညက တွေ့မြင်ခဲ့သော မိန်းမချောလေးကို ပဲ မြင်ယောင်နေလေ၏။

မဟုတ်သေးပါဘူး။ ဒီမိန်းမချောလေးက လူသားစင်စစ် ဟုတ်ချင်မှ ဟုတ်မှာပါလေ။ ဟုတ်နေရင်လည်း မကောင်းတဲ့အကြံအစည် ဆာစ်ခုခုနဲ့ သင်္ချိုင်းကို လာတာပဲဖြစ်နိုင်လေ၏။ မတွေးတော့ပါဘူး။ သူတော်နန္ဒက သူတော်အစစ်အမှန်တစ်ယောက်ပဲ။ စိတ်ကို ထိန်းချုပ်ပြီး တရားအားထုတ်ဖို့ ကြိုးစားလေ၏။

ဒုက္ခ ... ဒုက္ခ စွဲလမ်းတပ်မက်စိတ်တွေက သူတော်နန္ဒကို နှိပ်စက်နေလေပြီ။ မိန်းမချောလေးအား နှစ်သက်မြတ်နိုးမိလေ၏။

"မင်း ငယ်ရွယ်သေးတယ် မောင်မောင်သန္ဓ ... ဖိုးသူတော်အဝတ်နဲ့တောင် မင်းစိတ်ကို ထိန်းချုပ်လို့မနိုင်ပါဘူး ... မင်းစိတ်တွေက နုံးညှံ့တယ် ... ဘာဖြစ်လို့ ကျုပ်အတတ်ပြောရဲလဲဆိုတော့ ဒကာကြီး ရုပ်ရည်က ဖြူနုသန့်စင်နေတယ် ... မျက်ဝန်းတွေက အားပျော့နေတယ် ... သူတော်စင်ဘဝနဲ့ စိတ်ကိုထိန်းချုပ်ရတာ ပိုပြီးခက်ခဲလိမ့်မယ် ... "

သူတော်ပဏ္ဍိတပြောတဲ့စကားတွေကို ပြန်ကြားယောင်လာမိလေ၏။ အဖေကလည်း သုဘရာဇာဆိုတဲ့ နာမည်ကိုဖျောက်ဖျက်ပစ်ဖို့ တစ်မြို့တစ်နယ်မှာ ဘဝကို ကြီးပွားတိုးတက်အောင် ကြိုးစားလုပ်ဆောင်ပါတဲ့။

အဖေ လောဘဇောနှင့် ငွေရှာရင်း အသက်ပါပေးဆပ်လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



“သုဘရာဇာဆိုတဲ့ နာမည်ကြီးပျောက်ဖို့ဆိုတာ ဒီဘဝမှာ မဖြစ်နိုင်တော့ပါဘူး အဖေ ... ကျုပ် ဟန်ဆောင်ဖုံးကွယ်မနေချင်ဘူး ... သူဌေးသူကြွယ်ကြီးဖြစ်နေလည်း ကျုပ် စိတ်ထဲမှာ သုဘရာဇာဆိုတဲ့ အရိပ်က အုပ်မိုးနေမှာပဲ အဖေ ... ”

သာသနာ့ဘောင်မှာပဲနေဖို့ သူတော်နန္ဒ စဉ်းစားဆုံးဖြတ်လိုက်လေ၏။ အနောင့်အယှက်တွေက ဝင်ရောက်လာပြီထင်လေ၏။ မိန်းမချောလေးကို စွဲလမ်းနှစ်သက် နေမိလေ၏။ ဖျောက်ဖျက်ပစ်လို့မရ။ စိတ်ထဲမှာစွဲထင်နေလေ၏။ ငယ်ရွယ်နုနယ်တဲ့ သူတော်နန္ဒရဲ့ နှလုံးသားထဲမှာ မိန်းမချောလေးကိုပဲ စွဲလမ်းနှစ်သက်နေမိလေ၏။ ရင်တွေ တဒိန်းဒိန်းခုန်လေ၏။

ထိုအချိန်တွင် မျက်နှာကြီးအသုဘတစ်ခု မြေမြှုပ်ရန်ရောက်လာလေ၏။ ဂူသွင်းမှာဖြစ်၏။ ဗျိုင်းနားရွာက လယ်ပိုင်ရှင်ရဲ့အမေ့ အသုဘအလောင်းတင်ထားတဲ့ ခုတင်ကို ကူပြီးထမ်းလာကြလေ၏။ ဘုံပြတ်ဇရပ်မှာ သရဏဂုံတင်ရန် ဘုန်းတော်ကြီးတွေပါ ပင့်ဆောင်လာလေ၏။

သူဌေးအမေရဲ့ အသုဘဆိုတော့ အတော်လေးစည်ကားလေ၏။ သူဌေးကတော်ချွေးမတစ်ယောက်ပဲ အသံကျယ်ကျယ်လောင်လောင်နှင့် အော်ဟစ်ငိုလေ၏။

“အမေရဲ့ ကျွန်မ တာဝန်ကျေပါတယ်နော် ... အမေ့ကို ဂရုတစိုက်ပြုစုပေးခဲ့ပါတယ်နော် ... အမေဘာဖြစ်လို့ သေရတာလဲဟင် ... ကျွန်မ ပြုစုချင်ပါသေးတယ် ... ”

သူတော်နန္ဒလည်း အသုဘကမ္မဋ္ဌာန်း စီးဖြန်းရန်အတွက် အသက်ရှစ်ဆယ်အရွယ် အဘွားကြီးအလောင်းကို ကြည့်လိုက်စဉ် သူဌေးကတော်အား ဖယ်မတွဲထူပေးနေသော မိန်းမချောတစ်ယောက်နှင့် မျက်လုံးခြင်း ဆုံမိသွားလေ၏။

“ဟင် ... ”

မိန်းကလေးရဲ့ အသွင်အပြင် အနေအထားတွေက ညဦးနက်မှာ တွေ့လိုက်ရတဲ့ မိန်းမချောလေးနှင့် တူနေလေ၏။ သူတော်နန္ဒရဲ့ရင်





တွေ ဒိန်းခနဲ လှုပ်ရှားသွားလေ၏။ ခန္ဓာကိုယ်အချိုးအဆစ်ကျနပုံနှင့် အသားအရည် ဖြူဖြူဝင်းဝင်းလေးကို မှတ်မိနေလေ၏။

တောရွာဒေသတွေမှာ ဒီလိုချောမောလှပသော မိန်းမချောလေးက ရှားပါးလေ၏။ သူတော်နန္ဒ စွဲလမ်းနှစ်သက်နေတဲ့ မိန်းမချောလေးနှင့် ထပ်တူထပ်မျှ ဆင်တူနေလေ၏။ မိန်းမချောလေးကို သေချာစွာကြည့်မိသွားလေ၏။ ဟုတ်ပါတယ်။ လျှပ်ရောင်အလက်မှာ သေသေချာချာတွေ့လိုက်ရသော မိန်းမချောဖြစ်လေ၏။

အကြည့်ချင်းဆုံမိလေ၏။ ထိုမိန်းမချောလေးကလည်း သူ့ကိုစိတ်ဝင်တစားနှင့် စူးစိုက်ကြည့်လေ၏။ သူဌေးသမီးများလားထင်ရလေ၏။ အသင့်အတင့်ဈေးကြီးသော အဝတ်အစားတွေကို ဝတ်ထားလေ၏။

ထိုမိန်းမချောလေးနှင့် သူတော်နန္ဒ မကြာခဏပင် အကြည့်ချင်းဆုံမိလေ၏။ မိန်းမချောလေးဘက်ကလည်း စိတ်ဝင်စားနေသည်ဟုထင်မိလေ၏။

“အမေရဲ့ ကျွန်မ ဘယ်လိုဖြေရတော့မလဲ ... အမေ့ကို ဖြည်းဖြည်းမကြပါ ... နာသွားပါ ဦးမယ် ... အမေ့ကို ဂူထဲထည့်တော့မလား။ အမေများ အသက်ရှူကြပ်နေတော့မလား ... ”

ချွေးမဖြစ်သူက အဖြစ်သည်းစွာဖြင့် အော်ဟစ်ငိုယိုနေလေ၏။

“ဒီလောက် ငိုနေရင်တော့ ဒီမိန်းမဝမ်းထဲမှာ တော်တော်လေးဝမ်းသာနေမှာပဲ ... ယောက်ျားက အမေမှ အမေဖြစ်နေလို့ မနာလိုဝန်တိုစိတ်တွေနဲ့ သေစေချင်နေတာ ... အဘွားကြီးသေပြီဆိုတော့ ဝမ်းအသာဆုံးက အဲ့ဒီချွေးမပဲ ... ”

သူတော်နန္ဒနောက်မှ လူတစ်ယောက်က အတင်းအဖျင်းပြောလေ၏။ ကိုယ့်ဟာကိုယ် အတင်းအဖျင်းပြောခံရလေအောင် မလုပ်သင့်ဟု တွေးမိနေ၏။

“သုဘရာဇာတွေ ငါ့အမေကို ဂရုတစိုက်ကိုင်တွယ်ကြနော် ... အမေ့အလောင်းကို ဘယ်သူမှ ကြမ်းကြမ်းတမ်းတမ်းမကိုင်တွယ်ကြပါ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ...”

ထိုမိန်းမတွေက သုဘရာဇာတွေကို အော်ငေါက်နေသေးလေ၏။ အလောင်းကို ဂူသွင်းပြီးတဲ့နောက် ငိုယိုပြီး ပြန်သွားလေ၏။

“ဒီမိန်းမ တော်တော်အဖြစ်သည်းတာပဲ ... ယောက္ခမသေတာများ ဒီလောက်ဖြစ်နေရတယ်လို့ ... အမြင်ကတ်တယ် ... အလကား ကြိတ်ပြီးဝမ်းသာနေတာ ... ဒီမိန်းမ ယောက္ခမကို အရမ်းကြောက်ရတာပဲ ...”

သုဘရာဇာကြီး အုံးမောင် အနားရောက်လာပြီး ပြောလေ၏။ ဒီသူဌေးကတော်အား အသုဘလာပို့တဲ့လူတိုင်း အတင်းအဖျင်း ပြောလေတော့၏။

“ဒကာကြီး ...”

“အမိန့်ရှိပါသူတော် ...”

“သူဌေးကတော်ကြီးအနားမှာ ဖေးမနေတဲ့ မိန်းမက သူဌေးကြီးရဲ့ သမီးလား ...”

သူတော်နန္ဒ အောင့်အီးမနေနိုင်တော့ဘဲ မေးမိလေ၏။ သုဘရာဇာကြီး အုံးမောင်က သူတော်နန္ဒအား ပြုံးဖြီးဖြီးနှင့် ကြည့်လေ၏။ မိမိ ရှက်ကိုးရှက်ကန်း ဖြစ်သွားကာ သူတော်တစ်ယောက်ဖြစ်ပြီး စိတ်မထိန်းနိုင်မှုအတွက် မျက်နှာပူမိလေ၏။

“သူတော် ...”

“ဟင် ...”

“လူဝတ်ကြောင် လဲလိုက်တော့”

“ဟာ ... ဒကာကြီးကလည်း”

“မိန်းမချောလေး မြမြမြိုင်ကို စိတ်ဝင်စားနေပြီ မဟုတ်လားလို့ ...”

“တော်ပါပြီဗျာ ...”

သူတော်နန္ဒ ရှက်ရှက်နှင့်တော်ပါပြီဗျာဟု ပြော၍ လှည့်ထွက်မိလေ၏။

“သူတော်နန္ဒပြောတဲ့ မိန်းကလေးနာမည်က မြမြမြိုင်တဲ့ ... ဖျိုင်း





နားရှာက မမြလေးရဲ့သမီး ... အရင်ကတော့ ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးပေါ့ ... အခုတော့ သူဌေးလေး သုတရဲ့ အထောက်အပံ့နဲ့ ဝတ်ကောင်းစားလှတွေ ဝတ်နိုင်ပြီး ကျော့ရှင်းလှပနေတာပဲ... သူဌေးကတော်ကြီးရဲ့ ဝေယျာဝစ္စတွေကို မြမြလေးက လုပ်ပေးရတာလေ ... အခုတော့ နေနိုင်စားနိုင်နေပါပြီ သူတော် ...”

သုဘရာဇာကြီး အုံးမောင်က အတော်လေး ပြည့်ပြည့်စုံစုံ ပြောပြလေ၏။ သူတော်နန္ဒ အာရုံထဲမှာ သူဌေးလေးသုတရဲ့ အထောက်အပံ့နဲ့ နေနိုင်စားသောက်နိုင်နေပြီဖြစ်၍ အလိုမကျသလိုကြီး ဖြစ်နေရလေ၏။

“မောင်မောင်သန့် ...”

“ဟင် ...”

“မောင်မောင်သန့်ဘဝနဲ့ပဲ ကြိုးစားအားထုတ်သင့်ပါတယ်လေ ... နောက်ဘဝ လွတ်မြောက်ဖို့က မသေချာပါဘူး ... သူတော် သေလွန်သွားရင် ဘယ်ဘဝမှာ ကျင်လည်ရမလဲဆိုတာမှ မသိတာဘဲ... လူဖြစ်မလား ... တိရစ္ဆာန်ဖြစ်မလား ... အပယ်လေးဘုံပဲ ကျမလား မသေချာဘူးနော် ...”

သူတော်နန္ဒ စိတ်အာရုံထဲမှာတော့ မိန်းမချောလေး မမြမြိုင်ရဲ့ ရုပ်ကာအလှကို စွဲလန်းနှစ်သက်မိနေလေတော့၏။ ဖျောက်ဖျက်ပစ်လို့ မရနိုင်။ မိုးသည်းသည်းညမှာ လျှပ်ရောင်နှင့်အတူ တွေ့လိုက်ရတဲ့ မိန်းမချောလေးဟာ မြမြမြိုင်ပဲလား ... စိတ်မှာ ပိုးတဝါးနှင့် ဒွိဟဖြစ်နေလေ၏။

“သူတော့် ... ဖေရဲ့ ဆန္ဒကပဲ သင့်တော်ပါတယ် ... အခု မိန်းမချောလေး မြမြမြိုင်ကို နှစ်သက်စွဲလန်းနေပြီ မဟုတ်လား ...”

“ဟို ... ကျုပ် ... ကျုပ်”

“မငြင်းလိုက်ပါနဲ့ သူတော် ... သူတော့်မျက်လုံးတွေက သက်သေခံနေပါတယ်လေ”

သူတော်နန္ဒရဲ့ ငြင်းဆန်သံတွေက တိတ်ဆိတ်သွားလေ၏။ ရင်ထဲမှ ခွေးမြွေကြက်ကျွဲ တမ်းတမှုတွေက မျက်ဝန်းတွေထဲမှာ ပေါ်နေမှာပါ



www.burmeseclassic.com

www.burmeseclassic.com



ပဲလေ။ စိတ်ကို ထိန်းချုပ်လိုက်လေ၏။ မေ့ပစ်လိုက်တော့မယ်၊ အကုသိုလ်တွေပဲ။ တပ်မက်ခြင်းဆိုတာ တဏှာပဲ။ လူသားတွေအားလုံး ဒီတဏှာကြောင့်ပဲ ဆင်းရဲဒုက္ခအမျိုးမျိုး ရင်ဆိုင်ကြုံတွေ့ ခံစားနေရလေ။

"လူဝတ်ကြောင်လဲလိုက်ပါတော့ မောင်မောင်သန့် ..."

"ကျုပ် သုဘရာဇာ မလုပ်ချင်ဘူး ..."

"မောင်မောင်သန့်ကို သုဘရာဇာလုပ်ဖို့ ကျုပ်က လူဝတ်ကြောင်လဲခိုင်းတာမှ မဟုတ်တာဘဲ ... သူဌေးသူကြွယ်ကြီး မောင်မောင်သန့်လုပ်ဖို့ပဲ ..."

သုဘရာဇာတစ်ယောက်ရဲ့ သားဆိုတဲ့ အရိပ်မဲကြီးက သူတော်နန္ဒအား လွှမ်းမိုးထားလေ၏။ ဟန်ဆောင်နေရမှာကို သူတော်နန္ဒ အစိုးရိမ်ဆုံးပင် ဖြစ်လေ၏။

"သူဌေးသူကြွယ်လုပ်လည်း ကျုပ်အဖေက သုဘရာဇာဆိုတာ ဘယ်လိုဖုံးကွယ်ထား နိုင်မှာလဲ ..."

"မောင်မောင်သန့် အဘိုးအဘွားတွေက သူဌေးတွေပဲလား ...ဘာမှ စိတ်မလုံစရာ မရှိပါဘူး ... မြမြမြိုင်ကို စွဲလန်းနှစ်သက်နေပြီဆိုရင် ဒီဘဝမျိုးနဲ့ နေလို့မဖြစ်တော့ဘူး ... မောင်မောင်သန့် ..."

သုဘရာဇာကြီး ဦးအုံးမောင်က လှည့်ထွက်သွားလေ၏။ ဆုံးဖြတ်မရ။ ဇရပ်ကြီးပေါ်မှာ သူတော်နန္ဒ တစ်ယောက်တည်း ကျန်ခဲ့လေ၏။ မိန်းမချောလေး မြမြမြိုင်ကိုတော့ သူတော်နန္ဒ ရင်ထဲမှာ စွဲလန်းနှစ်သက်နေလေ၏။ စိတ်ကို ထိန်းချုပ်၍မရ။ မြမြမြိုင်ကိုပဲ ချစ်ခင်နေမိ၏။

"လူဝတ်ကြောင်လဲလိုက်ပါတော့ မောင်မောင်သန့် ..."

သူတော်နန္ဒ မျက်လုံးတွေကိုမှိတ်ပြီး စိတ်အာရုံတွေကို စုစည်းလေ၏ မရ။ ချောမောလှပတဲ့ မျက်နှာလေးက စိတ်ထဲမှာ တပ်မက်တဲ့ဆန္ဒတွေ တဖွားဖွားဖြစ်ပေါ်လေ၏။ အိပ်လို့လည်း မရ။ စားလို့လည်း မဝင်။ စိတ်ကို ဖိစီးနှိပ်စက်လေတော့၏။

"သူတော်နန္ဒ ..."

"ဟင် ..."





သူတော်ပဏ္ဍိတကို အထိတ်တလန့်နှင့် ကြည့်မိလေ၏။ ဝှူးရှုတဲ့ သူတော်ပဏ္ဍိတရဲ့ အကြည့်တွေနှင့် ရင်ဆိုင်လိုက်ရလေ၏။

"သူတော် ဘာတွေဖြစ်နေတာလဲ ... သူတော့်ကို ကြည့်ရတာ စိတ်ဂနာမငြိမ်ဘူး ထင်တယ် ... တစ်ခုခုတော့ ဖြစ်နေပြီ ..."

သူတော်နန္ဒကတော့ ရင်ထဲမှာ အချစ်ဆိပ်တွေ တက်နေတာကို ဖွင့်ဟအသိပေးဖို့ အခက်တွေ့နေလေသည်။

"မဟုတ်မှလွဲရော သူတော်နန္ဒစိတ်တွေ လွှတ်နေပြီထင်တယ် ... ဟိုမိုးသည်းညက တွေ့လိုက်တဲ့ မိန်းမချောလေးကို စွဲလန်းတပ်မက်နေပြီ ထင်တယ်နော် ..."

သူတော်နန္ဒ ငြိမ်သက်နေလေ၏။

"ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းပဲနော် ကိုတော် ..."

သူတော်ပဏ္ဍိတ ပြောသလိုပဲ ထိုမိန်းမချောလေးကို ချစ်နေလေ၏။ ကျုပ်ရင်ထဲမှာ အချစ်စိတ်တွေ တက်နေပြီ သူတော်ပဏ္ဍိတ၊ ဘယ်လိုလုပ်ရမလဲ။ မိန်းမချောလေးကို ကျုပ် ဘယ်လိုမှ မေ့ဖျောက်ပစ်လို့ မရတော့ဘူးဗျာ။ လှုပ်ရှားနေတဲ့စိတ်တွေကို အတတ်နိုင်ဆုံး ထိန်းချုပ်လေ၏။

"ညဘက်မှာ မြင်တွေ့ရတဲ့ မိန်းကလေးကိုတော့ သူတော် စွဲလမ်းမနေသင့်ဘူးနော်၊ ဒုစရိုက်မှုတွေ ကျူးလွန်ဖို့ဆိုပြီး အကြံအစည်နဲ့ ရောက်လာတာဆိုရင် သူတော် အခက်တွေ့ရလိမ့်မယ်"

ဇာိုင်းနားရွာက မိန်းမချောလေး မြမြမြိုင်နှင့် တူလွန်းကြောင်း ပြောပြမိလေသည်။ ထိုမိန်းမချောလေးကို စွဲလန်းနေပြီဖြစ်ကြောင်းလည်း ပြောပြလိုက်လေ၏။

"သူတော့်စိတ်ကို ထိန်းပါ ... ကျုပ် အကြံပေးချင်တာကတော့ လူဝတ်ကြောင်လဲ လိုက်ဖို့ပဲ ... သူတော်ကောင်းတရားနဲ့အညီ ကျင့်ကြံအားထုတ်နိုင်ခြင်း မရှိရင်တော့ ငရဲအကြီးမခံစေချင်တော့ဘူး"

သူတော်ပဏ္ဍိတစကားတွေကို သူတော်နန္ဒလက်ခံဖို့ စဉ်းစားလေ၏။ မြမြမြိုင်အပေါ် စွဲလန်းနှစ်ခြိုက်မှုတွေက နှလုံးသားတွေထဲအထိ ထိုးနှစ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"သူတော်နန္ဒက ငယ်သေးတယ် ... ပါရမီလည်း ရှိပုံမရသေးပါဘူး ... လူဝတ်ကြောင် လဲပြီး ဘဝကို ပြောင်းလဲပစ်ဖို့ ကြိုးစားပါ... တကယ်တော့ သူဘရာဇာပဲဖြစ်ဖြစ် သူဌေးကြီးပဲဖြစ်ဖြစ် ဆင်းရဲသားပဲဖြစ်ဖြစ် သူတောင်းစားပဲဖြစ်ဖြစ် လူက လူပါပဲလေ ... ကံအကြောင်းမလှလို့သာ ဘဝတွေ ကွဲပြားနေတာပါ ... ပြီးတော့ သူတော်နန္ဒက မျိုးရိုးရှိတာမှ မဟုတ်တာဘဲ ... မျိုးရိုးဆိုတာလည်း ဘာမှပြောဆိုစရာ မရှိပါဘူး ... အတိတ်က ကိုယ်ပြုခဲ့တဲ့ ကုသိုလ်အကုသိုလ်တွေကြောင့်ပဲ ဖြစ်ပျက်ပြောင်းလဲကြရတာပါ ..."

သူတော်ပဏ္ဍိတရဲ့ တည်ငြိမ်တဲ့ အသွင်သဏ္ဌာန်ကို ကြည်ညိုမိလေသည်။ စိတ်တွေကို မနိုင်သေးကြောင်းတော့ ကိုယ့်ကိုယ်ကိုယ် သိလေ၏။

"မြမြမြိုင်ကိုတော့ ကျုပ် စွဲလန်းနှစ်သက်နေပေမဲ့ ကျုပ် လူ့လောကကြီးထဲမှာ ကျင်လည်ရမှာ ကြောက်နေသေးတယ် ... ကျုပ် စိတ်တွေကို ပြန်ထိန်းချုပ်ပါ့မယ် ..."

လူဝတ်ကြောင်လဲဖို့အတွက် သူတော်နန္ဒ မစဉ်းစားချင်ဘဲ ဖြစ်နေလေ၏။ စိတ်တွေကို ပြန်ပြီးထိန်းချုပ်ရမယ်။

"ကျုပ် မနေ့ညက သီချင်းသံနဲ့ မိန်းမချောလေးကို ညဥ့်နက်သန်းခေါင်မှာ တွေ့လိုက်ရတယ် ... သူတော်နန္ဒ ..."

"ဟင် ..."

"အလွန်ချောမောလှပတဲ့ မိန်းမချောလေးပဲ ... သူတော်ချုပ်အထင်တော့ သရဲမာန္တေ မဖြစ်နိုင်ဘူး ..."

"ဘယ်လိုလဲ သူတော် ..."

"ဟိုဘက်သင်္ချိုင်းက သူတော်တွေက သရဲတစ္ဆေထင်ပြီး ကြောက်နေကြတယ် ... ညဆိုရင် မထွက်ရဲကြတော့ဘူးတဲ့ ..."

သီချင်းသံနှင့် မိန်းမချောလေးက နာနာဘာဝ မဖြစ်နိုင်ဟု သူတော်ပဏ္ဍိတ ထင်မြင်နေလျှင် ထိုမိန်းမချောလေးက မြမြမြိုင်ပဲလား။ ဘာအကြီးအစည်တွေနဲ့ သင်္ချိုင်းမှာ ညဥ့်နက်သန်းခေါင် သီချင်းသံပေးရတာလဲ။ လိုက်ရှာတော့လည်း ပျောက်သွားလေ၏။

"လူ့လောက လူဘောင်ကိစ္စတွေက ရှုပ်ထွေးပါတယ်လေ ... မိန်းကလေးကိစ္စလည်း လူ့ဘောင်ကိစ္စတွေပဲ ... ကျုပ် စိတ်မဝင်စားပါဘူး ... ဒီမှာ တစ်လလောက် ကျင့်ကြံအားထုတ်ပြီးရင်တော့ ကျုပ် သင်္ကန်းဝတ်နဲ့ စာပေပရိယတ္တိတွေ သင်ကြားတော့မယ်လေ ..."

သူတော်ပဏ္ဍိတကို အားကျပေမဲ့ သူတော်နန္ဒကတော့ စိတ်တွေမထိန်းချုပ် နိုင်သေးကြောင်း သိနေလေသည်။

"ကျုပ်တို့ သူတော်စင်တွေ ကိုယ့်ဟာကိုယ်နေရင်တော့ ငြိမ်းချမ်းမှာပါလေ ..."

သူတော်ပဏ္ဍိတ ပြန်ကြွသွားလေ၏။ သူတော်နန္ဒ ငြိမ်သက်စွာထိုင်နေဆဲပင် ဖြစ်လေ၏။ လေအဝှေ့မှာ ဇရပ်ပေါ်က သွပ်တွေလန်ပြီး ဂျိမ်းခနဲ ပြန်ကြလေ၏။ စိတ်တွေက လွင့်ပျံ့နေဆဲ မထူးဆန်းလေသော သွပ်ပြားတွေ ပြန်ကျသံကပင် သူတော်နန္ဒအား ထိတ်လန့်သွားစေလေ၏။ စိတ်ကိုထိန်းချုပ်ပြီး တည်ငြိမ်မှုရလေအောင် ပြန်ထိန်းချုပ်ရ လေတော့၏။

မြမြမြိုင်ရဲ့ စိတ်အစဉ်မှာ သူတော်နန္ဒရဲ့ ရုပ်အသွင်က ဖျောက်ဖျက်ပစ်လို့ မရအောင် ထင်ဟပ်နေလေသည်။ အသားအရည်က ဖြူနုပြီး ကြည်လင်သန့်စင်နေသော ယောကျ်ားတစ်ယောက် သွင်ပြင်လက္ခဏာရှိတဲ့သူက သူဘရာဇာသားတစ်ယောက် ဖြစ်ရတာ ရင်နာစရာပါပဲ။

"မောင်မောင်သန့်က သူဌေးမျိုးရိုးက ဆင်းသက်လာတာပါ ... သင်းအဖေကြောင့် ဒီဘဝရောက်ရတာပဲ ... လူသန့်လေး ... သူဘရာဇာကြီးသက္ကက သူ့သားကို အဆင့် ခွဲခြားထားတာ ... သူ့ဘဝလွတ်မြောက်ရေးအတွက် အသက်ပေးသွားရတာလေ ..."

ရွာထဲမှာ စပ်စုလွန်းသော ဒေါ်ညွပ်စကားတွေကို ပြန်ကြားယောင်လေ၏။ မြမြမြိုင်ရဲ့စိတ်တွေလှုပ်ရှားနေရလေ၏။ မောင်မောင်သန့်ဆိုတဲ့ လူတစ်ယောက်အကြောင်းကိုပဲ စဉ်းစားမိလေ၏။ ဘယ်လိုလူရှိမလဲ။ သူဌေးလေးသူတကိုပင် မြမြမြိုင် မချစ်မနှစ်သက်မိ။ မောင်မောင်




သမီးရှင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

သန့် ရှင် ဘာဖြစ်လို့ သူတော်ဖြစ်နေရတာလဲဟင်။ အပူမီးတွေ တောက်လောက်နေတော့လေ၏။

ရွှေတုံးတွေ ရှာဖွေဖို့ကိစ္စလည်း လျှို့ဝှက်သိုသိပ်စွာဖြင့် ရှာဖွေနေလေ၏။ ရွှေတုံးတွေရသည်နှင့် သူဌေးလေးသုတက မြမြမြိုင်ကို အတင်းအကျပ် လက်ထပ်မှာပဲ ဖြစ်လေ၏။ သူဌေးလေးသုတထံမှ မြမြမြိုင် ရွှေတုံးတွေပဲ ရယူချင်သော၏။

"မောင်မောင်သန့်အဖေ ငွေရှာလို့ သေရတာလေ ... တစ်မြို့တစ်ရွာမှာ ဇာတ်မြှုပ်နေဖို့ သုဘရာဇာကြီးက ကြိုးပမ်းတာ ..."

မောင်မောင်သန့်နှင့် မြမြမြိုင်တို့လည်း ရွှေတုံးတွေရရင် တစ်မြို့တစ်နယ်မှာ ဇာတ်မြှုပ်လုပ်ကိုင်စားသောက်ဖို့ မြမြမြိုင် စိတ်ကူးမိလေ၏။ ရင်ထဲမှာ ဖိုလှိုက်နေလေ၏။ မောင်မောင်သန့်နှင့် မြမြမြိုင်က ရွယ်တူဖြစ်လေ၏။ မျက်လုံးတွေကိုမှိတ်ပြီး အိပ်ပျော်စေရန် ကြိုးစားလေ၏။ မရပေ။ မျက်လုံးတွေက ကြောင်နေလေ၏။ ရှင့်ကို ကျွန်မ အရမ်း သတိရနေတယ် ကိုမောင်မောင်သန့်ရယ်။ အိပ်ရာပေါ်မှာ လူးလိမ့်ရင်း အတွေးတွေလွန်နေလေ၏။

"မြမြမြိုင် ..."

"အမေ ..."

"မအိပ်သေးဘူးလား ..."

"မျက်လုံးတွေကြောင်နေလို့ အမေ ... သမီး ထတော့မှာပါ ..."

မြမြမြိုင် လုပ်ငန်းတာဝန် ထမ်းဆောင်ဖို့အတွက် အချိန်ကျရောက်နေလေပြီ။ အချိန်က ညဉ့်နက်နေပြီဖြစ်၍ အမေက လာရောက်သတိပေးခြင်းဖြစ်လေ၏။

"သမီး ခုထိ မအိပ်ရသေးဘူးလားကွယ် ... မကြာခင် သမီးလေး သူဌေးကတော်ကြီး ဖြစ်တော့မှာပါ ..."

အမေ့စကားတွေက မြမြမြိုင်နားထဲမှာ ပေါ့ပါးမသွားစေဘဲ မွန်းကြပ်ရှုပ်ထွေး သွားရလေ၏။ ကျွန်မမှာ ချစ်သူရှိပါပြီ အမေဟု ပြောလိုက်ချင်လေ၏။





"မြိုင် ..."

"ရှင် ..."

"သူဌေးလေးသုတကို သမီး မနှစ်သက်ဘူး မဟုတ်လား ..."

"ဟင့်အင်း ..."

"ရွှေတုံးတွေ ရှာလို့တွေ့ရင် သမီး ရည်မှန်းချက်တွေ အောင်မြင်မှာပါ... အမေ့ကို မငဲ့ကွက်ဘဲ ထားခဲ့တော့ ..."

"အမေ ..."

"အမေ့ဘဝက မထူးတော့ပါဘူး ... သန်းခေါင်ထက် ညဉ့်မနက်တော့ဘူးလေ ... အရေးကြီးတာက သမီး လွတ်မြောက်ဖို့ပဲ ..."

အမေ့က မြမြမြိုင် အရခေါ်မှာပါလေ။ ချစ်သူမောင်မောင်သန့်လည်း မြမြမြိုင်နဲ့အတူ လိုက်ပါစေလိုနေလေ၏။ မနေ့က သူဌေးအမေအသုဘပို့တော့ ဘုံပြတ်သချိုင်း ဇရပ်မှာ မျက်လုံးအကြည့်တွေ ဆုံမိလေ၏။ နှစ်ယောက်စလုံး အချစ်ဆိပ်တွေတက်နေပြီလားဟု မသိစိတ်ထဲမှာ ထင်ဟပ်လာရလေ၏။ ရှင့်ကို ကျွန်မ ချစ်တယ်၊ စွဲလန်းနှစ်သက် နေရပြီ။ အဝတ်အစားလဲပြီး အခန်းအပြင်ဘက် ထွက်လာလေ၏။

"မြမြမြိုင်ရယ် ... မင်း အရမ်းချောတာပဲ ... အရမ်းလှတာပဲ ..."

အခန်းမှာက ကိုသုတတစ်ယောက်တည်း ရှိနေပြီး ပထွေးငခင်နှင့် အမေတို့က ရှောင်ပေးထားမှန်း သိသာနေလေ၏။ မြမြမြိုင် စိတ်ကျဉ်းကျပ်လာရပြီး ထွက်ပြေးချင်စိတ်တွေပင် ပေါ်ပေါက်လာရလေ၏။

"မြမြမြိုင် ..."

"ရှင် ..."

"ကျုပ် မြမြမြိုင်ကို တွေ့လိုက်ရတာနဲ့ လွန်စွာချစ်မြတ်နိုးမိတယ်ကွာ ..."

သူဌေးလေးသုတရဲ့လက်က မြမြမြိုင် လက်လေးကို ဆုပ်ကိုင်လေ၏။ သင်း လက်တွေကို ပုတ်ခတ်ဖယ်ရှားပစ်လိုက်ချင်ပေမဲ့ မြမြမြိုင် အံသွားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားရလေ၏။ နေနှင့်ဦးပေါ့ ကိုသုတ၊ ရှင် ကျွန်မကို ဘယ်လိုနည်းနဲ့မှ ပိုင်ဆိုင်ခွင့်ရလိမ့်မယ် မထင်ပါနဲ့။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက မောင်မောင်သန့်လို ယောကျ်ားပီသတဲ့ ယောကျ်ား တစ်ယောက်ကိုပဲ ကျွန်မရဲ့ချစ်သူ၊ ကျွန်မရဲ့အိမ်ထောင်ဘက်အဖြစ် ရွေးချယ်မှာပါ။ မြမြမြိုင် စိတ်တွေကို များစွာထိန်းချုပ်ထားရလေ၏။

"ရွှေတုံးတွေ ရှာတွေ့ပြီဆိုရင်တော့ ကျုပ်နဲ့ မြမြမြိုင် မြို့ကိုပြောင်းကြမယ်၊ စည်းစိမ် ချမ်းသာတွေနဲ့ နေကြမယ် ..."

မြမြမြိုင်ရဲ့ ကိုယ်ခန္ဓာလေးကို သိုင်းဖက်လေတော့၏။ ရင်ထဲမှာ နာကျင်စူးရှတဲ့ ဝေဒနာတွေ တိုးဝင်လာလေ၏။ သူဌေးလေးသုတရဲ့ ရုပ်ရည်ရူပကာအား မြမြမြိုင် မနှစ်မြို့ဘဲ ဘာကြောင့်မှန်းမသိဘဲ မြမြမြိုင် အတွင်းစိတ်ထဲမှာ ရွံရှာမုန်းတီးမိနေလေသည်။

သူဌေးလေးသုတရဲ့ ရင်ခွင်က မောင်မောင်သန့်ရဲ့ ရင်ခွင်သာဆိုရင် ဘယ်လောက်များ ကောင်းလိုက်မလဲဟု တွေးတောနေလေ၏။

"မြမြမြိုင်ကို ကျုပ် အရမ်းချစ်မြတ်နိုးတယ် ... ကျုပ်တို့ ရွှေတုံးတွေရှာတွေ့လို့ကတော့ မြိုင်လေး ရွှေဘုံပေါ်မှာ စံရပြီပဲ ..."

မြမြမြိုင် ကိုယ်လေးအား တင်းကျပ်စွာ ပွေ့ဖက်ခြင်းခံရလေ၏။ အနမ်းခပ်ကြမ်းကြမ်းတွေက သူမမျက်နှာလေးအနှံ့ ကျရောက်လာတော့လေ၏။ ရင်ထဲမှာ နာကျည်းမုန်းတီးမှုတွေနှင့် ရွံရှာစက်ဆုပ်နေလေ၏။ သူဌေးလေးသုတ ကိုယ်လုံးကြီးကို တွန်းဖယ်ပစ်ပြီး ရှေ့မှာ ရှိနေတဲ့ အရက်ပုလင်းနှင့် ကောက်ရိုက်ပစ်ချင်လာလေ၏။

လုပ်ငန်းကို မစတင်ဘဲ အချစ်သရမ်းနေတဲ့ သူဌေးလေးသုတကို တွန်းဖယ်ငြင်းဆန်လိုပေမဲ့ မြမြမြိုင် ရွှေတုံးတွေကိုတော့ ရယူချင်မိလေ၏။ မောင်မောင်သန့်နဲ့ သူမဘဝ နောင်ရေးအတွက် ဖြစ်လေ၏။

"ဒီမြေပုံအရရော ကျုပ်ဘိုးဘွားတွေရဲ့ မလေ့စရိုက်အရ ရွှေတုံးတွေ ရှိမယ် ... သင်္ချိုင်းက ဘုံပြတ်သင်္ချိုင်းပဲ ဖြစ်နိုင်မယ် မြမြမြိုင် ..."

သူဌေးလေးသုတရဲ့ ရင်ခွင်ထဲမှာ ငြိမ်သက်နေရင်း မြေပုံလေးကို မြမြမြိုင် ငြိမ်သက်စွာ စူးစိုက်ကြည့်ရင်း မှတ်သားလေ၏။ မြေပုံအကြမ်းဆွဲယူထားနိုင်သည်အထိ ကြည့်ပြီး စိတ်မှာစွဲထင် ကျန်ရစ်စေရန် အားထုတ်နေလေ၏။





"ဟိုသင်္ချိုင်းတွေမှာရှိတဲ့ သူတော်တွေက ကျုပ်တို့ရွှေတုံးတွေကို လုယူဖို့ကြံစည်နေတဲ့ ခေါင်းဆောင်မိုးသီးရဲ့ အဖွဲ့သားတွေပဲ ..."

"ဟင် ..."

"ကျုပ် စုံစမ်းထားပြီးပြီ မြမြမြိုင် ... မြို့ကလာတဲ့ ကျုပ်ကို ဒီလိုလာကြံစည်လို့ ဘယ်ရမလဲလေ ..."

မြမြမြိုင်ကတော့ သူဌေးလေးသုတ လက်ထဲက မြေပုံလေးကိုပဲ စူးစိုက်ကြည့်မိရင်း မှတ်သားလေ၏။

"ဘုံပြတ်သင်္ချိုင်းက သုဘရာဇာအုံးမောင်နဲ့ ကျုပ် ဆွေးနွေးပြီးပြီ..."

"ဟင် ..."

"ကျုပ် အဘိုးပိုင်တဲ့ ရွှေတုံးတွေပဲဟာ ကျုပ်လာရှာတာ တရားမျှတပါတယ်လေ မြမြမြိုင် ..."

ဘုံပြတ်သင်္ချိုင်းက သုဘရာဇာကြီး အုံးမောင်နှင့်ပင် ဆွေးနွေး ပြီးပြီတဲ့။

"သူတော်နန္ဒကိုတော့ မင်း မြူဆွယ်ရမယ် ..."

"ရှင် ..."

"တို့ကိစ္စက အပြင်ကို သတင်းမပေါက်ကြားဖို့လိုတယ်လေ ... အထူးလျှို့ဝှက်မှ ဖြစ်မယ် ... သုဘရာဇာ အုံးမောင်က နှုတ်လုံတယ် ... ကျုပ် စိုးရိမ်တာက သူတော်နန္ဒပဲ ..."

မြမြမြိုင်ကတော့ သူတော်နန္ဒတဖြစ်လဲ မောင်မောင်သန့်နှင့် နီးစပ်ခွင့်ရတော့မှာဖြစ်၍ ဝမ်းသာပျော်ရွှင်သွားရလေ၏။

"သုဘရာဇာအုံးမောင်က ရွှေတုံးနှစ်တုံးလောက်ရရင် ကျေနပ်ပြီတဲ့ ... အုံးမောင်ကျ သုဘရာဇာအလုပ် မလုပ်တော့ဘူးတဲ့ ... အရေးကြီးတာက မောင်မောင်သန့်ပဲ ... မောင်မောင်သန့်ကိုပဲ မြူဆွယ်သိမ်းသွင်းမှရမယ်... သုဘရာဇာအုံးမောင်ကတော့ လက်ခံတယ် မြမြမြိုင် ..."

ထိုကဲ့သို့ တာဝန်ပေးခြင်းအတွက် မြမြမြိုင် ကျေနပ်ပျော်ရွှင်သွားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီည မင်း လှုပ်ရှားရမယ် မြမြမြိုင် ... တခြားသချိုင်းကျ သူတော်တွေနဲ့ သုဘရာဇာတွေ မသိအောင် လျှို့ဝှက်စွာ လှုပ်ရှားရမယ်"

သူဌေးလေးသုတ မြေပုံကိုတော့ မပေးပေ၊ လည်လွန်းပြီး သူ့လက်ထဲမှာပဲ အသေဆုပ်ကိုင်ထားလေ၏။ ဒါပေမဲ့လည်း မြမြမြိုင်ကတော့ မြေပုံအား တဖြည်းဖြည်းကျက်ပြီး အလွတ်ဆွဲထားလေ၏။ မြမြမြိုင်စိတ်ထဲမှာ သူဌေးလေးသုတအား မယုံကြည်မိပေ။ မြမြမြိုင်ကိုလည်း ကျောရအောင်ကြံစည်ပြီး ဖုတ်ဖက်ခါ ထွက်သွားမဲ့ ယောကျာ်းတစ်ယောက် ဖြစ်နိုင်လေ၏။ သူများပစ္စည်း မတရားလိုချင်တာ မဟုတ်ပေမဲ့ ရွှေတုံးတွေကို အသုံးချပြီး လွတ်မြောက်ရာကို ထွက်ပြေးချင်မလေ၏။

"မြမြမြိုင် ... "

"ရှင် ... "

"မင်း ပြင်ဆင်ပြီး သွားတော့ ... ဒီညတော့ ဝိဝိပြင်ပြင် သရုပ်ဆောင်ပါ ... သူတော် နန္ဒကို မင်း ရှောင်ပုန်းစရာ မလိုတော့ဘူး"

"ဟုတ်ကဲ့ ... "

"သူတော်နန္ဒကို စည်းရုံးသိမ်းသွင်းနိုင်ရန် ကျုပ်တို့အလုပ်အောင်မြင်ပြီ ... "

မြမြမြိုင် ဝတ်စားပြင်ဆင်ပြီး၍ မှန်ကြီးရှေ့မှာ ရပ်နေမိလေ၏။ အနက်ရောင် ထက်အောင်ဆင်တူနှင့် လွန်စွာချောမော လှပတင့်တယ်လေ၏။ မောင်မောင်သန့်အား မြမြမြိုင်ရဲ့အလှနှင့် မြူဆွယ်သိမ်းသွင်းရမည် ဖြစ်လေ၏။

"ကျုပ်လိုက်ပို့မယ် မြမြမြိုင် ... "

သူဌေးလေးသုတနှင့် ပထွေးခေင်က နွားလှည်းနှင့်လိုက်ပို့ကြလေ၏။

"မြမြမြိုင်ကို ကျုပ် စိတ်မချဘူး ... ဒါပေမဲ့ မလွှဲသာမရှောင်သာလို့ ဒီအလုပ်တွေကို ခိုင်းရတာပါကွာ ... "

ရှေ့မှာ ပထွေးခေင်က လှည်းမောင်းနေပြီး နောက်မှ မြမြမြိုင်နှင့် သူဌေးလေးသုတတို့ စီးရလေ၏။ သူဌေးလေးသုတရဲ့ ပွတ်သီး





ပွတ်သပ် နေထိုင်မှုကြောင့် မြမြမြိုင် စိတ်ကျဉ်းကျပ်နေလေ၏။ သူဌေးလေးသုတနှင့် အဝေးဆုံးကို ထွက်သွားချင်မိလေ၏။ သူဌေးလေးသုတ လက်တွေက သူမလက်မောင်းလေးကို ဆုပ်ကိုင်ထားလေ၏။

"မြမြမြိုင် ... "

"ရှင် ... "

"ကျုပ်ကိုပဲ လက်ထပ်ရမယ် ... ကျုပ်ကိုပဲ ချစ်ရမယ် ... ဟိုသုဘရာဇာသားက လုပ်ငန်းအတွက်ပဲ အသုံးချရမှာ ... "

"ဟုတ်ကဲ့ ... "

သူဌေးလေးသုတ ပြောတဲ့ သုဘရာဇာရဲ့သားဆိုတာကြီးကို မြမြမြိုင် မနှစ်မြို့မိပေ။ မောင်မောင်သန့်အား တိတ်တခိုးလေး နှစ်သက်နေမိလေ၏။

နွားလှည်းနှင့် သွားနေပေမဲ့ အသံက လုံနေလေ၏။ ဘာသံမှ မကြားရ၊ ရွာတွေက အဆက်ပြတ်နေလေ၏။ ရွာပြင်သချိုင်းတွေကိုဖြတ်ပြီး ဘုံပြတ်သချိုင်းကို ရောက်လေ၏။

"ဘာမှ ကြောက်စရာမလိုဘူးနော် မြမြမြိုင် ... မင်းရဲ့လှုပ်ရှားမှုတွေကို ပြောပြလိုက်ပါ ... မာယာနဲ့မြူဆွယ်ဖြားယောင်းပါ ... "

"ဟုတ်ကဲ့ ... "

"မြမြမြိုင်က အရမ်းလှပလွန်းတော့ ကျုပ် စိတ်မချဘူး ... အမြန်ဆုံး လက်ထပ်မှဖြစ်တော့မယ် ... ရွှေတုံးတွေ တွေ့အောင်ရှာရမယ် ... ဒါမှ တူနှစ်ကိုယ် နှစ်ပါးဂဟေဆက်ရမှာ ... "

မြမြမြိုင်ကတော့ အချစ်ဆိုတာ ဖြစ်ပေါ်မလာဘဲ နာကျည်းစက်ဆုပ်မှုတွေသာ ခံစားနေရလေ၏။ နွားလှည်းက ဘုံပြတ်သချိုင်းစပ်မှာ ရပ်လေ၏။

"လှုပ်ရှားတော့ မြိုင် ... ကျုပ်တို့ ဒီနားကပဲ အခြေအနေကို စောင့်ကြည့်နေမယ်၊ အောင်မြင်ရင် မင်္ဂလာပါပဲ မြိုင် ... ကြိုးစားပါ ... "

"ဟုတ်ကဲ့ ... "

မြမြမြိုင်ရဲ့ ရင်ထဲမှာ တဒိန်းဒိန်းခုန်နေလေ၏။ မောင်မောင်



www.burmeseclassic.com

www.burmeseclassic.com



သန့်နှင့် မျက်လုံးချင်းဆုံမိပြီးတည်းက မြမြမြိုင် အချစ်စိတ်တွေကို ဘယ်လိုမှ ဖုံးဖိမထားနိုင်တော့။ နေ့စဉ် မောင်မောင်သန့်မျက်နှာကို မြင်ယောင်ပြီး စွဲလန်းတပ်မက်နေလေ၏။ ဘုံပြတ်သချိုင်းက မှောင်မိုက်တိတ်ဆိတ် ငြိမ်သက်ခြင်းတွေက လွှမ်းခြုံထားလေ၏။ သစ်ပင်ကြီးတစ်ပင်အောက် ရောက်တော့ သီချင်းဆိုလေ၏။

ယခင်ကတော့ မိုးလေသည်းထန်တဲ့နေ့မှာမှ လာရောက်တတ်လေ၏။ သူမတို့အား ရုတ်တရက် မရှာနိုင်အောင် ဖြစ်ပေ၏။

"ဘုံပြတ်သချိုင်းမှာပဲ ရှိနိုင်မယ် ... မြေပုံအရ တခြားသချိုင်းတွေ မဖြစ်နိုင်ဘူး ... ဒီသချိုင်းမှာပဲရှာမယ် ... အထူးလှို့ဝှက်ပြီး ရှာကြမယ်လေ ..."

မြမြမြိုင်ကတော့ သူဌေးလေးသုတအား ဘယ်နည်းနှင့်မှ မချစ်နိုင်ပေ။ စက်ဆုပ်ရွံရှာမိနေသေးလေ၏။ ဘာကြောင့်မှန်းပင် မသိ။ အဝေးမှာ ဘုံပြတ်သချိုင်း ဇရပ်ပျက်ကြီးရှိလေ၏။ မျှော်မှန်းကြည့်ရင်း သူတော်နန္ဒတဖြစ်လဲ မောင်မောင်သန့် ရှိနေလေ၏။

ဘုံပြတ်သချိုင်းတစ်ခုလုံး မိုးလေက ငြိမ်သက်နေလေ၏။ တိတ်ဆိတ်ငြိမ်သက်နေမှုကို သီချင်းသံလေးက လွှမ်းသွားလေ၏။

သူတော်နန္ဒရဲ့ မှိတ်ထားတဲ့ မျက်လုံးတွေက ဆတ်ခနဲမြင့်သွားလေ၏။ သာယာနာပျော်ဖွယ် ကောင်းလွန်းတဲ့ သီချင်းသံလေးက ပျံ့လွင့်လာလေ၏။ သူတော်နန္ဒ စွဲလန်းနှစ်သက်ရတဲ့ သီချင်းသံလေးပဲ။ သူတော်နန္ဒ ထိုသီချင်းသံလေးကြားရန်း မျှော်ကိုး စောင့်စားရင်း အိပ်မပျော်သောညတွေ များလေပြီ။

လေပြည်နှင့်အတူ သီချင်းလေးက ပျံ့လွင့်လာလေ၏ ... ။ သူတော်နန္ဒ စိတ်တွေကို မထိန်းနိုင်တော့ဘဲ အသံရှင်ကို ရှာဖွေရန် ဆုံးဖြတ်လိုက်လေ၏။ မီးအိမ်ကြီးအား ထွန်းညှိလိုက်လေ၏။ သုဘရာဇာကြီး အုံးမောင်အား မနိူးတော့။ မီးအိမ်ကိုစွဲပြီး အသံလာရာသို့ ထွက်လာခဲ့လေ၏။

သူတော်နန္ဒ လှုပ်ရှားလိုက်သည်နှင့် အသံလေးက တိတ်





ဆိတ်သွားလေ၏။ အရိပ်တစ်ခုက ဖြတ်ခနဲ ရွေ့လျားသွားလေ၏။ အနက်ရောင် ထက်အောက်ဆင်တူ ဝတ်စုံလေးနှင့်ပါပဲ။ သူတော်နန္ဒ ရင်တွေ တလှပ်လှပ် ခုန်သွားရလေ၏။

"ဟင် ..."

စိတ်တွေ စေစားရာသို့ လိုက်ပါနေမိပြီး မိန်းမချောလေးအား ရှာဖွေနေမိလေ၏။ ဘုံပြတ်သချိုင်းရဲ့ အနေအထားတွေကို သူတော်နန္ဒ ငယ်စဉ်လေးတည်းက ဆော့ကစား ပြေးလွှားခဲ့ရ၍ မှတ်မိနေလေ၏။

"မိန်းမချောလေးက နာနာဘာဝ မဟုတ်ပါဘူး ... သူတော်နန္ဒ အကြံအစည်တစ်ခုခုနဲ့ သချိုင်းကလူတွေ ကြောက်ရွံ့တုန်လှုပ်သွားအောင် လုပ်တာပဲ ..."

သူတော်ပဏ္ဍိတ စကားတွေက တိကျသည်။ မှားယွင်းတာမရှိ။ အခြေအနေ အရိပ်ရိပ်ကို သုံးသပ်တဲ့နေရာမှာ တော်လွန်းလေ၏။ အသံလာရာဆီ မှန်းဆပြီး ရှာလေရာ သစ်ပင်ကြီးကိုကွယ်ပြီး ပုန်းအောင်နေသော မိန်းမချောလေးအား တွေ့လေ၏။ မိန်းမချောလေးသည် သစ်ကြီးကို မှီ၍ရပ်နေလေ၏။

"မင်း ဘယ်သူလဲ ... ဘာအကြောင်းနဲ့ ဒီသချိုင်းမှာ လာနေရတာလဲ ... မင်း လူသား စစ်စစ်ပဲ ... ပြောစမ်း ဘာအကြံအစည်ရှိလို့လဲ ..."

မီးအိမ်ကြီးကိုမြှောက်ပြီး မိန်းမချောလေးကို ကြည့်လေ၏။ ဆံပင်ရှည်ကြီးကို ကျစ်ဆံမြီးရှည်ကြီးတစ်ချောင်း ကျစ်ထားပြီး အနက်ရောင် ထက်အောက်ဆင်တူဝတ်ထား လေ၏။

ထိုမိန်းမချောလေးကို ဘုံပြတ်သချိုင်းဆီသို့ ခေါ်ဆောင်လာခဲ့လေ၏။ သူတော်နန္ဒစိတ်တွေ မငြိမ်မသက် ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်လုံးက ငြိမ်သက်နေလေ၏။ လေတိုးသံပင် မကြားရ။ သူတော်နန္ဒရဲ့ စိတ်တွေကတော့ ဆောက်တည်ရာမရအောင် လှုပ်ရှားနေလေ၏။

ဘုံပြတ်ဇရပ်ပေါ် ထိုင်မိလေသည့်အချိန်တွင် မီးအိမ်ကြီးမှာ ထွန်းညှိထားတဲ့ မီးတောက်က ဟုတ်ခနဲ ငြိမ်းသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ..."

"ဟင် ..."

အမှောင်ညက လွှမ်းမိုးသွားပြီး သူတော်နန္ဒ ကယောင်ကတမ်းနှင့် မီးခြစ်ကို အစမ်းတွင် မိန်းကလေးရဲ့လက်လေးကို ဆုပ်ကိုင်မိသွားလေ၏။

"အို ..."

"ဟာ ..."

ရုတ်တရက် မှင်သက်မိသွားပြီး သူတော်နန္ဒ ရင်ထဲမှာ ဒိန်းတလိန်းနတ် မူးကပ်သွားလေ၏။ မိန်းမချောလေးကလည်း မရုန်းပေ။ တအောင့်ကြာမှ အသိဝင်လာပြီး လွှတ်ပေးလေ၏။

"မီးခြစ်က ဒီမှာပါ သူတော် ..."

မိန်းမချောလေး အသံကြားမှ အသိဝင်လာပြီး လှုပ်ရှားယိမ်းယိုင်ပြိုလဲတော့မယ့် စိတ်တွေကို ထိန်းချုပ်ထားလိုက်လေ၏။ သူတော်တစ်ယောက်အနေနှင့် မဖွယ်မရာတွေ လုပ်မိနေတာပါလား။ အသိကို ထိန်းချုပ်ပြီး မီးအိမ်ကြီးကို ထွန်းညှိလေ၏။

မီးအိမ်ကြီးမှ အလင်းရောင်က မိန်းမချောလေးရဲ့မျက်နှာပေါ် ဖြာကျသွားလေတော့၏။

"မင်း ... အဲ ဒကာမလေးက မြမြမြိုင်ပဲ ... ဟုတ်ပါတယ်နော်..."

"ဟုတ် ... ဟုတ်ပါတယ် သူတော် ... ကျွန်မ မြမြမြိုင်ပါ ... ဇျိုင်းနားရွာက ဒေါ်မြလေးရဲ့ သမီးပါ ..."

ဘုံပြတ်သချိုင်းသို့ မြမြမြိုင် ရောက်လာရခြင်း အကြောင်းရင်းတွေကို အမှန်အတိုင်းပဲ ပြောပြလိုက်လေတော့၏။

မြမြမြိုင် ပြောပြတဲ့ စကားတွေကို သူတော်နန္ဒ ရူးစိုက်စွာနားထောင်လေ၏။ ညဥ့်နက်သန်းကောင်ကြီး မိန်းမချောလေးတစ်ယောက် သချိုင်းကို ရောက်လာတာ အကြံအစည်တစ်ခုခုကြောင့်ဟု သူတော်ပဏ္ဍိတ ပြောတဲ့စကားတွေ ကြားယောင်လာလေ၏။ သူဌေးကပ်စေးနဲ့ ဦးရေချမ်းအကြောင်း အဖေလည်း ပြောဘူးလေ၏။





"ဦးရေချမ်းကို မြှုပ်တာ ဘုံပြတ်သချိုင်းထင်တယ်ကွ ... ဂူမသွင်းဘူး ... သူဌေး ကတော်ကြီးကလည်း ကပ်စေးနဲ့ပြီး ကုတ်ကုတ်ခြစ်ခြစ်စုနေတဲ့ သူဌေးကြီးကို အမြင်ကတ်ပြီး အမှတ်တရ အုတ်ဂူတွေ ဘာတွေတောင် မလုပ်တာ ..."

အဖေ ပြောပြခဲ့တဲ့ စကားတွေကို သူတော်နန္ဒ အမှတ်ရလာလေ၏။

"တခြားသချိုင်းကလူတွေက လူဆိုးကြီးမိုးသိး လူတွေတဲ့ ..."

"ဟင် ..."

"ရွှေတုံးတွေ ရှာမယ်ဆိုတာ သတင်းရလို့ ကြိုတင်စောင့်နေကြတာလို့ သူဌေးသုတက ပြောတာပဲ ..."

မြမြမြိုင်ရဲ့ ချောမောလှပတဲ့ မျက်နှာလေးနှင့် သူမဘာဝက လွန်စွာခြားနားနေသည်ဟု ထင်မိလေ၏။ ပထွေးနှင့်နေရသော မိန်းမချောလေးတစ်ယောက်ရဲ့ မလုံခြုံမှုကိုလည်း စိတ်ပူပင်လာရလေ၏။ မိန်းမချောလေး မြမြမြိုင်အပေါ် သူတော်နန္ဒ စွဲလန်းနှစ်သက်စိတ်တွေ ပြင်းပြစွာဖြစ်ပေါ်လာလေ၏။ မျက်နှာချောချောလေးက မီးရောင်အောက်တွင် ဝင်းဝင်းပပလေး ချောမောနေလေ၏။ ရင်လှိုက်ဖိုမောဖွယ် ခန္ဓာကိုယ်အချိုးအဆစ်ကလည်း စွဲမက်ဖွယ်ကောင်းလေ၏။ သူတော်နန္ဒ ဘာတွေ တွေးနေမိတာလဲ။ မဖြစ်ဘူး။ စိတ်ကိုထိန်းချုပ်မှာပဲလေ။ မြမြမြိုင်ဆီ ရောက်နေတဲ့ အကြည့်တွေကို လွှဲဖယ်ပစ်လိုက်လေ၏။

"မောင်မောင်သန့် ..."

"ဟင် ..."

"ရွှေကုံးတွေကို ကူညီဝိုင်းရှာပေးကြရအောင်နော် ..."

"ကျုပ်က သူတော်ပဲ... လောကီရေးရာတွေကို လုံးဝစိတ်မကူးတော့ပါဘူး ဒကာမကြီး ..."

"လူဝတ်ကြောင်လဲလိုက်ပါ သူတော် ... စိတ်ကိုမထိန်းချုပ်နိုင်ဘဲနဲ့ သူတော်ဝတ်ရင် မောင်မောင်သန့်ပဲ ငရဲကျမှာလေ ..."

မြမြမြိုင်နှင့် မောင်မောင်သန့်က ရွယ်တူလောက်ပဲဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



၏။ သူ့စိတ်တွေကို သူ ထိန်းချုပ်နိုင်စွမ်းမရှိတာတော့ ဝန်ခံရမည် ဖြစ်လေ၏။ မိန်းမချောလေးနှင့် အကြည့်ချင်း လွဲဖယ်ဖို့ လွန်စွာခက်ခဲနေလေ၏။

သချိုင်းတစ်ခုလုံးမှာ အမှောင်ထုက ဖုံးလွှမ်းနေလေ၏။ လေပြည်ကလည်း တသိမ့်သိမ့် တိုက်ခတ်လာလေ၏။ သူတော်နန္ဒရဲ့စိတ်တွေ နိုးထလာလေ၏။ ငရဲကိုပဲ ကျရောက်တော့မလား။ သူတော်ပဏ္ဍိတ ပြောတဲ့ ရှစ်ပါးသီလ အနက်အဓိပ္ပာယ်တွေကို သတိရပြီး စိတ်တွေကို ထိန်းရလေ၏။ အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ မမြတ်သော မေထုန်အကျင့်ကို ကျင့်သုံးခြင်းမှ ရှောင်ကြဉ်ခြင်း။

"မောင်မောင်သန့် ..."

"ကျုပ်က သူတော်နန္ဒပါ ..."

"လူဝတ်ကြောင်လဲလိုက်ပါလား မောင်မောင်သန့်ရယ် ..."

မြမြမြိုင် ငရဲပဲကြီးလေမလား။ သာသနာဖျက်မပဲ ဖြစ်လေမလား။ မြမြမြိုင်ဘဝမှာ မောင်မောင်သန့်ပဲ အားကိုးတွယ်တာမိလေတော့။ ထိုစကားတွေကိုပဲ ဇွတ်မှိတ်ပြောမိလေ၏။

"မြမြမြိုင်မှာ မြေပုံအတုရှိပါတယ် ... သူဌေးလေးသုတ ပြောပြနေတော့ ကျွန်မ မှတ်သိသလောက် ရေးဆွဲထားတာပါ ..."

"မဖြစ်ဘူး ... ကျုပ် သူများပစ္စည်းကို ပိုင်ရှင်မသိဘဲ ခိုးမယူချင်ပါဘူး ... ကျုပ် ငယ်ငယ်လေးတည်းက ရှစ်ပါးသီလ စောင့်ထိန်းထားတာလေ ..."

"ကျွန်မလည်း မတရားယူချင်လို့ မဟုတ်ပါဘူး မောင်မောင်သန့်ရယ် ... လွတ်မြောက်ရာလမ်းကို ရှာကြည့်မိတာပါ ... မြိုင့်ကို အထင်မသေးပါနဲ့နော် ..."

"သူများပစ္စည်း မတရားရယူဖို့ ကြိုးစားတယ်ဆိုတာ ဒီဘဝမှာလည်း မကောင်းဘူး၊ နောင်သံသရာမှာလည်း မကောင်းပါဘူး မြမြမြိုင်၊ ကျုပ်တို့ ဒီဘဝမှာ ဒီလောက် တောင် ကံဆိုးနေကြတာပဲ ... ကျုပ် သူများပစ္စည်းကိုတော့ ဘယ်လိုအခြေအနေမျိုး ပဲဖြစ်ဖြစ် မတရားမယူဘူး ... ကျုပ်အဖေ ဒါကြောင့် သေရတာပဲ ..."





"ကျွန်မ တောင်းပန်ပါတယ် ... ကျွန်မလည်း ဘဝကံ အကြောင်း မလှလို့ ကြံမိကြံရာ ကြံမိတာပါ ... အစတော့ သူဌေးလေးသုတ ရွှေတုံးတွေကိုအရယူပြီး ဘဝကို လွတ်မြောက်ဖို့ ကြိုးစားကြည့်မိတာပါ ..."

မြမြမြိုင် မကောင်းတဲ့အကြံအစည်တွေ ကြံမိတာပင် နောင်တ ရမိလေ၏။ မောင်မောင်သန့် အထင်သေးမှာလည်း စိုးမိလေ၏။

"သူဌေးလေးသုတ အမွေအနှစ် အမှန်ဆိုရင်လည်း ကျုပ်တို့ ကူညီရှာဖွေပေးသင့်ပါတယ် ... အစစ်အမှန်သာ ဖြစ်ပါစေလေ ..."

"မြမြမြိုင် မှားသွားပါတယ် သူတော်ရယ် ... ဘဝက ကြမ်းတမ်းလွန်းလို့ ကြံမိကြံရာ ကြံစည်မိတာပါ ..."

မြမြမြိုင် နောင်တတွေ ကြီးစွာရမိလေ၏။ အသံတွေပင် တုန်ရီပြီး ကြေကွဲ ထိခိုက်နေလေ၏။

"ရွှေတုံးတွေကို ကူညီပြီးပဲ ရှာဖွေပေးပါတော့မယ် ... ကျွန်မကိုယ်ကျိုးအတွက် လုံးဝမသုံးတော့ပါဘူး ... နောက်ဆုံးတော့ ကျွန်မ သူဌေးလေးသုတကိုပဲ လက်ထပ်ရတော့မယ် ထင်ပါရဲ့ ..."

ကြေကွဲစို့နင့်စွာ ပြောဆိုပြီး ငိုမိလေ၏။ မောင်မောင်သန့်ကို မြမြမြိုင်နှစ်သက်ပေမဲ့ သူတော်ဘဝက ထွက်မှာမဟုတ်။ စိတ်ဓာတ်ကြံ့ခိုင်တဲ့ သူတော်နန္ဒအား မြမြမြိုင် ကြည်ညိုလေးစားမိလေ၏။ မြမြမြိုင်ရဲ့ စိတ်ဖောက်ပြန်မှုကိုပင် အရှက်ရနေမိလေ၏။

"မြမြမြိုင် သွားပါတော့မယ် ... သူတော်နန္ဒအပေါ် ပြစ်မှားမိတာတွေရှိရင်လည်း ခွင့်လွှတ်ပါနော် ..."

မြမြမြိုင်က ကျုံ့ကျုံ့လေးထိုင်ပြီး ကန်တော့လေ၏။ မျက်ရည်စီးကြောင်းတွေက ပါးပြင်လေးပေါ် စီးကျလာလေ၏။ သူတော်နန္ဒအား ဖြားယောင်းသွေးဆောင် မြူဆွယ်မိတာပင် မြမြမြိုင် လွန်စွာရှက်မိလေ၏။ သူမအပေါ် အထင်အမြင်သေးပြီး ရွံရှာစက်ဆုပ်သွားမှာပင် စိုးရွံ့ထိတ်လန့်မိလေ၏။

"ကျွန်မဘဝက ပထွေးအစော်ကားခံရမှာလည်း ကြောက် ...



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမသိတဲ့ ယောကျ်ားတစ်ယောက်ရဲ့ သိမ်းပိုက်မှုကိုလည်း ကျွန်မခံယူရလိမ့်မယ် ... ကျွန်မဘဝက တကယ့်ကို အားကိုးရာမဲ့နေရတာပါ ... "

မြမြမြိုင် ပြောသွားတဲ့စကားတွေကို သူတော်နန္ဒ ကြားယောင်မိရင်း သနားကြင်နာခြင်းဖြစ်မိလေ၏။ သူ့စိတ်တွေကို ထိန်းချုပ်နိုင်စွမ်းမရှိလေဖြစ်ရ၏။ လူဝတ်ကြောင်လဲလိုက်ပါလား မောင်မောင်သန့်ရယ်ဆိုတဲ့စကားက နားထဲမှာ ပဲ့တင်ထပ်နေလေ၏။

"လူဝတ်ကြောင်ပဲ လဲလိုက်ပါသူတော် ... ဘာမှစိတ်မလုံစရာမရှိပါဘူး ... နဂိုထဲက သူတော်က စမ်းဝတ်ကြည့်တာပဲဟာ ... သူတော်နန္ဒက ငယ်သေးတော့ စိတ်ကို မထိန်းချုပ်နိုင်ပါဘူးလေ ... "

သူတော်နန္ဒ အသက်ဆယ့်ကိုးနှစ်ပဲ ရှိနေသေး၏။ မြမြမြိုင်ကို တွေ့ပြီးတဲ့ နောက်စိတ်တွေက အထိန်းအကွပ်မဲ့ချင်နေလေ၏။ မြမြမြိုင်ကို စွဲလမ်းနှစ်သက်နေပြီ။ သူတော်ရှစ်ပါးသီလထိန်းထားတယ် မဟုတ်လား။ သုဘရာဇာသားဆိုတဲ့ နာမည်ဆိုးကြီးကို သူတော်ဖျောက်ဖျက်ချင်တာ မဟုတ်လား။ မြမြမြိုင်ကတော့ သူ့ဘဝအမှန်ကိုသိပြီပဲ။ ဘာမှဖုံးကွယ်စရာမလိုဘဲ ဘဝသစ်တစ်ခု တူထောင်နိုင်လေ၏။

"သားကို ပညာတတ်အောင် သင်ပေးခဲ့တာ ... အသိပညာကြွယ်ပြီး လူတစ်လုံး သူတစ်လုံးဖြစ်အောင် ကြိုးစားဖို့ပဲ ... အဖေ့အမှားအတွက် အဖေပေးဆပ်ပါရစေ ... "

သူကတော့ အဖေ့ဆန္ဒတွေကိုဆန့်ကျင်ပြီး သာသနာ့ဘောင်မှာပဲနေဖို့ ဆုံးဖြတ်မိလေ၏။ သူတော်နန္ဒ လူဝတ်ကြောင်လဲလိုက်ရင် ကောင်းမလား။ ညဥ့်ကနက်လေပြီ။ သချိုင်းတစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေလေ၏။ သူတော်နန္ဒစိတ်တွေကို ထိန်းချုပ်ပြီး အိပ်စက်ဖို့ မျက်လုံးတွေမှိတ်ကာ တရားရှုမှတ်ရင်း အိပ်ပျော်သွားချိန်တွင် သူတော်နန္ဒ အိပ်မက်မက်လေ၏။ အိပ်မက်ထဲတွင် သူက လူဝတ်ကြောင်နှင့် မောင်မောင်သန့်ဖြစ်နေလေ၏။

"မြိုင် ... "





"မောင်မောင်"

"ကျုပ် မြိုင့်ကိုချစ်တယ် ... ကျုပ်တို့ထွက်ပြေးကြမယ် ... သူဌေးလေး သုတနဲ့ လက်မထပ်ပါနဲ့နော် ... ရွှေတုံးတွေယူပြီး ကျုပ်တို့ အဝေးတစ်နေရာကို လစ်ကြမယ်လေ ... "

"အင်း ... "

မြမြမြိုင်လက်တွေကို ဆွဲယူလိုက်ပြီး မြမြမြိုင်ကိုယ်လုံးလေးအား သူ့ရင်ခွင်ထဲ ဆွဲဖက်ထားမိလေ၏။ ရင်တွေပမ်းတွေတုန်ပြီး ချွေးချေးတွေပင် ပျံလာရလေ၏။

"မောင်မောင်ရယ် ... အဲ့ဒီလိုမလုပ်ပါနဲ့ ... မြမြမြိုင် အရမ်းရှက်ပါတယ် ဖယ်ပါ"

မြမြမြိုင်က ရုန်းကန်ဖယ်ပစ်နေတဲ့ကြားမှပင် မြမြမြိုင်ကိုယ်လုံးလေးအား ဖက်၍နမ်းမိလေ၏။ မြမြမြိုင်က ရုန်းဖယ်လိုက်စဥ် အိပ်မက်မှ လန့်နိုးလေတော့၏။

"ဟင် ... "

သူတော်နန္ဒ တစ်ကိုယ်လုံး ချွေးချေးတွေပျံနေလေ၏။ အိပ်နေရာကနေ အထိတ်တလန့်နှင့် ကယောင်ကတမ်း ထလိုက်လေ၏။

"မောင်မောင် အရမ်းဆိုးတာပဲ ... "

အိပ်မက်ထဲမှ မြမြမြိုင်ရဲ့အသံလေးကို ကြားယောင်ရင်း သူတော်နန္ဒမျက်နှာပေါ်မှာ အပြုံးရိပ်တွေ လွှမ်းသွားရလေ၏။

"အဗြဟ္မစရိယာ ဝေဒါမဏီသိက္ခာပဒံ သမာဒိယာမိ ... မမြတ်သော မေထုန်အကျင့်ကို ကျင့်သုံးခြင်းမှ ရှောင်ကြဉ်ခြင်းလို့ဆိုတာလဲ ..."

သူတော်ပဏ္ဍိတရဲ့ မိန့်မှာသံတွေကို ကြားယောင်လာမိလေသည်။ စိတ်ထဲမှာ ထိတ်လန့်တုန်လှုပ်သွားလေ၏။ သူတော်နန္ဒ လူဝတ်ကြောင်လဲလိုက်တာ ကောင်းလေမလားပဲ။ အချစ်ကြောင့် သူတော်နန္ဒ လူဝတ်ကြောင်ဘဝကို ကူးပြောင်းချင်လေ၏။

"သူတော်နန္ဒ ... "

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးအုံးမောင်က သူတော်နန္ဒဟု ခေါ်လိုက်တာပင် စိတ်ထဲမှာ ထူးဆန်းသလိုနှင့် တစ်မျိုးကြီးဖြစ်နေရလေသည်။

"ဘာဖြစ်နေတာလဲ သူတော် ... အထိတ်တလန့်နဲ့ အိပ်မက်ဆိုးတွေ မက်နေလို့လား"

"ဟုတ်တယ် ဒကာကြီး ..."

"ဘာတွေမက်နေလို့လဲ ... သူတော့်ကိုကြည့်ရတာ အထိတ်တလန့်နဲ့ သချိုင်းမှာ သရဲမခြောက်ဘဲ အိပ်မက်ထဲမှာ သရဲခြောက်ခံရပြီလား..."

အိပ်မက်အကြောင်းကို မပြောပြမိဘဲ လာရင်းအကြောင်းကို မေးလေ၏။

"လာရင်းအကြောင်းကိစ္စပြောပါဦး ..."

"မျက်နှာသစ်လိုက်ပါဦး ... သူတော်မအိပ်စဖူး နေမြင့်အောင်အိပ်နေပါလား ... အရုဏ်ဆွမ်းတောင် သူတော်ဘုဉ်းမပေးရသေးဘူးထင်တယ် ..."

"ဟုတ်တယ် ဒကာကြီး ... ကျုပ်နောက်သွားတယ် ..."

ရွှေအိုးတွေ ရှာဖွေဖို့ကိစ္စ သုဘရာဇာကြီးအုံးမောင်လည်း သိထားလေ၏။ ဒီကိစ္စပဲနေမှာပါ။ သူတော်နန္ဒ မျက်နှာသစ်ပြီး ကိုယ်လက်သုတ်သင်လေ၏။ သုဘရာဇာကြီး အုံးမောင်ကပ်သော အရုဏ်ဆွမ်းကို စားသောက်လေ၏။ ပြီးမှ စကားစမြည် ထိုင်ပြောကြလေ၏။

"သူတော်နန္ဒ ... ရွှေအိုးတွေရှာမဲ့ကိစ္စ သိထားပြီးသားဖြစ်မှာပါနော် ..."

"အင်း ... သိပါပြီ ..."

မြမြမိုင်နှင့်ပတ်သက်တဲ့အကြောင်းအရာတွေကို ပြောမိလေ၏။

"မြမြမိုင်က သူဌေးလေးသုတ လက်ထပ်မဲ့ မိန်းကလေးပါပဲ သူတော် ..."

သူတော်နန္ဒ ရင်ထဲမှာ နာကျင်သွားရပြီး မျက်နှာလည်း





အိုစာသွားလေ၏။ မြမြမိုင်အား သူတော်နန္ဒစွဲလမ်းနှစ်သက်နေကြောင်း သုဘရာဇာအုံးမောင် သိလေ၏။ သူတော်နန္ဒ နှစ်သက်စွဲလမ်းနေမှာ မလိုလားမိပေ။

"ကျုပ်တို့ဘဝတွေ လွတ်မြောက်ဖို့အတွက် သူဌေးလေးသုတနဲ့အတူ ရွှေအိုးတွေ ရှာဖွေပေးဖို့ ကျုပ်သဘောတူလိုက်ပြီသူတော် ..."

မြမြမိုင်ပြောပြသွား၍ သူတော်နန္ဒသိလေ၏။

"သူတော် လူ့တော်ကြောင်လဲလိုက်ပါတော့ ... ကျုပ်တို့ပူးပေါင်းပြီးရှာဖွေကြမယ်၊ သုဘရာဇာနဲ့ သူတောင်းစားမျိုးရိုးကို ဖြတ်ချင်ပါပြီ၊ တစ်မြို့တစ်နယ်မှာ ဇာတ်မြှုပ်နေရင် ဘယ်သူမှမသိပါဘူး ..."

သူတော်နန္ဒကတော့ ကိုယ့်စိတ်ကိုယ် မလုံမလဲဖြစ်မိ၍ ဟန်ဆောင်ဇာတ်မြှုပ် မနေလိုပေ။ သူတော်စင်အဖြစ် သာသနာ့ဘောင်မှာ နေမယ်ဆိုတော့လည်း မြမြမိုင်ကို နှစ်သက်မြတ်နိုးမိနေလေ၏။ ရင်တွေပူလိုက်တာ။ ဘယ်လိုလုပ်ရမှန်း မသိတော့အောင် စိတ်ညစ်နေလေ၏။

"သူတော် လူဝတ်ကြောင်လဲလိုက်ပါ ... ကျုပ်လည်း သူတော်ကို သချိုင်းမှာ မထားချင်လို့ပါ ..."

သူတော်နန္ဒ လူဝတ်ကြောင်လဲဖို့အတွက် တွန့်နေမိလေ၏။ မြမြမိုင်ကိုလည်း ချစ်မိနေလေ၏။ ရှစ်ပါးသီလစောင့်ထိန်းထားသောသူ သည်ငရဲကြီးလေပြီပဲ။ ဟုတ်ပါတယ်။ လူဝတ်ကြောင်လဲလိုက်တာပဲ ကောင်းပါတယ်လေ။ ဆုံးဖြတ်ချက်တွေကို အခိုင်အမာချ လိုက်လေ၏။

◆◆◆

လူဆိုးခေါင်းဆောင်မိုးသီးရဲ့တပည့် ဗိုးသူတော်တွေ ညဦးနက်ပြီဆိုလျှင် အပြင်တောင်မထွက်ရဲ။ အမှောင်ထုကို မကြည့်ရဲဘဲ တဲကျောင်းလေးထဲမှာပင် ခေါင်းခေါင်း မြီးခြုံပြီး အိပ်နေမိလေ၏။ သူတော်ဟန်ဆောင်ထားကြ၍ သီလလည်း မစောင့်တည်ကြ။ ညစာလည်း စားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မေထုန်အကျင့်ကိုလည်း ကျင့်ကြလေသည်။ သချိုင်းဆီသို့ ညအချိန်မတော် မိန်းမပျက်တွေကိုခေါ်ပြီး မေထုန်အမှု ပြုကြလေ၏။

"ကျုပ်တို့ တွေ့လိုက်တဲ့ သီချင်းရှင်မိန်းကလေးက လွန်စွာချောမော လှပတာပဲ ... သရဲတစ္ဆေပဲဖြစ်မယ် ..."

သူတော်အယောင်ဆောင် အဂ္ဂက ပြောလေသည်။

"သူတော်ပဏ္ဍိတနဲ့ သူတော်ပရမက တကယ့်ကိုကျင့်ကြံအားထုတ်နေကြတာပဲ ... ဟိုသူတော်နန္ဒလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ သူတော်ကောင်းတရား ကျင့်ကြံအားထုတ်မလို့တဲ့ ... ဟား ဟား ဟား သီချင်းရှင် သူယောင်မယ်လေးနဲ့တွေ့လိုက်ရင် သူတော်ဘဝက ကျွတ်ချင်သွားမှာပဲ ..."

သူတို့ အယောင်ဆောင်အဖွဲ့တွေကတော့ ဆရာကြီးမိုးသီးကိုစောင့်ကြရင်း နေကြလေ၏။ ပုဆိုးကသာ ဝိတ်ဖြူဝတ်ထားတာ ခန္ဓာကိုယ်က ဗလာဖြစ်လေ၏။ ဆွဲနေကျ ပုတီးအနက်အလုံးကြီးတွေကိုလည်း ဆွဲမထားကြတော့ပေ။

"ကျုပ်တို့လည်း အတုအယောင်ဘဝကနေ လွတ်မြောက်ချင်ပါပြီကွာ ... တို့အကျင့်စရိုက်တွေနဲ့ လုံးဝဆန့်ကျင်ဘက်ပဲ၊ စိတ်ညစ်ပါတယ် ... သချိုင်းမှာနေရတာလည်း ကျုပ်က သရဲခပ်ကြောက်ကြောက်ပဲ ... ဆရာကြီးမိုးသီးကိုသာ မကြောက်ရရင် ဘယ်လောက ပဲရရ မလုပ်ပါဘူး မောင်ရင်ရာ ..."

သူတော်အယောင်ဆောင် အဂ္ဂကတော့ ညဆို သချိုင်းကြီးထဲမှာနေရတာ နေ့စဉ် စိတ်ချောက်ချားနေရလေ၏။ မသာပေါ်က ပါလာတဲ့ ထမင်းထုပ်စားရတာလည်း စိတ်မသန့်ပေ။

"ဟေ့ကောင်တွေ ဘာမှရွံစရာမရှိပါဘူး ... ထမင်းပဲ မသာကလည်း ဘာမှရွံစရာမလိုဘူးကွ၊ လူသေပဲဟာ ... သချိုင်းဆိုတာလည်း ဘာမှကြောက်စရာမလိုဘူး ... သရဲတစ္ဆေဆိုတာ သချိုင်းမှာမရှိဘူး ... အရေးကြီးတာက ကြီးပွားချမ်းသာဖို့ပဲကွ ..."

လူဆိုးခေါင်းဆောင် မိုးသီးရဲ့ အမိန့်ဩဇာကို မလွန်ဆန်နိုင်





၍ အဂ္ဂတို့ သချိုင်းမှာ လာနေရခြင်းဖြစ်လေ၏။

"ကျုပ်တို့က လူတွေပဲ ... သူတော်စင်တွေမဟုတ်ဘူး ... ချကွာ သီလတွေဘာတွေ မဆောက်တည်နိုင်ပါဘူး ..."

သူတော်အယောင်ဆောင် ခြောက်ယောက်ကတော့ အရက်သေစာတွေ စားသောက်နေကြလေ၏။

"ဟေ့ ... သူတော် ဆရာကြီးမိုးသီးရောက်လာပြီ"

လူဆိုးခေါင်းဆောင်ကြီးမိုးသီးက ဒေါသတကြီးနှင့် ဖိုးသူတော်ခြောက်ယောက်စုပြီး အရက်သောက်နေတဲ့နေရာ ရောက်လာလေ၏။

"မင်းတို့တွေ ဘာအသုံးမှမကျဘူး ... မင်းတို့အနေအထိုင်မတတ်လို့ သတင်းတွေက ပျံ့နှံ့နေပြီ ... သူတော်အတုအယောင်တွေလို့ ဖိုးသူတော်သုံးယောက်က သိနေပြီလေ ..."

"ဟင် ..."

"ဟာ ..."

"ဘယ်လိုဖြစ်ရတာလဲ ..."

သူတော်အယောင်ဆောင် ခြောက်ယောက် အထိတ်တလန့်နှင့် အံ့သြတုန်လှုပ်သွားရလေ၏။ သူတို့တွေကလည်း လူတွေရှင်းလင်းနေတဲ့ အချိန်တွေမှာ နေထိုင်ချင်သလို နေထိုင်တတ်ကြလေ၏။

"ရွာတွေအထိ သတင်းပျံ့နှံ့သွားလို့ မဖြစ်ဘူး ... ဒီသတင်းသာ ပျံ့နှံ့သွားရင် ရွာကလူတွေက ပြဿနာလာရှာကြမှာပဲ ..."

"ကျုပ်တို့ ဘာလုပ်ရမှာလဲ ဆရာကြီး ... ဒီလိုသူတော်အယောင်ဆောင်နေရတာလည်း စိတ်ညစ်လာပြီ ... ကျုပ်တို့လူဝတ်ကြောင်နဲ့ပဲ တုန်းတိုက်တိုက်ကျားကိုက်ကိုက် လုယက်ပစ်လိုက်ချင်တယ် ဆရာကြီးရာ ..."

"မဖြစ်သေးဘူး ... သူတို့တွေက တို့ကိုရိပ်မိသွားရင် ခက်မယ်၊ သူဌေးလေးသုတကို လွှော့တွက်လို့မရဘူး ... ပညာတတ်လူပဲ ... ကိုးသချိုင်းကုန်းမှာ သူ့အဘိုးမြုပ်နှံခဲ့တဲ့ ရွှေတုံးတွေ ရှာနေတာ



www.burmeseclassic.com

www.burmeseclassic.com



သေသပ်ပိရိနေတယ် ... မင်းတို့ ညာဘက်တွေရော လှုပ်ရှားမှုတွေ စောင့်ကြည့်သေးလား ... ”

“ကြည့်ပါတယ် ... ”

“ဘာထူးခြားလဲ ... ”

“မထူးခြားပါဘူး ... ”

“မထူးခြားဘူးဆိုတာကိုက ထူးခြားနေတာပဲကွ ... ”

သူတော်ခြောက်ယောက်လုံး သရဲကြောက်ပြီး ခေါင်းမြီးခြုံအိပ်ကြ၍ သင်္ချိုင်းမှ လှုပ်ရှားမှုတွေကို ဘာမှမသိကြပေ။ ဆရာကြီးမိုးသီးကတော့ သူတော်အယောင်ဆောင် တပည့်ခြောက်ယောက်ကို အသုံးမကျဘူးဟု ပြောဆိုဆူပူကြိမ်းမောင်းနေလေ၏။

“သုဘရာဇာတွေဘက်ကရော သစ္စာဖောက်ကြတာများလား ဆရာကြီး ... ”

အဂ္ဂရဲ့တင်ပြမှုကို သုဘရာဇာတွေက ဝိုင်း၍ငြင်းဆန်ကြလေ၏။

“ကျုပ်တို့ သစ္စာမဖောက်ပါဘူး ... ကျုပ်တို့ ရွှေတုံးတွေရမဲ့ကိစ္စပဲ ... ဘာဖြစ်လို့သစ္စာ ဖောက်ရမှာလဲ ... သူတော်တွေ အယောင်ဆောင်တာ မပီပြင်လို့ပဲနေမှာပါ ... မိန်းမ ပျက်တွေခေါ်ပြီး မေထုန်မှီဝဲကြတာပဲ ... ရှေးခေတ်က အရည်းကြီးတွေကျနေတာပဲဗျာ... ”

သူတော်အယောင်ဆောင်ခြောက်ယောက် ငြိမ်သက်သွားလေတော့၏။

“မင်းတို့ အသုံးမကျဘူး ... အခု သူဌေးလေးသုတက ဒီသင်္ချိုင်းခြောက်ခုမှာ ရွှေတုံးတွေ ရှာပြီးသွားပြီ ... ”

“ဟင် ... ဘယ်တုန်းက ရှာလိုက်တာလဲ ဆရာကြီး ... ”

“ငါသတင်းရတာပဲ ... ဘုံပြတ်သင်္ချိုင်းမှာ အမိကရှာဖွေမယ်တဲ့ ... ”

“ဘုံပြတ်သင်္ချိုင်းက သုဘရာဇာအုံးမောင်က အခြေကြီးအနေကြီးပဲ ... ဟိုသူတော်ကလည်း လူသာငယ်တာ နာမည်ကြီးပဲ ... ရှာကြပါစေ ဆရာကြီး ... ရှာလို့တွေကမှ ကျုပ်တို့ဖြတ်လုရုံပဲလေ ... ”





“သူဌေးလေးသုတကို ငါစိတ်မချဘူးကွာ ... ”

“ဘာဖြစ်လို့လဲဆရာကြီး ... ”

“ငါ သတင်းရထားတာက သူဌေးကြီး ဦးရေချမ်းရော သူဌေးကတော်ကြီးကော ခပ်မဲမဲတွေတဲ့ကွ ... ရုပ်လည်းဆိုးကြတယ်၊ သူဌေးလေးသုတက အသားဖြူနုနေတယ် လေ ... ”

လူဆိုးခေါင်းဆောင် မိုးသီးကို လာစမ်းလို့ ဘယ်ရမလဲ။ ရှစ်စပ်က ဂျင်ဂျင်လည်ပြီးသားပဲဟာ။ ဒီနယ်တစ်ဝိုက်မှာတော့ မိုးသီးကို ဘယ်သူမှ လာကျောလို့မရပါဘူးလေ။

“ဟိုမိန်းမချောလေးဆိုတာလည်း သူဌေးလေးသုတ နှစ်သက်မြနေတဲ့ အရက်သမား ငခင်ရဲ့သမီး မြမြမြိုင်ပဲနေမှာ ... ”

“ဟင် ... အဲ့ဒါလူလား ... မဖြစ်နိုင်ဘူးထင်တယ် ... သူငယ်မယ်လေးလို အရမ်းချောမောလှပတာပဲ ... ”

“ဘာလို့မဖြစ်နိုင်ရမှာလဲ စန္ဒ ... ငါ မနေ့ညကမှ ဒီမိန်းကလေးကို တွေ့ရတာ ... လွန်စွာချောမောလှပတာပဲ ... နတ်မိမယ်လေးပဲ ... ”

“ကြည့်ချင်လိုက်တာဗျာ ... ”

“သူဌေးလေးသုတ သိမ်းပိုက်မဲ့မိန်းကလေးပဲ အဂ္ဂ”

“ကံကောင်းလိုက်တာကွာ ဇိမ်ပဲ ... ”

“အရေးကြီးတာက ရွှေတုံးတွေရဖို့ပဲ ... သူဌေးလေးသုတရဲ့ ပစ်မှတ်က ဘုံပြတ်သင်္ချိုင်းပဲ ... ”

“ရှာပါစေ ဆရာကြီး ... ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တို့လက်ထဲက မလွတ်နိုင်ပါဘူး ... ခေါင်းဆောင်မိုးသီးတပည့်တွေပဲဟာ ... ”

စန္ဒက လက်ခမောင်းခတ် အော်ဟစ်နေလေ၏။

“ဘုံပြတ်သင်္ချိုင်း အခြေအနေကို ကျုပ်တို့စောင့်ကြည့်ပေးပါ့မယ်... ဘာမှစိတ်ပူစရာ မရှိပါဘူး ... သူတော်နန္ဒကလည်း အတတ... သုဘရာဇာအုံးမောင်ကလည်း သတ္တိလုံးဝမရှိပါဘူး ... ”

သုဘရာဇာဖိုးတောက်က အာမခံရဲလေ၏။ ခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးကတော့ အံသွားတွေကို တင်းကြပ်စွာဖိကိုက်ထားလေ၏။ သူ့ဒွေးလေး သုတကိုလည်း လျှော့မတွက်ရဲပေ။ ခေါင်းဆောင်မိုးသီး အံသွားတွေကို ဖိကိုက်ထားရင်း ဒေါသတွေ ပေါက်ကွဲချင်လာလေ၏။

"မင်းတို့တွေ တော်တော်အသုံးမကျတာပဲ ... သချိုင်းတွေမှာ ရှာသွားတာ မင်းတို့ မသိဘူးမဟုတ်လား ... သချိုင်းမှာသရဲရှိပါဘူးကွ ကိုယ်ထင်ပြတယ်ဆိုရင် မင်းတို့ ခေါင်းသုံးရတော့မယ် ... ငါထင်တာကတော့ အဲ့ဒါ သူ့ဒွေးလေးသုတရဲ့ ဇနီးလောင်း မြမြမြိုင်ပဲ ... "

"သူ့ဒွေးလေးသုတကိုတောင် အားကျလာပြီ ဆရာကြီး ... နတ်မိမယ်လေးအလား ချောမောလှပတာပဲ ... အယ် ... တောင့်လည်း အရမ်းတောင့်တယ် ... "

"အဲဒါ မင်းတို့ကိစ္စမဟုတ်ဘူးနော် စန္ဒ ... သူတော်အယောင်ဆောင်ထားကြတာလေ ... "

"စိတ်ညစ်နေပြီဗျာ ... ကျုပ်တို့က တုံးတိုက်တိုက် ကျားကိုက်ကိုက် လုယက်တိုက် နိုက်ပစ်လိုက်ချင်တာပဲ"

"အဂ္ဂ ဆန္ဒမစောစမ်းပါနဲ့ကွ ... အခြေအနေကို စောင့်ကြည့်ရမယ်လေ ... ခေါင်းဆောင်မိုးသီးပဲ ရိုက်ပြီဆိုရင်တောင် မလွတ်စေရဘူးကွ ... "

ဆရာကြီးမိုးသီးသည် ပြောလျှင် ပြောသလိုလုပ်တတ်သူဖြစ်လေ၏။ ရက်စက် ကြမ်းကြုတ်တတ်လေ၏။ သတင်းလည်း တိကျစွာ ထောက်လှမ်းနိုင်သူပင် ဖြစ်လေ၏။

"အားလုံး သတိနဲ့နေကြပါ ... ဘုံပြတ်သချိုင်းဘက်ကို အာရုံစိုက်ပါ ... ရွှေတုံးတွေ ရဖို့က အရေးကြီးပါတယ် ... ရှင်းပစ်သင့်ရင်လည်း ရှင်းပစ်ရမှာပဲ ... ကျုပ်တို့ ဘာမှ ငဲ့ညှာထောက်ထားစရာမရှိဘူး... သတ်သင့်ရင် သတ်ပစ်ရမှာပဲ ... "

"ဟုတ်တယ် ဆရာကြီး ... ကျုပ်တို့ အကျိုးစီးပွားအတွက် ဘာကိုမှ ငဲ့ညှာထောက် ထားနေစရာမလိုဘူး ... ဆရာကြီးအမိန့်သာပေးပါ ... ဟိုသူတော်နန္ဒကိုလည်း ကျုပ်တို့ အမြင်ကတ်နေတယ် ...





ဆရာကြီးလုပ်လွန်းလို့ပါ ... "

"ကဲ ... ထားလိုက်ကြပါတော့ ... အရေးကြီးတာက ရွှေတုံးတွေရဖို့ပဲ ... သတိဝီရိယ ရှိကြပါ ... ကြိုးစားကြပါ ... မအောင်မြင်ရင်တော့ မင်းတို့အားလုံး ကြီးလေးတဲ့ အပြစ်ဒဏ်ကို ခံယူစေရမယ် ... "

လူဆိုးခေါင်းဆောင်ကြီးမိုးသီးက ... ကြိမ်းမောင်းနေလေ၏။ သူတော် အယောင်ဆောင်တွေနှင့် ခေါင်းဆောင်မိုးသီးတပည့် သုဘရာဇာတွေ စုဝေးတိုင်ပင်လေ၏။ ဘုံပြတ်သချိုင်းကို စောင့်ကြည့်ဖို့ သဘောတူလေ၏။ အဓိက နတ်မိမယ်လေး မြမြမြိုင်ကို တွေ့ချင်ကြလေ၏။

"ခင်ဗျားတို့ကို ခြောက်လှန့်ပြီး ရွှေတုံးတွေရှာတာ ခင်ဗျားတို့ တစ်ယောက်မှ မသိလိုက်ဘူး မဟုတ်လား ... "

သူတော်တွေ သရဲတစ္ဆေကြောက်ပြီး သချိုင်းအပြင်ကိုပင် မကြည့်ရဲကြတော့သဖြင့် ရွှေတုံးတွေ ရှာဖွေသွားတာကိုပင် မတွေ့လိုက်ရဖြစ်လေ၏။

"ရွှေတုံးတွေရရင် အားလုံးအကျိုးဖြစ်ထွန်းမယ် ... ညီတူမျှတူဝေပေးမယ် ... မနစ်နာစေရပါဘူး ... သစ္စာမဲ့ရင်တော့ သစ္စာဖောက်တွေရဲ့ သွားရာလမ်းကို သွားရမှာပဲမှတ်ထား ... "

နတ်တောသချိုင်းမှာ စုဝေးပြီး ရွှေတုံးတွေလုယက်ဖို့ကိစ္စတွေ ဆွေးနွေးလေ၏။

"သူတော်ပဏ္ဍိတနဲ့ ပရမကို ရှင်းပစ်မှဖြစ်မယ်ထင်တယ် ... သူတို့က ကျုပ်တို့လုပ်ငန်းကို အနှောင့်အယှက်ဖြစ်နိုင်တယ်နော် ... "

ငှက်နားသုသာန်စောင့် သုဘရာဇာသုံးကတင်ပြလေသည်။

"ရှင်းပစ်သင့်ရင်တော့ ရှင်းပစ်ရမှာပဲ ... အရေးကြီးတာက ကျုပ်တို့ ကြီးပွားချမ်းသာဖို့ ပဲ ... ရွှေတုံးတွေရဖို့ပဲ ... "

"ဟုတ်တယ် ... ဟုတ်ပါတယ်"

သူတော်အယောင်ဆောင်တွေအားလုံး လောဘဇောတွေ တိုက်နေကြပေ၏။ ရွှေတုံးတွေကို အရလုဖို့ သစ္စာပြုလေ၏။ ဘုံပြတ်သချိုင်းကို တိုက်နိုက်ဖို့အတွက် အစီအမံတွေ လုပ်ဆောင်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့ ရွှေတုံးတွေထက် မိန်းမချောလေး မြမြမြိုင်ကိုပဲ တွေ့ချင်နေပြီဗျာ ..."

"ဟုတ်တယ်ဗျို့ ..."

သူတော်အယောင်ဆောင်တွေဆိုတော့ မိန်းကလေးတစ်ယောက်အကြောင်း အားပါးတရ ပြောဆိုလေ၏။ အားမနာပ ပျစ်ပျစ်နှစ်နှစ် ပြောဆိုလေ၏။

လူဆိုးခေါင်းဆောင်ကြီး မိုးသီးမြောက်ပင့်ပေးနေလေသည်။ သချိုင်းကတော့ ငြိမ်သက်နေလေ၏ ...။ အခုတလော သေသူပင်မရှိ သလောက် ခြောက်ကပ်နေလေ၏။ စုဝေးနေကြတဲ့ သုဘရာဇာတွေနှင့် သူတော်အယောင်ဆောင်တွေကသာ သချိုင်းကို အသက်သွင်းဖို့ ကြံစည်လုပ်ဆောင်နေကြလေသည်။

◆◆◆

မောင်မောင်သန့်ကို မြမြမြိုင် ချစ်ခင်နှစ်သက်နေလေ၏။ နှလုံးသားတွေထဲမှာ ပူပြင်းစွာ လောင်မြိုက်နေလေ၏။ ရှင် ကျွန်မကို မချစ်ဘူးလား၊ မနှစ်သက်ဘူးလား။ တမ်းတမ်းတတ ဖြစ်နေလေ၏။ ရွှေတုံးတွေကို မတရားမလိုချင်တဲ့ မောင်မောင်သန့်ရဲ့ ရိုးသားမှုတွေကို မြမြမြိုင်နှစ်သက်လေ၏။ ရွှေတုံးတွေတော့ ရအောင်ယူရမယ်။ ဘယ်လိုယူရမလဲ။ သူတစ်ပါးပစ္စည်းကို မတရားယူချင်တာမဟုတ်ပေမဲ့ မြမြမြိုင် ပထွေးခင်လက်ကနေ လွတ်မြောက်ချင်လေ၏။ သူဌေးလေးသုတနှင့်လည်း လက်မထပ်လိုပေ။ မြမြမြိုင် အတွေးတွေထဲမှာ မောင်မောင်သန့်ပဲ ရှိနေလေ၏။ အိပ်လို့မရ မျက်လုံးတွေထဲမှာ မောင်မောင်သန့်မျက်နှာပဲ မြင်ယောင်နေလေ၏။ အိပ်ရာပေါ်မှာ ဘယ်ညာလူးလှိမ့်မိလေ၏။

"မြိုင် ..."

"ဟင် ..."





သူဌေးလေးသုတအသံကိုကြားလိုက်ရ၍ မြမြမြိုင် အထိတ်တလန့် ဖြစ်သွားကာ အိပ်ရာမှ လူးလဲထလေ၏။ အဝတ်အစားကို သေသပ်အောင် ပြင်လိုက်ပြီး အခန်းအပြင်သို့ ကပျာကယာ ထွက်လေ၏။

"ဘာကိစ္စရှိလို့လဲ သူဌေးလေး ..."

"ကျုပ်ကို သူဌေးလေးလို့ မခေါ်ပါနဲ့ ... အစ်ကိုလို့ပဲခေါ်ပါ မြိုင်..."

"ရှင် ..."

"အစ်ကိုလို့ပဲခေါ်စမ်းပါ ... သူဌေးလေးဆိုတာ အရမ်းစိမ်းပါတယ်"

အမေသည် မြိုင့်အား သူဌေးလေးသုတနှင့် လက်ထပ်စေလိုလေသည်။ မြမြမြိုင်ကို ချမ်းသာစေချင်လေ၏။ သူဌေးလေးသုတအား မြိုင့်စိတ်က မနှစ်သက်ပေ။

"ဆင်းရဲသားတွေ ဆင်းရဲနေကြတာ ဆင်းရဲတာကို ကြိုက်နှစ်သက်နေကြလို့ပဲလေ၊ ဆင်းရဲနေရတဲ့ဘဝကို လွတ်မြောက်အောင် မရုန်းကန်မကြိုးစားကြပါဘူး မြိုင် ... ချမ်းသာတဲ့လူတွေကလည်း ချမ်းသာတာကို ကြိုက်နှစ်သက်ကြလို့ ချမ်းသာသထက် ချမ်းသာအောင် ကြိုးစားကြတယ်၊ အမေတို့လည်း ဆင်းရဲတာကို နှစ်သက်နေလို့ မဖြစ်ဘူး မြိုင် ... ချမ်းသာတာကိုပဲ ကြိုက်နှစ်သက်ရမယ်၊ ချမ်းသာအောင် ကြိုးစားရမယ်၊ ဆင်းရဲတာနဲ့ ချမ်းသာတာနှစ်ခုမှာ ချမ်းသာတာက ပိုပြီးနှစ်သက်စရာကောင်းပါတယ် မြိုင် ... အခွင့်အရေးရရင် ရသလို ရတဲ့အခွင့်အရေးကို အမိအရဆုပ်ကိုင်ပြီး ချမ်းသာအောင် ကြိုးစားရမယ် ..."

သူဌေးလေးသုတက မြမြမြိုင်ကို ချစ်ခင်နှစ်သက်တာကို အမေက ချမ်းသာဖို့ အခွင့်အရေးတစ်ခုပဲဟု ထင်မှတ်လေ၏။ မြမြမြိုင်ကတော့ ဆင်းရဲတာကိုနှစ်သက်တာ မဟုတ်ပေမဲ့ ကိုယ်ချစ်ခင်နှစ်သက်တဲ့ ယောက်ျားတစ်ယောက်ကိုပဲ လက်ထပ်ယူချင်လေ၏။

"မြိုင် ..."

"ရှင် ..."

"ကျုပ်တို့ ဘုံပြတ်သချိုင်းကိုသွားရမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

"မြေပုံပါအညွှန်းက ညောင်မုတ်ဆိတ်ပင်ကြီးကို သွားရှာရမယ် မြိုင်... "

"ကျွန်မ လိုက်ရမှာလား ... "

"ကိုခင်က အရက်တွေအရမ်းမူးနေပြီ ... မခေါ်ချင်တော့ဘူး ... ကြိုတင်ပြောမထားတာက မထင်မှတ်တဲ့အချိန်မှာ သွားရှာချင်လို့ပါပဲ ... "

သူဌေးသုတကို မြမြမြိုင် မယုံကြည်သလိုနှင့် အတူသွားရမှာပင် အထိတ် တလန့် ဖြစ်နေလေ၏။

"ကျုပ်ကို ဘာဖြစ်လို့ အထိတ်တလန့် မျက်လုံးတွေနဲ့ ကြည့်နေရတာလဲမြိုင် ... မယုံတာလား ... ကျုပ်က တစ်နေ့ မြိုင်နဲ့လက်ထပ်ရမဲ့ ယောကျ်ားတစ်ယောက်ပါ ... မြိုင် ဘာကိုကြောက်နေတာလဲ ..."

မြမြမြိုင် လက်လေးကို သုတဆတ်ခနဲဆုပ်ကိုင်လေ၏။ မင်းက ဟိုသူဘရာဇာသား မောင်မောင်သန့်အပေါ် စွဲလမ်းချစ်ခင်နေတာ မဟုတ်လား။ မရဘူး။ မှတ်ထားပါ မြမြမြိုင် မင်းကိုတော့ ငါ အတည် လက်မထပ်ရင်တောင် မင်းရဲ့ခန္ဓာကိုယ်အသွေးအသားတွေကို အရယူ ဝါးမျိုရမယ်။

"မြိုင့်ကိုချစ်တယ် ... "

"ဟို ... ဟို"

"မရန်းပါနဲ့ ... ကျုပ်ချမ်းသာသမျှ စည်းစိမ်ဥစ္စာတွေက မြိုင့်အတွက်ပါပဲ ... ချစ်လို့ပါ"

မြမြမြိုင် ကိုယ်လုံးလေးကို ဖက်လေ၏။ မျက်နှာလေးအနှံ့နမ်းလေ၏။

"ညီမဘဝကို မဖျက်ဆီးချင်ပါနဲ့အစ်ကိုရယ် ... လက်ထပ်ပြီးတဲ့အခါကျမှ ညီမရဲ့ အပျိုစင်ဘဝလေးဆုံးရှုံးပါရစေ ... ညီမတောင်းပန်ပါတယ် အစ်ကိုရယ်နော်"

မြမြမြိုင် သူဌေးလေးသုတအား ဆန့်ကျင်မနေတော့ဘဲ





ခပ်ညည်းညည်းအသံလေး နှင့် တောင်းပန်စကားဆိုလေ၏။ လူယုတ်မာ သူဌေးလေးသုတကို အတင်းအကြပ်ငြင်းဆန်၍မရမှန်း သိလေ၏။ ထို့ကြောင့်ပင် လေသံပျော့ပျော့လေး ငြင်းရလေ၏။ အမေနှင့် ပထွေးခင်ကိုယ်တိုင်က သဘောတူကြည်ဖြူနေကြတာဆိုတော့ သူပြုသမျှ နုရတော့မှာဖြစ်လေ၏။

"ကျွန်မတို့ အလုပ်ကိစ္စပဲ သွားပြီးလုပ်ကြရအောင်ပါ အစ်ကိုရယ် နော် ... "

သူဌေးလေးသုတ ရင်ခွင်ထဲမှ ရုန်းထွက်လိုက်လေ၏။ အမေရယ် မြမြမြိုင် ဆင်းရဲတာကို ကြိုက်နှစ်သက်တာမဟုတ်ပေမဲ့ သူဌေးလေးသုတအပေါ် မြိုင့်အသည်းနှလုံးတွေက မချစ်မနှစ်ဘူးဖြစ်နေပါတယ်။ ပြီးတော့ ရွှေတုံးတွေရဖို့အတွက် မြိုင် အချိုသတ် ဆက်ဆံနေလေ၏။

"သူဌေးလေးသုတကို မြိုင်ကလန်ကဆန်မလုပ်ပါနဲ့ ... အမေနဲ့သမီးတို့ ကြီးပွားချမ်းသာဖို့ အခွင့်အလမ်းတစ်ခုအဖြစ်ပဲ သတ်မှတ်ထားပါ ... သူဌေးလေးသုတကို မြိုင် မချစ်မနှစ်သက်လို့ လက်မထပ်ရင်တောင် ရွှေတုံးတွေကိုတော့ အရယူပြီး လစ်ကြမယ်လေ"

အမေက ချမ်းသာဖို့ဆိုရင် ဘယ်လိုနည်းလမ်းပဲဖြစ်ဖြစ် အသုံးပြုရမယ်တဲ့။ သူဌေးလေးသုတ ရင်ခွင်ထဲမှ ရုန်းထွက်ပြီး မျက်နှာချိုလေးသွေးလေ၏။ ဘာပဲဖြစ်ဖြစ် သူဌေးလေးသုတကို ကြမ်းလို့မဖြစ်သေးပါဘူး။ အလိုက်အထိုက် ဆက်ဆံမှဖြစ်မှာပါလေဟု တွေးမိလေ၏။

"မြိုင် ... "

"ရှင် ... "

"မင်း ကျုပ်ကိုလက်ထပ်မယ်လို့ ကတိပေးပါမြိုင်"

"မြိုင့်ဘဝမှာ သူဌေးလေးကိုပဲ အားကိုးရာရှိတာပါ ... "

မင်း မလိမ့်တပတ်ဖြေနေတာပဲ မြမြမြိုင်။ ကျုပ်ကို မင်းအားမကိုးပါဘူး။ မင်းနှစ်သက်တာ မောင်မောင်သန့်။ ဘာအစွမ်းအစမှ မရှိတဲ့ သူဘရာဇာရဲ့ သားတစ်ယောက်အပေါ် မင်းနှစ်သက်နေတာ မဟုတ်လား။ မြမြမြိုင်ကို ရွှေတုံးတွေရှာမတွေ့သေး၍ အကြမ်းမဖက်သေးတာပဲ ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သွားစို့ မြိုင် ..."

"မြေပုံအညွှန်းကိုရှာဖို့ အရမ်းမှောင်နေမလားပဲ အစ်ကိုရယ်"

အစ်ကိုဟု ခေါ်မိတိုင်း မြမြမြိုင်ရင်ထဲမှာ နာကျင်စူးရှတဲ့ ဝေဒနာတွေကို ခံစားရလေ၏။ မောင်မောင်သန့်ကို သတိရတမ်းတမိလေ၏။

"ကျုပ်တို့ လမ်းလျှောက်ရမှာလေ မြိုင် ... ဝေလီဝေလင်းမှ ရောက်မှာ ... အလင်း ရောင်နဲ့ညောင်မုတ်ဆိတ်ပင်ကြီးကိုရှာရမယ်လေ"

မြမြမြိုင် မငြင်းသာဘဲ သူဌေးလေးနောက်ကို လိုက်ရလေ၏။ ငြင်းပယ်နိုင်တဲ့ အင်အားတွေမဲ့နေလေ၏။ သုဘရာဇာ အုံးမောင်နှင့်လည်း ညှိနှိုင်းဆွေးနွေးပြီးဖြစ်လေ၏။

"သုဘရာဇာအုံးမောင်သည် ကူညီမှာပဲ ... ဘယ်ဆိုတော့ ဘုံပြတ်မှာပဲ ဖြစ်မှာပဲ"

မြေပုံအညွှန်းတစ်နေရာတွင် ဘပဟူသော စာလုံးက ခပ်ဝါးဝါးပါရှိနေလေ၏။ ကိုးသင်္ချိုင်းလည်း ပါနေလေ၏။

"ကျုပ်အဘိုးက အရမ်းကပ်စေးနဲတာကွ၊ မစားရက်မသောက်ရက် စုဆောင်းထားတတ်တယ် ... သူနဲ့အတူ ရွှေအိုးတွေကို သယ်ဆောင်သွားချင်တာပဲလေ ..."

မိန်းမဖြစ်သူကိုလည်း မပြောပြဘဲ လျှို့ဝှက်စွာထားလေ၏။ ရုတ်တရက် သေဆုံးသွားတာဖြစ်၍ ဘယ်သူမှမသိလိုက်ပေ။ နှမြောလိုက်တာဟု မြမြမြိုင်တွေးမိလေ၏။

"မြိုင် ..."

"ရှင် ..."

"ဘာတွေစဉ်းစားနေတာလဲ ..."

"မစဉ်းစားပါဘူး ... မြိုင်ကတော့ ... သူဌေးလေး ... အဲ ... အစ်ကို့ကို ဘယ်လိုကူညီ ရမလဲဆိုတာပဲ စဉ်းစားနေတာပါနော် ..."

"တကယ်လား မြိုင်ရယ် ..."

"တကယ်ပါ အစ်ကိုရယ် ..."



သူဌေးလေးသုတအား မြမြမြိုင် အလိုက်အထိုက် ပြောဆိုဆက်ဆံလေ၏။ ရွှေအိုးတွေရှာဖွေရေးမှာ မြမြမြိုင်ပါဝင်လိုလေ၏။ အမေပြောသလိုပဲ ချမ်းသာတာကိုပဲ မြမြမြိုင်နှစ်သက်တော့မယ်။ ချမ်းသာအောင် ကြိုးစားရမယ်။ သူဌေးလေးသုတက ရှေ့မှ လက်နှိပ်ဓာတ်မီးနှင့် လမ်းပြလေ၏။

မြမြမြိုင် သတ္တိတွေကိုမွေးထားပြီး နောက်မှလိုက်လေ၏။ သူဌေးလေးသုတနှင့် ရင်ဘောင်တန်းပြီး မသွားလာချင်ပေ။ မြမြမြိုင်လက်ကို ဆုပ်ကိုင်တာမျိုး ပခုံးကိုဖက်တာမျိုး လုပ်တတ်၍ ဖြစ်လေ၏။

"မြိုင် ... ကျုပ်နဲ့ ရင်ဘောင်တန်းလျှောက်လေ ... နောက်ကမလိုက်ပါနဲ့ ... မြိုင့်ကို ကျုပ် စိတ်မချလို့ပါ ..."

"ရပါတယ် အစ်ကိုရယ် ... မြိုင် နောက်ကပဲလိုက်မယ် ... ရှေ့ကသာ အစ်ကိုလမ်းကြည့်ပါ ... ညီမကို မပူပါနဲ့ ..."

သူဌေးလေးသုတနှင့် ဘေးချင်းယှဉ်ပြီးမလိုက်။ မြမြမြိုင် နောက်မှလိုက်လေ၏။

"သရဲဆိုတာ သင်္ချိုင်းမှာ မရှိပါဘူး ... ဘုရားစာသာရွတ်သွား ..."

သရဲတစ္ဆေဆိုတာကို မြမြမြိုင်မကြောက်တော့။ ပထွေးခင်စော်ကားမှုရန်လောက် ကြောက်စရာမကောင်းဟု ထင်မိလေ၏။ အမေက ပထွေးခင်ကို မလွန်ဆန်နိုင်ဘဲ ကြောက်ရလေ၏။

"ကိုခင့်ကို မကြောက်လို့မဖြစ်ဘူးသမီး ... အရမ်းကြောက်စရာကောင်းတဲ့လူဖြစ်မှန်း အမေလက်ထပ်ယူပြီးမှ တဖြည်းဖြည်းသိလာရတယ်လေ ..."

အမေက မြမြမြိုင်အတွက် ပထွေးခင်ကို အလိုက်အထိုက် ပေါင်းသင်း ဆက်ဆံနေတယ်ဆိုတာ မြိုင်သိလေ၏။ ဟုတ်တယ်။ တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ သူဌေးလေးသုတဆီက ရွှေအိုးတွေယူပြီး လစ်ရမယ်။ အတွေးတွေနှင့် ရင်တွေပူလောင် နေပြီး စိုးရိမ်ကြောက်ရွံ့မှုတွေ မရှိတော့။ လမ်းကိုပဲ ခရီးတွင်အောင်လျှောက်လှမ်းနေမိလေ၏။ ဘုံပြတ် သင်္ချိုင်းထဲကို အဝင်တွင် ဘုံပြတ်ဇရပ်ကြီးပေါ် လှမ်းမျှော်ကြည့်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

မြမြမိုင်ရဲ့မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားလေ၏။ အလင်းရောင်က လောကဓာတ်တစ်ခွင်လုံးကို မေးတင်စပြုနေလေ၏။ လူရိပ်မကွဲတကွဲသည့် ဇရပ်ဗေါ်မှ လူဝတ်ကြောင်နှင့်မောင်မောင်သန့် ထိုင်နေတာကို တွေ့လေ၏။

"ဟိုသူတော်နန္ဒ လူဝတ်ကြောင်လဲလိုက်ပြီထင်တယ် မိုင် ..."

"ဟုတ်ပ့ါမလား အစ်ကို ..."

မင်းကြိတ်ပြီး ဝမ်းသာနေပြီမဟုတ်လား မြမြမိုင်။ ဒီကောင်ဘာဖြစ်လို့ လူဝတ်ကြောင်လဲရတာလဲ။ ဘုံပြတ်သချိုင်းမှာ ရွှေတုံးတွေကရှာရမှာဆိုတော့ ဒီကောင်မပါလို့ လည်း မဖြစ်ပါဘူးလေ။ သူဌေးလေးသုကစိတ်ထဲမှာ နည်းနည်းမှ ဘဝင်မကျမိဘဲ ဖြစ်နေလေ၏။

"အစ်ကိုတို့လုပ်ငန်းအတွက် အထောက်အကူတော့ရလေပြီမိုင် ... မောင်မောင်သန့်က ရိုးသားဖြူစင်တယ် ... ဖြောင့်မတ်တယ် ..."

သူတော်နန္ဒ ဘာဖြစ်လို့ လူဝတ်ကြောင် လဲလိုက်လဲဆိုတာသူဌေးလေးသုတ သိလေ၏။ မြမြမိုင်ကြောင့်ပဲ မဟုတ်လား။ သူဌေးလေးသုတ အံသွားတွေကို တင်းတင်းလေး ဖိကြိတ်ထားလေ၏။

မြမြမိုင်ကို ဘယ်တော့မှ မင်းမရစေရဘူး။ သုတတွဲကွ။ လူဝတ်ကြောင်နှင့်ဖြစ်နေသော မောင်မောင်သန့်ကို စိတ်ထဲကနေ ကြိမ်းဝါးနေလေ၏။ ဘုံပြတ်ဇရပ်သို့ရောက်လေလျှင် သုဘရာဇာအုံးမောင်လည်း လာလေ၏။

"သူတော်နန္ဒက လူဝတ်ကြောင်လဲလိုက်ပြီကိုး ... ကောင်းပါတယ် ... ကျုဖ်တို့အင် အားတိုးတာပေ့ါ ... ရွှေတုံးတွေတွေ့ရင်တော့ အညီအမျှ ထိုက်သင့်သလောက် ဝေမျှပေးမှာပါ ..."

မောင်မောင်သန့် မျက်နှာပေါ်မှာ ရှက်သွေးတွေနှင့် ရဲတွတ်နေလေ၏။ မြမြမိုင်ဆိုတဲ့ မိန်းမချောလေးအပေါ် စွဲလမ်းနှစ်သက်ပြီး စိတ်တွေကို မထိန်းချုပ်နိုင်တော့သဖြင့် လူဝတ်ကြောင်လဲလိုက်ဖို့ ဆုံးဖြတ်လေ၏။





အလှပဂေး မြမြမိုင်ကို ငေးစိုက်ပြီးကြည့်မိလေ၏။ အကြည့်ချင်းဆုံမိစဉ် တစ်ယောက်အတွင်းသဘောကို တစ်ယောက်က သိလေ၏။ ရင်တွေတဆတ်ဆတ် ခုန်လာစေလေ၏။

"မြမြမိုင်က မောင်မောင်သန့်ကို ဒီလိုပဲမြင်တွေ့ချင်တာလေ ... အရမ်းကောင်းတယ် ... ကျုပ်ကိုကူညီပါ ..."

"ကျုပ် ကူညီပ့ါမယ် ... ခင်ဗျားရဲ့လုပ်ဆောင်မှုက တရားမျှတမှန်ကန်ပါစေ ..."

"ကောင်းပါပြီ မောင်မောင်သန့် ... ကျုပ်တို့လူတွေ မလာခင်ညောင်မုတ်ဆိတ်ပင်ကြီးကိုရှာရမယ် ..."

"ကျုပ်တို့သချိုင်းမှာ ညောင်မုတ်ဆိတ်ပင်က ငါးပင်ရှိတယ်ဗျ ..."

သုဘရာဇာအုံးမောင်က ပြောလေ၏။ မြေပုံကို သေချာအောင် ထပ်ကြည့်လေ၏။

"မြေပုံထဲမှာပါတဲ့အပင်ကတော့ ညောင်မုတ်ဆိတ်ပင်ပဲဗျာ ... ပုံကသိသာပါတယ် ... ဟိုသချိုင်းတွေမှာ ညောင်မုတ်ဆိတ်ပင်မှ မရှိတာပဲ ..."

မောင်မောင်သန့်လည်း မြေပုံကိုသေသေချာချာကြည့်လေ၏။ ညောင်မုတ်ဆိတ်ပင်ကြီးတစ်ပင်တော့ သေချာလေ၏။

"ကျုပ်တို့သချိုင်းရှစ်ခုမှာ အသေအချာရှာတာ ညောင်မုတ်ဆိတ်ပင်ရှာမတွေ့ဘူး ... ဘုံပြတ်သချိုင်းမှာပဲရှိတာလေ သေချာတာကဒီမှာပဲရှိမှာပါ ..."

"ဒါဆို ဘယ်လိုလုပ်ကြမလဲ ... ညောင်မုတ်ဆိတ်ပင်က ငါးပင်တောင် ဘယ်ရှာတူးမလဲ ..."

"အသက်အကြီးရင့်ဆုံးအပင်အောက်မှာပဲ တူးသင့်တယ် ... ကျုပ်အဖေ အရင်သုဘရာဇာကြီး ပြောတာတော့ သချိုင်းအလယ်ကအရင်ဆုံးပေါက်တာတဲ့ ... အလေ့ကျပေါက်တာတဲ့ ... သူငယ်ငယ်လေးထဲက အဲဒီအပင်တွေရဲ့ ကြီးပြင်လာမှုကို စောင့်ကြည့်နေခဲ့တာတဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်သန့်ကတော့ အသက်အရွယ် အကြီးရင့်ဆုံး အပင်အောက်မှာပဲ မြှုပ်နှံထားမည်ဟု ထင်လေ၏။ အဖွေကိုခေါ်ယူ ကျွေးမွေးစောင့်ရှောက်ထားတဲ့ သုဘရာဇာကြီးက မျိုးရိုးအလိုက် သုဘရာဇာတွေ ဖြစ်ခဲ့ကြလေ၏။ ဘုံပြတ်သင်္ချိုင်းစထဲက သုဘရာဇာတွေ လုပ်ခဲ့လေ၏။

"သူဌေးကြီး ဦးရေချမ်း သေဆုံးတာလည်း အနှစ်ငါးဆယ်လောက် ရှိပြီဆိုတော့ သက်တမ်းအရင့်ဆုံး ညောင်မှတ်ဆိတ်ပင်ကြီးအောက်ပဲ စပြီးတူးဖော်ရမှာပဲ ..."

"ကောင်းပြီလေ ... ကျုပ်တို့သွားကြည့်ရအောင် ..."

သူဌေးလေးသုတနှင့် သုဘရာဇာအုံးမောင်က ရှေ့မှသွားလေတော့၏။ မောင်မောင်သန့်နှင့် မြမြမြိုင်က ကျန်ခဲ့လေ၏။

"မြမြမြိုင် ..."

"ရှင် ..."

"ကျုပ် လူဝတ်ကြောင်လဲလိုက်တာ ဘယ်သူ့ကြောင့်လဲဆိုတာ သိတယ်နော် ..."

"ဟုတ်ကဲ့ သိပါတယ် ... မောင်မောင်သန့်နဲ့ အေးအေးဆေးဆေး စကားပြောလို့ရအောင် မြမြမြိုင်တို့ ရွာထိပ်ညောင်ပင်ကြီးဆီကို နေ့လယ်လောက် အရောက်လာခဲ့ပါနော် ..."

"ကောင်းပြီ ကျုပ်လာခဲ့ပါ့မယ် မြမြမြိုင် ..."

ညောင်မှတ်ဆိတ်ပင်ကြီးနား ရောက်ခါနီးပြီဖြစ်၍ စကားစကို ဖြတ်လေ၏။ သူဌေးလေးသုတနှင့် သုဘရာဇာအုံးမောင်ကတော့ မြေပုံကိုကြည့်လိုက် မြေအနေအထားကို ကြည့်လိုက်လုပ်နေကြလေ၏။

မြမြမြိုင်နှင့် မောင်မောင်သန့်ကတော့ မျက်လုံးချင်းဆုံပြီး အချစ်ရည်ရွှန်းတဲ့ မျက်ဝန်းအစုံတွေနှင့် ရင်ခုန်နေလေသည်။

"မောင်မောင်သန့် ..."

"ဗျာ ..."

"မောင်ရင့်အဖေ ပြောခဲ့တာ ဒီညောင်မှတ်ဆိတ်ပင်ကြီးလား"

"သြော် ... အင်း ... ဟုတ်ပါ့တယ် ... သင်္ချိုင်းအလယ်က ဒီအပင်





ကြီးပဲ"

သူဌေးလေးသုတက ရုတ်တရက် လှည့်မေးလိုက်၍ မောင်မောင်သန့် သူခိုးလူမိသွားသလို ရှက်ကိုးရှက်ကန်းဖြစ်သွားလေ၏။ မြမြမြိုင်ကတော့ သူဌေးလေးသုတ မျက်ဝန်းတွေ တင်းမာသွားတာ ရုတ်တရက် တွေ့မြင်လိုက်ရလေ၏။

"ညကျရင် တူးကြမယ် ... ဒီသတင်း အပြင်ကိုလုံးဝမပေါက်ကြားပါစေနဲ့ ... ကျုပ်တို့ လေးယောက်ပဲ သိပါစေ ... ပြန်ကြစို့ မြမြမြိုင်"

အပြန်တွင်တော့ သူဌေးလေးသုတသည် မြမြမြိုင်လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ဆွဲခေါ်သွားတော့လေ၏။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ် ... "

"ဒုတ် ... "

"ဒုတ် ... "

ငြိမ်သက်တိတ်ဆိတ်နေသော ဘုံပြတ်သချိုင်းရဲ့ညအမှောင်ထုတွင် မြေကြီးကို တူးဆွဲသံက တိုးတိတ်ညင်သာစွာ ထွက်ပေါ်နေလေ၏။ သုဘရာဇာအိုးမောင်နှင့် အရက်သမားငခင်တို့က အင်တိုက်အားတိုက်နှင့် တူးဆွနေလေ၏။

"ရွှေတုံးတွေရှိတာတော့ သေချာတယ်နော် သူဌေးလေးသုတ ကျုပ်တို့ ပင်ပန်းရကျိုးမနပ် ဖြစ်နေရဦးမယ် ... "

မြေကြီးကို ပေါက်တူးနှင့်ပေါက်ရင်း ပြောလေ၏။

"အိုးမောင် မင်းက သုဘရာဇာပဲဟာ... ရွှေတုံးတွေ့ရင် မင်း ဒီသုဘရာဇာဆိုတဲ့ဘဝ ကလွတ်မယ် ... မရရင် ဒုံရင်းပဲလေ ... ဘာနစ်နာမှာလဲကွ ... "

သုဘရာဇာအိုးမောင်ကို အမြင်ကတ်ပြီး အရက်သမား ငခင်က ပြောလေ၏။ မောင်မောင်သန့်ကတော့ ရပ်ကြည့်နေမိပြီ။ ရွှေတုံးတွေ ဝေစုရရင်တော့ မြမြမြိုင်နှင့်လက်ထပ်၍ ဘဝကို တိုးတက်အောင် ပြုပြင်ပြောင်းလွဲပစ်မည်ဟု စိတ်ကူးမိလေ၏။ သူများပစ္စည်း မတရားတော့ မယူပါဘူး။ သူဌေးလေးသုတက ပေးမည်ဟုပြောထား၍ မောင်မောင်သန့် စိတ်ကူးယဉ်နေလေ၏။





အဖေ့ကိုသတိရတမ်းတမိလေ၏။ မောင်မောင်သန့်အတွက် လောဘဇောတိုက်ပြီး အဖေဌေွရှာလေ၏။ နောက်ဆုံး သေမင်းနှင့်ရင်ဆိုင်လိုက်ရလေ၏။ ကျုပ်စိတ်တွေ ပြောင်းသွားတာကို အဖေ တွေ့မြင်ချင်လိုက်တာဟု တွေးမိနေလေ၏။

မြမြမြိုင်ကတော့ သူဌေးလေးသုတလက်ကနေ ဘယ်လိုလွတ်မြောက်အောင် ထွက်ပြေးရမလဲဆိုတာ စဉ်းစားနေလေ၏။ မောင်မောင်သန့်ကြောင့် သူဌေးလေးသုတဆီမှ ရွှေတုံးတွေအရယူပြီး လစ်ထွက်ပြေးဖို့ အကြံအစည်က ပျက်သွားခဲ့လေ၏။ မြမြမြိုင် လောဘ မကြီးသင့်တော့။

"ဒီဘဝမှာတောင် ကျုပ်တို့ဆင်းရဲနုံချာတဲ့ဘဝနဲ့ ရင်ဆိုင်နေရတာပဲ မြမြမြိုင် ... ကျုပ် တို့ ကောင်းတဲ့အလုပ်ပဲ လုပ်ကြတာပေါ့ ... "

မောင်မောင်သန့်ရဲ့စကားတွေကို မြိုင်နှာခံလေ၏။ လောဘဇောတိုက်တာမျိုးတွေ ရှောင်ရှားလေ၏။ မောင်မောင်သန့်နှင့်လက်တွဲပြီး ဘဝတစ်ခုကို တည်ဆောက်ချင်လေ၏။ ကြောက်ရတာက သူဌေးလေးသုတပဲ။ မြမြမြိုင်ကို လက်ထပ်ယူမှာကြောက်လေ၏။ သုဘရာဇာကြီး မြေတူးနေတာကို လရောင်နှင့်မြင်တွေ့နေရလေ၏။

မြေပုံအညွှန်းအရ ညောင်မုတ်ဆိတ်ပင်ကြီးရဲ့ အောက်ပဲဖြစ်နေလေ၏။ သုဘရာဇာအိုးမောင်နှင့် ပထွေးငခင်က အင်တိုက်အားတိုက် တူးနေလေ၏။

"မြိုင် ... "

"ရှင် ... "

"စိတ်ပူနေလား ... "

သူဌေးလေးသုတက မြိုင့်အနားသို့ တိုးကပ်လာလေ၏။ ချစ်သူမောင်မောင်သန့်ရှိနေ၍ သူဌေးလေးသုတနှင့် ပရောပရီမလုပ်လိုသည်ဖြစ်၍ မကြားချင်ယောင်ဆောင်ပြီး တွင်းတူးနေတဲ့နေရာကို စိုက်ကြည့်နေလေ၏။

"ဒုတ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ် ... "

"ဒုတ် ... "

အသံက ခပ်အုပ်အုပ်ထွက်ပေါ်နေလေ၏။ သူဌေးလေး သုတလည်း သူမအနားမှာ လာရပ်လေ၏။

"မြိုင် ပင်ပန်းပါတယ် ... ကျုပ်နဲ့ဇရပ်ပေါ်မှာ သွားထိုင်ကြရအောင်"

မြမြမြိုင်လက်လေးကို ဆတ်ခနဲ ဆုပ်ကိုင်လေ၏။ ချစ်သူ မောင်မောင်သန့်ရှေ့မှာ ပိုင်စိုးပိုင်နင်းလုပ်နေ၍ မြမြမြိုင် စိတ်ညစ်မိလေ၏။ ရှောင်ဖယ်လို့လည်း မရပေ။

"လာပါမြိုင် ... "

လက်ကိုဖွတ်အတင်းဆုပ်ကိုင်ပြီး ဆွဲခေါ်လေ၏။ မြမြမြိုင် လိုက်ခဲ့ရလေ၏။

"မြိုင် ... "

"ရှင် ... "

"ကျုပ် ရင်တွေအရမ်းခုန်နေတာပဲ ... ကျုပ် မြမြမြိုင်နဲ့ လက်ထပ်ပြီး အတူနေရတော့မယ်လေ ... သာယာချမ်းမြေ့တဲ့အိမ်ထောင်လေး တစ်ခု တည်ဆောက်ကြရအောင်နော် မြိုင် ... "

မြမြမြိုင်နှင့် မောင်မောင်သန့်အခြေအနေကို ရိပ်မိ၍ သုတက တမင် မြမြမြိုင်အား ခေါ်ထုတ်လာခဲ့ခြင်းဖြစ်လေ၏။ နှစ်ယောက်သား မျက်လုံးချင်းဆုံ၍ အချစ်ခြင်း ဖလှယ်နေကြတာ သုတတွေ့နေရလေ၏။ သုတကတော့ မမြိုင်ကို လက်လွှတ်အဆုံးရှုံးမခံနိုင်။ အရယူဖို့ ဆုံးဖြတ်ထားလေသည်။

"နှစ်ဆောင်ပြိုင်အိမ်ကြီးကလည်း ပြီးတော့မယ်မဟုတ်လား ... မြိုင် ကျုပ်တို့အတူနေ ကြရအောင် ... ကျုပ်ပိုင်ဆိုင်သမျှအရာအားလုံးက မြိုင့်အတွက်ပါပဲကွယ် ... "

မြေတွင်းတူးနေကြတဲ့ လူတွေက ခပ်လှမ်းလှမ်းမှာ ရှိနေလေ၏။ သူဌေးလေး သုတက မြမြမြိုင်ကို ဖက်လေ၏။

"ဟို ... ဟို ... သူဌေးလေး ဆင်ခြင်ပါနော် ... လူတွေနဲ့ ... ဒီလို





နေထိုင်လို့ မသင့်တော်ပါဘူးလေ ... "

မြမြမြိုင် ငြင်းဆန်၍ တစ်ဘက်သို့တိုးကပ်လေ၏။ ချစ်သူ မောင်မောင်သန့် ဘယ်လိုထင်မလဲတွေးမိပြီး စိုးရိမ်ပူပန်လာ၍ ဇရပ်မှထလေသည်။

"မြိုင် ... ဘယ်သွားမလို့လဲ ... ဒီမှာပဲနေပါကွယ် ... ဒီမှာ အေးအေး လေးနေစမ်းပါ ... တွေ့ရင် ကျုပ်ကို ကိုခင်က အကြောင်းကြားမှာ ပါလေ ... "

မောင်မောင်သန့်ကြောင့် မြမြမြိုင် ဂနာမငြိမ်ဖြစ်နေတာ သုတသိလေ၏။ မြမြမြိုင်လက်ကလေးကို ဆွဲကိုင်ပြီး ပြန်ထိုင်စေလေ၏။ မင်းအကောင် မောင်မောင်သန့် အထင်လွဲမှာစိုးလို့ မင်း ရှောင်ဖယ်နေတာ မဟုတ်လား။ စိတ်ထဲမှာကြိတ်ပြီး ဒေါသတွေဖြစ်လေသည်။

"ကျွန်မတို့လည်း အနီးကပ်ကြည့်ချင်သေးတာပေါ့ ကိုသုတ ... လာပါ ... ဒီမှာထိုင်နေတာ ဘာအကျိုးရှိမှာလဲ ... ကျွန်မတို့ သွားပြီး လေ့လာကြရအောင် ... "

မြမြမြိုင်ဇွတ်အတင်းပင် ထွက်လာခဲ့တော့လေ၏။ သူဌေး လေး သုတ မကျေနပ်ရင်လည်း မြမြမြိုင် ဂရုမစိုက်တော့။ ချစ်သူမောင် မောင်သန့် အထင်လွဲမှာကို မြမြမြိုင် အကြောက်ဆုံးဖြစ်နေလေ၏။

မြေတွင်းတူးတဲ့နားကိုရောက်တော့ အတော်လေးနက်နေ လေ၏။

"မတွေ့သေးပါလား သူဌေးလေးသုတ ... "

"ဒီနေရာမှာ မဟုတ်ရင် နောက်တစ်နေရာပေါ့ ကိုခင် ... "

"မြေပုံကို အသေအချာပြန်လေ့လာမှ ဖြစ်မယ်ထင်တယ် ... "

သုဘရာဇာအုံးမောင်လည်း ချွေးတွေ ဒီးဒီးကျနေလေ၏။

"မသာသချိုင်းဖို့ တွင်းတူးရတာ လောဘမရှိတော့ ဒီလောက် မပင် ပန်းဘူးဗျို့ ... "

မောင်မောင်သန့်ကတော့ ရွှေတုံးတွေရဖို့ထက် မြမြမြိုင်နှင့် သူဌေးလေးသုတတို့ ဇရပ်ပေါ်မှာ စကားပြောနေတာကို ဘဝင်မကျဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

လေ၏။

မြမြမြိုင်ကို သူဌေးလေးသုတက အတင်းအကျပ် လုယူသွားမှာ စိတ်ပူလေ၏။ မောင်မောင်သန့်အနားသို့ မြမြမြိုင်ပြန်ရောက်လာမှ စိတ်အေးသွားလေ၏။ သူဌေးလေး သုတက မြမြမြိုင်အား အလွတ်မပေးဘဲ ကပ်နေလေ၏။

"ဆက်တူးကြပါ ... သိပ်မတူးရတော့ပါဘူး ... မြေပုံအညွှန်းအရ ဒီအောက်မှာပဲ ရှိနေမှာပဲ ..."

သူဌေးလေးသုတကလည်း ရွှေတုံးတွေရလျှင် မြမြမြိုင်ကို ခေါ်ပြီး လစ်ထွက်ပြေးဖို့အတွက် အကြံဉာဏ်ထုတ်နေလေ၏။ ရွှေတုံးတွေကို မျှဝေမပေးနိုင်ဘဲ ဖြစ်နေလေ၏။ တူးကြစမ်း၊ ဖောက်ထွင်းဝိဇ္ဇာသုတကနေ သူဌေးလေးသုတ အမှန်တကယ်ပဲဖြစ်တော့မှာ။ မြမြမြိုင်ရဲ့ခန္ဓာကိုယ် အသွေးအသားတွေတော့ အရယူရမယ်။ သူဌေးလေးသုတ စိတ်ထဲကနေ ကြိမ်းဝါးနေမိလေသည်။

"တူးစမ်းပါ အုံးမောင်ရ ... မင်းက အမြဲတမ်း မြေတူးနေရတာပဲ ကျင့်သားရနေပါပြီ ကွ ... တူးစမ်းပါ"

အရက်သမားခင်က အမောဆို့သံကြီးနှင့် ပြောနေလေ၏။ သုဘရာဇာအုံးမောင်ကလည်း မြေကြီးကို တူးဆွရင်း မောပမ်းနေလေတော့သည်။

"ဒုတ် ..."

"ဒုတ် ..."

"ဒုတ် ..."

"ဂျောက် ..."

ဂျောက်ဆိုတဲ့အသံကြီးကြောင့် သုဘရာဇာအုံးမောင် မျက်လုံးတွေ ပြူးကျယ် ဝိုင်းစက်သွားရလေ၏။

"တူးမိပြီဗျို့ ... အသံမာမာကြီးတစ်ခုပဲ"

"ဟင် ... ဟုတ်လား ... ဘာကြီးလဲ ... ဆက်တူးပါ ... သုဘရာဇာအုံးမောင် ..."





"ခင်ဗျားကလည်းဗျာ ... ကျုပ်ရဲ့ဂုဏ်ထူးဝိသေသက သုဘရာဇာ မဟုတ်တော့ဘူး ... ရွှေတုံးတစ်တုံးလောက်ရရင်တောင် သူဌေးလေးအမည် တပ်လို့ရနေပြီ ... ဟား ဟား ဟား ..."

"ဂျောက်"

"ဂျောက်"

ပေါက်တူးနှင့် မာကျောတဲ့အရာတစ်ခု ထိတွေ့သံက ထွက်ပေါ်လာ၏။

"မီးအိမ်ထွန်းစမ်း မောင်မောင်သန့် ... ဘာဆိုတာ သေသေချာချာ ကြည့်ရအောင်"

"ဟုတ်ကဲ့ ..."

မောင်မောင်သန့်လည်း မီးအိမ်ကိုထွန်းလေသည်။ မီးအိမ်လေးက အမှောင်ထုကို မလွှမ်းနိုင်ပေ။ မြေတွင်းထဲကို မမြင်ရ၍ သူဌေးလေး သုတက ဆက်မတူးဖို့ တားမြစ်လေ၏။

"ဆက်မတူးကြနဲ့တော့... ဒါက ရွှေတုံးတွေထည့်ထားတဲ့ သံသေတ္တာဖြစ်နိုင်တာပဲ၊ မနက် အလင်းရောင်ရမှ ဆက်တူးကြမယ် ..."

မြေတွင်းကို ဆက်မတူးကြတော့ဘဲ ရပ်လိုက်လေ၏။ ပထမဆုံးအကြိမ် တစ်ယောက်ကိုတစ်ယောက် စိတ်မချတော့သလို ကြည့်လေ၏။

"သူဌေးလေးသုတ ..."

"ဘာလဲဗျ ..."

"ရွှေတုံးတွေရရင် ကျုပ်တို့ကိုလည်း ထုတ်သင့်သလောက် ပေးရမယ်နော် ..."

"ပေးပါ့မယ် သုဘရာဇာကြီးရဲ့ ... ကျုပ်မတရားမလုပ်ပါဘူး ... ဒီကိစ္စတော့ အထူးလျှို့ဝှက်ထားရမယ်လေ ... ဗိုလ်မိုးသီးတပည့်တွေသိသွားရင် အကြမ်းဖက်လုယက်ကြမှာပဲ ..."

"စိတ်ချပါ သူဌေးလေး ... ကျုပ်တို့အတွက်လည်း မျှတပါစေ ..."

"စိတ်ချဗျ ..."

အမှောင်ထုက ရှိနေသေး၍ မြေတွင်းတူးခြင်းကို ရပ်လိုက်


www.burmeseclassic.com

www.burmeseclassic.com



လေ၏။ အားလုံး ဇရပ်ပေါ်မှာ အနားယူကြလေ၏။ မောင်မောင်သန့်ကတော့ ချစ်သူမြမြမြိုင်အနားကပ်လွန်းနေသည့်အတွက် စိတ်မသက်မသာဖြစ်နေလေ၏။ မြမြမြိုင်ကို ချစ်မြတ်နိုးလွန်း၍ သူတော်အဝတ်ကိုချွတ်ပြီး လူဝတ်ကြောင်ဘဝနှင့်နေဖို့ ဆုံးဖြတ်ခဲ့လေ၏။ မြမြမြိုင်ကိုတော့ မရလို့ လုံးဝမဖြစ်ပါဘူး။ မောင်မောင်သန့်ရဲ့ အချစ်ဦးပဲ။ ဟိုလူ သူဌေးလေးသုတလုယူသွားတာ လက်မခံနိုင်ပါဘူး။ ရွှေတုံးတွေကိုလည်း သူဌေးလေးသုတကပေးမည့်ပုံမပေါ်ပေ။ ဒီလူ့မျက်လုံးတွေက ယုတ်မာကောက်ကျစ်မည့်သူဟုထင်နေမိလေ၏။

"မောင်မောင်သန့် ... "

"ဗျာ ... "

"ဘာတွေများတွေးပြီး ဒီလောက်အထိ ငိုင်နေရတာလဲ ... "

မောင်မောင်သန့်စိတ်ထဲမှာ ဘာတွေရှိနေလဲဆိုတာ သူဌေးလေး သုတသိလေ၏။ မြမြမြိုင်အား စိတ်မချဖြစ်နေတာပဲ ဖြစ်လေ၏။ မောင်မောင်သန့် မင်း မြမြမြိုင်ကို မရစေရဘူး။ ငါပဲအပိုင်သိမ်းရမယ်။ ဒီလိုအလှပဂေးလေးကို ငါ ဘယ်တော့မှ လက်လွှတ်မခံနိုင်ဘူးကွ၊ စိတ်ထဲမှာ ကြိမ်းဝါးရင်း မြမြမြိုင်အနား တိုးကပ်နေလေ၏။

"မနက်မိုးလင်းဖို့ကလည်း အချိန်နည်းနည်းလိုသေးတော့ ကျုပ်တမှေးအိပ်လိုက်ဦး မယ်ဗျို့ ... လာလေမောင်မောင်သန့် မင်းလည်း တရေးအိပ်လိုက်ပါဦး ... မြမြမြိုင် ဆိုတဲ့မိန်းကလေးရော လာအိပ်လေ ... ကျုပ်တဲလေးမှာ ကျုပ်မိန်းမရှိပါတယ် ... ဘာမှ စိတ်ပူစရာမရှိပါဘူး ... ကျုပ်နဲ့မောင်မောင်သန့်က သူတော်တျောင်းလေးမှာ အိပ်ကြမယ် ... မြမြမြိုင်က ကျုပ်မိန်းမရှိတဲ့တဲလေးမှာ အိပ်ပါ ... အတူမအိပ်ရပါဘူး ကျုပ်မိန်းမက အစောင့်ပေါ့ ... "

"ကျွန်မ အဆင့်အတန်းမခွဲခြားပါဘူး ဦးလေးအုံးမောင် ... လူကလူပါပဲ ... ဘဝပေး ကုသိုလ်ကံကြောင့် မတူညီကြတဲ့ဘဝတွေကို ရင်ဆိုင်ဖြတ်သန်းကြရတာပဲလေ"

ချစ်သူ မြမြမြိုင်ရဲ့ သဘောထားကြီးမှုကို မောင်မောင်သန့်





နှစ်သက်သဘောကျသွားရလေ၏။

"ကျွန်မလည်း တောင်းမစားရတာတမယ်ပါပဲရှင် ... ဆင်းရဲနွမ်းပါးလှပါတယ်"

"မင်းက ... အဆင့်အတန်းမခွဲခြားပါဘူးဆိုတော့လည်း ဝမ်းသာပါတယ် မြမြမြိုင် ... မိန်းကလေးဆိုတော့ ဇရပ်ပေါ်မှာ အိပ်ဖို့မသင့်တော်ပါဘူး ... ကျုပ်မိန်းမနဲ့သွားအိပ်ပါ ... "

"ကျုပ်သဘောမတူနိုင်ဘူး ဦးအုံးမောင် ... ကျုပ်နဲ့လက်ထပ်မယ့်ဇနီးလောင်းက သူတောင်းစားမနဲ့ တန်းတူအိပ်ရမလား မဖြစ်နိုင်ပါဘူး ... "

"သူဌေးလေးသုတ ဘယ်လိုပြောလိုက်တာလဲ ... ကျွန်မက ရှင်ဇနီးလောင်းမှ မဟုတ်တာပဲ ... ကျွန်မ ရှင့်ကိုလက်ထပ်မယ်လို့ သဘောမတူသေးပါဘူး ... ကျွန်မအဆင့်အတန်း မခွဲချင်ဘူး ... ဦးလေးအုံးမောင်ပြောတာ မှန်တယ် ... ကျွန်မ ဟိုတဲလေးမှာပဲသွားအိပ်မယ် ... "

"မြမြမြိုင် နင်ဘာဖြစ်လို့ သူဌေးလေးရဲ့စကားကို ဆန့်ကျင်ချင်ရတာလဲ ... သူဌေးလေးမှ စိတ်မချတာပဲ ဒီမှာနေ ... "

ပထွေးခင်ကပါ မြမြမြိုင်အား ဟိန်းဟောက်လေ၏။ မြမြမြိုင်ရဲ့ အမိပွာယ်ပါတဲ့ မျက်လုံးအကြည့်တွေက ချစ်သူမောင်မောင်သန့်ဆီရောက်သွားလေ၏။ သူမအား နားလည်မှုပေးစေလိုတဲ့ သဘောပင်။ ချစ်သူမြမြမြိုင်ရဲ့ အခြေအနေကို မောင်မောင်သန့်က နားလည်၍ ဦးလေးအုံးမောင်အားခေါ်ပြီး သူတော်ဘဝက နေထိုင်တဲ့ ကျောင်းလေးဆီ ရောက်လာလေ၏။

"မောင်မောင်သန့် ... "

"ဗျာ ... ဦးလေးအုံးမောင်"

"မင်းက မြမြမြိုင်ကို ချစ်ခင်နှစ်သက်ပြီး သူတော်ဘဝက စွန့်လွှတ်တာမဟုတ်လဲ ... ဘဝတိုးတက်ရေးအတွက် မင်းအဖေ့ဆန္ဒအတိုင်း မင်းလုပ်ဆောင်တော့မယ် မဟုတ်လားကွ ... 



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦးလေး ... "

"တို့တွေ ကြိုးစားကြမယ် ... လောကမှာ တရားတာတွေ မတရားတာတွေ စဉ်းစား မနေနဲ့တော့ ... ဒီလူ မတရားလုပ်လာရင်တော့ ရွှေတွေကို လုယူရလိမ့်မယ် ... "

"ဟင် ... "

"ဒီလူ့ကိုကြည့်ရတာ မတရားလုပ်မဲ့ပုံပဲ ... မင်းရဲ့မြမြမြိုင်ပါ လက်လွှတ်ဆုံးရှုံးနိုင်တယ်နော် ... ဒီလူတွေ အိပ်နေတဲ့အချိန်မှာ ရွှေတုံးတွေ တူးဖော်ကြည့်ကြရအောင်"

"မဖြစ်နိုင်ဘူး ဦးလေးအုံးမောင် ... ဒီလူတွေက အိပ်မှာမဟုတ်ဘူး... ကျားချောင်း ချောင်းနေမှာပဲ ... "

"ဒီလူတွေအိပ်သွားဖို့က ဦးလေးအုံးမောင် တာဝန်ထားစမ်းပါ မောင်မောင်သန့် ... "

"ကျုပ် လက်မခံနိုင်ပါဘူး ... "

မောင်မောင်သန့်သည် သူတစ်ပါးပစ္စည်းတွေကို မတော်လောဘမယူလိုပေ။ ဦးလေးအုံးမောင်ရဲ့ အကြံအစည်တွေကို လက်မခံဘဲ ရိုးသားစွာတူးဖော်ဖို့ပဲ တိုက်တွန်းလေ၏။

"မင်းနဲ့ မြမြမြိုင်တို့ တူနှစ်ကိုပေါင်းဖက်ဖို့အတွက် ဦးလေးအုံးမောင်က အကြံဉာဏ်ပေးတာပါ ... "

"ဗျာ ... "

"တို့တွေ တူးဖော်ပြီး လစ်ကြမယ်လေ ... "

"ကျုပ် လက်မခံနိုင်ပါဘူး ... ရေအတုံးတွေလည်း မတရားမလိုချင်ဘူး ... မြမြမြိုင်နဲ့ ကျုပ် ပေါင်းစပ်နိုင်မှာပါ ... ဖူးစာဆုံရင်ပေါ့လေ"

"မောင်မောင်သန့်ရယ် ... မင်း ဘာဖြစ်လို့ ဒီလောက်အထိ ရိုးသားရတာလဲ ... သူဌေးလေးသုတက တို့ကို အလွယ်တကူရွှေတုံးတွေပေးမယ်ထင်လား ... ဒီလူ့ မျက်လုံးတွေက ကောက်ကျစ်တယ်ကွ ... ငါ မယုံဘူး ... မင်းကောင်မလေး မြမြမြိုင်ပါ အရယူသွားလိမ့်မယ် ... "





မောင်မောင်သန့်ကတော့ ဘယ်လိုအကြောင်းနှင့်မှ လောဘဇောတိုက်ပြီး မတရားမလုပ်လိုပေ။ ခေါင်းခါ၍ ငြင်းဆန်လေ၏။

"မောင်မောင်သန့် ... "

"အဖေ လောဘဇောတိုက်လို့ အသေဆိုးနဲ့သေရတာလေ ဦးလေးအုံးမောင် ... ပြန်ပြီး ဆင်ခြင်ပါဦး ... "

ဦးလေးအုံးမောင် ငြိမ်သွားလေ၏။

"ကျုပ်တို့ ရသလောက်ပဲယူကြတာပေါ့ ... မြမြမြိုင်နဲ့လည်း ဖူးစာကံဆုံကြရင် ပေါင်း ကြရမှာပါပဲ ... "

ပြောပြီး အိပ်စက်ရန်အတွက် မောင်မောင်သန့် မျက်လုံးတွေကိုမှိတ်ပစ်လိုက်လေသည်။

◆◆◆

မောင်မောင်သန့် အိပ်သွားသည်နှင့် သုဘရာဇာအုံးမောင် နွားနို့နှစ်ခွက်ကို ယူဆောင်၍ ဘုံပြတ်ဇရပ်ဆီ သွားလေ၏။ နွားနို့ထဲတွင် အိပ်ဆေးမှုန့်တွေ ထည့်လေ၏။ မောင်မောင်သန့် ဘယ်လောက်ပဲ လောဘမကြီးပါစေ မိမိကတော့ သူဌေးလေးသုတနှင့် အရက်သမားခေင့်ကို မယုံပေ။ ရွှေတုံးတွေတွေ့လျှင် တစ်မျိုးတမည် အကောက်ကြံမှာစိုးလေ၏။

ထို့ကြောင့်ပင် သုဘရာဇာအုံးမောင်ကြံလေ၏။ ရွှေတုံးတွေကို တူးယူမယ်။ သူဌေးလေးသုတတို့ အကောက်မကြံခင် မိမိဘက်က အကောက်ကြံထားမှ။ လက်ဖက်ရည်နှစ်ခွက်ဖျော်ပြီး ထိုလက်ဖက်ရည်ခွက်ထဲတွင် အိပ်ဆေးခပ်လိုက်သည်။ လက်ဖက်ရည်နှစ်ခွက်ကိုယူပြီး သူဌေးလေးသုတနှင့် အရက်သမားခေင်ကို တိုက်တော့၏။

"သူဌေးလေးလည်း အလွန်ပင်ပန်းနေပြီပဲ ... ကျုပ်လည်း စိတ်တွေ စောပြီး အိပ်လို့ မရဘူး ... လက်ဖက်ရည်သောက်ပါဦး ... "

သုဘရာဇာအုံးမောင်က မှင်သေသေနှင့်ကြည့်လေသည်။ တကယ့်ကို ရိုကျိုးပြီး ရိုသေလေးစားစွာဖြင့် ဒူးလေးထောက်ပြီး လက်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ရည်ခွက်ကို ကမ်းပေးလေသည်။ သူဌေးလေးသုတာက အမြှောက် အပင့်ကြိုက်ပြီး ပညာမဲ့အကျင့်စရိုက်ရှိ၍ စဉ်းစားဆင်ခြင်ရန် မရှိတာကို သုဘရာဇာအုံးမောင် အကဲခတ်မိ၏။

"အတော်ပဲဗျာ ... ကိုအုံးမောင် ဗိုက်ဆာနေတာဗျ ... ခင်ဗျား အရမ်းအလိုက်သိတာပဲ... ကျုပ်သောက်တော့မယ်ဗျို့... ယောက္ခမ ကြီးကိုခင်လည်း သောက်ဗျာ ..."

သူဌေးလေးသုတာက ယောက္ခမကြီးခေါ်လိုက်၍ အရက်သမားငခင် ပီတိတွေဖြာကာ သဘောအကျကြီးကျကာ ကော်ဖီခွက်တွေကို အသီးသီးယူပြီး သောက်လေတော့သည်။

မထူးတော့ ဒင်းတို့ကို အပြတ်ရှင်းပစ်လိုက်မှ အေးမှာပါ။ ရွှေအိုးတွေရဲ့ သတင်းကိုလည်း သုဘရာဇာအုံးမောင် ကြားရလေသည်။ သေချာပါတယ်။ ရွှေအိုး ရှိကို ရှိရမယ်။ စိတ်ထဲကနေ တွေးတောကြံစည်ရင်း အခြေအနေကိုစောင့်ကြည့်နေလေသည်။

လက်ဖက်ရည်သောက်ပြီး မကြာခင် မျက်လုံးတွေ မှေးစင်းကာ အိပ်ချင်ပုံရသွားလေသည်။

"ဟေ့ ... ဟေ့လူ ... သုဘရာဇာအုံးမောင် ... ခင်ဗျား ကျုပ်တို့ကို စေးခပ်ပြီမဟုတ်လား ... အကောက်ကြံတာပဲ ခင်ဗျား ..."

သူဌေးလေးသုတ အာလေးလျှာလေးကြီးနှင့်ပြောပြီး ဇရပ်ပေါ်မှာ လဲကျသွားလေသည်။

"သုဘရာဇာ အကြံပက်စက်တဲ့ကောင်ပဲ ... မင်းသိမယ် ... င ... ခင့်အကြောင်း မင်း ကောင်းကောင်းသိစေရမယ် ..."

အရက်သမားငခင်လည်း ကြိမ်းမောင်းပြီး လဲကျသွားပြန်လေသည်။ သုဘရာဇာအုံးမောင်ကတော့ သဘောကျစွာဖြင့် တဟားဟားတဟွန်းဟွန်းနဲ့ ရယ်မောပစ်လိုက်လေသည်။

"ကျုပ် ချမ်းသာချင်တယ် ... သုဘရာဇာဘဝက လွတ်မြောက်ချင်တယ် ... မနှင်းပန်းမှာ ကိုယ်ဝန်ရှိနေပြီ ... ကျုပ်ရင်သွေးလေး ကျုပ်အခမွှ မဆက်ခံစေရတော့ဘူး ..."





ပါးစပ်ကလည်း တတွတ်တွတ်ပြောရင်း သူဌေးလေးသုတနှင့် အရက်သမား ငခင်ကို အပြတ်ရှင်းပစ်လိုက်လေသည်။ အချိန်မရှိတော့ဘူး။ ဒီမသာနှစ်လောင်းကို ဖျောက်ဖျက်ဖို့အတွက် ဂူဖျက်ကြီးနှစ်လုံးအားရှင်းလင်းကာ မသာနှစ်လောင်းကို ထည့်ထားလိုက်လေသည်။

အသုဘအလောင်းတွေ သင်္ဂြိုဟ်တာတော့ သုဘရာဇာအုံးမောင်က သွက်လက် လျင်မြန်စွာ လုပ်ဆောင်နိုင်လေသည်။ ပြီးတော့ ရွှေအိုးတွေမြှုပ်ထားတဲ့နေရာကို ရောက်လာပြီး တူးလက်စတွင်းကြီးကို ထပ်မံတူးလေသည်။ တွင်းတူးတာကတော့ သုဘရာဇာအုံးမောင်အတွက် လွယ်ကူစွာမခက်ခဲပေ။ အသက်နဲ့အမျှ ဒီသချိုင်းမှာနေပြီး မြေတွင်းတူးခဲ့ရတာပဲလေ။

"ဒုတ် ... ဒုတ်"

"ဒုတ် ..."

မြေပုံအညွှန်းကိုကြည့်လိုက် မြေတွင်းတူးလိုက် ဆက်လုပ်နေလေသည်။

ညဉ့်နက်သန်းခေါင် အအေးဓာတ်လွှမ်းကဲနေတာတောင် သုဘရာဇာအုံးမောင် တစ်ကိုယ်လုံး ချွေးဒီးဒီးကျနေလေသည်။

မောင်မောင်သန့်ကတော့ လက်ခံမှာမဟုတ်ဘူး။ မတတ်နိုင်ဘူးလေ။ သုဘရာဇာဘဝက လွတ်မြောက်ဖို့ ဒီတစ်နည်းပဲရှိလေသည်။

"ဂျောက် ... ဂျောက် ... ဂျောက်"

"ဟာ ..."

မာကျောသံ သံထည်တွေနှင့် ပေါက်တူးထိခိုက်သံက ပီပီပြင်ပြင်ဖြစ်လာလေသည်။ သုဘရာဇာအုံးမောင် အားတက်သွားရတော့၏။

မောင်မောင်သန့်ကိုတော့ ဆရာကြီးသက္က ကျေးဇူးရှိနေ၍ မိမိစောင့်ရှောက်ရမှာပဲလေ။ ကျုပ်တို့ သုဘရာဇာဘဝကနေလွတ်မြောက်ဖို့ ဘယ်လိုနည်းနဲ့မဆို ကြိုးစားရမှာပဲ မဟုတ်လား မောင်မောင်သန့်ရယ်။

"ဂျောက် ... ဂျလောက်"

သံသေတ္တာကြီးတစ်လုံးကို ပေါက်တူးက ထိခိုက်နေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားသွား လေသည်။ လက်နှင့်ကပျာကယာစမ်းကြည့်လိုက်တော့သည်။ သံသေတ္တာတစ်လုံး ဖြစ်နေလေသည်။ မီးအိမ်ထွန်းမှပဲ။ တုန်လှုပ် ချောက်ချားလာတဲ့ စိတ်တွေကို ထိန်းချုပ်လိုက်ပြီး မီးအိမ်ကြီးအား ထွန်းညှိလေသည်။

"ဟာ ... ပွဗြီ ... ပွဗြီ ..."

မီးအိမ်ကြီးရဲ့ အလင်းရောင်အောက်တွင် သံသေတ္တာကြီးတစ်လုံးကို တွေ့လိုက်ရလေသည်။

"ပွဗြီဟေ့ ... ပွဗြီ"

သုဘရာဇာကြီးအုံးမောင် အားပါးတရ ဝမ်းမြောက်ဝမ်းသာအော်ဟစ်ကြွေးကြော်နေမိလေသည်။

"ဦးလေးအုံးမောင် ..."

"မောင် ... မောင်မောင်သန့်"

"ဦးလေးအော်သံကြီးကြားလို့ ကျုပ်လန့်နိုးလာတာလေ ..."

"ဘာ ... ငါ့အသံက ဒီလောက်ပဲကျယ်သလား ..."

မိမိဝမ်းသာအားရနှင့် အော်ဟစ်လိုက်မိ၍ စိတ်တောင်မလုံမလဲနှင့် ပူပင်သွားရလေသည်။ တိတ်တိတ်ဆိတ်ဆိတ်နှင့် ကြိတ်လုပ်ရမဲ့ကိစ္စကို မိမိစိတ်မထိန်းနိုင်စွာ ဝမ်းသာအားရအော်ဟစ်မိသွားရတော့၏။

"ဟိုမှာ ဒေါ်လေးနဲ့မြိုင်တို့တောင် နိုးလာကြပြီ ..."

"ကောင်းတယ် ... သိပ်ကောင်းတယ် ... အားလုံးနိုးလာတော့ တစ်ခါတည်းလစ်ကြရမယ်လေကွာ ..."

"ဗျာ ..."

"မဗျာနဲ့ ... ဦးလေးအုံးမောင် ရွှေတုံးတွေရပြီ ..."

"ဘာပြောတယ် ဦးလေးအုံးမောင် ..." ဟိုလူတွေရော သူဌေးလေးသုတနဲ့ ကိုခင်"

"မသိဘူးလေကွာ ... ငါဒီကိုရောက်လာတော့ သူတို့မရှိတော့ဘူး... ဘယ်ထွက်သွား လဲမသိတော့ဘူး မောင်မောင်သန့်ရာ ..."

မောင်မောင်သန့် မယုံပါလေ။ ဦးလေးအုံးမောင် တစ်ခုခုလုပ်ပစ်လိုက်ပြီဟုပဲ ထင်မှတ်မိလေသည်။



"ဒီမှာ ရွှေတုံးတွေထည့်ထားတဲ့ သေတ္တာတွေ့ပြီကွ ... မောင်မောင်သန့် ဘာမှ စဉ်းစားမနေနဲ့တော့ တို့တွေ လစ်ကြမယ် ... ဒီဘဝက လွတ်မြောက်အောင် ကြိုးစားကြမယ်လေ ..."

"သူဌေးလေးသုတနဲ့ ဦးလေးခေင်ရော ..."

မြမြမြိုင်ကလည်း စိုးရိမ်တကြီးနှင့် မေးမိလေသည်။ ပထွေးခေင်က သူမအပေါ် အမြဲတမ်း အကောက်ကြံစည်ပြီး ယုတ်မာခဲ့ပေမဲ့ မြမြမြိုင်စိတ်က ဘယ်သူ့ကိုမှ ဒုက္ခမရောက်စေချင်ပါဘူး။

"ဘယ်သူ့အကြောင်းမှ မေးမနေနဲ့တော့ ... မိုးလင်းတော့မယ် ... လစ်ကြစို့ မောင်မောင်သန့်ရာ ... မနှဝ်းပန်းမရော မြမြမြိုင်ရော သံသေတ္တာကြီး မြေပေါ်ရောက်အောင် မဝေးကြပါဦး ..."

မောင်မောင်သန့်ကတော့ ဝိသမလောဘနှင့် မဟာရားမှုမှန်သမျှကို မနှစ်သက်သူဖြစ်၍ ဦးလေးအုံးမောင်ရဲ့လုပ်ရပ်ကို အားမပေးလိုပေ။

"မောင်မောင်သန့် မင်း ဘာတွေဝေနေတာလဲကွ ... မင်္ဂလာမဖက မင်းကို ဒီဘဝကနေ လွတ်မြောက်စေချင်တယ် ... ဒီမှာ ကဲ့အခွင့်အရေးကြီးရပြီကွ ... တွေ့လား ရွှေတုံးတွေ ..."

"ကျွန်တော်ကတော့ တရားနည်းလမ်းမကျတဲ့ အလုပ်မပျက်နဲ့ ဒီဘဝနေ လွတ်မြောက်အောင် မကြိုးစားနိုင်ဘူး ဦးလေးအုံးမောင် ... ဟိုလူတွေကို ဦးလေးအုံးမောင် ရှင်းပစ်လိုက်ပြီမဟုတ်လား ... ဒါရာဇဝတ်မှုနော် ... ရာဇဝတ်ဘေးဆိုတာ မပြောလို့မလွှတ်နိုင်ဘူး"

"တို့သချိုင်းမှာ ဖြစ်နေတဲ့ကိစ္စပဲကွ ... ဘယ်သူသိနိုင်မှာလဲ ... ဒီကနေ လစ်ထွက်သွားကြမယ် ... တို့နေရာက ဥပဒေနဲ့အလှမ်းဝေးပါတယ်ကွ ..."

"ဒုက္ခပါပဲဗျာ ..."

ဦးလေးအုံးမောင်ကို ဘယ်လိုပြောရမှန်းမသိအောင်ပင် ဖြစ်ရလေသည်။ ဒီလို မတရားဝိသမလောဘနှင့် ရယူတာမျိုး မောင်မောင်သန့်

www.burmeseclassic.com

www.burmeseclassic.com



လက်မခံနိုင်ပေ။

"တို့က ဒီလိုအရမယူရင် ဒင်းတို့က ဦးလေးအုံးမောင်တို့ကို အပြတ်ရှင်းပစ်တော့မှာကွ ... ဒီလူတွေက လူယုတ်မာတွေ ..."

"အဖေလိုလူမျိုးတောင် လောဘတက်တော့ အသက်ပါပေးဆပ်လိုက်ရတာပဲ မဟုတ်လား ဦးလေးအုံးမောင်ရ ..."

"မင်း ဘာမှမပူပါနဲ့ကွာ ... ဦးလေးကြည့်ရှင်းပါ့မယ် ... အရေးကြီးတာက ဒီရွှေတုံးတွေကို အိတ်တစ်ခုနဲ့ ပြောင်းထည့်ပြီး လစ်ကြမယ်၊ လုပ်ကွာ မနှင်းပန်းလာမလေ၊ မြမြမြိုင်ရော လာကူညီကြဦး၊ မြမြမြိုင်လည်း ပထွေးခေါင်နဲ့ သူ့ဌေးလေးသုတလက်က လွတ်ကျွတ်ပြီပဲလေ"

မြမြမြိုင်ကတော့ မောင်မောင်သန့်နဲ့ ချစ်သူဖြစ်ပြီးထဲက သူတစ်ပါးအပေါ် အကောက်ကြံချင်တာတွေ အလိုရမ္မက်ကြီးစွာ မတရားလုပ်ဆောင်တာမျိုးတွေ မလုပ်လိုတော့ဘဲ စိတ်ရင်းဖြူဖြူပဲ နေချင်လာရ၏။

"မြမြမြိုင် မလိုချင်တော့ပါဘူး ... မြမြမြိုင်ကြောင့် ဘယ်သူ့မှလည်း ဒုက္ခမရောက်စေ ချင်တော့ဘူး ... ဦးလေးအုံးမောင် ဒီပစ္စည်းတွေကို သက်ဆိုင်ရာကို အပ်လိုက်ကြရအောင်နော် ..."

"မြမြမြိုင်ကလည်း မောင်မောင်သန့်တွဲပြီး သူတော်ကောင်းလုပ်ချင်နေသေးတယ် ... ကျုပ်ကတော့ ရအောင်ယူရမှာပဲ ... မနှင်းပန်း ဝိုင်းကူစမ်း ..."

ဦးလေးအုံးမောင်တို့ လင်မယား သေတ္တာကြီးအပေါ် ရောက်အောင် မတင်နေကြလေသည်။ လင်မယားနှစ်ယောက်လုံး ချွေးဒီးဒီးကျပြီးမှ အပေါ်သို့ ရောက်လာတော့၏။

သေတ္တာကြီး မြေကြီးပေါ် ရောက်သည်နှင့် သံချေးတွေ အထပ်ထပ်တက်နေတဲ့ သော့ကလောက်ကြီးအား ပေါက်ချွန်နှင့်ထုရိုက်ပြီး ဖွင့်လေသည်။

"ဒုတ် ... ဒုတ်"

"ဒုတ် ..."





"ဒုတ် ..."

သုဘရာဇာကြီး ဦးအုံးမောင်အတွက်ကတော့ သေမထူးနေမထူးပဲ။ ပေါက်တဲ့နဖူး မထူးဇာတ်ပဲ ခင်းရတော့မှာပဲဖြစ်လေသည်။ ရွှေတုံးတွေရပြီး ဘယ်သူ့လက်မှ မအပ်နိုင်တော့ပါဘူး။ ဖြစ်ချင်ရာဖြစ် ရွှေတုံးတွေကို အိတ်ထဲထည့်ပြီး လစ်တော့ဖို့ပဲ ဆုံးဖြတ်ထားလေသည်။

"မောင်မောင်သန့် ဦးလေးအုံးမောင်စကားတွေကို နားထောင်ပါကွာ ... တို့တွေ အတူတူလစ်ကြရအောင် ... တို့တွေ သုဘရာဇာဘဝက လွတ်မြောက်အောင် ကြိုးစားကြမယ်ကွာ ... ဦးလေးအုံးမောင်တို့ ရင်သွေးတွေအထိပေါ့ ..."

"ကျွန်တော်ကတော့ ဦးလေးနောက်ကို မလိုက်နိုင်ဘူး ... ကျွန်တော်နဲ့မြမြမြိုင်လည်း ဒီကနေထွက်သွားပြီး ဘဝသစ်ကို ရှန်းကန်လှုပ်ရှားတော့မယ် ... ဒီသုဘရာဇာအလုပ်ကိုလည်း စွန့်လွှတ်လိုက်ပြီ ... တစ်ခုတော့ရှိတယ်နော် ဦးလေးအုံးမောင် ... သုဘရာဇာပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ရိုးသားဖြူစင်တဲ့အလုပ်ပဲ အကောင်းဆုံးပါပဲဗျာ"

ဦးလေးအုံးမောင်နောက် မလိုက်တော့ဘဲ ချစ်သူမြမြမြိုင်နှင့် ဘဝသစ်တစ်ခု တည်ဆောက်နိုင်ဖို့ပဲ ဆုံးဖြတ်လိုက်လေသည်။

"ဒီရွှေတုံးတွေနဲ့ ဘဝတစ်ခုကို တည်ဆောက်နိုင်တယ်လေ ... ကြီးပွားချမ်းသာအောင်လုပ်ပြီး သူဌေးလေး မောင်မောင်သန့်အဖြစ် ဘဝမှာ ဖုံ့ဖုံ့ကြွားကြွား ရပ်တည်ပစ်လိုက်စမ်းပါကွ ..."

သုဘရာဇာကြီးအုံးမောင် ဘယ်လောက်ပဲ စည်းရုံးသိမ်းသွင်းပြီး မက်လုံးတွေပေးပါစေ မောင်မောင်သန့်ကတော့ လက်မခံပေ။ မြမြမြိုင်ရဲ့ လက်လေးကို တင်းကြပ်စွာ ဆုပ်ကိုင်ပြီး ဘုံပြတ်သချိုင်းကနေ ထွက်သွားဖို့ပဲ ပြင်လေတော့သည်။

"မောင်မောင်သန့် ဦးလေးအုံးမောင်ကို ပစ်ထားခဲ့တော့မှာလားကွာ ... မင်းပဲ အားကိုးရမှာပါကွ ... ဦးလေးအုံးမောင်တို့ကိုတော့ မထားခဲ့ပါနဲ့ ..."

"ကျွန်တော်က ရိုးသားဖြူစင်မှုတွေကိုပဲ နှစ်သက်တယ် ဦးလေး



www.burmeseclassic.com

www.burmeseclassic.com

အုံးမောင် ... ဘဝတိုးတက်မှုအတွက် တရားနည်းလမ်းကျကျပဲ ကြိုးစားမယ်... ကျွန်တော် စိတ်မကောင်းပါဘူးဗျာ ... ဦးလေး အုံးမောင် ကြံစည်တဲ့ကိစ္စ ဦးလေးအုံးမောင်ပဲ ဆက်ပြီးလုပ်ဆောင် ပါတော့ဗျာ ..."

မောင်မောင်သန့် ဝမ်းနည်းကြေကွဲစွာပြောရင်း ချစ်သူမြမြ မြိုင်ရဲ့လက်ကလေးကို ဆုပ်ကိုင်ပြီး ဘုံပြတ်သချိုင်းကနေ ထွက်ခွာသွားရန် ခြေလှမ်းတွေကို စတင်လှမ်းမိလေတော့သည်။

"မင်းတို့ ဒီလိုလွယ်လွယ်နဲ့ ထွက်ခွာသွားလို့ရမလားကွ မောင်မောင် သန့်ရ ..."

"ဟင် ..."

မီးဒုတ်တွေကိုယ်စီကိုင်ဆောင်ထားသော ဖိုးသူတော် ခြောက်ယောက်နှင့် ခပ်ကြမ်းကြမ်း လူထွားကြီးတစ်ယောက်ကို တွေ့လိုက်ရ လေတော့သည်။

◆◆◆







## ဖိုးသူတော်ကိုးယောက်နှင့် ကိုးသချိုင်းရွာပုံတော် နိဂုံး

"သုဘရာဇာကြီးအုံးမောင် ... ခင်ဗျား ဒီလိုကျုပ်တို့ကို လူလည် ကျလို့ ဘယ်ရမလဲ၊ မိုးသီးကို ကျော်ဖို့မကြိုးစားနဲ့နော် ... ဟွန်း ... ဟွန်း ... အဟွန်း"

ခေါင်းဆောင်မိုးသီးက သဘောကျစွာဖြင့် ရယ်မောနေလေ သည်။ သုဘရာဇာအုံးမောင် အထိတ်တလန့်နှင့် မျက်လုံးပြူးမျက်ဆံပြူး ဖြစ်သွားရတော့၏။ ခေါင်းဆောင်မိုးသီးတို့အဖွဲ့ဝင်တွေ သူတော်အတု ယောင် ခြောက်ယောက်။

"သူဌေးကြီး ဦးရေချမ်းရဲ့ ရွှေတုံးတွေ လာပြီးတူးဖော်မယ်ဆိုတာ အစောကြီးထဲက ကြိုတင်သတင်းရလို့ ကိုးသချိုင်းမှာ လာစောင့်နေ ကြတာလေ ..."

သူတော်ခြောက်ယောက်က မိုးသီးရဲ့တပည့်တွေဖြစ်ပြီး သူတော်အတုအယောင်တွေပါပဲလား။ အစိမ်းစိုင်ရဲ့မှာ ဂျိုးကပ်မှာကိုတောင် မကြောက်ရွံ့ကြဘဲ လူဆိုးလူမိုက်တွေပါလားနော်။

လောဘရမ္မက်တွေ ဝင်းဝင်းတောက်ပြီး ကြောက်စရာ ကောင်းလောက်အောင် မာန်ဖီနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူဌေးလေးသုတနဲ့ အရက်သမားခေါင်ကို အပြတ်ရှင်းပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ် ... သုဘရာဇာကြီးခင်ဗျာ"

မိုးသီးက ရွှေတုံးတွေထည့်ထားတဲ့ သေတ္တာကြီးနားကပ်လာပြီး သေတ္တာကြီးအပေါ် ခြေထောက်တင်ထားလိုက်လေတော့သည်။

"ကျုပ်တို့ကိုယ်စား ခင်ဗျားက ရှင်းပေးလိုက်တာလေ ..."

"ဒီရွှေအတုံးတွေကို ကျုပ် ကြိုးစားပမ်းစား ကူးဖော်ထားရတာ ... ခင်ဗျားတို့ အချောင်လုယူဖို့ မကြိုးစားကြနဲ့နော် ... ဒါက ကျုပ်ဘဝရဲ့ လွတ်မြောက်မှုပဲ ... ကျုပ်ဆီက အလွယ်တကူရယူဖို့ မကြိုးစားကြနဲ့ ..."

သုဘရာဇာကြီးအုံးမောင်ကတော့ ပါးစပ်ထဲသွင်းတော့မယ့် ဝက်သားတုံးကြီးအား ပုတ်ချခံလိုက်ရသလို အသားတွေတဆတ်ဆတ်တုန်ပြီး ဒေါသတွေပေါက်ကွဲလေသည်။

"ဦးလေးအုံးမောင် သူတို့လိုချင်တာ ပေးလိုက်ပါဗျာ ... လောဘမကြီးစမ်းပါနဲ့ သွားကြစို့ ..."

မောင်မောင်သန့်ကတော့ အခြေအနေကိုသိလိုက်၍လောဘမကြီးဘဲ ဦးလေးအုံးမောင်အား လက်လျှော့ပေးရန် ပြောလိုက်လေသည်။

"မပေးဘူး ... ဘာဖြစ်လို့ပေးရမှာလဲ ... မင်းတို့ ငါ့သေမှရမယ်"

ဦးလေးအုံးမောင်က ဘယ်လိုမှပြောမရဘဲ မိုးသီးတို့အဖွဲ့အား ရင်ဆိုင်ဖို့ ပြင်လေသည်။

"ဦးလေးအုံးမောင် စိတ်ထိန်းပါဗျာ ... အရေးကြီးတာက သုဘရာဇာဘဝက လွတ်မြောက်ချင်တာ မဟုတ်လား ... ကျွန်တော်တို့ ဒီကနေ ထွက်သွားရင် လွတ်မြောက်ပြီပဲ ..."

"မရဘူး ... ဒါ ... ငါ့ချွေးနဲ့သွေးနဲ့ရင်းပြီး ရထားတာ ... ငါမပေးနိုင်ဘူး ..."

သုဘရာဇာကြီးအုံးမောင်က ဒေါသတကြီးအော်ဟစ်နေလေတော့သည်။ လူဆိုးမိုးသီးတို့အဖွဲ့အား ရင်ဆိုင်လက်တုံ့ပြန်ဖို့ ပေါက်ပြားကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလေသည်။





"ဦးလေးအုံးမောင် ... လောဘမကြီးပါနဲ့ဗျာ ... အဖေ သေရတာကို သတိပြန်ရစမ်းပါဗျာ ... သူတို့လိုချင်တာတွေ ပေးလိုက်ပါတော့"

"မပေးဘူး ... မပေးဘူး ... ဘာဖြစ်လို့ပေးရမှာလဲ ... ငါ့အသက်နဲ့လဲပြီး ကာကွယ်သွားမယ် ... မင်းဖယ် ..."

မောင်မောင်သန့်ကတော့ ဒေါ်လေးနှင်းပန်းနှင့် ချစ်သူ မြမြမြိုင်အတွက် စိတ်ပူပင်သောကရောက်သွားရသည်။ မိုးသီးတို့ပုံစံတွေက ရက်စက်တော့မယ့် မျက်နှာထားတွေနှင့် တင်းမာနေကြလေ၏။

"ဒေါ်လေးနှင်းပန်းနဲ့မြတို့သာ လွတ်အောင်ပြေးကြပါ ... ကျုပ်တို့ကို မငဲ့ပါနဲ့ ... ပြေးလို့ရအောင် ကျုပ်အခွင့်အရေးဖန်ပေးမယ်"

"မောင်မောင်မပါဘဲ မြ မပြေးဘူး ... အသေခံမယ် ... အတူတူ သေချင်သေပါစေ မြ သေရဲပါတယ် ..."

"မြ ခေါင်းမမာပါနဲ့ ... ဒေါ်လေးနှင်းပန်းက ကိုယ်ဝန်ကြီးနဲ့ ... လွတ်အောင်သာပြေးပါ ... ကျုပ်လည်း အလွတ်ရုန်းပြီး ထွက်ပြေးမယ်"

မြမြမြိုင်နှင့် ဒေါ်လေးနှင်းပန်းတို့ကို ထွက်ပြေးဖို့ နားချပြောဆိုပြီး လူဆိုးတွေနှင့် ရင်ဆိုင်ဖို့ပြင်လိုက်သည်။ ဦးလေးအုံးမောင်ကိုလည်း တစ်ယောက်တည်းပစ်မထားနိုင်ဘဲ ကူညီဖို့ ယောက်ျားပီသစွာဖြင့် ဆုံးဖြတ်ထားလိုက်လေသည်။

"မင်းလား မြမြမြိုင်ဆိုတာ ... ချောမောလှပတဲ့ မိန်းကလေးပဲ ... သူဌေးလေသုတရဲ့ ဇနီးလောင်းဆိုတာလား ..."

ခေါင်းဆောင်မိုးသီး လျင်မြန်စွာဖြင့် မြမြမြိုင်လက်ကလေးကို ဆုပ်ကိုင်လိုက်လေသည်။

"လွှတ် ... လွှတ်ပါ ... ရှင် ဘာလုပ်တာလဲ ..."

"မင်းကိုတော့ ကျုပ်ကသိမ်းပိုက်ရမှာပဲ ... ဟား ... ဟား ... ဟား"

ချစ်သူ မြမြမြိုင်ကိုထိတော့ မောင်မောင်သန့် ဒေါသမီးတွေ ဟုန်ဟုန်းတောက် လောင်သွားရလေတော့သည်။

"ကျုပ်ချစ်သူကို မထိနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ရတာလဲ သူတော်ကိုးနန္ဒရဲ့ ... ဒီမိန်းမချောလေးက သူဌေးလေးသုတရဲ့ ချစ်ဇနီးလောင်းလေးပါ ..."

မောင်မောင်သန့် ပေါက်ချွန်ကိုကောက်ယူလိုက်ပြီး ဝင်ရောက် တိုက်ခိုက်လေတော့သည်။

"ဒုတ် ..."

"ဗိုး ..."

"ဒုတ် ..."

သုဘရာဇာအုံးမောင်လည်း မိုးသီးတို့အဖွဲ့အား ဝင်ရောက် တိုက်ခိုက်လေတော့သည်။

"မြမြမြိုင် ပြေးတော့ ... ဒေါ်လေးနှင်းပန်းကိုပါ ခေါ်ပြီး ပြေးလေ"

"မပြေးဘူး ... မြိုင် မောင်မောင်နဲ့အတူတူ သေမယ် ... မောင်မောင့်ကို မထားရက်နိုင်လို့ပါ ..."

"ပြေးပါ မြိုင် ... အလွတ်ရုန်းပါ ... ရွာကလူတွေကိုပြေးခေါ်ပါ ..."

မောင်မောင်သန့် တိုက်ခိုက်ရင်း မြမြမြိုင်ကိုပြေးခိုင်းလေသည်။

"ဗိုး ..."

"ဒုတ် ..."

"ဗိုး ..."

"ဒုတ် ..."

"ဒုတ် ..."

တစ်ဘက်မှ မိုးသီးနှင့် ဖိုးသူတော်ခြောက်ယောက်ကလည်း လူဆိုးလူမိုက်တွေဖြစ်၍ မောင်မောင်သန့်နှင့် ဦးလေးအုံးမောင် ကြာကြာ ယှဉ်ပြိုင်ခုခံနိုင်စွမ်းရှိမှာမဟုတ်ပေ။

"ဒုတ် ..."

"အား ..."

"ဒုတ် ..."

"ဒုတ် ..."





"ဦးလေးအုံးမောင်ပြေးတော့ ... ဒီလူမိုက်တွေကို ကျွန်တော် ခုခံ တိုက်ခိုက်ပါ့မယ် ..."

"မပြေးဘူး ... ငါသေမှ ခင်းတို့ဒီရွှေတုံးတွေ ရစေမယ် ..."

"လောဘမကြီးပါနဲ့တော့ ... ဦးလေးအုံးမောင်အသက်က အရေး ကြီးတယ် ... ထွက်ပြေးပါတော့ ..."

"မောင်မောင်သန့် မင်းပဲပြေး... ဦးလေးအုံးမောင် အသေခံခုခံမယ်"

"ဗိုး ..."

"ဒုတ် ..."

"ဒုတ် ..."

မောင်မောင်သန့်နှင့် ဦးလေးအုံးမောင်က မကျွမ်းကျင်၍ လူဆိုးခေါင်းဆောင် မိုးသီးတို့အဖွဲ့ကို ဘယ်လိုမှ မယှဉ်ပြိုင်နိုင်ဘဲဖြစ်ရလေ သည်။

"ဟား ... ဟား ... ဟား ... ဟွန်း ... ဟွန်း ... ဟွန်း ... ဘာ တတ်နိုင်သေးလဲ သုဘရာဇာကြီး ... ခင်ဗျားက သူဌေးလေးသုတနဲ့ အရက်သမားငခင်ကို ရှင်းပစ်လိုက်သလို ခင်ဗျားတို့အားလုံးကို လည်း ကျုပ်တို့အဖွဲ့က နှုတ်ပိတ်ဖို့ အပြတ်ရှင်းပစ်ရမှာပဲ ...အဟွန်း ... ဟွန်း ..."

မောင်မောင်သန့်ကတော့ ချစ်သူမြမြမြိုင်အတွက် စိတ်ပူ သွားရလေတော့သည်။ ဒေါ်လေးနှင်းပန်းကလည်း ကိုယ်ဝန်နှင့်ဖြစ်လေ၏။

"မိန်းမချောလေး မြမြမြိုင်ကို ကျုပ်အပိုင်သိမ်းပိုက်ရဦးမယ်ရဲ့ ... ရွှေတုံးတွေကလည်း သူဌေးကြီးမိုးသီးပေါ့ ... ဟား ... ဟား ... ဟား"

လက်ကြမ်းကြမ်းကြီးတွေက မိန်းမချောလေးမြမြမြိုင်ရဲ့ လက်နုနုလေးအား ခပ်ကြမ်းကြမ်း ဆွဲယူလိုက်ပြီး ပွေ့ဖက်ထားလေသည်။

"လွှတ် ... လွှတ် ... ကျွန်မကိုလွှတ်နော် ... လူယုတ်မာကြီး"

တပည့်တွေနဲ့ပဲ လွှတ်ထားပြီး မိုးသီးကတော့ မိန်းမချော လေး မြမြမြိုင်အား လွတ်ထွက်မသွားအောင် တင်းကျပ်စွာ ပွေ့ဖက်ထား



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

"လွှတ် ... လွှတ် ... ခွေးကြီး ... လူယုတ်မာကြီး"

"အဟွန်း ... အဟွန်း ... အဟွန်း"

လူဆိုးမိုးသီးက တဟွန်းဟွန်းနှင့် သဘောကျစွာရယ်မောနေလေတော့သည်။ မောင်မောင်သန့်မျက်လုံးတွေထဲမှာ ဘာမှမမြင်တော့ဘဲ ပြာဝေသွားလေ၏။ ချစ်သူကို ထိတော့ အူနုကျွဲခတ်ခံရသလို ဆတ်ဆတ်ခါသွားပြီး ဒေါသတွေပေါက်ကွဲပြီး ဒလကြမ်းဝင် ရောက်တိုက်ခိုက်တော့လေသည်။

"ဗိုး ..."

"ဒုတ် ..."

"ဒုတ် ..."

"ဗိုး ..."

"ဗိုး ..."

"အား ..."

မိုးသီးရဲ့တပည့် သူတော်အယောင်ဆောင် ဒသရဲ့လက်ချက်က ဦးလေးအုံးမောင် ဦးခေါင်းအား ထိသွားလေသည်။

"ဦးလေးအုံးမောင် ..."

"ပြေးတော့ မောင်မောင်သန့် ပြေးလေကွာ ..."

ဒဏ်ရာရနေသော ဦးလေးအုံးမောင်က အော်ဟစ်ပြောဆိုပြီး ကျုံးရုန်းထလေသည်။

"ဒုတ် ..."

"အား ..."

"ဒုတ် ..."

ဒသရဲ့တုတ်ချက်တွေက ဦးလေးအုံးမောင်ကိုယ်ပေါ် အဆက်မပြတ် ကျရောက်နေလေသည်။ မောင်မောင်သန့်လည်း ဘယ်လိုမှ မကာကွယ်နိုင်တော့ဘဲ ဖြစ်နေ လေ၏။

"ကျွန်မယောက်ျားကို မလုပ်ကြပါနဲ့ တောင်းပန်ပါတယ် ... တော်





ကြပါတော့ ... ကျွန်မ တောင်းပန်ပါတယ် ... ရှိခိုးပါတယ် ... မရိုက်ကြပါနဲ့တော့ ..."

ဒေါ်လေးမနှင်းပန်းက ယောက်ျားကိုယ်ပေါ် အုပ်မိုးပြီး လူဆိုးတွေကို ရှိခိုးတောင်းပန်နေလေသည်။

"ဒုတ် ..."

"အမလေး ..."

တုတ်ချက်က ဒေါ်လေးမနှင်းပန်းကိုယ်ပေါ် ကျရောက်သွားသဖြင့် ဦးလေးအုံးမောင်ကိုယ်ပေါ် မှောက်ကျသွားလေသည်။

"ဒေါ်လေးမနှင်းပန်း ..."

မောင်မောင်သန့်လည်း ဘယ်လိုမှ မယှဉ်နိုင်တော့ဘဲ အရှုံးပေးရတော့မည်ဆိုတာ သိလိုက်၍ လွန်စွာထိတ်လန့်တုန်လှုပ်သွားရလေသည်။ ချစ်သူ မြမြမြိုင်ကလည်း လူဆိုးခေါင်းဆောင်မိုးသီးရဲ့ လက်ထဲမှာရှိနေလေသည်။ သူတော်အတုအယောင်ခြောက်ယောက်က မောင်မောင်သန့်အား ဝိုင်းထားကြတော့မှ ...

"မောင်မောင် သတိထား ..."

မြမြမြိုင်က လွန်စွာထိတ်လန့်တုန်လှုပ်သွားရပြီး အော်ဟစ်သတိပေးလိုက်မိလေသည်။

"ဟား ... ဟား ... ဟား ... ဘာတတ်နိုင်သေးသလဲ သူတော်နန ... ဟွန်း ... ဟွန်း"

မောင်မောင်သန့် ဘယ်လိုမှ တုံ့ပြန်ခုခံတိုက်ခိုက်နိုင်စွမ်း မရှိတော့ဘူးဆိုတာ သိလိုက်လေသည်။

"ခင်ဗျားတို့ ဒီပစ္စည်းတွေ အေးအေးဆေးဆေးယူပါ ... ကျုပ်လောဘလည်း မကြီးဘူး ... ခင်ဗျားတို့ကိုလည်း မနှောင့်ယှက်ဘူး"

"ဒါလေးကိုလည်း မင်းစွန့်လွှတ်ထားခဲ့မှာလား မောင်မောင်သန့်"

ချစ်သူမြမြမြိုင်က မိုးသီးရင်ခွင်ထဲမှာ ရောက်နေသည်။

"ကျုပ်ချစ်သူကိုတော့ မထိပါနဲ့ ... ကျုပ်တို့ ဒီကနေထွက်သွားမယ်"

"မရဘူးလေ ... ကျုပ်က မြမြမြိုင်ဆိုတဲ့ မိန်းမချောလေးကို နှစ်



www.burmeseclassic.com

www.burmeseclassic.com



သက်မြတ်နိုးနေပြီပဲ … ကောင်းကောင်းမွန်မွန်ပေါင်းသင်းမှာပါ …”

“ဗိုး …”

“ဒုတ် …”

မောင်မောင်သန့် စိတ်တွေကို မထိန်းချုပ်နိုင်တော့ဘဲ မိုးသီးအား ဝင်ရောက်တိုက်ခိုက်လေတော့သည်။ လူပျော့လူအေးတစ်ယောက်ဖြစ်တဲ့ မောင်မောင်သန့် အားအင်တွေမဲ့သလို ခံစားနေရပြီး ဒူးညွှတ်ခွေကျသွားတော့မတတ် ဖြစ်လာ၍ စိတ်ကိုထိန်းချုပ်ပြီး အင်အားတွေကို စုစည်းလိုက်လေ၏။

“ဒသသ …”

“အမိန့်ရှိပါ အာစရိ”

“ဒီသကောင့်သားကို အပြတ်ရှင်းလိုက်တော့ … အချိန်ကြာတယ်ကွာ … သတ်ပစ်လိုက်စမ်း …”

မောင်မောင်သန့် အင်အားတွေစုစည်းပေမဲ့ နှားထဲမှာ လေတွေ အူထွက်နေပြီး ဒူးကညွှတ်ခွေကျချင်လာရလေသည်။

လောဘတွေ၊ မောဟတွေ ဒေါသတွေ၊ အာဃာတတွေ တပ်မက်မှုတွေ အားလုံးက ဒုက္ခတွေပဲ၊ ပူပြင်းလောင်မြိုက်မှုတွေပဲ။ ဘယ်တော့မှ မကောင်းပါဘူး။

မြမြမြိုင် မင်းကို ကျုပ်ဘယ်နည်းနဲ့မှ မစွန့်လွှတ်နိုင်ဘူး။ ကျုပ်နှလုံးသားတွေထဲအထိ စူးနစ်တိုးဝင်ပြီး နှစ်နှစ်ကာကာ ချစ်မိနေပါတယ်။ ချစ်သူမြမြမြိုင်ကိုတော့ လူဆိုးဓားပြတွေလက်ထဲမှာ မထားရက်နိုင်ဘူး။ မောင်မောင်သန့် အတတ်နိုင်ဆုံး အကာအကွယ် ပေးရမှာပဲလေ။

အင်အားတွေက စုစည်းလို့မရအောင် ဖြစ်နေရပြီး ရပ်တည်နိုင်စွမ်းပင် မရှိတော့ပေ။

ကျုပ်မျက်လုံးတွေ ပြာလာပြီ၊ မင်းကို အကာအကွယ်မှ ပေးနိုင်ပါတော့မလား။ ချစ်သောမြမြမြိုင်လေးရယ်။ ကျုပ်ဘဝမှာ မင်းက အချစ်ဦးလေ။ ကျုပ်အမြဲတမ်း ခေါင်းမာပြီး သူတော်ကောင်းဘဝနဲ့ပဲ ဘဝလွတ်မြောက်ရေးအတွက် ကြိုးစားတော့မယ်လို့ သံမိဋ္ဌာန် ချထားရာ





ကနေ မင်းကြောင့် ကျုပ်ဆုံးဖြတ်ချက်တွေ ပြောင်းပြန်ဖြစ်သွားရတာပဲ မြမြမြိုင် ရယ်။

“မောင်မောင့်ကို ဘာမှမလုပ်ပါနဲ့ … မသတ်ကြပါနဲ့နော် … ကျွန်မ ရှင်တို့နောက်ကို လိုက်ခဲ့ပါ့မယ် … မောင်မောင့်ကိုတော့ အသက်ချမ်းသာရာပေးပါ …”

ချစ်သူမြမြမြိုင်ရဲ့ တောင်းပန်တိုးလျှိုးနေတဲ့အသံတွေကို အဝေးမှလွင့်မျောလာသလို ကြားရသည် ထင်မိလေသည်။

ကျုပ် ဘာမှမဖြစ်ပါဘူး မြမြမြိုင် … ။ ရှိသမျှခွန်အားတွေ စုစည်းပြီး မင်းကို ကာကွယ်စောင့်ရှောက်ပေးသွားပါ့မယ်။ ကျုပ်က သူတော်ကောင်းပဲ သူများအသက်ဆို ပုရွက်ဆိတ်လေးတစ်ကောင်တောင် သတ်ဖူးတာမဟုတ်ပါဘူး။ ကျုပ်ကို ဘယ်သူမှ အသေသတ်လို့မရဘူး။ ကျုပ်ယုံကြည်တယ်။ အင်အားတွေကိုစုပြီး မြမြမြိုင်ကို ကယ်တင်ဖို့ မောင်မောင်သန့် ကြိုးစားလေသည်။

“ဟော့ကောင်တွေ … အချိန်မရှိတော့ဘူး … အားလုံးကို အပြတ်ရှင်းလိုက် … ဒါမှ နောက်ကြောင်းအေးမှာ …”

“မောင်မောင့်ကို မသတ်ပါနဲ့ … ကျွန်မတောင်းပန်ပါတယ် … မောင်မောင် မသေရဘူး မောင်မောင် …”

ချစ်သူမြမြမြိုင်ရဲ့အသံတွေက အဝေးမှလွင့်ပျံ့လာပြီး လေထုထဲမှာ ပျောက်ကွယ်သွားရလေတော့သည်။

“မြမြမြိုင် …”

မောင်မောင်သန့် မျက်လုံးတွေထဲမှာ အမှောင်ထုက အထပ်ထပ်လိုက်ကျလာပြီး ဒူးညွှတ်ခွေကျသွားလေတော့သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူမြမြမြိုင်ရဲ့လက်ကိုဆွဲပြီး တောတောင်ရေမြေ အဆုံးအထိ ပြေးလွှားနေမိလေသည်။ သဲကန္တာရကြီးတွေလည်း ဖြတ်သန်းနေရ၏။ မကြောက်ပါဘူး။ လွတ်မြောက်ရာနယ်မြေလေးတစ်ခုဆီ ရောက်ရှိစေဖို့ အားကြိုးမာန်တက် ပြေးလွှားနေမိတော့သည်။

"မောင်မောင်ရယ် ... ရပ်ပါတော့ ကျွန်မတို့ လွတ်မြောက်ရာနယ်မြေလေးဆီ ရောက်နေပါပြီနော် ..."

ချစ်သူစကားကြောင့် မောင်မောင်သန့် ခြေစုံရပ်လိုက်ပြီး ပတ်ဝန်းကျင်ကို ကြည့်မိလေတော့သည်။ လှပသော ဥယျာဉ်လေးတစ်ခု ရောင်စုံဖူးပွင့်နေတဲ့ ပန်းတွေ လွန်စွာသာယာလှပအေးချမ်းနေလေ၏။

"ဒီနေရာလေးက လွန်စွာအေးချမ်းတာပဲ မောင်မောင် ... မြိုင်တို့နေကြရအောင်နော် ..."

"ကောင်းပါတယ် မြိုင် ... ဒီနေရာလေးမှာ ကျုပ်နဲ့မြိုင် နေကြမယ်"

မောင်မောင်သန့် ကျေနပ်ပီတိတွေဖြာဝေပြီး ချစ်သူကိုယ်လုံးလေးကို သိမ်းကြုံးဖက်ထားလိုက်ကာ ချစ်သူမြမြမြိုင်ရဲ့ပါးပြင်နုနုထွတ်ထွတ်လေးအား ခပ်ကြမ်းကြမ်းလေး နမ်းရှုံ့ပစ်လိုက်လေတော့သည်။

"ဟော့ကောင် မောင်မောင်သန့် ... မင်းက သုဘရာဇာပဲ ... လာ... ဘုံပြတ်သင်္ချိုင်းကို ပြန်သွားကြမယ် ..."

"ဟင် ... ဦးလေးအုံးမောင် ... ဒေါ်လေးနှင်းပန်း ..."





"ဟုတ်တယ် ... တို့ဘုံပြတ်သင်္ချိုင်းက တို့တွေအတွက် နားခိုရာအကောင်းဆုံးပဲကွ ... ပြန်သွားကြရအောင် သုဘရာဇာဘဝက ပျော်စရာကောင်းတာ လူသေအလောင်းတွေကို မြေမြှုပ်သင်္ဂြိုဟ်ပေးရတာ ကုသိုလ်ရတယ်လေ ... လူတစ်ယောက်ရဲ့နောက်ဆုံးကိစ္စဝိစ္စတွေကို ငါတို့လို သုဘရာဇာတွေပဲ ပြီးမြောက်အောင် မရှိမရှာ မကြောက်မရွံ့ ဆောင်ရွက်ပေးနိုင်တာကွ မောင်မောင်သန့်ရ"

မောင်မောင်သန့် သုဘရာဇာအလုပ်ပြန်လုပ်ဖို့ လွန်စွာကြောက်ရွံ့တုန်လှုပ်သွားရပြီး အကြောက်အကန် ငြင်းဆန်လိုက်မိလေတော့သည်။

"ဟင့်အင်း ... ကျုပ်မလိုက်ဘူး ... သုဘရာဇာအလုပ်ကို ကျုပ်မလုပ်တော့ဘူး ... ကျုပ် ဒီ့ထက်ကုသိုလ်လည်းရဝမ်းလည်းဝတဲ့ အလုပ်တွေကိုပဲ လုပ်တော့မယ် ... ကျုပ် သားစဉ်မြေးဆက် ဒီသုဘရာဇာဆိုတဲ့ဘဝကနေ လွတ်မြောက်အောင် ကျုပ် ကြိုးစားတော့မယ်ဗျာ ..."

ဖွတ်အတင်းခေါ်နေတဲ့ ဦးလေးအုံးမောင်အား ကျောခိုင်းလိုက်ပြီး ချစ်သူမြမြမြိုင်ရဲ့လက်ကိုဆွဲပြီး ပြေးထွက်လာခဲ့မိပြန်လေသည်။

"ကျုပ် သုဘရာဇာမလုပ်ဘူး ... ကျုပ်လွတ်မြောက်အောင် ကြိုးစားတော့မယ် ... ကျုပ် သားစဉ်မြေးဆက် သုဘရာဇာဘဝအမွေကို မခံနိုင်တော့ဘူး ... ကျုပ် သုဘရာဇာ မလုပ်တော့ဘူး ..."

မောင်မောင်သန့် ခေါင်းကိုတွင်တွင်ခါပြီး အော်ဟစ်ငြင်းဆန်နေမိတော့လေသည်။

"မောင်မောင်သန့် သတိရပြီလားဟင် ... မောင်မောင် ..."

ဟင် မောင်မောင်သန့်ရဲ့နားထဲမှာ ချစ်သူမြမြမြိုင်ရဲ့အသံကို ပီပီပြင်ပြင်ကြားလိုက်ရ၍ အသိတွေဝင်လာကာ မျက်လုံးတွေကဖျတ်ခနဲပွင့်သွားရလေသည်။

"မောင်မောင် ..."

"ဟင် ... မြမြိုင်"



www.burmeseclassic.com

www.burmeseclassic.com



“ဓမောင်မောင် သတိရပြီနော် ... မြိုင်ဖြင့် စိတ်ပူလိုက်ရတာ မောင်မောင်ရယ် ... မောင်မောင် ကောင်းကောင်းသတိရပြီနော် ... ”

မောင်မောင်သန့်မျက်လုံးတွေကို ဖွင့်ကြည့်လိုက်တဲ့ အချိန်တွင် ပျဉ်ကာပျဉ်ခင်း နှစ်ဆောင်ပြိုင်အိမ်ကြီးတစ်လုံးထဲ ရောက်နေပြီး သျှောင်ဆံထုံးကြီးနှင့် ဆေးဆရာကြီးတစ်ဦးက ဆေးကုပေးနေလေသည်။

အနားမှာတော့ ချစ်သူမြမြမြိုင်နှင့် ပုလိပ်တွေကိုပါ တွေ့လိုက်ရ၍ မောင်မောင်သန့် နားမလည်နိုင်သလို ကြည့်မိနေလေ၏။

“မောင်မောင်သန့် သတိကောင်းကောင်းရပြီလား ... ”

“ဟုတ်ကဲ့ခင်ဗျာ ... ”

“ထကြည့်ပါဦး ... ”

မောင်မောင်သန့်ကို အိပ်နေရာမှ ထနိုင်အောင် မြမြမြိုင်က ကူညီလေသည်။

“ကျုပ်ကတော့ ပုလိပ်အရာရှိ အောင်ဆိုင်ပါ မောင်မောင်သန့်”

မောင်မောင်သန့်တို့ကို ပုလိပ်တွေက လာရောက်ကယ်တင်ခဲ့တာဖြစ်ကြောင်း တွေးမိလေသည်။

“ဒီအိမ်ကြီးက သူဌေးလေးသုတရဲ့မိဘတွေပိုင်ဆိုင်တဲ့ အိမ်ကြီးပါပဲ ... ”

သူဌေးလေးသုတအား ဦးလေးအုံးမောင် သတ်ဖြတ်လိုက်တာ သတိရ၍ စိတ်ပူပြီး စိတ်ထဲတွင် တုန်လှုပ်သွားရလေတော့သည်။

“တကယ်တော့ ခင်ဗျားတို့ကြုံတွေ့ခဲ့ရတဲ့ သူဌေးလေးသုတဆိုတာက ဖောက်ထွင်းဝိဇ္ဇာသုတပဲ ... ”

“ဗျာ ... ”

“ဟုတ်ပါတယ် ... သူဌေးကြီး ဦးရေချမ်းရဲ့ မြေးအစစ် သူဌေးလေးသုတအစစ်က ဒီမှာပါ ... ”

အသားညိုစိမ့်စိမ့်နှင့် ယောကျ်ားပီသတဲ့ လူပုံချော သူဌေးလေး သုတဆိုသူက ပြုံးပြလေသည်။

“ကျုပ်ကတော့ နားမရှင်းတော့ဘူးဗျို့ ... ပုလိပ်အရာရှိကြီး သေသေ





[illegible]ပါဦးဗျာ ... ”

“ဟုတ်ပါ့ မောင်မောင်သန့် ... ဖောက်ထွင်းဝိဇ္ဇာ သုတက သူဌေးလေး သုတအိမ်ကိုခိုးဖို့ ဖောက်ထွင်းဝင်ရောက်ရင်းကနေ သူဌေးလေးသုတအဘိုးနဲ့ပတ်သက်ပြီး ရေးသားထားတဲ့ မှတ်တမ်းစာအုပ်ကိုရသွားပြီး သူဌေးကြီးဦးရေချမ်း မြှုပ်ထားတဲ့ ရွှေအိုးတွေ တူးဖော်ဖို့ ကြံစည်တော့တာပဲလေ ... ”

ပုလိပ်အရာရှိရှင်းပြတော့မှ မောင်မောင်သန့် တဖြည်းဖြည်း သဘောပေါက် နားလည်သွားရတော့သည်။

“မောင်မောင်သန့်တို့ ဘုံပြတ်သချိုင်းမှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်အကြောင်းအရာတွေကိုတော့ သူတော်ပရမတ် သတင်းလာပေးလို့ ကျုပ်တို့အချိန်မီ ရောက်လာပြီး မောင်မောင်သန့်နဲ့ မြမြမြိုင်ကို ကယ်တင်လိုက်နိုင်တာပါပဲလေ ... ”

သူတော်ပရမတ်က သူတော်အစစ်အမှန်ပါပဲ ... ။ ပြီးတော့ သူတော်ပဏ္ဍိတ ကိုးသချိုင်းမှာ ရှိနေကြတဲ့ ဖိုးသူတော်ကိုးယောက်စွင် ခြောက်ယောက်က သူတော်အတုအယောင်တွေပဲ ဖြစ်နေလေသည်။

“သူဌေးလေးသုတကလည်း သူ့အဘိုးရဲ့ မှတ်တမ်းတွေ ဖောက်ထွင်းခိုးယူခံရလို့ တိုင်ချက်ဖွင့်ထားတယ်လေ ... သူ့အဘိုးနေခဲ့တဲ့ရွာကြီးကို ရောက်လာတာနဲ့အတော် ဖြစ်သွားရတယ်မောင်မောင်သန့် ... ”

“ဦးလေးအုံးမောင်နဲ့ ဒေါ်လေးနှင်းပန်းရော ... ”

“လူဆိုးတွေလက်ချက်နဲ့ သေဆုံးသွားကြပြီလေ ... ”

ဖြစ်မှဖြစ်ရလေ ဦးလေးအုံးမောင်ရယ်။ လောဘရမ္မက်တွေက လွန်စွာကြောက်စရာကောင်းပါလားဟု တွေးမိသွားလေတော့သည်။ စိတ်မကောင်းကြီးစွာလည်း ဖြစ်သွားခဲ့ရ၏။

“အမှုကိုတော့ ထပ်ပြီးစစ်ဆေးရဦးမှာမို့ မောင်မောင်သန့် ဒီကနေ ဘယ်ကိုမှ မသွားပါနဲ့ဦး ... ”

“လူဆိုးခေါင်းဆောင်မိုးသီးနဲ့ သူတော်အတုအယောင်တွေရော ... ”

“ကျုပ်တို့ဖမ်းပြီး အချုပ်ထဲထည့်ထားလိုက်တယ် ... ဝိုင်းတန်းထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အမှုတွေက အများကြီးဆိုတော့ ဒီလူတွေ သေဒဏ်နဲ့တစ်သက်တစ်ကျွန်း အပြစ်ဒဏ်ခံကြရမှာပဲ ... ”

လောဘရမ္မက်ကြီးကြတဲ့ လူတွေရဲ့သွားရာလမ်းက ဒီလမ်းတွေပဲ မဟုတ်ပါလား။

“မောင်မောင်သန့် အနားယူလိုက်ပါဦး ... ကျုပ်တို့အားလုံး ပြန်တော့မယ် ... အမှုအတွက် အစစ်ဆေးခံဖို့ အားမွေးလိုက်ပါဦး ... ”

လူတွေအားလုံးကတော့ အိမ်ကြီးထဲမှ အလျှိုလျှိုထွက်ခွာသွားကြလေတော့သည်။ နှစ်ဆောင်ပြိုင်အိမ်ကြီးက မောင်မောင်သန့်တို့အိမ်ကြီးမဟုတ်၍ သူဌေးလေးသုတကို အားနာပါးနာအကြည့်နှင့် ကြည့်ပြီး

“ကျုပ်တို့ ဒီကနေ ထွက်သွားပေးပါ့မယ် သူဌေးလေးသုတ ... ဘာမှစိတ်မပူပါနဲ့ဗျာ၊ ကျုပ် ဘယ်သူ့ပစ္စည်းမှ မတရားမယူချင်ပါဘူး ... ”

“မောင်မောင်သန့် မင်း ဒီကနေထွက်သွားစရာမလိုတော့ပါဘူး ... ”

“ဘာဖြစ်လို့လဲ သူဌေးလေး ... ”

“ကျုပ်က ဒီနှစ်ဆောင်ပြိုင်အိမ်ကြီးကို မောင်မောင်သန့်တို့ ချစ်သူနှစ်ယောက်အတွက် မင်္ဂလာလက်ဖွဲ့အဖြစ် ပေးအပ်ထားခဲ့မှာပါ ... ”

“ဗျာ ... ”

“မောင်မောင်သန့်က လောဘရမ္မက်မကြီးဘူး ... ရိုးသားဖြူစင်တယ် ... ယောကျ်ား ကောင်းပီသတယ် ... ဒါကြောင့်မို့ ကျုပ်က ဒီနှစ်ဆောင်ပြိုင်အိမ်ကြီးအပြင် ရင်းနှီးစားသောက်ဖို့ ရွှေတုံး တချို့ တစ်ဝက်ကိုလည်း ပေးဦးမှာပါ ... ”

သူဌေးလေးသုတက မောင်မောင်သန့်လက်တွေကို ဆုပ်ကိုင် ဖျစ်ညှစ်အားပေးရင်း ပြောလေသည်။

“ခင်ဗျားသာ ကြိုးစားလုပ်ဆောင်ရင် သူဌေးဖြစ်မှာပဲမဟုတ်လား ... ကျုပ်ယုံကြည်နေပါတယ် ... မူရင်းအစကလည်း မောင်မောင်သန့်က သူဌေးသူကြွယ်မျိုးရိုးက ဆင်းသက်လာတာပဲလေ ... ”

မောင်မောင်သန့်စိတ်ထဲမှာ အေးချမ်းပြီး ပျော်ရွှင်ကျေနပ်သွားရလေသည်။ ရိုးသားဖြူစင်မှုရဲ့ရလာဘ်ပဲမဟုတ်လား။





“မောင်မောင်သန့်တို့ လင်မယား အိုအောင်မင်းအောင် ပေါင်းကြရပြီး စီးပွားဥစ္စာတွေ တိုးတက်ကြီးပွားကြပါစေလို့ ဆုတောင်းပေးပါတယ်ဗျာ ... ”

သူဌေးလေးသုတက အိမ်ကြီးပေါ်ကနေ ဆင်းသွားလေသည်။ နှစ်ဆောင်ပြိုင်အိမ်ကြီးထဲမှာ ဘယ်သူမှမရှိကြတော့ဘဲ မောင်မောင်သန့်နှင့် မြမြမြိုင်တို့ ချစ်သူနှစ်ဦးပဲရှိ နေလေတော့၏။

“မောင်မောင် ... ”

“မြိုင် ... ”

“ကံကောင်းလို့ပေါ့ မောင်မောင်ရယ် ... လူဆိုး မိုးသီးတို့အဖွဲ့က မောင်မောင့်ကို ရိုက်သတ်တော့မလို့ဟန်ပြင်နေတုန်း ပုလိပ်တွေ ရောက်လာတော့တာပဲ ... မြိုင်ဖြင့် တွေးတောင်မတွေးရဲတော့ပါဘူး”

မောင်မောင်သန့် အနားသို့ မြမြမြိုင်က တိုးကပ်လာတော့သည်။

“စိတ်မကောင်းစရာကောင်းတာက ဦးလေးအုံးမောင့်နဲ့ ဒေါ်လေး နှင်းပန်းတို့ပါပဲ လေ ... ”

မြမြမြိုင်က ဆက်မပြောနိုင်တော့ဘဲ ကြေကွဲဝမ်းနည်းသွားရပြီး မျက်ရည်တွေ တပေါက်ပေါက် လိမ့်ဆင်းလာရသည်။

“မငိုပါနဲ့မြိုင် ... လောဘရမ္မက်ကြီးသူတွေရဲ့ နောက်ဆုံးသွားရမယ့် လမ်းပဲလေ ... သဘာရာဇာဘဝကနေ လွတ်မြောက်ခြင်းတစ်မျိုးပဲပေါ့ ... ”

မောင်မောင်သန့်ကတော့ ဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာတွေကို မတွေးတောချင်တော့ဘဲ စိတ်သစ်လူသစ်နှင့် ဘဝကိုတည်ဆောက်လိုတဲ့ ဆန္ဒတွေ ပြင်းပြစွာရှိနေလေတော့သည်။

ချစ်သူ မြမြမြိုင်နှင့် ကြည်နူးပျော်ရွှင်ချမ်းမြေ့ဖွယ်မိသားစု ဘဝလေး ပိုင်ဆိုင်ရအောင် ကြိုးစားချင်နေ၏။

“မြိုင် ... ”

“မောင်မောင် ... ”



www.burmeseclassic.com

www.burmeseclassic.com



"အတိတ်က အဖြစ်အပျက်တွေအားလုံးကို မေ့ပစ်လိုက်တော့နော်... ရိုးသားဖြူစင်စွာနဲ့ အလုပ်တွေကြိုးစားလုပ်ကြပြီး မောင်မောင်နဲ့ မြိုင်တို့မိသားစုလေးတစ်ခု တည်ဆောက်ကြရအောင်နော် ... "

"မောင်မောင့်ဆန္ဒတွေက မြိုင့်ဆန္ဒတွေပါပဲလေ ... မြိုင့်အမေက လည်း မြိုင့်ကို မောင်မောင့်လက်ထဲအပ်ပြီး သူတော်ကောင်း တရား ကျင့်ကြံအားထုတ်ဖို့ သီလရှင်ဝတ် တော့မယ်တဲ့လေ ..."

မြမြမြိုင်လည်း နာကြည်းခါးသက်ဖွယ် ကောင်းလွန်းတဲ့ ဘဝတွေကို မေ့ပစ်လိုက်ပြီး မောင်မောင့်ရင်ခွင်ထဲမှာပဲ နားခိုမှေးစက် ချင်ပါပြီ မောင်မောင်ရယ်။

"မြိုင်ရယ် ... "

"မောင်မောင်ရယ် ... "

မောင်မောင်သန့် လက်တွေက မြမြမြိုင်ကိုယ်လုံးလေးအား ဆွဲယူပွေ့ဖက်ပြီး ရင်ခွင်မှာ အပ်ထားမိလိုက်လေတော့သည်။

စိုးထိတ်ကြောက်လန့်မှုတွေ ပျောက်ကွယ်ကင်းစင်သွားရပြီး ခွန်အားတွေပဲ တိုးပွားလာရ၏။ ယခင်က ဖြစ်ခဲ့တဲ့အဖြစ်အပျက်တွေကို မေ့ပျောက်ပစ်ကာ ချစ်သူ မြမြမြိုင် နဲ့ ဘဝသစ်ကို ကြိုးစားတည်ဆောက်ဖို့ပဲ ခိုင်မာစွာ သံမဏိဓိဋ္ဌာန်ချထားလိုက်မိလေတော့သည်။

[illegible]

(စေသဝဏ်)



www.burmeseclassic.com